www.burmeseclassic.com


သူရိန် စာပေ

# ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

# ဟန်ရေးပြကြလေခြင်း

အပါအဝင်

အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ



ခြောင်းမြင့်မောင်တိုး၊ အငြိမ်းစားထောင်အရာရှိတစ်ဦး၊ မင်းသူရိန်၊ စိုးဝေ၊ [illegible]စော

ထောင်မှူးကြီးသိန်းဝင်း၊ စိတြအောင်၊ ဇေယျမင်းသျှင်၊ ထောင်[illegible]မမ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
သူရိန်ထွန်း

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၁၆၊ စက်တင်ဘာလ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ။ | *Maw Maw (New Idea)* |
| အတွင်းဖလင် | ။ | *Eagle* |

BURMESE CLASSIC

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန်
(မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးသူရိန်ထွန်း (မြဲ)(၀၀၄၃၆)
သူရိန်ထွန်းစာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ ・ ၈၃

ကလောင်စုံ
ဟန်ရေးပြကြလေခြင်းအပါအဝင် အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ/ ကလောင်စုံ။ –ရန်ကုန်။
သူရိန်ထွန်းစာပေ၊ ၂၀၁၆။
၂၀၄–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) ဟန်ရေးပြကြလေခြင်းအပါအဝင် အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဟန်ရေးပြကြလေခြင်း<br>*မြောင်းမြမောင်ကို* | ၁ |
| ၂။ | နာနာဘာဝ ဝိနာဘာဝများ<br>*အငြိမ်းစားထောင်အရာရှိတစ်ဦး* | ၁၆ |
| ၃။ | အဖေ<br>*မင်းသူရိန်* | ၃၀ |
| ၄။ | ရေဆန်လေဆန်မဗေဒါ<br>*စိုးဝေ* | ၆၂ |
| ၅။ | လူကြမ်းနလုံးသား<br>ဗဟိုစော | ၈၃ |
| ၆။ | ကျွန်တော်နှင့်ဆုံတွေ့ခဲ့ရသည့်ထောင်တွင်းကနာမည်ကြီးပုဂ္ဂိုလ်များ(၂)<br>ထောင်မှူးကြီးသိန်းဝင်း | ၁၀၅ |
| ၇။ | ချစ်လွန်းလို့သတ်မိသူ<br>စိတြအောင် | ၁၂၆ |
| ၈။ | ထောင့်ကျဉ်း<br>*ဖေယျမင်းသျှင်* | ၁၅၈ |
| ၉။ | နှစ်ဘဝစံခင်ဒေါင်းလန်<br>*ထောင်မှူးမမ* | ၁၈၂ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ပုထုဇဉ်လူသားတို့သည် တစ်ဦးနှင့်တစ်ဦး ဟန်ရေးပြတတ်ကြလေသည်။ စိန်နားကပ် မရှိသောသူသည် သူများထံမှ ငှားရမ်းဝတ်၍ ဟန်ရေးပြခြင်း၊ ကုပ်ကမြင်းဘာဘာကြီး နှုတ်ခမ်းမွေးသည် လည်ပင်းတွင် စိပ်ပုတီးကြီးကြီးကိုဆွဲ၍ ဟန်ရေးပြခြင်း၊ အာဏာရှိသူ အစိုးရအမှုထမ်းတစ်ဦး၏ဇနီးသည် မင်းကတော် အခေါ်ခံရသူတစ်ဦးသည် မဆီမဆိုင် လင်ကိုကြိုးဆွဲပြီး အစိုးရဝတ္တရားတွင် ဝင်ရောက်ဟန်ရေးပြခြင်း၊ သီချင်းတပုဒ် စာတစ်ကြောင်း သီဆိုခြင်းရေးခြင်းတို့ကြောင့် အနုပညာသည်နှင့် စာရေးဆရာကြီးဟု မရှက်မကြောက်ဟန်ရေးပြခြင်း အစရှိသည်ဖြင့် ဤသတ္တလောကကြီးတွင် လူတိုင်းနီးပါး ဟန်ရေးပြလျက် ရှိကြကုန်၏။

ယင်းသို့ သဘောရှိသော လူသားတို့အနက် အကျဉ်းထောင်သို့ ရောက်ရှိလာကြသည့် လူသားတို့က ဟန်ရေးပြခြင်းတွင် တစ်မျိုးတစ်ဖုံ ထူးခြားနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... သုံးသပ်ကြည့်ကြပါစို့။

"ဆရာ ... တစ်နေ့ကရောက်တဲ့ အကျဉ်းသားလူသစ်ဟာ ဆယ်တန်းတောင် အောင်တယ်လို့ဆိုတယ်။ ဆရာအလုပ်ခိုင်းချင် ထောင်မှူးကြီးကို ပြောခေါ်ရမှာပေါ့ဆရာ"

အကျဉ်းထောင်တစ်ခုတွင် ဌာနဆိုင်ရာ ရုံးလုပ်ငန်းများစွာ ရှိနေလေသည်။ ထိုရုံးလုပ်ငန်းပေါင်းများစွာတို့ကား အဘယ်နည်း။ ထောင်ကျရုံး၊ အချုပ်ရုံး၊ အယူခံ၊ ဆုမှတ်လျှော့ရက်၊ အဝတ်အစား၊ ငွေစာရင်း၊ ရာထူးခန့်ထားရေး၊ ဈေးရောင်းဌာန၊ ကုန်ကြမ်းဝယ်ဌာန၊ စက်မှုလက်မှုအလုပ်ရုံဌာန၊ အုပ်ချုပ်ရေးအထွေထွေ စသည်ဖြင့် ရုံးတစ်ရုံး တုတ်တစ်ချောင်းနှင့် အဓိကရလုပ်ရသော ဌာနများစွာအပြင် ထွေရာကမာဌာနက သောင်းခြောက်ထောင်။

အဲ ... အထူးမှတ်ရန်မှာ ထောင်လုပ်ငန်းဖြစ်၍ ရုံးတစ်ရုံး ခုံးတစ်စင်း ဟု မဆိုသင့်၊ ရုံးတစ်ရုံး တုတ်တစ်ချောင်းဟုဆိုမှ ဆီလျော်ပြီး အဓိပ္ပာယ်ဗျူပွတ်ပေါ်လွင် ထင်ရှားပေမည်။ ပုလိပ်လုပ်ငန်းသာဆိုရင် ရုံးတစ်ရုံးလက်ထိတ်တစ်ခုပေါ့ဗျာ၊ တုတ်တော့ စားပွဲအောက် ရှိမလားမသိဘူး။ 'ဟဲ ... ဟဲ ... ရဲတွေကိုပြောတာ မဟုတ်ဘူးနော်' ဤကား စကားချပ်တည်း။

အထက်ပါ ထောင်ရုံးလုပ်ငန်းများတွင် ထောင်ကြီးဖြစ်က တစ်ရုံးတွင် ထောင်မှူး တစ်ဦးနှစ်ဦး ရှိတတ်၏။ ထောင်သေးသေးကွေးကွေးဆိုလျှင် ဌာနသုံးလေးခုကို ထောင်မှူးတစ်ဦးတည်းက ကိုင်ရလေသည်။ သို့ရာတွင် အလုပ်တော့မများ။

ထောင်မှူးဦးရွှေမောင်သည် ထောင်ကြီးကြီးတွင် နေရပါလျက် ဌာနသုံးခုမျှကို ကုသိုလ်ကောင်း၍ စိုးမိုးအုပ်ချုပ် မင်းလုပ်ရလေသည်။ ကုသိုလ်ကံအကျိုးမပေးရှာသော ထောင်မှူးအချို့တို့မှာမူ ထောင်တွင်း၌ တုတ်ထမ်းလမ်းလျှောက် အချိန်တန်လျှင် လခထုတ် ဤမျှနှင့်ပင် အထက်လူကြီးများထားရာမှာ နေကြရရှာလေသည်။

အလုပ်အလွန်များလှသော ထောင်မှူးရွှေမောင်သည် တစ်ခါတစ်ခါ အလုပ်အချိန်မီ မပြီး၍ ဆုတော်လာဘ်တော်အဖြစ် အကြိမ်းမောင်းခံရခြင်း ဒဏ်ငွေတပ်ခံရခြင်းတို့ဖြင့် ဝေဝေဆာဆာ ချီးမြှင့်မြှောက်စားခြင်းခံရ၍ အကျဉ်းဌာနတွင် မက်မောစွာ အလုပ်လုပ်လျက်ရှိ၏။ နေစုတ်စုတ်ဝင်မှ အိမ်ပြန်ရောက်သော ဦးရွှေ

www.burmeseclassic.com

www.burmeseclassic.com



မောင်အား သူ၏ဇနီးမိကြည်က ချီးမွမ်းစကားဆိုသည်ကို ကြားရပြန်သည်။ ထောင်ထဲမှာ မောလာသမျှ တော်ပါသေးရဲ့။

"ထောင်မှူးအလုပ်ဟာ အိုးမကွာအိမ်မကွာအလုပ်၊ သိပ်ကိုဟန်ကျတာပဲ။ လင်နဲ့မယားဘယ်တော့မှ တစ်ညတောင်ခွဲမနေရဘူး"

ဟု မိကြည်က ရွှေမောင်အား ရွှံ့ရှာဖွယ်ကြည့်ပြီး အော်မိတော့သည်။ ကိုယ်ဝမ်းနာ ကိုယ်သာသိသော်လည်း လူကြားကောင်းအောင် မိကြည် ဟန်ရေးပြခြင်း ဖြစ်၏။

"မိကြည် ... မောရတဲ့အထဲ အေးအေးနေစမ်း။ ကိုယ့်ကိုယ်လည်း ဘာဖြစ်လာသလဲ ကြည့်ဦး"

"ဘာဖြစ်ရမလဲ ကျုပ်က ဘာဖြစ်ရမလဲ"

"ဘာဖြစ်ရမလဲ ချွေးသားအုပ်မ ဖြစ်နေလို့ ပြောတာဟ"

အဲ ... အိမ်ကိုရောက်ပြန်တော့လည်း ကလေးကငို သေးကစို၊ လင်မယားက တကျက်ကျက်၊ ရွှေမောင်၏ အိမ်သာမဟုတ်၊ ခေါင်းရင်း ထောင်မှူးအိမ်ကရော၊ ခြေရင်းထောင်မှူးအိမ်ရော ကလေးတစ်ပြုံကြီးနဲ့ တကျက်ကျက်၊ ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးတို့အိမ်ကို သွားကြည့်လိုက်ဦး။ အားပါး ... တစ်အိမ်တစ်အိမ်ကို ကလေးက ကားတစ်စီးတိုက်၊ ရထားတစ်တွဲစာ။ ရွှေမောင့်စိတ်အထင် ထောင်ပိုင်၊ ထောင်မှူးများ၊ အကျဉ်းသားကို အနိုင်ခံကြလို့ အကျဉ်းသားထောင်ထဲ သေတဲ့လူတွေက မကျေမချမ်းနဲ့စိတ်စွဲပြီး တစ်ပြန်တစ်လှည့် နှိပ်စက်ရအောင် ထောင်ပိုင်၊ ထောင်မှူးအိမ်တွေမှာချည်း လူဖြစ်တယ် ထင်တာပဲဗျ။ ဆော့လိုက်ကြတဲ့ ငနဲတွေ ပြောမရ ဆိုမရ။ တုတ်တကဲကဲ၊ ဓားတကဲကဲ အကောင်တွေက များတယ်လေ။ ဒါ ကိုယ်တွေ့ကို ပြောတာ"

အဲ ... ဝတ္ထုတောင် ဘယ်ကရောက်သွားပါလိမ့်။

ထောင်မှူးရွှေမောင်သည် ဤကဲ့သို့ အလုပ်ကို မနိုင်မနင်းဖြစ်နေရာ သူ၏ရုံးလုပ်ငန်းတွင် ကူဖော်လောင်ဘက်အဖြစ် အကျဉ်းသား ခေတ်ပညာတတ်တစ်ဦးအား အမှန်ပင်လိုနေ၏။ သို့နှင့် အနီးရှိရင်းနှီးသော အကျဉ်းသားတစ်ဦးက ခေတ်ပညာ ဆယ်တန်းအောင်သည့် အကျဉ်းသားလူသစ်တစ်ဦး ရောက်လာကြောင်း ပြောသောအခါ ရွှေမောင်သည် မဆိုင်းမတွဘဲ အကျဉ်းသားလူသစ်ကိုလိုက်ရှာ၊ ထောင်မှူးကြီးထံ တင်ပြပြီး မိမိရုံးတွင် စာရေးလုပ်ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားများအနက် ဘုန်းရှင်ကံရှင် အကျဉ်းထောင်သားပညာတတ်များသာ ထောင်မှူးရုံးမှ တော်ကောက်ခြင်း ခံရလေသည်။ ဤတော်ကောက်ခြင်း ခံရစေရန် ခြေချော်လက်ချော်နှင့် ရောက်ရှိလာသည့် လခစား ပညာတတ်များပင် ထောင်မှူးများနှင့် နီးစပ်ရန် နည်းအမျိုးမျိုးနှင့် ကြိုးစားကြရရှာ၏။

ယခု ဦးရွှေမောင်၏စာရေးကြီး ဆယ်တန်းအောင်မှာ မည်သို့မျှ မကြိုးစားရဘဲ အော်တိုမက်တစ် စာရေးကြီးဖြစ်သွားရာ သူသည်စာရေးကြီးဟန် အပြည့်အဝဖြင့် အလုပ်ကို စတင်လုပ်လေတော့သည်။

"ကဲ ... ကိုဘရွှေ၊ အလုပ်စလုပ်ရအောင် ဒါနဲ့နေဦး ခင်ဗျားနှုတ်ခမ်းတွေ မဲပြာလို့ပါလား၊ ဘိန်းများစားသလားဗျ"

ရွှေမောင်သည် ပညာရှိသဘောရှိသူမဟုတ်၊ သူများ ကြိုက်မကြိုက်လည်း မတွေး၊ မေးစရာပြောစရာရှိ အမနာပမေးတတ် ပြောတတ်သူဖြစ်၏။ သို့နှင့်လည်း သူသည် မစားရ မသောက်ရ အမုန်းခံနေရသူ ဖြစ်လေသည်။

တစ်ကြိမ်က လုပ်ဖော်ကိုင်ဖက် ထောင်မှူးတစ်ဦးအား အချင်းချင်း လှည့်စားရမလားဟုဆိုကာ ခင်ဗျားလူညစ်ဘဲဟု ပြောဖြစ်သဖြင့် သတ်မအား ပုတ်မအား ဖြစ်သွားခဲ့ကြ၏။ သို့ရာတွင် ကိုယ့်ဆရာသည် ရွှေမောင်၏ စက်ကဲ့သို့ မြန်သောလက်ကိုသိထား၍ ထောင်ပိုင်ကြီးထံ သွားရောက်တိုင်တန်းလေတော့သည်။ ထောင်ပိုင်ကြီး၏ ရှေ့မှောက်တွင်ပင် ရွှေမောင်က ...

"ခင်ဗျားကို လူညစ်လို့ အခေါ်မခံချင် လူကောင်းလိုလုပ်ပါလား။ ကျုပ်က ဘာလူညစ်ခေါ်မလဲ"

ဟု ပြောလိုက်သဖြင့် ထောင်ပိုင်ကြီးက ပြုံးရင်း ...

"ဟော့ ... လူမိုက်ကလေး သွားတော့"

ဟု ရွှေမောင်အားပြောပြီး ထိုဆရာကိုလည်း ...

"မင်းကလည်း အပြောမခံချင် ကောင်းကောင်းနေ"

ဟု ပြောသံကို ကြားရ၏။ ရွှေမောင်သည် ဤကဲ့သို့ အလိမ္မာကင်းသူ ဖြစ်လေသည်။

ရွှေမောင်၏ တစ်မဟုတ်ချင်းအမေးခံရသော စာရေးကြီးအသစ်ကျပ်ချွတ်ခမျာ အတော်မျက်နှာညှိုသွားရှာ၏။

"ကျွန် ... ကျွန်တော် ဘိန်းမစားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကောင်းပြီ၊ ကောင်းပြီ။ ခင်ဗျား အဲဒီမှတ်ပုံတင်စာအုပ်ကြီးကို စာမျက်နှာထိုးဗျာ ... ၁-၂-၃ အဆုံးအထိပေါ့။ ရုံးသုံးစာအုပ်တိုင်းဟာ စာမျက်နှာ ဘယ်လောက်ရှိတယ်ဆိုတာ စာမျက်နှာတပ်ရတယ်။ နောက်ပြီး အဖုံးဘက်က ဤစာအုပ်တွင် စာမျက်နှာဘယ်မျှရှိသည်ဆိုပြီး ရေးဦး၊ ထောင်ပိုင်ကြီးဆီ လက်မှတ်ထိုးထားရမယ်"

"ဟုတ်ကဲ့ ... ဟုတ် ... နားလည်ပါပြီ"

ဦးရွှေမောင်သည် စာရေးကြီးတစ်ဦးရရှိထား၍ များစွာသဘောကျပြီး အလုပ်ကိုတွန်းလုပ်ကာ အချိန်တန်လျှင် ထောင်ပိုင်ကြီးထံ လက်မှတ်တင်ထိုးရန် သွားတော့သည်။ သူသည် စာရေးကြီး စာမျက်နှာထိုးပေးလိုက်သည့် စာအုပ်ကိုပါ တစ်ပါတည်း ယူဆောင်သွားလေသည်။

"ဟ ... ရွှေမောင် ... ဒါ ဘာလဲကွ။ မင်း ဘယ်လိုလုပ် ဆယ်တန်းအောင်လာသလဲ။ ငါ့လူ ရော်လိုက်တာကွာ ... ထွီ"

ထောင်ပိုင်ကြီးသည် ရွှေမောင်အား အတော်အထင်ကြီးရှာ၏။ ဤတချီ လက်မှတ်ထိုးရတွင် 'ထွီ ... ထွီ' အလုပ်ပင်ခံရလေရာ အတော်အောင့်သွားလေသည်။

"ဘာ ... ဘာများ မှားပါသလဲခင်ဗျာ"

"ကြည့်စမ်း ... မင်းဆယ်တန်းအောင်ကြီး ထိုးထားတဲ့ စာမျက်နှာဟား ... ဟား ..."

ထောင်ပိုင်ကြီး ရယ်လိုက်သည်မှာ ရိုးရိုးရယ်ခြင်းမဟုတ်၊ ဒီလောက်တောင် သောက်သုံးမကျပါလားဟု ရယ်ခြင်းဖြစ်၏။

ရွှေမောင်သည် ထောင်ပိုင်ကြီး ထောက်ပြသည်ကို ကြည့်လိုက်သည်၊ ဟုတ်ပါသည်။ စာရွက်နှစ်ရာပါသော စာအုပ်အဖုံးတွင် ဤစာအုပ်၌ စာမျက်နှာ (၁၂၀၀) ပါသည်ဟု ထိုးထားသည်ကို တွေ့ရလေသည်။

ရွှေမောင်သည် အတော်ရှက်သွားရှာ၏။ သူ၏အမှားမှာ ဆယ်တန်းအောင်သည်ဆိုသော စာရေးကြီးကို ယုံကြည်မိ၍ နုပ်ရောတံထွေးပါ အပစ်ခံရခြင်းပင်ဖြစ်သည်။

စာရေးကြီး မည်ကဲ့သို့ ပညာစွမ်းပြထားပါသနည်း။ ဟုတ်ကဲ့ ... စာရေးကြီးသည် စာရွက်ရေနှစ်ရာပါသည့် စာအုပ်တွင် ၁ မှနေ ၁၀၀ အထိ

www.burmeseclassic.com

www.burmeseclassic.com


ရေးထားတာ အဟုတ်သား။ အဲ . . . ၁၀၉ လည်းရောက်ကော စာရေးကြီးပညာစွမ်း ပြပါလေတော့သည်။ ၁၀၉ နောက် ရေးလိုက်သည်မှာ ၂၀၀၊ ၂၀၉ ပြီး ၃၀၀ ၃၀၉ ပြီး ၄၀၀ အဲ တောက်လျှောက်ဆော်ထည့်လိုက်တာ စာရွက်ရေ နှစ်ရာ ရှိတဲ့ စာအုပ်ခများ စာရေးကြီးကောင်းမှုနှင့် စာမျက်နှာ ၁၂၀၀ ကို ရောက်သွား ရှာပါသတည်း။

ရွှေမောင် သောက်သုံးမကျတာက မသေချာမှု၊ စာရေးကြီးသောက် သုံးမကျတာက ဆယ်တန်းအောင်သည်ဟု ဟန်ရေးပြမှု။

ရွှေမောင်မှာ သို့ကလိုဖြစ်ရပါသည်။ နောင်ကိုမဖြစ်စေရပါဟု ထောင်ပိုင် ကြီးအား တောင်းပန်ရလေသည်။

"အဲ . . . မင်း တော်တော် ထောင်ပါးမဝသေးတာဘဲ။ ထောင်ဆိုတာ အပြင်လောကနဲ့ မတူဘူး။ ထောင်ထဲရောက်လာတဲ့ လူတွေဟာ ဘယ်သူမှ အပြစ် ရှိတယ်လို့ ဖြောင့်ချက်မပေးကြဘူး။ ဒီလိုပဲ ထောင်ထဲရောက်လာတဲ့ သုံးတန်း လောက် တတ်တဲ့သူက ခုနစ်တန်းလို့ ပြောလို့ပြော၊ ငါးတန်းရောက်တဲ့လူက ဘီအေရောက်ခဲ့တယ်လို့ ကြွားလို့ကြွား၊ မင်းဆီရောက်နေတဲ့ အကောင်ဟာ ဘိန်းပုံးစားကွ။ မင်းဆီ ဒီအကောင်ရောက်နေတာ မင်းဘယ်လောက် လာဘ်ရ သလဲ . . . ပြောစမ်း"

ရွှေမောင်သည် မျက်ရည်ပင် လည်သွား၏။ သူသည် ဤကိစ္စကို မနည်း ဘဲ ရှင်းယူခဲ့ရလေသည်။ စာရေးကြီး ဘိန်းပုန်းစားခများလည်း ဝန်ကြီးသုံးရက် သာလုပ်ရသော ဝန်ကြီးထက် အပြစ်ဆိုးရှာ၏။ သူ့ခများသည် တစ်နံနက်သာ စာရေးကြီးလုပ်ရပြီး ဖင်ကိုပိတ်၍ ပြေးတော်မူရလေသည်။ ဟန်ရေးပြခြင်းများ အနက် ထောင်တွင်း ဟန်ရေးပြကွက်က မှတ်လောက်သားလောက်ဟု ဆိုရမည် ဖြစ်၏။

အဲ . . . နောက် ဟန်ရေးပြကွက်တစ်ခုကို ဆွဲထုတ်ပြပါအံ့။

"ဟာ . . . ဆရာ၊ နှုတ်ခမ်းမွေးဗေဒင်ကတော့ စံပဲ။ ဘယ်လိုမှန်နည်း မှန်မှန်းမသိဘူး"

နှုတ်ခမ်းမွေးဆိုသည့် အကျဉ်းသားများသည် ရွှေမောင်နှင့်ထောင် တွင်း၌ "နှစ်ညာ"တိတိ ကြုံတွေ့ဖူးသောသူ ဖြစ်လေသည်။ "တစ်ညာ နှစ်ညာ" အခေါ်မှာထောင် ဝေါဟာရဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်တစ်ကြိမ် ကျဖူးသည်ကို တစ်ညာခံဖူးသည်။ နှစ်ကြိမ်ကျဖူးသည်ကို နှစ်ညာခံဖူးသည်ဟု ခေါ်ကြလေသည်။ ဤဝေါဟာရကို သုတေသနဇစ်မြစ်ရှာ၍မရ၊ စာရေးသူစိတ်အထင် ကုလားစကား ''ဆာဂျာ''ဆိုသည့်စကားမှ ရေးအကျဉ်းသားပညာရှင်တို့သည် ''ဂျက်ဒီယိုအဟီး'' အမည်ရှိ ကုလားဝါဒါကိုပင် ''ကျိုက်ထီးရိုး'' ဟု ကြံကြံဖန်ဖန်ခေါ်ခဲ့ကြရာ ဆာဂျာဆိုသည့် ကုလားစကားကို (ညာ)ဟု အဖျားဆွတ်လုပ်မည် ထင်ရသည်။ ဆာဂျာ၏အဓိပ္ပာယ်မှာ အပြစ်ဒဏ်ကိုခေါ်ခြင်း ဖြစ်ပေသည်။ ''ပိုက်လားဆာဂျာ''

ပထမတစ်ကြိမ် ထောင်ကျစဉ်ကဟု ဤကဲ့သို့ ကုလားဝါဒါများ ပြောလေ့ရှိကြ၏။

နူတ်ခမ်းမွေးသည် ယခင် ''တညာ''ကပင် ဟာန်ရေးပြပွဲဖြစ်၍ ရွှေမောင်နှင့် တကျက်ကျက် နေခဲ့သောသူဖြစ်သည်။ ယခင်တစ်ညာက နူတ်ခမ်းမွေးသည် ထောင်တွင် ဘုရားလူကြီးအလုပ်ဖြင့် ခပ်တည်တည် ဘိန်းရောင်းနေခဲ့၍ တိုက်ပိတ်ခံခဲ့ရလေသည်။

ယခု ''တစ်ညာ''တွင် သူ့ကိုယ်သူ လုပ်ပြန်ပြီ၊ ဗေဒင်ဆရာကြီးတဲ့။

သူ၏ဒလံ အကျဉ်းသားကပင် ရွှေမောင်အား ဘယ်လိုမှန်နည်းမှန်းမသိဘူးဟုပင် လာပြောသည်အထိ ကြော်ငြာချက်က ကောင်းလေသည်။

ရွှေမောင်က နူတ်ခမ်းမွေး၏ ဗေဒင် ဘယ်ပုံဘယ်နည်းမှန်ကြောင်းကို မေးကြည့်ရာ အကျဉ်းသားလူသစ်တစ်ဦးအား အယူခံနိုင်၍ လွတ်မည်ဟု ဗေဒင်ဟောထားသလို လွတ်သွားပြီဖြစ်ကြောင်း ပြောပြလေသည်။

''ဗေဒင်ဟောသလိုလွတ်တာ ဘယ်သူတုံး''

ရွှေမောင်က ဒလံအကျဉ်းသားအား မေးလိုက်သည်။

''သူခိုးလက်ခံ ကြွက်ပေါ့ဆရာ''

ကြွက်ဆို၍ ရွှေမောင် သတိရသွား၏။ ကြွက်သည် ခိုးရာပါပစ္စည်းလက်ခံမှုဖြင့် ထောင်ခြောက်လ ကျခဲ့လေသည်။ ကြွက်က ခိုးရာပါပစ္စည်းဟု သိလျက်လက်ခံခြင်းမဟုတ်ကြောင်း လူချင်းသိ၍ အကျီအပေါင်ခံမိကြောင်း အမှုမှန်၍ အယူခံလိုကြောင်း ပြောပြသဖြင့် ရွှေမောင်ကိုယ်တိုင်ပင် အယူခံရေးပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အယူခံရေးခဲ့စဉ်က ဗေဒင်ဆရာ န္တတ်ခမ်းမွေးသည် ရွှေမောင်၏ရုံးခန်းတွင် ကပ်ရလိုကပ်ရငြားနှင့် သူ့အလုပ်ပြီးတိုင်း ထွက်လိုက်ဝင်လိုက် လုပ်နေသည်ကို ရွှေမောင် သတိရလေသည်။

ရွှေမောင်သည် ကြွက်အား အမှုဖြစ်ပုံကို သေချာစွာ မေးမြန်းခဲ့လေသည်။ ယေဘုယျအားဖြင့် အကျဉ်းသားတိုင်းတို့သည် ထောင်မကျမီက ပုလိပ်ကိုလိမ်၊ တရားသူကြီးကိုလိမ်၊ ကိုယ်တိုင်မလိမ်တတ်က ရှေ့နေကိုငှား၍ လိမ်ခဲ့ကြသူများ ဖြစ်လေသည်။ သို့ရာတွင် ထောင်ကျပြီးနောက် ထောင်မှူးထောင်ပိုင်များအား အဖြစ်မှန်ကို ပြောကြသည်ချည်းဖြစ်၏။ အကြောင်းမထူးတော့ဘူးဟု ယူဆကြဟန် တူပေသည်။

ကြွက်သည် မျက်ရည်ကလေး သုတ်ကာသုတ်ကာနှင့် အပေါင်ခံထားသော အင်္ကျီသာဖြစ်ကြောင်း၊ ၎င်းအင်္ကျီမှာ ခိုးရာပါပစ္စည်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း လူကိုယုံကြည်ပြီး ခိုးရာပါပစ္စည်း ဟုတ်ဟန်မတူ၍ အပေါင်ခံထားမိကြောင်း၊ အမှုမမှန်ကြောင်း ပြောပြလေသည်။

သို့ရာတွင် တရားရုံးတော်မှ အင်္ကျီမှာ တရားခံနှင့် မတော်ဘဲ ကြီးနေကြောင်း၊ ခိုးရာပါပစ္စည်းသာ ဖြစ်နိုင်ကြောင်း ယုံကြည်၍ အပြစ်ပေးထားသည်ဟု ကြွက်က အဆုံးသတ်ပြောပြ၏။

ဤနေရာတွင် ထောင်တွင်းမှ အယူခံတင်ပုံကို အနည်းငယ်ဖော်ပြသင့်သည်ဟု ယူဆပေသည်။ ထောင်တွင်းမှ အယူခံရာတွင် ထောင်ပိုင်၊ ထောင်မှူးတို့အား ပိုက်ဆံပေးရန်မလိုပေ။ ထောင်ကျလူသစ် အကျဉ်းသားတို့သည် တရားရုံးတော်မှ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ထောင်ပိုင်ကြီးအား ထောင်တွင်းမှ အယူခံလိုသည်ဟု လျှောက်ထားနိုင်လေသည်။ ငွေကုန်ခံနိုင်သူများ အပြင်မှ ရှေ့နေရှေ့ရပ်နှင့် အယူခံတင်လျှင် ထောင်တွင်းမှ အယူခံတင်မပေးတော့ပေ။

ထောင်ကျတရားခံသည် အောက်ရုံးမှ လေးနှစ်အတွင်း အပြစ်ပေးထားလျှင် စက်ရှင်ရုံးသို့ အယူခံတင်နိုင်၏။ အောက်ရုံးငယ်မှ လေးနှစ်ကျော်အမှုနှင့် စက်ရှင်ရုံးမှ အပြစ်ပေးလျှင်မူ တရားလွှတ်တော်သို့ တင်ပို့ပေးရလေသည်။ အောက်ရုံးအယူခံရက်မှာ တလအတွင်းဖြစ်၍ တရားလွှတ်တော်အမှုမှာ နှစ်လအတွင်း တင်ပေးနိုင်၏။ တရားလွှတ်တော် တင်ရသည့်အယူခံတွင် အပြစ်ပေးရုံးမင်း၏ စီရင်ချက်စာရွက်ကို ပူးတွဲတင်ပေးရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ရုံးမှ လေးနှစ်အောက် အပြစ်ပေးထားသူ၏ စက်ရှင်ရုံးအယူခံတွင် စီရင်ချက် ပူးတွဲပေးရန် မလိုပေ။ အယူခံတင်ရန် စီရင်ချက်ကို ထောင်မှတောင်းလျှင် ရုံးတော်မှ အခမဲ့ပေးရ၏။ အပြင်မှရှေ့နေဖြင့် အယူခံဝင်လိုလျှင်တရားသူကြီး စီရင်ချက်ကို အခမဲ့မရ။ စာတစ်လုံးကို ရွေးခတ်ငွေတစ်ပဲ ခန့်ပေးရ၏။ စီရင်ချက်ရှည်လျှင် ငွေတစ်ရာနှစ်ရာထိပင် ပေးရတတ်သည်။ ဤကားထောင်တွင်း အယူခံအကျဉ်းမျှ သိကောင်းစရာတည်း။

ကြွက်၏အမှုမှာ အောက်ရုံးမှ ထောင်ခြောက်လသာ အပြစ်ပေးထားသဖြင့် အယူခံကို စက်ရှင်တရားသူကြီးထံ တင်ပေးရပေမည်။

ဤအယူခံတင်ရာ၌ စီရင်ချက် တောင်းခံရန်မလို၍ တရားသူကြီးကမည်ကဲ့သို့ ဆုံးဖြတ်ထားသည် မသိရ။ ကြွက်ပြောသမျှနှင့် ရွှေမောင်က အယူခံကို ရေးရလေသည်။ အယူခံတွင် ရွှေမောင်က ချေပချက်တစ်ချက် ရေးထည့်ခဲ့၏။ ထိုချေပချက်မှာ လူတိုင်းသည် မည်သည့်ပစ္စည်းကို အပေါင်ခံခံ၊ မိမိနှင့်တော်ရန်မလိုကြောင်း၊ အတိုးရင်းပွားရရန် ရည်ရွယ်သဖြင့် ပစ္စည်းအကြီးအသေးကို ထည့်တွက်ရန်မလို၊ အပေါင်ဆိုင်တွင် လာပေါင်သည့် အင်္ကျီတစ်ထည်ကိုပေါက်ဖော်ကြီးက ဝတ်ကြည့်ပြီးမှ လက်ခံသည်မဟုတ်ကြောင်း၊ ပစ္စည်းလာပေါင်သူမှာလည်း ယခင်က ယုံကြည်စွာ ဆက်ဆံနေခဲ့ကြသူများဖြစ်၍ ရိုးရိုးသားသားအပေါင်ခံမိခြင်းသာဖြစ်၍ အပြစ်မှချမ်းသာပေးရန် ရွှေမောင်က ထည့်သွင်းရေးသားခဲ့လေသည်။

ထိုအယူခံကို ရေးပြီးနောက် ရွှေမောင်က သူ့ကိုယ်သူ အထင်ကြီးစွာဖြင့် ကြွက်အား ...

"မင်းမပူနဲ့ မင်းအယူခံနိုင်ပြီး သချာပေါက် လွတ်ရမယ်ကွ"

ဟု နှစ်သိမ့်စကားပြောခဲ့သည်ကို ပြန်ပြောင်းမှတ်မိနေ၏။

ဤအချက်ကို ကြားထားသည့် နှုတ်ခမ်းမွေးသည် ဗေဒင်ဆရာဟန်လုပ်ကာ ကြွက်အား ဗေဒင်ဟောခြင်း ဖြစ်ရမည်ဟု ရွှေမောင်က တွေးမိသည်။ မည်သို့ပင်ဖြစ်စေ အကွက်ကောင်းကို ကိုင်မိသော နှုတ်ခမ်းမွေးမှာ ဗေဒင်လာကြည့်သူ၊ လက္ခဏာ လာကြည့်သူများနှင့် ပြည့်ကြပ်ကာ အတော်လာဘ်ရွှင်နေကြောင်း၊ သူ့ဗေဒင်ကို ကြော်ငြာပေးသည့် တပည့်တပန်းတို့ကလည်း ဝေဝေဆာဆာ ဖြစ်နေကြသည်ဟု ဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်လောကတွင် လူတစ်ယောက်၏ ကျပ်တည်းမှု၊ ဒုက္ခတွေ့မှုမှာ ထောင်တွင်းမှ လူသားတစ်ဦး၏ ဒုက္ခတွေ့မှုနှင့် ယှဉ်ကြည့်လျှင် စာမဖွဲ့လောက်ပေ။ ယင်းသဘောရှိလျက်ပင် အပြင်လောကရှိ လူသားတို့သည် စိတ်သက်သာရာ သက်သာကြောင်း ဗေဒင်ဆရာများထံ ချဉ်းကပ်ကြပါလျှင် ထောင်တွင်းလောက ငရဲသားတို့မှာ ဗေဒင်ဆရာထံ ဝိုင်းဝိုင်းလည်နေသည်ကို အပြစ်ပြောစရာမရှိ။ လူဟူသမျှ စိတ်ကြိုက်ပြောလျှင် ကြိုက်ကြသည့်ချည်း မဟုတ်ပါလော၊ လူသားတို့သည် မှန်ရာကိုသာ လုပ်နေကြပါသည်ဟု ကြွေးကြော်နေကြပါလျက် အကျိုးကိုမြင်၍ အကျိုးဟုပြောသည်ကို မကြိုက်၊ အကန်းကို အကန်းဟုခေါ်လျှင် ဓားနှင့်ထိုးချင်ကြ၏။ လူသားတို့သည် ပုပုရွရွ ဟန်ရေးပြနေကြသောသူများသာ ဖြစ်ကြကုန်သတည်း။

လူသားပုပုရွရွတွင် ရွှေမောင်က အကဲဆုံးထင်ရပေသည်။ နှုတ်ခမ်းမွေးသူ့ဟာသူ ဟန်ရေးပြနေသည်ကို မနေနိုင်မထိုင်နိုင် သူက ဟန်ရေးသွားပြပြန်သည်။

“ဟဲ ... ဟဲ ... ဘယ်နှယ့်လည်း နှုတ်ခမ်းမွေး ဗေဒင်သိပ်မှန်ဆိုပါလား၊ ခင်ဗျားဒလံတွေက ဘယ်လိုမှန်နည်း မှန်မှန်းမသိလို့တောင် ပြောနေပါလား။ ဒီပညာ ဒီပြင်လိမ်တွေ ဘယ်ကရထားသလဲ”

ဦးရွှေမောင်သည် သူ့ကိုယ်သူ ထောင်မှူးပဲဟုဆိုကာ နှုတ်ခမ်းမွေးအပေါ် အမနာပ ဟန်ရေးပြ ပြောလိုက်သည်။ ဒီစကားသည် အပြင်လောကတွင် ဆိုက သတ်ပေါက်မဟုတ်တုံလော့။

“ဆရာက ကျုပ်ကို သိပ်အထင်သေးတာကိုးဗျ။ မယုံရင် ဆရာ့လက္ခဏာကို ပြလေ၊ မမှန်ရင် ပိုက်ဆံ တစ်ပြားမှမပေးပါနဲ့”

“ဟဲ ... ဟဲ ... ကျုပ်ကလည်း ပိုက်ဆံပေး မကြည့်ပါဘူး။ ပိုက်ဆံမပေးဘဲလည်း မကြည့်ပါဘူးဗျ။ နေပါဦး ... ခင်ဗျား ဟိုတစ်ညာတုန်းက ထောင်ထဲ ဘိန်းပဲရောင်းသွားတာ ဗေဒင်တတ်တယ်လို့ မကြားမိပါလား”

“ဟာ ... ဆရာကလည်း သိပ်ဝွကျတာပဲ။ ပညာဆိုတာ ကျုပ်တတ် ပါတယ်လို့ အော်နေရင် အရှုံးပေါ့။ ကျုပ်က ထောင်ကထွက်ရင် စာအုပ်ထောင် ရိုက်မလို့ စိတ်ကူးနေတာ”



www.burmeseclassic.com

www.burmeseclassic.com



လူသားတို့သည် အလွန်ခက်၏။ နည်းနည်းပါးပါး ဟန်ရေးပြမိသူကို ဟန်ရေးပြတာပါဟု ပြောတတ်ကြသော်လည်း ခပ်တည်တည် အကြီးအကျယ် ဟန်ရေးပြသူကိုမူ တကယ်ဟုတ်လေမလားဟု နဝေတိမ်တောင် ယုံတတ်ကြပြန်သည်။ သို့နှင့် လူ့လောကတွင် တစ်ကြိမ်မြှောက်၍ မရသူကို နှစ်ကြိမ်မြှောက်ကြကုန်လော့။ တစ်ကြိမ်လိမ်၍ မရသူကို နှစ်ကြိမ် သုံးကြိမ် လိမ်ကြကုန်လော့ဟု ကိုယ်နှင့်နှိုင်း မရိုင်းဘဲ ရွှေမောင်က အကြံပေးလိုက်ပေသည်။

"ကျုပ်က စာအုပ်တောင် ရိုက်မလို့ စိတ်ကူးနေတာ"

ဟု ဘိုးနှုတ်ခမ်းမွေး ပြောလိုက်သည်ကို ရွှေမောင် "ကျ"သွားပေပြီ။

"အဟုတ်လားဗျာ ... ဒီလိုဆိုရင် ... အင်း ... ကျုပ်ကို လက္ခဏာကြည့်ပေးပါဦး။ ဟဲ ... ဟဲ ... ပိုက်ဆံတော့ မပေးနိုင်ဘူးနော်"

ဟန်ရေးပြလွန်သွားသော ရွှေမောင်က ဟန်ရေးကို တစ်ထစ်လျှော့လိုက်၏။

"ဒါကတော့ အလကားကြည့်ကြည့်၊ ကျုပ်ကပဲ ပိုက်ဆံအလိုက်ပေးကြည့်ရကြည့်ရ၊ ကြည့်ပေးရမယ့် ဆရာသမားကိုးဗျ။ ကဲ ... မှန်းစမ်း"

ပြောပြောဆိုဆို နှုတ်ခမ်းမွေးသည် ရွှေမောင်၏လက်ကို ဖြန့်ကြည့်တော့သည်။

"ကဲ ... ဆရာ ဘာကိုသိချင်သလဲ"

"ကျုပ်အသက် ဘယ်လောက်ရှည်မလဲ ဆိုစမ်း"

နှုတ်ခမ်းမွေးသည် လက်ဝါးပေါ်၊ လက်ညှိုးထောက်ပြီး၊ ပါးစပ်မှ ပွစိပွစိလုပ်သည်ကို မြင်ရ၏။ ထို့နောက် သူသည် ခေါင်းကို အသာကလေး ယမ်းလိုက်ပြန်သည်။

"အင်း ... ဆရာ၊ သိပ်အသက်မရှည်နိုင်ဘူး"

"ဘာလဲ ... ကျုပ်က၊ မှန်တဲ့အတိုင်း ဘုပြောလွန်းလို့၊ ခင်ဗျားက ဓားနဲ့ ထိုးချင်ပြီထင်တယ်"

ရွှေမောင်၏သဘောတွင် ...

"ဟာ ... ဆရာ၊ ခင်ဗျား အသက်တစ်ရာနေရမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်ကို ကြားလိုက်၏။ အခုတော့ ခွေးမသား နွတ်ခမ်းမွေး ဒီလိုမပြော။ သူသည် ဘာမှတတ်သည့်အကောင်မဟုတ်ဟု ရွှေမောင် စိတ်ကွက်သွားပေပြီ။

"ဟဲ ... ဟဲ ... ဆရာ တကယ်အသက်မရှည်ပါဘူး။ ဒါပေမဲ့ အသက်ကို ပညာစောင့်၊ ဥစ္စာကို ကံစောင့်ဆိုတာရှိမဟုတ်လား သတိထားပေါ့"

"အောင်မယ် ... ခင်ဗျား အတော်ဖင်ခေါင်းကျယ်တဲ့ ဗေဒင်ဆရာပါလား။ ဒီမယ် ... နွတ်ခမ်းမွေး ခင်ဗျား ဘယ်လောက်ဖင်ခေါင်းကျယ်ကျယ်၊ ကျုပ်ရှူ့ထားတာလောက် ခင်ဗျားက ရှိတာဗျ။ သေချင်းသေ ခင်ဗျားက မကြာတော့ဘူး။ ဒီတစ်ညာ ခင်ဗျားထောင်ထဲ သေရမှာဗျ"

အလိုက်ကန်းဆိုးမသိတဲ့ ဗေဒင်ဆရာ။ ထောင်မှူးရွှေမောင်ကို နဂိုရ်ကပင် စိတ်တိုသူမှန်း သိပါလျက် မကြာခင်သေမည်ဟု ပြောသည်မှာ ရွှေမောင် စိတ်ဆိုးစရာ မဟုတ်ပါလော့။

"ဟဲ ... ဟဲ ... ဆရာက သိပ်စိတ်တိုတာကိုးဗျ။ ကျွန်တော် လက္ခဏာက အသက်ရှည်မယ့်သူရဲ့ အာယုလမ်းကြောင်းဟာ ထင်ထင်ရှားရှားကြီးပဲ။ ဟဲ ဟဲ ... ဆရာသေစေချင်သလို ကျုပ်မသေနိုင်သေးပါဘူး ဆရာ။ ကဲ ... ဆရာ နောက်ထပ် ဘာမေးချင်သေးသလဲ။ လုပ်ပါ အားမနာရပါဘူး"

အမြဲတမ်း ထောင်မှူးရွှေမောင် ဟန်ရေးပြခြင်းကို ခံခဲ့ရသော အကျဉ်းသားကြီးနွတ်ခမ်းမွေးသည် ဒီတစ်ချက်တွင် စိတ်ဓာတ်အားဖြင့် ရွှေမောင်အပေါ် ဟန်ရေးကောင်းစွာ ပြနိုင်ခဲ့ပေပြီ။ ရွှေမောင်ကား မကျေမနပ်။

"ကဲ ... တော်ပြီ။ နွတ်ခမ်းမွေး ကျုပ် ဘာဗေဒင်ကိုမှ မယုံဘူး။ ခင်ဗျားလည်း အသက်ရှည်မလေး ဘာလေး သိပ်ဟန်ရေးမပြနဲ့ဗျ။ ခင်ဗျား ဒီလောက် ဗေဒင်မှန်ရင် ထောင်မကျအောင် ကြည့်ရှောင်ပါလားဗျ"

"ဟဲ ... ဟဲ ... ဆရာကလည်း ထောင်ကျမှာ ကျုပ်သိသားပဲ။ ဟဲ ... ဟဲ ... ဒါက ဝဋ်လေရှောင်လို့မရဘူး"

"တော် ... တော် ... နွတ်ခမ်းမွေး၊ စကားရှည်လုပ်ပွဲ လုပ်နေတာ မဟုတ်ဘူး။ ခင်ဗျား သိပ်ဖင်ခေါင်းမကျယ်နဲ့ဗျာ၊ ကျုပ်ပြောတာ မှတ်ထားပါ။ ခင်ဗျား ဘယ်လောက်ပဲကျယ်ကျယ် ကျုပ် ရှူ့ထားသလောက်သာ ရှိသေးတယ်။ သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေမောင်သည် စိတ်တိုသူပီပီ လှည့်ထွက်လိုက်ရာအနီးရှိ အကျဉ်းသား တစ်ဦးနှင့် ခေါင်းချင်းဆောင့်မိ၍ . . .

"အမလေးဗျာ . . ."

ဟု အကျဉ်းသား ဖင်ထိုင်လဲအော်သံကြားရသလို ရွှေမောင်လည်း အီစလံဝေသွားရှာ၏။

☼ ☼ ☼

[ ၂ ]

တနင်္ဂနွေ အားလပ်ခွင့်ရက်သည် အကျဉ်းသားအလုပ်မရှိ၊ အိပ်သူအိပ်၊ ကစားသူကစား၊ ဝိုင်းဖွဲ့ကာ ဟားတိုက်သူတိုက်၊ ထောင်ထုံးစံအရ အမှုထမ်း အရာထမ်း တစ်ဝက်လည်း အားလပ်ခွင့်ရရှိသဖြင့် သွားကြ လာကြ။

ရွှေမောင်သည် အားလပ်ခွင့်ရသော တနင်္ဂနွေပတ်မဟုတ်၍ လုံခြုံရေး အတွက် တုတ်ထမ်းလမ်းလျှောက် ဟိုဝင်ဒီထွက် လှည့်ပတ်လျှက်ရှိလေသည်။ လှည့်ပတ်သွားရင်းက တရားခံလူသစ်ရောက်တိုင်းလည်း လက်ခံလိုက်ရသေး၏။

ယနေ့ တရားခံလူသစ်တစ်ဦး လက်ခံရာတွင် နှစ်လခန့်ကမှ ထောင်မှ ထွက်သွားသည့် လူဟောင်းတပည့်ကျော်တစ်ဦးကို လက်ခံရပြန်သည်။

"ဘယ်နှယ်လဲဟေ့ . . . ဖိုးတော လာပြန်ပလား၊ ထွက်လိုက်ဝင်လိုက် နဲ့ ထောင်ဟာ မင်းယောက္ခမအိမ် ကျနေတာပဲ"

ရွှေမောင်က တပည့်ဟောင်းအား ဆီးကြိုနှုတ်ဆက်ခြင်းပြု၏။

"ဟဲ . . . ဟဲ . . . ဆရာရေ၊ မသတ်ရင်မဖြစ်လို့ သတ်ကိုသတ်လာ တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



တပည့္ေက်ာ္က လူသတ္လာသည့္မ်က္ႏွာႏွင့္ ဆို၏။

ဖိုးေတာ၏အေျဖကို ၾကားရေသာ အက်ဥ္းသားအေပါင္းတို႔သည္ ဖိုးေတာအား အေတာ္အထင္ႀကီးသြားၾကေလသည္။

ေရႊေမာင္သည္ ဖိုးေတာအား ေခၚလာၿပီး ရင္းႏွီးစြာ တစ္ခ်က္ကန္ပစ္၏။

''မေအေပး ... ဒီဟန္ေရးျပတာက မေပ်ာက္ေသးဘူး။ မင္း၀ရမ္းအမိန္႔စာမွာ ႏြားသတ္တဲ့ အမႈပါလား''

''ဟဲ ... ဟဲ ... ဆရာကလည္း ႏြားခိုးသတ္လာတယ္လို႔ အမွန္ေျပာရင္ ဘယ္ျဖစ္မလဲ။ ဒီေတာ့ လူကိုသတ္လာသလိုလုပ္ရတာ။ ဆရာလည္း ေထာင္အေၾကာင္းသိသားနဲ႔ ...

ေရႊေမာင္ႏွင့္ ဖိုးေတာတို႔သည္ ႐ံုးခန္းတြင္ တ၀ါး၀ါး ရယ္ေနၾက၏။ ဆရာတပည့္ရယ္လို႔မွ မဆံုးေသး အက်ဥ္းသားတစ္ဦးသည္ ျပဴးကလဲဆန္ျပာႏွင့္ ေဟာဟဲတိုက္၍ ေရႊေမာင္ထံ ေရာက္လာေတာ့သည္။

''ဆရာ ... ဆရာ ... အက်ဥ္းသားတစ္ဦး စပါးတိုက္ေပၚက လိမ့္က်လို႔''

''ေဟာ ...''

ေရႊေမာင္၏ရင္သည္ တဆတ္ဆတ္ ခုန္သြားေလသည္။

''စပါးတိုက္ေပၚ ဘာသြားလုပ္ၾကသလဲ''

''ကြၽန္ေတာ္တို႔ စာကေလး ၀င္ရိုက္ၾကတာပါ''

တနဂၤေႏြေန႔တြင္ ပါးစပ္တစ္ေပါက္အတြက္ စပါးက်ီတြင္ ၀င္စားေနၾကသည့္ စာကေလး ငွက္မ်ားကို အက်ဥ္းသားမ်ား ၀င္ရိုက္စားေလ့ ရွိၾကေလသည္။

ေရႊေမာင္သည္ အေျပးအလႊား လိုက္သြား၏။

မွန္ပါသည္။ အက်ဥ္းသားမွာ သတိမရေတာ့။ မႀကည့္ဝံ့ မရႈဝံ့ျဖစ္ေနေပၿပီ။ တေ၀ါေ၀ါႏွင့္ ေသြးအန္ေန၍ ေရႊေမာင္က ေထာင္ပိုင္ႀကီးထံ စာေရးအစီရင္ခံၿပီး ေထာင္ဆရာ၀န္ထံ အေၾကာင္းၾကားလိုက္ေလသည္။ ဆရာ၀န္ အေျပး

www.burmeseclassic.com

www.burmeseclassic.com



အလွှားရောက်လာသလို ထောင်ပိုင်၊ ထောင်မှူးကြီးတို့ အားလုံးရောက်လာကြ၏။ သို့ရာတွင် အကျဉ်းသားကား နောက်ဆုံး သွေးတစ်ပွက်အန်ပြီး အကျဉ်းသား လောကကို စွန့်ခွာသွားရှာလေပြီတည်း။

"ဟေ့ ... ရွှေမောင်၊ ဒါ ဘယ်သူတုံး"

ထောင်ပိုင်ကြီး၏ မေးသံ။

"ဒါ နှုတ်ခမ်းမွေးလေ ဆရာကြီး"

ရွှေမောင်က စိတ်မကောင်းစွာ ဖြေလိုက်လေသတည်း။

☼ ☼ ☼

မြောင်းမြမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

စာရေးသူငယ်ငယ်ကလေးဘဝ (၇)နှစ်၊ (၈)နှစ်အရွယ် သရဲတစ္ဆေဆို အလွန်ကြောက်သည်။ ညဖက်ဆို မိုးကလေးချုပ်လာပြီဆိုရင် အပြင်မထွက်ရဲတော့။ အိမ်ထဲမှာတောင် တစ်နေရာကတစ်နေရာ အဖော်မပါဘဲ မသွားရဲ။ အမေ့လက်ဆွဲပြီး အမေသွားရာ တကောက်ကောက် လိုက်နေတော့တာပဲဗျာ။

သရဲကို ကြောက်ပေမဲ့ သရဲအကြောင်း၊ တစ္ဆေအကြောင်းတွေ ပြောရင် နားမထောင်ဘဲ မနေနိုင်ဘူး။ နားထောင်ပြီးရင် ကြောက်လို့ ညအိပ်နေတုန်း လန့်လန့်အော်မိတယ်။

ကျွန်တော် စာရေးသူ အင်္ဂလိပ်ခေတ် (၇)နှစ်၊ (၈)နှစ် အရွယ် ကျွန်တော်တို့ လမ်းထိပ်ရေကာတာကုန်းမှာ ရဲသားသုံးလေးယောက် ညနှစ်နာရီလောက် ပတ်တရောင်လှည့်ရင်းရောက်လာကြတယ်။ အဲဒီကုန်းရောက်တော့ လူတစ်ယောက် ထွက်လာပြီး ရဲသားတစ်ယောက်ကို ဆေးလိပ်မီးတစ်တို့လောက်လို့ တောင်းတယ်။ ရဲသားက ဆေးလိပ်သောက်လာတော့ သူ့လက်ကြားက ဆေးလိပ်တိုကို ပေးလိုက်တယ်။ ပြီးတော့ ဒီဖက်ပြန်လှည့် ပြီး စကားပြောနေကြတယ်။ ခဏကြာတော့ အဲဒီလူက ဆေးလိပ်တို ပြန်ပေးတယ်။ အဲဒီရဲသားက ဆေးလိပ်ကို ပြန်ယူဖို့ လှည့်လိုက်တော့ ရောမအကောင်ကြီး သရဲကြီးဖြစ်နေတယ်။

www.burmeseclassic.com

သုရိန်စာပေ

www.burmeseclassic.com



ရဲသားသုံးလေးယောက် အော်ပြီး ထွက်ပြေးကြတယ်။ တစ်ရပ်ကွက်လုံး နိုးကုန်ကြတယ်။ မနက်မိုးလင်းတော့ ဒီအကြောင်း ကြားလိုက်တယ်။

ကျွန်တော်တို့ လမ်းထိပ်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်။ လူသုံးလေးယောက် လက်ချင်းချိတ်ပြီးပတ်ရင် မဆက်မိဘူး ဒီလောက်ကြီးတာ။ မနက်ဝေလီဝေလင်း ဈေးရောင်းသွားမယ့် ဈေးသည်တွေက အဲဒီညောင်ပင်အောက်က ဖြတ်သွားကြရတယ်။ အဲဒီညောင်ပင်ပေါ်က ဆင်းလာပြီး စားစရာကလေး ပါရင် ပေးခဲ့ပါလို့ လူယောင်ဆောင်ပြီး တောင်းတယ်။ ပေးပြီးပြန်ကြည့်တော့ လူမဟုတ်တော့ဘူး။ နားရွက်ကြီးကြီး ခေါင်းကြီးကြီးနဲ့ တွေ့လိုက်တော့ လန့်ဖျပ် အော်ပြေးကြတယ်။ လန့်ဖျပ်ပြေးကြတယ်။

ငယ်ငယ်တုန်းက အခုလို သရဲခြောက်တာတွေ မကြာခဏ ကြားရတယ်။ တချို့လူပျိုပေါက်ကာလသားတွေက ကျွန်တော်တို့လိုကလေးတွေကို စပြီး ပုံပြောတယ်။ ပုံပြောတဲ့အထဲမှာ သရဲအကြောင်း၊ တစ္ဆေအကြောင်း၊ ပြိတ္တာအကြောင်းတွေက များတယ်။ နားမထောင်ဘဲလည်း မနေနိုင်ဘူး။ သွားသွားနားထောင်မိတယ်။

ကျွန်တော် ငယ်ငယ်က ကျွန်တော်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်မှာ မိုးချုပ် ညရှစ်နာရီလောက်ကစပြီး (၁၀)နာရီ (၁၁)နာရီအထိ ပုဏ္ဏက တိုက်တာ တွေ့ဖူးလိုက်တယ်။ ထူးတော့ ထူးဆန်းသား။ အဲဒီကလည်း မအိပ်ကြသေးဘူး။ တံခါးတွေလည်း မပိတ်ကြသေးဘူး။ အိမ်ရှေ့ကနေပြီး ခဲတွေနဲ့ပစ်တာ။ အိမ်သားတွေ လန့်ပြီးထွက်အော်တယ်။ အော်လေ ခဲတွေက ကျလာလေပဲ။ ပစ်တဲ့လူကိုလည်း မတွေ့ရဘူး။ ဒါနဲ့ အိမ်သားတွေက တံခါးတွေ ပိတ်လိုက်ကြတယ်။

တံခါးတွေ ပိတ်လိုက်လည်း ခဲတွေက ဝင်လာတာပဲ၊ လေးဖက်လေးတန်က ဝင်လာတာ တံခါးတွေက အလုံပိတ်ထားတာ၊ ဝင်မယ့်အပေါက်မရှိဘူး။ ည (၁၀)နာရီကျော်ကျော် (၁၁)လောက်မှ သူ့ဟာသူ အလိုလိုရပ်သွားတယ်။ ရပ်ကွက်က လူတွေကလည်း မမြင်ဖူးတော့ သွားကြည့်ကြတယ်။ နားလည်တဲ့ သူတွေက အဲဒါ ပုဏ္ဏကတိုက်တယ်လို့ ခေါ်တယ်တဲ့ဗျာ။

စာရေးသူ ထောင်မှူးကျောင်းဆင်းပြီး ပုသိမ်ထောင်ရောက်သွားတယ်။ ပုသိမ်ထောင်ကြိုးစင်ဟာ အလွန်နာမည်ကြီးတယ်။ ညဂျူတီကျတဲ့ ဝန်ထမ်းတွေဟာ အဲဒီကြိုးစင်နား မသွားရဲဘူး။ ဝန်ထမ်းတွေ မကြာခဏ အခြောက်ခံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ထောင်မှူးတွေလည်း ညကင်းစစ်ရင် အဲဒီနားကို မသွားရဲဘူး။ အဖော်ခေါ်သွားရတယ်။ အခြောက်ခံရတဲ့ ဝန်ထမ်းသုံးလေးယောက်ကို အလုပ်ကကို ထွက်သွားကြတယ်တဲ့။

အဲဒီကြိုးစင်ကလည်း ဟိုအင်္ဂလိပ်ခေတ်ကတည်းက ဆောက်ထားတာ။ နှစ်ပေါင်းအတော်ကြာပြီ ဆရာစံဘက်တော်သား မြန်မာအာဇာနည် သူရဲကောင်း တော်တော်များများလည်း အဲဒီကြိုးစင်မှာ ကွပ်မျက်ခံခဲ့ကြရတယ်။ တခြား အကျဉ်းသား တော်တော်များများလည်း အဲဒီကြိုးစင်မှာ ကြိုးပေးခံကြရတယ်။ အဲဒီလို ကွပ်မျက်ခံရတာတွေလည်း နှစ်တွေက ကြာလာတော့ မှတ်တောင်မမှတ်မိတော့ဘူး။

မကျွတ်မလွတ်တဲ့သူတွေ၊ အများကြီးရှိမှာပေါ့။ တစ္ဆေသရဲဆိုတာ မရှိဘူးလို့လည်း ပြောလို့မရဘူး။ ရှိတယ်လို့လည်း ပြောရမှာ အခက်သားလားဗျာ။

ပုသိမ်ထောင်ကြိုးစင်ကလည်း ခြောက်ပုံက အမျိုးမျိုးပဲ။ အမှုထမ်းတစ်ယောက် အဲဒီကြိုးစင်နားက အုတ်ရိုးမှာ တာဝန်ကျတယ်။ အုတ်ရိုးဘေးမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရတယ်။ ကြိုးစင်နားရောက်ရင် လှည့်မကြည့်ရဲဘူး။ မျက်စိမှိတ်ပြီး ခပ်သုတ်သုတ်လျှောက်ရတယ်။ ကြိုးစင်နားရောက်တော့ သူ့အနားခဲတစ်လုံး ကျလာတယ်။ သူ ခဲလုံးကျရာ လှည့်ကြည့်လိုက်တော့ ကြိုးစင်ပေါ်မှာ အကျဉ်းသားတစ်ယောက် လည်ပင်းကြိုးကွင်းစွပ်ကြီးနဲ့ ချာလပတ်လည်နေတယ်။ လှုပ်ပြနေတယ်။ အဲဒါလည်း မြင်ရော ကြောက်လန့်အော်ရင်း မေ့သွားတယ်။ ဒီအမှုထမ်းလည်း နောက်တစ်နေ့ အလုပ်က ထွက်သွားတယ်တဲ့ဗျာ။

သရက်ထောင် ကျွန်တော်ရောက်တော့ ကြိုးစင်နားမှာ ညောင်ပင်ကြီးတစ်ပင် ရှိတယ်။ ဝန်ထမ်းတွေလည်း ကြိုးစင်နား မသွားရဲကြဘူး။ သူကတော့ ကိုယ်ရောင်မပြဘူး။ ညောင်ပင်ပေါ်ကနေ အကိုင်းတွေ၊ သစ်ခက်၊ သစ်ရွက်တွေ လှုပ်ပြတယ်။ ချွေချတယ်။ သစ်ကိုင်းလှုပ်ရအောင်ကလည်း ဘာလေမှ မတိုက်ဘူး။ လေကလည်း ငြိမ်နေတယ်။ နောက်ပြီး လေတိုက်လို့ လှုပ်ရင်လည်း တစ်ပင်လုံး လှုပ်ရမှာပေါ့။ ခုတော့ သစ်ကိုင်းတစ်ကိုင်းတည်း ရွေးလှုပ်ပြတယ်။

စာရေးသူ မအူပင်ထောင်ရောက်တော့ ညွှန်မှူးဦးအုန်းမောင် ထောင်လာစစ်တယ်။ သူနဲ့စကားပြောကြရင်း စကားစပ်မိတော့ ညွှန်မှူးက ပြောပြတယ်။ ထောင်ပိုင်ကြီး ဦးသောင်းရွှေ မအူပင်ထောင်နေသွားတုန်းက ညအချိန်မတော်

www.burmeseclassic.com

www.burmeseclassic.com


ထောင်ပိုင်ကတော်ကြီး ရေချိုးခန်းထဲဝင်တော့ အထဲမှာ အကျဉ်းသားတစ်ယောက် သံခြေကျင်းနဲ့ ပုံစံအင်္ကျီကလည်းအဖြူ၊ လုံချည်ကလည်းအဖြူနဲ့ ငုတ်တုတ်ကြီးပုံစံ ထိုင်နေတာ တွေ့တော့ လန့်ဖျပ်ပြီး အော်တာ သတိတောင်မေ့သွားတယ်။ နောက် သူတို့လည်း မအူပင်ထောင်မှာ မနေရဲတော့ဘူး။ ပြောင်းပြေးကြရတယ်တဲ့။

ကျွန်တော် မန္တလေးထောင်ရောက်တော့ တစ်နေ့ညနေ ထောင်ပိတ်တာ လူပေါင်းမကိုက်လို့ ထောင်ပိတ်လို့မရဘူး။ ည (၈)နာရီကျော် (၉)နာရီထိ ဘယ်လိုမှ ထောင်ပိတ်လို့ မရဘူး။ ထောင်ပိတ်ကြာတော့ လှမ်းမေးတယ်။ ခုထိတောင် ပိတ်လို့မရသေးဘူးလားဆိုတော့ ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးက ဆရာကြီး ထောင်ပိတ်တာမိန်းမထောင်က လူတစ်ယောက်ပိုနေတယ်တဲ့။ ဘယ်လိုပဲပြန်ရေရေ ပိုတာပဲတဲ့။ စာရေးသူ အောက်ဆင်းသွားပြီး လူပေါင်းစစ်ကြည့်တယ်။ အဝင် အထွက် စာရင်းကိုလည်း စစ်ကြည့်တယ်။ မှန်နေတယ်။ ဒါပေမဲ့ လူပြန်စစ်တော့ တစ်ယောက်ပိုနေတာပဲ။

စာရေးသူက တစ်ခါ လူလဲပြီး ပြန်စစ်ကြည့်ပါဦးလို့ပြောတော့ နောက် တစ်ခါ ပြန်ပြီးစစ်ကြပြန်တယ်။ အိပ်ဆောင်တွေ အားလုံးက လူပေါင်းကတော့ ဒီအတိုင်းပဲ။ ဒါပေမဲ့ မိန်းမထောင်က ထောင်မှူးကြီးက ဆရာကြီး လူပေါင်းကိုက်ပြီ တဲ့ဆိုပြီး ကျွန်တော့်ကို ဝမ်းသာအားရနဲ့ လာသတင်းပို့တယ်။ အဲဒီအောက်(၁)ခန်း က ရေလိုက်တိုင်း (၃၁)ယောက် အခု ပြန်ရေတော့ (၃၀)တဲ့။ မပိုတော့ဘူးတဲ့။

ကျွန်တော်က ခင်ဗျားတို့ သေသေချာချာ မစစ်လို့ပေါ့။ ခင်ဗျားကိုယ်တိုင် စစ်ခဲ့လား။ အောက်က ဝန်ထမ်းတွေကို ရေခိုင်းတာလားဆိုတော့ ကျွန်မကိုယ်တိုင် လိုက်စစ်ပြီး ရေပါတယ်တဲ့။

နောက်တစ်နေ့မနက်ကျတော့ မိန်းမထောင်က ထောင်မှူးကြီးနဲ့ တပ်ကြပ် ကြီးတို့ ကျွန်တော့်ရုံးခန်း ရောက်လာကြတယ်။ ဆရာကြီး မရောက်ခင်ကလည်း အခုလို ထောင်ပိတ်ရင် ကျွန်မတို့အဆောင်က လူတစ်ယောက် ပိုပိုနေလို့ တော် တော်နဲ့ ထောင်ပိတ်လို့မရဘူးတဲ့။ ခဏခဏ ဖြစ်တယ်တဲ့။

အကျဉ်းသူတွေကလည်း ကျွန်မကို လာလာသတင်းပို့ကြတယ်။ ညနေ ထောင်ပိတ်ခါနီး နေဝင်ဖျိုးဖျမှာ အဲဒီတစ်ခန်းထဲမှာ မိန်းမတစ်ယောက်ကို မြင်ရ တယ်တဲ့။ ကျွန်မတို့နဲ့ရောပြီး သွားလာနေတယ်တဲ့။ ညနေ ထောင်ပိတ်ရင်လည်း


www.burmeseclassic.com

www.burmeseclassic.com



ဟိုနေရာဝင်ထိုင် ဒီနေရာဝင်ထိုင်လုပ်တာ တွေ့ရတယ်တဲ့။ ဒါကြောင့် မကြာခဏ ထောင်ပိတ်ရင် လူတစ်ယောက် ပိုပိုနေတာတဲ့။ ကျွန်တော့်ကိုလာပြီး ရှင်းပြတယ်။ အဲဒါ ဆွမ်းသွတ်ပြီး အမျှအတမ်း ဝေချင်တယ်တဲ့။

ဟိုတုန်းက တစ်ခါမှ ဒီလိုမဖြစ်ဘူး။ ဆရာကြီးမရောက်ခင် (၆)လလောက်က အမျိုးသမီးတစ်ယောက် ကိုယ်ဝန်အရင့်အမာနဲ့ ရေကန်မှာ ရေချိုးရင်း ချော်လဲပြီး သေသွားတယ်။ သူ မလွတ်မကျွတ်ဘူးလို့ ထင်တယ်။ ထောင်ထဲမှာ ရှိသေးတယ်တဲ့။ သူသေပြီးမှ အခုလိုဖြစ်တာတဲ့။ မကြာခဏ အကျဉ်းသူတွေ သူ့ကို မြင်ကြရတယ်တဲ့။ ဘုန်းကြီးငါးပါးလောက်ပင့်ပြီး ဆွမ်းကျွေး အမျှအတမ်းဝေချင်တယ်တဲ့။

အဲဒီအမျိုးသမီးက ဘယ်ကလဲ၊ ဘယ်အရွယ်ရှိပြီလဲလို့မေးတော့ အသက်ကတော့ (၃၀)လောက်။ မတ္တရာနယ်က ကလေးနားဆွဲဖြုတ်လို့ ထောင်တစ်နှစ် ကျလာတာတဲ့။

ကျုပ်ကလည်း ဒါတွေ အယုံအကြည်မရှိဘူးဗျာ။ လူဟာ သေသွားရင် ငရဲရောက်ရမယ့်သူဆို ချက်ချင်းငရဲရောက်သွားတယ်။ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်မယ့်သူဆိုရင်လည်း ချက်ချင်းရောက်သွားတယ်။ လူ့ပြည် လူပြန်ဖြစ်မယ် ဆိုရင်လည်း ချက်ချင်းသန္ဓေတည်တာ။ တစ်ခုတော့ရှိတာပေါ့ဗျာ။ ကျုပ်လည်း ကြားဖူးတာပါ။ အစွဲအလမ်းကြီးပြီး သားစွဲလမ်း၊ မယားစွဲလမ်း၊ ပစ္စည်းဥစ္စာ စွဲလမ်းပြီးသေရင်တော့ အဲဒီနေရာတွေကို လောလောဆယ်မရောက်သေးဘူး။ ပြိတ္တာဘဝ၊ သရဲတစ္ဆေဘဝ ရောက်သွားတယ်လို့ သိထားတယ်။ ပြောရရင် မကျွတ်မလွတ်သေးဘူးဆိုပါတော့။

သေဆုံးသူများအတွက် ကျန်ရစ်သူမိသားစုများက မလုပ်မဖြစ် လုပ်ဆောင်ပေးရတာ တစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ဆွမ်းသွတ်အမျှပေးဝေခြင်းပဲ။ သေသူကို ရည်စူးပြီးလုပ်ပေးကြတယ်။ သေတဲ့နေ့မှာပဲ ဘုန်းကြီးပင့်ပြီး ဆွမ်းသွတ်တာကို သက်ပျောက်ဆွမ်းလို့ ခေါ်တယ်။ သေဆုံးသူကို မြေမချမချင်း နေ့စဉ်ပင့်ပြီး ဘုန်းကြီးတွေကို ကပ်တဲ့ဆွမ်းဟာ သက်ပျောက်ဆွမ်းလို့ ခေါ်တယ်။

အသုဘချ သင်္ဂြိုဟ်တဲ့နေ့မှာ သံဃာတော်များကိုကပ်တဲ့ဆွမ်းဟာ မြေချဆွမ်းရယ်လို့ ခေါ်တယ်။ နောက်ခုနစ်ရက်နေ့မြောက်တဲ့ အခါကျတော့ ရက်လည်ဆွမ်း။ ခုတော့ ရက်လည်သပိတ်သွတ်ဆွမ်းကပ်တာနဲ့ မပြီးသေးဘူး။ တစ်လပြည့်

www.burmeseclassic.com

www.burmeseclassic.com



တော့ တချို့ သပိတ်သွတ်ဆွမ်းကပ်ကြပြန်တယ်။ တစ်နှစ်ပြည့်တော့လည်း တစ်ခါ လုပ်ကြပြန်တယ်။

ဆွမ်းကပ်ပြီး ပြုလုပ်တဲ့ကောင်းမှုကုသိုလ်ကို အမျှပေးဝေတဲ့အခါ သာဓု ခေါ်ခွင့်ရတယ်။ သာဓုခေါ်ခွင့်ရရင် ပြိတ္တာ၊ တစ္ဆေ သရဲဘဝက ကျွတ်လွတ်ပြီး သူလားရမယ့်နေရာ နတ်ပြည်ဆို နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆို ဗြဟ္မာပြည် လူ့ပြည်ဆို လူ့ပြည်၊ သူ့ရဲ့ ကုသိုလ်အကျိုးပေးကောင်းမှုတွေကြောင့် ကောင်းရာမွန်ရာ ရောက် တယ်တဲ့။ အကုသိုလ်အကျိုးပေးရင်တော့ အပါယ်လေးဘုံ သွားရမှာပေါ့။

ဘုန်းကြီးပင့် ဆွမ်းကျွေးအမျှအတန်းဝေတာကတော့ ကောင်းပါတယ်။ တစ်ခုရှိတယ်။ လှူဒါန်းတဲ့ ဆွမ်းသင်္ကန်းဟာ သံဃိကဒါန ဖြစ်ဖို့လိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တမလွန်ဘဝပြောင်းသွားတဲ့ ပုဂ္ဂိုလ်အတွက် လှူဒါန်းရာမှာ သက်ရှိပုဂ္ဂိုလ်က မိမိအတွက် သံသရာအတွက်ပါအောင် လှူဒါန်းရတယ်။ သက်ရှိ ပုဂ္ဂိုလ်ကတော့ မလှူမီကစပြီး လှူပြီးသည့်တိုင်အောင် စေတနာသုံးတန်၏အကျိုး ကို အနည်းနဲ့အများ ရဖို့သေချာတယ်။

သေဆုံးသူအတွက်ကျတော့ လှူသူက သုံးတန် စေတနာပြတ်သားသော် လည်း အလှူခံပုဂ္ဂိုလ်က ဒုဿီလဖြစ်နေမယ်ဆိုရင် ပိုလို့မျှော်လင့်ချက်မရှိတော့ ဘူး။ ဒါကြောင့် ပုဂ္ဂိုလ်စွဲ ကျောင်းစွဲမဟုတ်ဘဲ သီလသမ္ပတ္တိနဲ့ပြည့်စုံတဲ့ သံဃာတော် ဖြစ်အောင် အထူးသတိထားရွေးချယ်ရမယ်။

အကယ်၍ မိမိ လှူဒါန်းတဲ့ သံဃာဟာ ဒုဿီလ၊ သီလပျက်နေတဲ့ ပုဂ္ဂိုလ်ဆိုရင် သေဆုံးသူဟာ သာဓုအနုမောဒနာ ခေါ်နိုင်တဲ့ဘဝမှာ ရောက်ရှိနေ သော်ငြားလည်း အလှူခံပုဂ္ဂိုလ်ဟာ သီလမရှိသူ၊ ဒုဿီလဖြစ်မယ်ဆိုရင်တော့ ပေးဝေတဲ့အမျှအတန်းဟာ ဘာမှအနှစ်သာရမရှိတော့။ ဘယ်လိုမှ အကျိုးသက် ရောက်မှာ မဟုတ်တော့ဘူး။

ကျေးရွာတစ်ရွာမှာ လယ်သမားကြီးတစ်ယောက်ရှိတယ်။ အဲဒီ လယ်သမားကြီးဟာ လယ်ထဲမှာ လယ်တဲဆောက်ပြီး လယ်လုပ်ကိုင်နေတယ်။ တစ်ညမှာ လယ်သမားကြီး၊ အိပ်ပျော်နေတုန်း အသံနက်ကြီးနဲ့ ငိုကြွေးသံ၊ အသံကို ကြားလိုက်ရတယ်။ လယ်သမားကြီးကလည်း ဘာကြောင့် ငိုကြွေးသလဲလို့ မေးတဲ့အခါ ကျွန်ုပ်မှာ ပြိတ္တာ ဖြစ်ပါတယ်။ အစားအသောက်မရှိဘဲ နေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တခြားပြိတ္တာတွေမှာတော့ သူတို့ဆွေမျိုးများက အလှူဒါနပြုပြီး အမျှအတန်းဝေလို့ အမျှရပြီး ချမ်းသာစွာ နေကြရပါတယ်။

ကျွန်ုပ်မှာတော့ ဘယ်ဆွေမျိုးကမှ အမှတ်မရကြတဲ့အတွက် ကြီးစွာသော ဒုက္ခရောက်နေရပါတယ်။ ဒါကြောင့် အရှင်လယ်သမားက ကျွန်ုပ်အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုများပြုကာ အမျှပေးဝေပါလို့ ပြောတယ်။

ဒါကြောင့် လယ်သမားကြီးဟာ နံနက်မိုးသောက်အလင်းရောက်တာနဲ့ သံဃာတော်အရှင်မြတ်တို့ ပင့်ပြီး ဆွမ်းကပ်အမျှအတန်းပေးဝေလိုက်တာ ပြိတ္တာကြီးလည်း သာဓုအနုမောဒနာခေါ်ရတာကြောင့် အစားအသောက်နဲ့ ပြီးပြည့်စုံသွားတယ်။

ဒါပေမဲ့ နောက်တစ်နေ့ ညကျပြန်တော့ အဲဒီပြိတ္တာကြီး ငိုပြန်သတဲ့။ သူ ငိုသံကြားတော့ လယ်သမားကြီးက ဘာကြောင့်ငိုကြွေးသလဲ။ သင့်အတွက် ကျုပ် ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှပေးဝေခဲ့ပြီ မဟုတ်လားလို့ မေးတယ်။ ဒီအခါမှာ ပြိတ္တာကြီးက မှန်ပါတယ်။ သင် လှူဒါန်းပြီး အမျှအတန်းဝေပေးလို့ ကျွန်ုပ် ရရှိခံစားရပြီး အစားအသောက်နဲ့တော့ ပြည့်စုံပါပြီ။ သို့သော် အဝတ်အစားတန်ဆာပလာ မရှိသေးပါလို့ ထပ်မံပြောကြားတယ်တဲ့။ ဒါနဲ့ လယ်သမားကြီးက သူ့မှာပါလာတဲ့ အဝတ်အစားတွေကို ပေးသတဲ့။ ဒီတော့ ပြိတ္တာကြီးက . . .

အသင်လယ်သမားကြီး ကျွန်ုပ်ကို ယခုလိုပေးလို့ မရရှိမခံစားနိုင်ပါ။ သံဃာတော်များ ဆွမ်းဘောဇဉ် ကပ်လှူပြီး အမျှအတန်းပေးဝေသကဲ့သို့ ယခုလည်း သံဃာတော်များကို သင်္ကန်းစတဲ့ အဝတ်အထည်များ ပေးလှူပြီး အမျှအတန်းပေးပါလို့ ပြောတဲ့အခါ လယ်သမားကြီးက ကောင်းပါပြီဆိုပြီး နောက်တစ်နေ့မှာ သံဃာတော်များ ပင့်ဆောင်ပြီး သင်္ကန်းတစ်ထည်စီ ဆက်ကပ်လှူဒါန်းကာ ပြိတ္တာကြီးကို အမျှအတန်းပေးဝေလိုက်လို့ သာဓုခေါ်လိုက်တဲ့အခါ ပြိတ္တာအဖို့ နတ်ဌ်ဖြစ်သော အစားအသောက်များ ချပ်ဝတ်တန်ဆာပလာများနဲ့ ပြည့်စုံပြီး အေးချမ်းစွာ နေသွားရတယ်။

အဲဒီလို အစားအသောက်အပြည့်အစုံ အဝတ်အထည်တွေနဲ့ ပြည့်စုံပြီး နတ်စည်းစိမ်မျိုးနဲ့ ခံစားနေရတဲ့အခါ အဲဒီပြိတ္တာကြီးဟာ လယ်သမားကြီးထံ တစ်ဖန်ပြန်ရောက်လာပြီးတော့ ပြောပြန်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အရှင်လယ်သမားကြီး အရှင်သည် ကျွန်ုပ်၏ မိဘဆွေမျိုးညာတိများ ထက်ပင် ကျွန်ုပ်အတွက် ပြုလုပ်ပေးသည့်အတွက် ကျေးဇူးကြီးမားလှပါသည်။ သို့အတွက် ကျေးဇူးဆပ်လိုလှပါသည်။ ကျွန်ုပ်နေထိုင်ရာ ညောင်ပင်အောက်သို့ လိုက်ခဲ့ပါလို့ ခေါ်သွားတယ်။ ညောင်ပင်အောက်ရောက်တာနဲ့ ရွှေအိုးကြီး (၄) လုံး တူးဖော်ပေးပြီး ကျေးဇူးဆပ်တဲ့အနေဖြင့် လယ်သမားကြီးရဲ့အိမ်ကို ကိုယ်တိုင် အရောက်လိုက်ပို့ပေးလိုက်တယ်တဲ့။ အဲဒီတော့ လယ်သမားကြီးလည်း ချမ်းသာ သွားတာပေါ့။

စာရေးသူ အဲဒီထောင်မှူးကြီးကို ရှင်းပြပြီး ခင်ဗျားတို့လည်း ရွှေအိုးကြီး တွေရပြီး ချမ်းသာပြီး သူဌေးကြီးတွေ မဖြစ်ဖူးလို့ မပြောနိုင်ဘူးနော်။ ဖြစ်ရင်ဖြစ်မှာ လို့လည်း နောက်တောက်တောက် ပြောလိုက်သေးတယ်။ ထောင်မှူးကြီးနဲ့ပါလာ တဲ့ တပ်ကြပ်ကြီး ဒေါ်သိန်းက ကျွန်မတို့ ရွှေအိုးကြီးတွေ့ရရင် ဆရာကြီးလည်း တစ်ဝက်ရမှာပေါ့တဲ့လို့တောင် ရွှတ်နောက်နောက်နဲ့ ပြောသွားသေးတယ်။

အဲဒီအမျိုးသမီးကို ဆွမ်းသွတ်အမျှဝေပေးပြီးတဲ့နေ့ကစပြီး ကျွတ်လွတ် သွားသလား။ မသိဘူးဗျာ။ ကိုယ်ယောင်ပြတာတို့၊ ထောင်ပိတ်ရင် ဝင်ဝင်ထိုင်တာ တို့ မတွေ့ရတော့ဘူး။ ထောင်ပိတ်ရင်လည်း တစ်ယောက်ပိုနေလို့ ထောင်ပိတ်လို့ မရတာလည်း မရှိတော့ဘူးဗျာ။

ထောင်တွေမှာ အဲဒီတစ္ဆေသရဲပြဿနာ ပြဿနာတွေကရှိတယ်။ တစ်ခါ တစ်ခါ ထောင်တွေထဲမှာ ညအချိန်မတော် ညှိထားတာမဟုတ်ဘဲ အကျဉ်းသား တွေ လန့်လန့်ပြီး ထထအော်တာတွေ ရှိတယ်။ တစ်ခန်းတည်းကအော်တာ မဟုတ်ဘူး။ တစ်ထောင်လုံး အကျဉ်းသားတွေ တစ်ချိန်တည်း တစ်ပြိုင်တည်း အော်ကြတာ။ အော်တာကလည်း သိပ်တော့မကြာလိုက်ဘူး။ စက္ကန့် (၂၀)လောက် ပဲ။ အော်ပြီး ငြိမ်သွားတယ်။ ပြန်အိပ်ကုန်ကြတယ်။ သွားကြည့်ရင် ဘာမှမဖြစ် သလိုပဲ။ အဲဒါက ထောင်တိုင်းလိုလိုမှာ ဖြစ်တယ်။ ဆန်းတော့ ဆန်းတယ်ဗျာ။ အော်ရင်လည်း အိပ်ပြီး လန့်အော်တာ မဟုတ်ဘူး။ ငုတ်တုတ်ထိုင်အော်ပြီး ချက်ချင်း ပြန်အိပ်ကုန်ကြတယ်။ မနက်မိုးလင်းတော့ မေးကြည့်တဲ့အခါ သူတို့ ဘာမှမသိဘူး တဲ့ဗျာ။

အဲဒါတွေကတော့ ထောင်ထဲမှာ အကြောင်းအမျိုးမျိုးနဲ့ သေသွားကြရ ပြီး ဆွမ်းသွတ်မယ့်သူမရှိ အမျှအတန်းပေးဝေမယ့်သူမရှိတော့ ဘယ်မှ မသွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြဘူးပေါ့။ ထောင်ထဲမှာပဲ ဟိုကပ်နေ၊ ဒီကပ်နေကြရတဲ့ အကျဉ်းသား၊ သရဲတစ္ဆေ ပြိတ္တာတွေ ဖြစ်မှာပေါ့ဗျာ။

အဲဒါတွေကို အစိုးရအမိန့်ပြန်တမ်းတွေနဲ့ မောင်းထုတ်လို့ ရသလား။ ထောင်ထဲ အကျဉ်းသားတစ်ယောက်သေရင် သူ့ခေါင်းတလားထဲကို (Released Order) တစ်စောင်ထည့်ပေးလိုက်တယ်။ လွတ်သွားရင်လည်း ထောင်က အပြစ်ဒဏ်ကျခံပြီးသဖြင့် လွတ်လိုက်ကြောင်းကိုလည်း (Released Order) သက်သေခံစာရွက်ပေးလိုက်တယ်။ သေတဲ့အကျဉ်းသားကျတော့ ထောင်လွတ်လိုက်တဲ့ အမိန့်စာအပြင် ပြန်တမ်းအမိန့်သဘောမျိုး ဘယ်နေ့ဘယ်အချိန်က ကွယ်လွန်သွားသဖြင့် သင်သည် ထောင်ထဲတွင် နေပိုင်ခွင့် မရှိ။ လွတ်လွတ်လပ်လပ် သင်သွားလိုရာ သွားနိုင်သည်လို့တောင် အမိန့်ပြန်ပေးလိုက်သေးတယ်။

အစိုးရကိုယ်စား ထောင်ပိုင်ကိုယ်တိုင် လက်မှတ်ထိုးပြီးပေးတဲ့ အမိန့်စာပြန်တမ်းဖြစ်လို့ သေသူတွေ ထောင်ထဲမှာ မနေနိုင်ဘူး။ မနေရဲကြဘူးတဲ့။ မင်းရဲ့ အမိန့်အာဏာဟာ အလွန်ပြင်းထန်တယ်။ ထက်မြက်တယ်။ 'ဘုရင်တို့ဘုန်းမိုးသို့ချုန်း လူပုန်းတောမှာ မနေသာတဲ့'

အခုလို အမိန့်နဲ့ ပြန်တမ်းနဲ့ လုပ်ပေမဲ့ အဲဒီသေသွားတဲ့ အကျဉ်းသားတွေ ဘာဖြစ်လို့ ထောင်ထဲမှာ ရှိနေကြတာလဲဗျာ။ ဘုရင့်အမိန့်အာဏာတွေ မစွမ်းဘူးလား။ မစွမ်းတော့ဘူးလား။ ဘုန်းကြီးတွေပင့်ပြီး ဆွမ်းကျွေးအမျှအတန်းဝေမှ ရတယ်ထင်တယ်ဗျာ။

ထောင်ထဲမှာရှိကြတဲ့ ပရလောကသားတွေ၊ သရဲတစ္ဆေ၊ ပြိတ္တာတွေကို နာနာဘာဝ ဝိနာဘာဝလို့လည်း ခေါ်ကြတယ်။

စာရေးသူငယ်စဉ်က လူကြီးတွေက ကလေးတွေ လမ်းထွက်ရင် နေဝင်မိုးချုပ် လမ်းမထွက်ကြနဲ့ ကလေးတွေက လိပ်ပြာငယ်တော့ သရဲတစ္ဆေတွေက ခြောက်တယ်။ ကလေး လန့်ဖျပ်ပြီး နေထိုင်မကောင်းဖြစ်မယ်တဲ့။ ထွက်ရင်လည်းပဲ တချို့က ကလေးနဖူးကို ခြေမှုန့်ဖြင့် တို့ပေးကြတယ်။ ဘာအဓိပ္ပာယ်မှန်းတော့ မသိဘူး။ လူကြီးသူမ အစဉ်အဆက် လုပ်ခဲ့ကြတာ။ (အစဉ်အဆက်) ဒီအယူအဆ အလေ့အကျင့် ခုထိလုပ်နေကြတယ်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ရှိသေးတယ်။ ကလေးနဲ့ လမ်းသွားရင်း ကလေးက လမ်းပေါ်မှာ လဲတယ်ဆိုပါတော့။ အမေက ကလေးထူပြီး အဲဒီလဲတဲ့ နေရာကို တံတွေးနဲ့ထွေး တယ်။ ခြေထောက်နဲ့ ဆောင့်တယ်။ တစ္ဆေ သရဲ မကပ်နိုင်အောင်တဲ့။

ပရလောကသား၊ သရဲတစ္ဆေ ပြိတ္တာတွေကို နာနာဘာဝ၊ ဝိနာဘာဝ လို့လည်း ခေါ်ကြတယ်။ နာနာဘာဝဆိုတာ တစ္ဆေသရဲကိုခေါ်တာ။ ဝိနာဘာဝဆို တာ ဘီလူးသရဲကို ခေါ်တာတဲ့။ အဲဒီလိုထင်လာတာ အဲဒီလို စွဲလမ်းလာကြတာ ဆိုရင် လူသားတို့ရဲ့ ဆွေစဉ်မျိုးဆက် ဘိုးဘွားတွေ လက်ထက်ကစခဲ့တာ ယနေ့ ထိပဲ ဆိုပါတော့။

ကြာရှည်စွာသော အစွဲသည် မြဲသည်ထက် မြဲလာသည်။ ခိုင်မာသည် ထက် ခိုင်မာလာသည်။ အခြောက်အလန့်ကြောင့်တစ်မျိုး တချို့ ကြောက်လန့် ကြသည်။ တချို့ ညကြီးအမှောင် သန်းခေါင်ယံ၌ပင်လျှင် မသွားဝံ့၊ မလာဝံ့ကြ။

အတော်ကြောက်ကြ၏။ ကမ်းကုန်အောင် ကြောက်ကြ၏။ တုန်လှုပ် ချောက်ချားစွာ ထိတ်လန့်တကြား ကြောက်ရွံ့ကြ၏။ မည်သူ့ကို ကြောက်သနည်း။ နာနာဘာဝ ဝိနာဘာဝကို ကြောက်သလော။

တစ်ခါ ရွာနှစ်ရွာမှ သူငယ်ချင်းနှစ်ယောက် ညတွင် ရွာလည်သွားရာမှ တစ်ယောက်တစ်ပြန် ပြန်လိုက်ပို့ကြရင်း မိုးလင်းသွားသည့် ကြောက်သဖြင့် တစ်ယောက်တည်း မသွားရဲ၍ လိုက်ပို့ကြရင်း မိုးလင်းသွားရသည်မှာ အကြောက် တရား၏ သက်သေသာဓကပင် ဖြစ်သည်။

အဖော်ရှိကြသည့်အခါ မကြောက်ပေမဲ့ ချိုးချိုးချွတ်ချွတ်ဆိုလျှင် ခေါင်းနားပန်းကြီး၊ ကြက်သီးတွေ အပြိုင်လိုက်ထတတ်ကြ၏။ တချို့ မူးမေ့သွား သည်အထိ အကြောက်လွန်သွားတတ်ကြသည်။

နာနာဘာဝ ဝိနာဘာဝတို့သည် ဤမျှအထိ လူသားတို့အား ကြီးစိုးလွှမ်းမိုး နိုင်ကြသလား။

စာရေးသူ၏ မိတ်ဆွေတစ်ယောက်သည် တောထဲတောင်ထဲ နှစ်ပေါင်း များစွာ နိုင်ငံတာဝန်ထမ်းဆောင်ရင်း နေခဲ့သည်။ တစ်ခါတလေ အဖော်မရှိ၊ တစ်ယောက်တည်း နေရသည်။ တစ်နေ့ သူရှိရာသို့ သူ့အမေ ရောက်လာသည်။ အမေသည် သားတစ်ယောက်တည်းရှိသဖြင့် သားကို လွမ်းဆွတ်သတိရသဖြင့် စွန့်စွန့်စားစား လိုက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တောထဲတွင် ဆင်းဆင်းရဲရဲ မနေစေချင်။ ထို့ကြောင့် အမေ့အား စခန်းနှင့် (၁၀)မိုင်ခန့်ဝေးသော ရွာတစ်ရွာ အသိမိတ်ဆွေ အိမ်တွင် တည်းခိုစေသည်။ အလုပ်အားသည့်နေ့ ညနေစောင်းတွင် အမေ့ကိုတွေ့ရန် တောထဲမှ အမေတည်းခိုသောရွာသို့ ထွက်ခဲ့သည့် လမ်းခရီး၌ သွားရင်းလာရင်းပင် မိုးချုပ်သွား၏။ တောလမ်းခရီး တစ်ဝက်အရောက်တွင် ချောက်ကမ်းပါးအောက်သို့ 'ဝုန်းခနဲ' ခုန်ချသွားသည့် အသံကို ကြားလိုက်ရသည်။ လူလော၊ တိရစ္ဆာန်လော၊ သို့လောသို့လောဖြင့် တွေးတောနေစဉ် သေချာစွာသိရန်အတွက် ချောက်ကမ်းပါးဖက်သို့ သွားရောက်ကြည့်ရှုမိသည်။

ကျောက်ကမ်းပါးအောက်တွင် မည်သည့်အရာမှာမရှိ။ ဤသို့ဖြင့် ခရီးဆက်ထွက်ခဲ့ရာ ညတွင် အမေတည်းခိုနေရာ ရွာသို့ ရောက်ရှိခဲ့သည်။ ဤတွင် ရွာရှိ အဘွားအိုတစ်ဦးအား ထိုအကြောင်းကို ပြောပြရာ အဘွားက ဘယ်က 'တိရစ္ဆာန်' ခုန်ဆင်းသွားရမှာလဲ။ တိရစ္ဆာန်ခုန်ဆင်းသွားရင် 'ဝုန်း ဝုန်း ... ဝုန်း ဝုန်း' ဆိုပြီး အသံတွေ ဆက်ကြားရမှာပေါ့။ ခုဟာက အသံပြတ်သွားတယ်ဆိုတော့ တိရစ္ဆာန် မဖြစ်နိုင်ဘူး။ နာနာဘာဝ၊ ဝိနာဘာဝ ခြောက်တာပဲဖြစ်ရမယ် ဟု ပြောသည်။

ရွာတွင် အမေနှင့် စကားပြောရင်း အတော်မိုးချုပ်လာခဲ့သည်။ ည (၂)နာရီခန့်တွင် ရွာမှပြန်ခဲ့သည်။ အမေက စိုးရိမ်စွာသော မျက်နှာအရိပ်လက္ခဏာဖြင့် တားလိုဟန်ပြုသည်။ သို့သော် မပြန်၍မဖြစ်သောကြောင့် မီးတုတ်ကို မီးထွန်းညှိပြီး ရွာမှပြန်ခဲ့သည်။ မနက်စောစော စခန်းသို့ ပြန်ရောက်သည်။ 'နဘာယံ ဘေးမရှိ' ဘာအတားအဆီး အခြောက်အလှန့်များ မရှိ၊ ချောချောမောမော ပြန်ရောက်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော် နာနာဘာဝ၊ ဝိနာဘာဝတို့သည် အကောင်အထည် ဒြပ်ကိုယ်မရှိသောကြောင့်ဖြစ်သည်။ ဤတွင် ဆိုစရာရှိလာသည့် နာနာဘာဝ ဝိနာဘာဝတို့သည် အထည်ဒြပ်ကိုယ်မရှိလျှင် အဘယ်လိုသော အရာပေနည်း။

နာနာဘာဝ၊ ဝိနာဘာဝတို့သည် လူသားတို့၏ သဘာဝဖြစ်စဉ် တစ်ခုသာတည်း။ တိတိကျကျ သိသိပပ ဆိုရမည်ဆိုလျှင် တွေ့ကြုံရသည့် အတွေ့အကြုံတစ်ခုကို ကိုယ်စားပြုသည့် ဝေါဟာရ အဓိပ္ပာယ်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာနာဘာဝ၊ ဝိနာဘာဝသည် လူသားတို့၏ ခံစားမှုတစ်ခုကို ဖော်ညွှန်းသည်။ လောကဓံတရားနှင့်လည်း ဆိုင်သည်။ လောကဓံတရားသည် လူသားတို့အား ထောင်းထုကာ ပူမှုဆယ်ကုဋေကြွယ်စေသည်။ ထိုလောကဓံ၏ ရိုက်ပုတ်ထိုးနှက်ထုထောင်းမှုကြောင့်ပင် လူသားတို့သည် သောက၊ ပရိဒေဝ အပူမီးဟပ်တရစပ်လောင်ကျွမ်းရလေသည်။ ဤသို့သော အဓိပ္ပာယ်ကို တွေးမျှော်ထောက်ဆခြင်းဖြင့် နာနာဘာဝ ဝိနာဘာဝသည တစ္ဆေ၊ သရဲ၊ ဘီလူးတို့ မဟုတ်သည်မှာ သေချာသည်။

ထို့ကြောင့် နာနာဘာဝ၊ ဝိနာဘာဝသည် မည်သို့သော အဓိပ္ပာယ်ကို ဖော်ဆောင်လေသနည်း။ မည်သူပေနည်း။

နာနာဘာဝ၊ ဝိနာဘာဝသည် လူသားတို့ထင်သကဲ့သို့ တစ္ဆေ၊ သရဲ၊ ဘီလူးတို့ကို ဆိုလိုသည်မဟုတ်။ နာနာဘာဝ၊ ဝိနာဘာဝဆိုသော အဓိပ္ပာယ်မှာ နာနာဘာဝဟူသည်။ ချစ်ခင်မြတ်နိုးကြည်ညိုလေးစား အားထားရသော သူအားလုံးတို့နှင့် မြို့ရွာ ရေမြေခြားလျက် ရှင်ကွဲ ကွဲရခြင်းမျိုးကို ဆိုလိုသည်။ ရှင်ကွဲက နာနာဘာဝ သေကွဲကတော့ ဝိနာဘာဝ။ ဤသို့သော ဖြစ်စဉ်မျိုးကို လူသားတို့ မလွဲမသွေ မုချမသွေ ကြုံရမည်ဖြစ်သည်။

ဤကား ဆရာတော် အရှင်ဩဘာသာဘိဝံသ စီရင်ရေးသားအပ်သော သုတေသန သမ္မာမဂ္ဂင် ပဥ္စာကျမ်း စာမျက်နှာ (၆၁၂) အလိုပင် ဖြစ်သည်။

"မဟာပရိနိဗ္ဗာနသုတ်တွင် (၁) နာနာဘာဝရှင်ကွဲ ကွဲရခြင်း၊ (၂) ဝိနာဘာဝ သေကွဲ ကွဲရခြင်း၊ (၃) အညထာဘာဝ စည်းစိမ်ချမ်းသာ၊ စည်းစိမ်ချမ်းသာ စံစားပျော်ပါးရာမှ ဆင်းရဲမွဲတေရခြင်း။

တိပိဋက ပါဠိ မြန်မာ အဘိဓာန်အတွဲ(၁၁) စာမျက်နှာ (၅၆၇) တွင်မူ နာနာဘာဝ သီးခြားဖြစ်ရခြင်း ရှင်ကွဲ ကွဲရခြင်း၊ ဝိနာဘာဝ သေကွဲ ကွဲရခြင်း အမှန်ဖြစ်သည်ဟု ဖော်ပြထားပါသည်။

စာပေကျမ်းဂန်တို့၏ အဆိုအရ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မည့်အကြောင်းကိုသိသော အရှင်အာနန္ဒာသည် ဆင်းရဲပင်ပန်းစွာ အသွေးမီး တောက်လောင်လျက် ငိုကြွေးသောအခါ မြတ်စွာဘုရားသခင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား အာနန္ဒာ၊ ချစ်ခင်နှစ်သက်ခြင်း မြတ်နိုးတွယ်တာသူတို့နှင့် ရှင်ကွဲ ကွဲကွာကြရမည့် နာနာဘာဝ၊ သေကွဲ ကွဲကြရမည့် ဝိနာဘာဝတရားတို့ကို ရှေးမဆွကပင် ကြိုတင်၍ ငါဘုရား ဟောကြားခဲ့သည်မဟုတ်လော"ဟု မိန့်ကြားတော်မူခဲ့သည်။

ထို့ကြောင့်ပင် နာနာဘာဝ၊ ဝိနာဘာဝ ဟူသော ဝေါဟာရသည် တစ္ဆေသရဲ၊ ဘီလူးဟူ၍ ဆိုရိုးထုံးမရှိပါ။ နာနာဘာဝ၊ ဝိနာဘာဝသည် ဘုရားဟော၊ ဓမ္မတစ်ဆူဟူ၍သာဆိုရမည် ဖြစ်ပါသည်။

☼ ☼ ☼

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။

**အငြိမ်းစားထောင်အရာရှိတစ်ဦး**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

တပေါင်းလနေသည် ခြစ်ခြစ်တောက် ပူပြင်းနေ၏။

ဦးဘိုးထင်သည် ကြိုးတိုက်အုတ်ရိုးနှင့်တံစက်မြိတ်ကြားမှ ပူပြင်းတောက်ပနေသော နေရောင်ခြည်ကို သံတိုင်ကြားက ကျုံးမျှော်၍ကြည့်ရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

နေရောင်ခြည်သာမြင်ရပြီး နေလုံးကိုမတွေ့ရသည်သာမက ကျောပြင်ကို နေမခသည်မှာ ခြောက်လမျှ ကြာခဲ့ချေပြီ။

အဆုံးမရှိသော လဟာပြင်လယ်ကွင်းတွင် နေကိုကျောပေး၍ လွတ်လပ်စွာ ကြီးပြင်းခဲ့ရသော ဦးဘိုးထင်မှာ ဤဆယ်ပေပတ်လည် လေလုံ၊ နေလုံ၊ မိုးလုံ ကြိုးတိုက်အခန်းကျဉ်းကလေးထဲသို့ ရောက်စကဆိုလျှင် အသက်ရှူကြပ်၍ မနေတတ်အောင် ရှိခဲ့၏။

သို့သော် . . . ရှမငြိးသည့် သားကြီးမောင်မြတ်သာ ရှင်လန်းချမ်းသာရေးအတွက် အသက်ပေးကာကွယ်ခဲ့ရသော မိဘတို့၏စေတနာက နှလုံးသားဝယ် ရိုက်ခတ်ဖုံးလွှမ်း၍ ဝမ်းသာရွှင်ပြုံးနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းလရောက်ပြီဆိုလျှင် ဆောင်းအကုန် နွေအကူးမို့ လေရူးကလေး တစ်ချက်ဝှေ့လိုက်သည်နှင့် နေပူရှိန်အောက်ဝယ် ကျွပ်ရွနေသော ရိုးပြတ်လယ်တောဆီမှ တငွေ့ငွေ့လောင်နေသော မီးတောက်တို့သည် တဖျောက်ဖျောက်နှင့် မြည်ကာ လျှင်မြန်သောအဟုန်ဖြင့် ကူးစက်လောင်ကျွမ်းတတ်ကြသည်။ ရိုးပြတ်တို့သည် လောင်စာဘဝမှ ပြာကျလေသောအခါ သဘာဝမြေသြဇာ ဖြစ်ကြရပြန်သည်။ ထိုအခါမှ လယ်ထွင်းကိုးခရိုင်၏ သဘာဝအတိုင်း ဆည်ရေပေးမြောင်းတို့မှ ရေတို့ကို လယ်ကွက်အတွင်းသို့ ဖောက်ချ၍ ရေသွင်းစိုက်ပျိုးကြရသည်။

လယ်ထဲ ရေဝင်ပြီဆိုလျှင် ဦးဘိုးထင်သည် သားကလေးမောင်မြတ်သာကိုလက်ဆွဲကာ နေပူကျဲကျဲတွင် လယ်ထဲဆင်း၍ နွားနှင့်အတူ ထွန်ရေးစခဲ့ရသည်။ ထွန်ယက်၍ မြေညှိပြီးလျှင် ပျိုးကြဲပြန်သည်။ စပါးပင်ကလေးတွေ မြရည်ဝင်း၍ စိမ်းလန်းသန်စွမ်းလာလျှင် ပျိုးနုတ်၍ တစ်ဖန် ကောက်စိုက်ရပြန်သည်။

စပါးပင်တို့ နေခြည်အောက်တွင် ရွှေရည်သောက်၍ ဝင်းမှည့်ကာ တနွဲ့နွဲ့အိလာပြီဆိုလျှင် ဦးဘိုးထင်သည် ရင်သပ်ရှုမော၍ ဖောချွေးများပြန်အောင် စပါးရိတ်ရသည်။ နောက်တလင်းတွင်ပုံ၍ စပါးနယ် စပါးလှေ့ပြီး ရသမျှ စပါးလေးများကို မျိုးစပါးနှင့် ဝမ်းစာချန်ပြီးရောင်းချ၍ သားအဖနှစ်ယောက် စားသောက်ရုံမက သားကလေးကို ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးခဲ့ရသည်မှာ နှစ်ပေါင်းပင် နှစ်ဆယ်ကျော်ခဲ့ပေပြီ။

ဦးဘိုးထင်အဖို့ လူမှန်းသိတတ်စကပင် လယ်ကွက်ထဲကြီး၍ လယ်နှင့် စပါး၊ နွားနှင့်ကောက်ရိုး၊ ခြေထောက်နှင့်ရွှံ့၊ နေပူနှင့်ကျော ရောထွေး၍ နေခဲ့သည်မှာ နှစ်ပေါင်းပင် ငါးဆယ်ကျော်ခဲ့ချေပြီ။

ယခုအချိန်တွင် အနားယူသည်ဆိုလည်း ဟုတ်ပါ၏။ အမှန်သေရမည့် ရက်ကို လက်ချိုးရေတွက်၍ စောင့်နေရသော သေမိန့်ကျကြိုးသမားပါတကား။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## [၂]

❑

ဦးဘိုးထင်သည် ထောင်မှပေးသော ရဲနီတံဆိပ် ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်ရင်း ထောင်ကြီးဘက်ဆီမှ အကျဉ်းသားများ၏ ဆူဆူညံညံအသံများကို နားစွင့်ရင်း ဟင်းခနဲသက်ပြင်းတစ်ချက် ချလိုက်လေ၏။

ဦးဘိုးထင် ငယ်စဉ်က ၎င်း၏အဖေ ဦးလွန်းမှိုနှင့်အတူ လယ်ထွန်ရာသို့ တကောက်ကောက် လိုက်ခဲ့သည်။ သူ့အဖေသည် မောင်ဘိုးထင်ကလေးအား လယ်ကန်သင်းရိုး အုန်းနှဲပင်ရိပ်တွင်ထား၍ လယ်ထွန်လေ့ရှိ၏။ ထိုအခါမျိုးတွင် အလွန်ဆော့သော မောင်ဘိုးထင်သည် လက်ထဲမှ တုတ်တစ်ချောင်းနှင့် ပုစွန်တွင်းတစ်တွင်းသို့ ထိုးလိုက်ရာ ပုစွန်လုံး သုံးလေးကောင်သည် တွင်းဝမှထွက်ပြေးလေရာ မိသမျှ ပုစွန်လုံးများကို တုတ်နှင့် လိုက်ရိုက်လေ၏။

ပုစွန်လုံးတစ်ကောင်သည် ထွက်ပြေးရာမှ ရေသွင်းထားသော လယ်ကွက်ထဲသို့ ဆင်းပြေးလေရာ မောင်ဘိုးထင်သည် တုတ်တစ်ချောင်းကိုင်လျက် ရေထဲသို့ ဝုန်းခနဲ ခုန်ချလိုက်၏။ လယ်ထွန်နေသော ဦးထွန်းမှိုသည် သားရှိရာသို့ လှမ်းကြည့်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . သား . . . သား . . . ရေထဲမဆင်းနဲ့လေ၊ အပူရှပ်မယ်ကွ။ သွား . . . သွား . . . သစ်ပင်ရိပ်မှာနေချေ"

ဟု လှမ်းအော်လိုက်မှ အုန်းနဲ့ပင်ရိပ်သို့ ကပျာကရာ ထွက်ပြေးသွားလေ၏။

မိမိအား ရေထဲမဆင်းနဲ့ အပူရှပ်မယ်ဟုပြောသော အဖေသည် နေမထွက်မီကပင် ရေအေးအေးတွင် နွားနှင့်အတူဆင်းခဲ့ရာ ယခု ရေတွေ ကျက်ကျက်ပူနေချိန်တွင် အဖေသည် ရေထဲမှာပင် ရှိသေး၏။

အဖေတို့လို လယ်သမားကြီးများ၏ ခြေထောက်သည် အပူအအေးဆိုသည်မှာ ထူးခြားတော့မည်မထင်။ အဖေ့ခြေထောက်သည် သံခွေစွပ်ထားသောလှည်းဘီးကြီးလို ရွှံ့မရှောင်၊ ရေမရှောင် မာကျောလှသည်။ အဖေ့ကိုယ့်ခန္ဓာကြီးသည်လည်း ရေစပ်တွင်စိမ်နေသော ကျွဲကြီးလို အကြမ်းခံလှသည်။

အဖေ၏ အင်္ကျီဝတ်မထားသော ကျောကြီးသည် ချွေးတွေစို၍ နေရောင်တွင် တလက်လက်အရောင်ထွက်နေသည်။ အဖေသည် အဖေသုံးနေကျ နတ်သမီးမီးခြစ်ဘူးကဲ့သို့ ဥတုသုံးပါးခံသော လယ်သမားကြီးပါတကား။

ဦးဘိုးထင်သည် ကိုယ်တိုင် အဖေ့နေရာဝင်၍ လယ်ထွန်ရသောအခါမှ အဖေ ဘာကြောင့် လယ်ထွန်နေရသည်ကို သိခဲ့၏။

ဦးဘိုးထင် အရွယ်ရောက်သောအခါ တစ်ရွာတည်းနေ ဒေါ်အေးမယ်နှင့် အိမ်ထောင်ကျခဲ့သည်။ မောင်မြတ်သာ နှစ်ခါလည်အရွယ်တွင် ဦးဘိုးထင်၏ အဖေ ဦးထွန်းမှီနှင့် အမေတို့ဆုံးကြသည်။ မောင်ဘိုးထင်သည် ကိုဘိုးထင်ဖြစ်လာသောအခါ သူ့အဖေ လက်ငုတ်လက်ရင်းကလေးကို ကိုယ်ဖိရင်ဖိ လုပ်ကိုင်ရချေပြီ။

ကိုယ့်လယ်ကလေးကိုယ် စိတ်အားထက်သန် အရှိန်ယူ၍ လုပ်ကိုင်စတွင် ကိုဘိုးထင်၏ဇနီး မောင်မြတ်သာ၏မိခင် ဒေါ်အေးမယ်သည် ငယ်ငယ်ရွယ်ရွယ် သားလူမမယ်ကလေးကို စွန့်ခွာ၍ သေဆုံးသွားပြန်သည်။ ဦးဘိုးထင်သည် ဇနီး ဒေါ်အေးမယ် သေဆုံးသွားကတည်းကပင် လေးနှစ်အရွယ် သားကလေးမောင်မြတ်သာကို မျက်စိအောက်မှ အပျောက်မခံတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးထင်သည် ငယ်စဉ်က သူ့အဖေက သူ့အား လယ်ထွန်ရာသို့ ခေါ်လာသောအခါတွင် အထိုင်ခိုင်းလေ့ရှိသော အုန်းနဲ့ပင်ရိပ်တွင် မောင်မြတ်သာအား အထိုင်ခိုင်း၍ လယ်ထွန်ဆင်းရရှာလေ၏။

မောင်မြတ်သာသည် အဖေလယ်ထွန်းနေစဉ် လယ်ထဲတွင် တုတ်တစ်ချောင်းကိုင်၍ ပုစွန်တွင်းများကိုလိုက်ထိုးရာ ပုစွန်လုံးတစ်ကောင် ထွက်ပြေးသွားသည်ကိုတွေ့၍ လိုက်ရိုက်ရင်း ရေသွင်းထားသော လယ်ကွက်ထဲသို့ ဝုန်းခနဲ ခုန်ချလိုက်လေ၏။

ဦးဘိုးထင်သည် ထွန်တုံးဆွဲနေသော နွားနှစ်ကောင်ကို အရှိန်သတ်၍–

"ဟော့ . . . ဟော့ . . . သား၊ ရေထဲမဆင်းပါနဲ့ကွ အပူရှပ်နေဦးမယ်"

ဟု လှမ်း၍ အော်ပြောလိုက်ရာ မောင်မြတ်သာသည် အဖေ့အသံကိုကြားမှ အုန်းနဲ့ပင်ရိပ်သို့ တက်ပြေးသွားလေ၏။

မောင်မြတ်သာသည် အုန်းနဲ့ပင်ရိပ်မှ အဖေ့ကိုလှမ်းကြည့်ပြီး . . .

"ဗျို့ . . . အဖေလည်း ရေထဲမှာကြာလှပြီ၊ လာတော့လေ . . . အပူရှပ်နေမယ်"

ဟု လှမ်း၍ အော်လိုက်၏။ ဦးဘိုးထင်သည် သားအားကြည့်၍ ပြုံးပြီး နွားဖားကြိုးကို ထွန်လက်ကိုင်တွင်ချည်၍ သားရှိရာသို့ တက်လာခဲ့သည်။

ပါးစပ်မှလည်း . . .

"သား . . . သား၊ အဖေလယ်ထွန်နေတာ သားအတွက်ဆိုတာ ငါ့သားမသိသေးဘူးနော်"

ဟု တိုးတိုးညည်းလိုက်မိရှာသည်။

ဦးဘိုးထင်သည် အုန်းနဲ့ပင်ရိပ်ရှိ သားအနီးတွင် ဝင်ထိုင်လိုက်၏။ သောက်လက်စ ပြောင်းဖူးဖက်ဆေးလိပ်တိုကို ကောက်၍ကိုင်လိုက်ပြီး သစ်ပင်တွင် ချိတ်ထားသော ရှပ်အကျီထဲမှ နတ်သမီးတံဆိပ် မီးခြစ်ဘူးကိုထုတ်၍ မီးခြစ်ဆံတစ်ချောင်းကို ဆွဲထုတ်ခြစ်လိုက်သည်။

လက်ထဲတွင်ကိုင်ထားသော နတ်သမီး မီးခြစ်ဘူးကိုကိုင်ပြ၍ မောင်မြတ်သာအား . . .

"သား . . . သား . . . ဟောဒီ မီးခြစ်ဘူးက စာတန်းကလေးကို သိရဲ့လားကွ"



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်သာက မီးခြစ်ဘူးကို လှမ်းကြည့်ပြီး ...

"မသိဘူး ... အဖေရ၊ ဟောဒါက နတ်သမီးရုပ်ပဲ"

ဟု ပြန်ဖြေလိုက်၏။

"အေး ... အဲဒီ နတ်သမီးရုပ်ပေါ်က စာတန်းခုံးခုံးကလေးဟာ ဥတုသုံးပါးခံသည်လို့ ရေးထားတာပေါ့ သားရဲ့"

"ဥတုသုံးပါးဆိုတာ နွေရယ်၊ မိုးရယ်၊ ဆောင်းရယ်၊ အဲဒီသုံးပါးသော ဥတုကို ဒီနတ်သမီးမီးခြစ်က မဖြုံဘူးဆိုတဲ့သဘောပေါ့ သားရယ်။ အေး ... အဲဒီလိုပဲ မင်းအဖေ လယ်သမားကြီးဟာလည်း နတ်သမီး မီးခြစ်လို ဥတုသုံးပါးခံတယ်ကွယ့်"

ဦးဘိုးထင်သည် မီးငြိမ်းသွားသော ပြောင်းဖူးဖက်ဆေးလိပ်တိုကို မီးတို့ဖွာရှိုက်ရင်း ...

"ငါ့သားက နုနယ်သေးတယ်၊ နေပူပူရေထဲဆင်းရင် အပူရှပ်မယ်၊ မျက်စိကျိန်းမယ်၊ မိုးမိရင် အအေးမိပြီးဖျားမယ်။ ဒါကြောင့် အဖေက ဒီအရိပ်မှာ နေရမယ်လို့ ပြောတာပေါ့ သားရယ်။ ကိုင်း ... အဖေ ဒီလုပ်လက်စနေ်းကလေး သတ်ပြီးရင် ပြန်တာပေါ့ကွာ"

ဦးဘိုးထင်သည် ပြောပြောဆိုဆို ပြန်ဆင်းသွားလေရာ မောင်မြတ်သာသည် အုန်းနှဲပင်ရိပ်မှ အဖေ၏ ကျောမဲမဲကြီးကို စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

☀ ☀ ☀

www.burmeseclassic.com

[၃]

❑

ဦးဘိုးထင်သည် သံတိုင်ကြားမှ ဆေးလိပ်တိုကို လှမ်းပစ်လိုက်ပြီး အုန်းဆံခေါင်းအုံးပေါ်သို့ ခေါင်းချလိုက်သည်နှင့် ကြိုးတိုက်တန်းစီး မောင်မြ ပြေးဝင်လာ၏။

"ဗျို့ ... အဘ ... အဘ ... ထောင်ဝင်စာလာတယ်ဗျ။ ထောင်မှူးကိုယ်တိုင် ခေါ်လာတယ် ... အဘရဲ့။ အဘတော့ စားစရာတွေ ပေါဦးတော့မှာပဲ။ ကျုပ်လည်း ပေးဦးနော် အဘ"

"ပေးမှာပေါ့ကွ ... မင်းနှယ်"

ဦးဘိုးထင်သည် သံတိုင်ကြားမှ သားလာမည့်အပေါက်ဆီသို့ လှမ်းမျှော်ရင်း ပြန်ပြောလိုက်လေ၏။

"ကိုင်း ... ဦးဘိုးထင် ခင်ဗျားသား ထောင်ဝင်စာလာတယ်။ စကားပြောကြဗျာ"

ထောင်မှူးသည် ဦးဘိုးထင်အား သူ့သားနှင့် ထောင်ဝင်စာ တွေ့စေပြီး တန်းစီးယူလာသော ကုလားထိုင်ပေါ်တွင် ထိုင်၍စောင့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးနှင့်အတူ ပါလာသောသူနှစ်ဦးမှာ ဦးဘိုးထင်အားမြင်လျှင်။

"အဖေ"

ဟု တစ်ပြိုင်တည်းခေါ်လိုက်ကြပြီး သံတံခါးခြေရင်းတွင် ထိုင်ချလိုက်ကြ၏။

"ဟော့ ... သား ... ဟာ ... လုံးတင်လည်း ပါသကိုးကွ။ အလကား ကလေးမက မပေါ့မပါးနဲ့ ခရီးပန်းအောင် လိုက်လာတယ်"

"အို ... အဖေကလည်း ကျုပ်လည်း တွေ့ချင်တာပေါ့တော့။ ပြီးတော့ ဟောဒီစားစရာလေးတွေလည်း ပေးရအောင်လို့ပါ"

လုံးတင်သည် ခြင်းတောင်းထဲမှ ငှက်ပျောသီး၊ ကိတ်မုန့်၊ ကြံသကာ၊ နဂါးဆေးလိပ်တို့ကို ထုတ်ယူနေ၏။

ဦးဘိုးထင်မှာ မလှမ်းမကမ်းတွင် ထိုင်နေသော ထောင်မှူးအား ...

"ဩော် ... ဆရာ၊ ငှက်ပျောသီးကလေး သုံးဆောင်ပါဦး"

ဟု လှမ်း၍ ညွှန်ခံလိုက်သည်။

"နေပါစေ ... နေပါစေ ... ဦးဘိုးထင်စားပါ"

ဟု ထောင်မှူးက မစားလိုကြောင်း ငြင်းပယ်လိုက်၏။

"ဩော် ... ဆရာ၊ ဒါ ကျွန်တော့်သားပေါ့။ ဟောဒါက ကျွန်တော့် ချွေးမ၊ ကျွန်တော့်သားက ကျောင်းဆရာပေါ့ ဆရာရဲ့"

"ဩော် ... ဩော် ... သားတွေ၊ သမီးတွေ လာတွေ့ကြတော့ ဝမ်းသာစရာကြီးပေါ့ဗျာ"

ဟု ထောင်မှူးက ပြုံးရွှင်စွာ ပြန်လည်ပြောဆိုလိုက်၏။

သားနှင့်ချွေးမကမူ ထောင်မှူးအားကြည့်ပြီး ပြုံးလိုက်ကြ၏။ ဦးဘိုးထင်က သားနှင့်ချွေးမဘက်သို့ လှမ်း၍ ...

"အလကားကွာ ... စားစရာတွေ ဘာတွေ ယူလာကြတယ်။ အဖေတို့ ဒီမှာ ပြည့်ပြည့်စုံစုံရပါတယ်။ မင်းတို့ မာမာချာချာရှိကြရင် ပြီးတာပဲ။ အဖေ့ကိုတော့ မပူကြနဲ့ဟေ့။ ဒီမှာ စားလို့ကောင်း အိပ်လို့ကောင်း၊ အချိန်ရှိသ၍ ပုတီးစိပ် မေတ္တာပို့ စိတ်ကို အေးနေတာပဲကွာ"

ချွေးမဖြစ်သူက ဦးဘိုးထင်အားကြည့်ရင်း မျက်ရည်များ ကျလာသဖြင့် ခေါင်းမှုတဘက်ဖြင့် သုတ်လိုက်၏။ မောင်မြတ်သာက ခေါင်းငုံ့၍ အဖေပြောသည်ကို နားထောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ... နည်းနည်းပိန်သွားသလိုပဲ"

မောင်မြတ်သာက အဖေ့အား စိုက်ကြည့်ရင်း ပြောလိုက်၏။

"ဟာ ... မင်းတို့ စိတ်ကထင်လို့ပါ အဖေ မပိန်ပါဘူး။ နည်းနည်းတောင် ဝလာသေးတယ်"

မောင်မြတ်သာက အဖေ လိမ်ပြောမှန်းရိပ်မိ၍ ငြိမ်နေလိုက်သည်။

ဦးဘိုးထင်အနေဖြင့်လည်း သားနှင့်ချွေးမ စိတ်ချမ်းသာအောင် ပြောလိုက်ရသော်လည်း ပြောရင်းပြောရင်းပင် ရင်ထဲ၌ ဆို့လာရှာ၏။ မလာကြတော့လည်း လာစေချင်သည်။ လာပြန်တော့လည်း မတွေ့ဘဲနေရတာက ကောင်းသေးသည်ဟု ထင်မိ၏။ သားမျက်နှာ တစ်ခါမြင်လျှင် တစ်ခါပြန်၍ အသစ်ဖြစ်ရသည်။

သားနှင့်ချွေးမ စိတ်မကောင်းဖြစ်နေသည်ကို ရိပ်မိသော ဦးဘိုးထင်က စကားလွှဲ၍ ရွာမှမိတ်ဆွေများအကြောင်းနှင့် ရပ်ရွာအခြေအနေများကိုသာ မေးမြန်းပြောဆိုနေလေ၏။

"ကိုင်း ... မှာစရာ ပြောစရာများရှိရင် ခပ်မြန်မြန်လေး ပြောကြဗျာ၊ အချိန်စေ့နေပြီ"

ဟု ထောင်မှူးက လက်ပတ်နာရီကြည့်ရင်း သတိပေးလိုက်၏။

"အေးဟ ... ဟုတ်တယ်ဟေ့ ... ပြန်ကြ ... ပြန်ကြ"

ဟု ဦးဘိုးထင်က အပြန်နိုင်းလိုက်ရာ သားနှင့်ချွေးမက ...

"ဟုတ်ကဲ့"

ဟု ပြန်ပြောရင်း ကန်တော့ကြလေ၏။ မောင်မြတ်သာသည် မျက်ရည်ပြည့်သော မျက်လုံးအစုံဖြင့် ဦးဘိုးထင်အား စိုက်ကြည့်၍နေစဉ် မလုံးတင်က ရှိုက်၍ ငိုလေ၏။

ဦးဘိုးထင်သည် မတ်တတ်ရပ်နေရာမှ သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုတ်ရင်း မူမမှန်သောအသံဖြင့် သာဓုခေါ်နေစဉ် မောင်မြတ်သာတို့ ဇနီးမောင်နှံသည် ဦးဘိုးထင်အား ကျောပေး၍ ထွက်သွားကြလေ၏။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

အလင်းနှင့်အမှောင် ပြောင်းလဲသွား၍သာ နေ့နှင့်ညဟူ၍ သတ်မှတ်ရ သည်။ ဦးဘိုးထင်အဖို့မူ နေ့နှင့်ညဟူ၍ ခြားနားမှုမရှိခဲ့ပေ။

ကြိုးတိုက်အနီးရှိ မျှော်စင်မှ မှန်မှန်တီးခေါက်နေသော နာရီမောင်းသံ များသည် ဦးဘိုးထင်၏နားဝယ် အစဉ်အတိုင်းကြားနေရ၏။ ပိတောက်သားအိပ်စင် ပေါ်တွင် ထောင်မှပေးထားသော အုန်းဆံခေါင်းအုံးနှင့် ခေါင်းချ၍ မျက်စိမှိတ်ထား သော်လည်း အိပ်၍ကားမပျော်ခဲ့ပေ။ နာရီမောင်းသံနှင့်အတူ ဆူညံစွာအော်လိုက် ကြသော 'အားလုံး ကောင်းပါသည်ခင်ဗျား' ဟူသော အသံများသည် နားထဲသို့ စူးဝင်သွားမြဲ ဖြစ်ခဲ့၏။

တစ်ခါတစ်ခါ ညဥ့်ပတ္တရောင်လှည့်ကြသော ထောင်မှူး၏စကားပြောသံ သော့ခလောက်ဆွဲကြည့်သံ၊ အစောင့်ကျ ထောင်ကြပ်များ၏ စစ်ဖိနပ်သံတို့သည် ဦးဘိုးထင်နားဝယ် နေ့လယ်ကဲ့သို့ ထင်မှတ်နေရ၏။

တပေါင်းလပြည့်နေ့ညဖြစ်၍ လသည် ထိန်ထိန်သာနေ၏။ သံတိုင် ကြားမှ လရောင်ရှိရာသို့ မှန်းမျှော်၍သာ ကြည့်ရသည်။ လကို မမြင်ရသည်မှာ ခြောက်လပင် ကျော်ခဲ့ပြီ။ ထုံးရောင်ဖွေးဖွေးသုတ်ထားသော ကြိုးတိုက်အုတ် တွင် ထင်လာသော အဖြူရောင်သည်သာ လရောင်ပါကတကားဟု တမ်းတရ ၏။ ယနေ့ နံနက်ပိုင်းမှ ဘုန်းကြီးကြွလာပြီး သီလပေးတရား ဟောသွား၍သာ

www.burmeseclassic.com

www.burmeseclassic.com



လပြည့်နေ့မှန်း သိလိုက်ရသည်။ ဘုန်းတော်ကြီးထံမှ ရှစ်ပါးသီလဆောက်တည်ထား၍သာ စိတ်အနည်းငယ် ကြည်လင်သလိုရှိသည်။

ထောင်မှူးတစ်ယောက်က မေတ္တာနှင့်ပေးရှာသော ရှင်အရဟံပုတီးစိပ်နည်းကို အခေါက်ပေါင်းများစွာ စိပ်၍ အလွတ်ပင်ရချေပြီ။ ဦးဘိုးထင်သည် စိပ်ပုတီးကိုချ၍ ဆေးလိပ်ဖွာရင်း လက်ချောင်းကလေးကိုချိုး၍ ရေတွက်နေရှာသည်။

"အင်း ... သားကလေး မိန်းမရတာ ရှစ်လတောင် ပြည့်တော့မှာပါလား။ ဘာလိုလိုနဲ့ ငါကြိုးတိုက်ထဲရောက်တာလည်း ရှစ်လရှိတော့မယ်။ အင်း .. ရုံးတော်က သေစားသေစေ အမိန့်ပေးလိုက်တုန်းက နေ့ချင်းညချင်း သေရမလားလို့။ ထောင်ရောက်ပြန်တော့လည်း အယူခံတစ်ဆင့်ပြီး တစ်ဆင့်သာရှုံးကုန်တယ်။ အခုထိလည်း မသေရသေးပါလား။ ဟိုက်ကုတ်အယူခံတင်တုန်းကများ သုံးလကျော်မှ ပလပ်ကြောင်း ပြန်လာတယ်။ အပြီးသတ်တော့ ပလပ်တယ်ဆိုတာ ပယ်တာကိုး။ တစ်နည်းအားဖြင့်တော့ အယူခံရှုံးတာပေါ့လေ"

ဒါပေမဲ့လို့ ကြိုးမိန့်ကျတဲ့ တရားခံတစ်ယောက်ဟာ သုံးဆင့်အထိ အယူခံစာဒကတက်နိုင်တယ်လို့ ပြောကြတယ်။ အယူခံထောင်မှူးကတော့ ငါ့အတွက် တရားလွှတ်တော်ချုပ်မှာ စာဒကတက်ပေးထားတယ်လို့ပြောတယ်။ ဘုရား ... ဘုရား ... တကယ်လို့များ ရှုံးပြန်ရင် သမ္မတထံ သနားစာတင်ဖို့ တစ်ခုပဲ မျှော်လင့်ချက်ရှိပါတော့လား။ ဖွဟဲ့ ... လွဲလေ ဖယ်လေ ... ငါများ တစ်ခုခုဆိုရရင် ငါ့အတွက်ကတော့ မထူးပါဘူး။ ငါ့သားကလေးအတွက်သာ ဒုက္ခပါလား။

ဟင်း ... ကံဆိုတာလည်း ရှိသေးတာတဲ့။ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် အရှင်းမလွတ်လို့ အနှစ် ၂၀ နဲ့လောင်း ချဲ့အဖို့တော့ အချိန်မရှိတော့ပါဘူး။ ထောင်ထဲမှာပဲ သေမှာပါပဲလေ။ အို ... ဘုရားရှင်ကျေးဇူးနဲ့ သားကလေး ကျန်းမာပါစေ ချမ်းသာပါစေ။

ဦးဘိုးထင်သည် အိပ်မပျော်တိုင်း ဆေးလိပ်ကို ဖွာရင်း တစ်ကိုယ်တည်း တွေးနယ်ချဲ့နေရာ အုတ်နံရံကိုမှီ၍ မှေးနေစဉ် အတိတ်မှ အဖြစ်အပျက်တို့သည် မှိတ်ထားသော မျက်စိတွင် တရိပ်ရိပ် ထင်၍လာလေတော့သည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

[၅]

❑

ဦးဘိုးထင်သည် တစ်ဦးတည်းသောသား မိတဆိုးကလေး မောင်မြ
သာအား သူကဲ့သို့ နေပူကျဲကျဲတွင် လယ်မထွန်ရစေလိုသောဆန္ဒဖြင့် ငါးနှစ်သာ
အရွယ်တွင် ရွာဦးကျောင်းဘုန်းတော်ကြီးထံတွင် အပ်နှံ၍ ပညာသင်စေခဲ့သည်။
မောင်မြတ်သာကလည်း သိတတ်လိမ္မာသော ကလေးတစ်ယောက်
သည့်ပြင် စာပေသင်ကြား တတ်မြောက်လိုသောစိတ်ဖြင့် ကြိုးစားလေသည်။
ကြောင့် ဦးဘိုးထင်အား ဆရာတော်က မောင်မြတ်သာသည် ပညာပါရမီရှိသူ
သည့်အပြင် ပညာလိုချင်သော စိတ်ထက်သန်၍ ပညာရေးကို ဆက်လက်အား
သင်ကြားရန် တိုက်တွန်းလေ၏။ ၎င်းအပြင် မောင်မြတ်သာအား အရွယ်ရော
လာပြီဖြစ်၍ ရှေ့နှစ် စပါးပေါ်ချိန်တွင် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ရန်
ပါ သတိပေးအမိန့်ရှိပြန်၏။
ဦးဘိုးထင်သည် သားကလေးကို ရှင်ပြုရန် ယခင်ကထက် အလုပ်
ပိုမိုကြိုးစားလုပ်ကိုင်၍ စုဆောင်းရပေသည်။ ဒါတွင်မက ပညာသင်ကြားပေ
မည့်တာဝန်ကလည်း ရှိပြန်သေးသဖြင့် ဦးဘိုးထင်မှာ လယ်ထဲကပင် အိမ်
နိုင်အောင် ကြိုးစားရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးထင်သည် လယ်မှရသော စပါးလေးများကို သွားရောက်ရောင်းချပြီး အပြန်တွင် သားကလေးအတွက် သင်္ကန်းပရိက္ခရာနှင့် လှူဖွယ်တန်းရန် ပစ္စည်းကလေးများပါ တစ်ပါတည်း ဝယ်ခဲ့ရသည်။ ဘုန်းတော်ကြီးအား လျှောက်ထားပြီး သားကလေးမောင်မြတ်သာအား ရွာဦးကျောင်းတွင် ရှင်ပြုပွဲ ကျင်းပရန်စီစဉ်ရင်း ဦးဘိုးထင်မှာ တပြုံးပြုံးနှင့် ကျေနပ်နေရှာ၏။

မောင်မြတ်သာ ရှင်ပြုပွဲနေ့က ဆံချ၍ သင်္ကန်းမစည်းမီ ဦးဘိုးထင်အား ကန်တော့လေရာ ဦးဘိုးထင်သည် ကွယ်လွန်သူဇနီးသည် ဒေါ်အေးမယ်အား သတိရသဖြင့် သားကလေးမမြင်စေရန် ကြိတ်၍ မျက်ရည်ကျရှာလေ၏။

ပိုက်ဆံရှိ လူရည်တတ်များအလှူကဲ့သို့ ဆိုင်းသံဗုံသံမကြားရသော်လည်း ဘုန်းတော်ကြီးက ကမကထစိုက် စီစဉ်ပေးသဖြင့် အတော်အတန် စည်ကားသိုက်မြိုက်သော အလှူကလေးအဖြစ် အောင်မြင်ခဲ့လေ၏။ အလှူပွဲပြီးသောအခါ ဦးဘိုးထင်၏ရင်ထဲမှ ပထမအလုံးကြီး ကျသွားပြီဖြစ်သော်လည်း သားကလေးအား ပညာဆက်လက်သင်ကြားပေးရန်အတွက်မူ ဒုတိယအလုံးကြီး ဆို့တက်လာခဲ့ပြန်၏။

မောင်မြတ်သာအား ဘုန်းတော်ကြီးကျောင်းမှ စာအတော်အတန် တတ်မြောက်သည်နှင့် အစိုးရကဖွင့်လှစ်ထားသော မူလတန်းကျောင်းကလေးသို့ ပြောင်းရွှေ့ထားရ၏။ မောင်မြတ်သာကလည်း စာကို ကြိုးစားသင်ကြားခဲ့လေရာ တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်၍ အစိုးရစတုတ္ထတန်း စာမေးပွဲကိုပင် ချောမောစွာ အောင်မြင်ခဲ့လေသည်။

သားကလေး စတုတ္ထတန်းအောင်မြင်သည်ဆိုလျှင် ဦးဘိုးထင်သည် ဝမ်းသာမဆုံး အောင်ဖြစ်ခဲ့၏။ သို့သော် စတုတ္ထတန်းအောင်လျှင် ဆက်လက်ထားရန် ရွာအနီးအနားတွင် အလယ်တန်းကျောင်းမရှိပေ။ အလယ်တန်းကျောင်းရှိရာ ကူမဲသို့ပို့လိုက်မည်ဆိုပါက အနည်းငယ်ဝေးသဖြင့် ကျောင်းစရိတ် စာအုပ်ဖိုးအပြင် နေ့စဉ်ကျောင်းတက်ရန် စက်ဘီးကလေးတစ်စင်းပါ လိုလာပြန်လေသည်။

ပညာတော်၍ ကြိုးစားချင်စိတ်ရှိရှာသော သားကလေးအား စိတ်ဆင်းရဲမှုမရှိစေလိုသော စေတနာဖြင့် ဦးဘိုးထင်မှာ သားကလေးမသိအောင်တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



သိအောင်တစ်မျိုး ကြံဖန်ရှာဖွေရရှာ၏။ ဒေါ်အေးမယ် ကျန်ရစ်သော ရွှေတိုငွေစလေးများမှာလည်း သားအလှူပေးစဉ်က သေသူအတွက် ရည်စူး၍ ထုခွဲရောင်းချထည့်သွင်းခဲ့ရသဖြင့် လက်ကျန်ဆို၍ အဖိုးတန်ဘာမျှမရှိတော့ချေ။

ဦးဘိုးထင်မှာ သားကလေး စတုတ္ထတန်းအောင်၍ ဝမ်းသာအားရ ဖြစ်ရသည်နှင့်အမျှ ကျောင်းဆက်ထားနိုင်ရန်အရေးအတွက် ပူပင်ရသည်မှာ ညအခါများ အိပ်၍ပင် မပျော်ခဲ့ပေ။ နောက်ဆုံးတွင် တစ်ရွာတည်းနေ သူကြီးဟောင်း ဦးမြဒင်ထံမှ စပါးပေါ်ချိန် စပါးပေးစနစ်ဖြင့် ငွေသုံးရာချေးပြီး သားအတွက် ဖိလစ်အမျိုးအစား တစ်ပတ်ရစ်စက်ဘီးကလေးတစ်စင်း ဝယ်ပေးရရှာ၏။

နှစ်ရာကျော်တန်သော ဖိလစ်စက်ဘီး တစ်ပတ်ရစ်ကလေးဝယ်ပြီး ကျောင်းအတွက် ကုန်ကျစရိတ် စာအုပ်ဖိုးများပေး၍ ကူမဲမြို့ပေါ်ရှိ အစိုးရ အလယ်တန်းကျောင်းသို့ ဦးဘိုးထင်ကိုယ်တိုင် သားကလေးအား သွားရောက်အပ်နှံလိုက်လေ၏။ ဦးဘိုးထင်သည် သူချစ်သောသား မောင်မြတ်သာ၏ကျောကို နေမပူရလေအောင် သူ့ကျောကြီးကိုသာ နာနာနေပူခံ၍ နေရှာလေတော့သည်။

တစ်ရွာတည်းနေ အမြင်မတော်သူများက ဦးဘိုးထင်အား ကြီးတောင့်ကြီးမား အရွယ်ကျမှ စားရေးသောက်ရေးမှအစ အလုပ်ပါ ပင်ပန်းလှသည်ကို မကြည့်လိုကြသဖြင့် နောက်အိမ်ထောင်ပြုရန် ဝိုင်းဝန်းနားချကြလေ၏။ ဦးဘိုးထင်သည် သူ့အားနောက်အိမ်ထောင်ပြုရန် စကားစ၍ နားချသူများအား ...

"အမယ်လေး ... ကျုပ်သားလေးတစ်ယောက်လုံးရှိနေမှ ကျုပ်မှာ မိန်းမယူစရာ မလိုပါဘူး။ တခြားမိန်းမ ချစ်ရဖို့နေနေသာသာ ကျုပ်သားကလေးကိုပဲ ချစ်လို့မဝနိုင်ဘူး"

ဟု ခါးခါးသီးသီး ငြင်းပယ်၍ လွှတ်လိုက်လေ၏။

အချို့ကလည်း ...

"ဦးဘိုးထင်နယ် ... သားတစ်ယောက်လုံး လူလားမြောက်နေမှပဲ ဘာလို့ ငွေကုန်လူပန်းခံပြီး ကျောင်းထားနေရသေးလဲ။ ကိုယ် အပင်ပန်းသက်သာအောင် လယ်ထဲမှာ အကူခိုင်းပါလား"

ဟု ပြောလာကြ၏။ ဦးဘိုးထင်သည် လူတကာပြောသမျှကို နားရှိ၍သာ ကြားရသည်။ ရင်ထဲမှာမူ အောင့်သက်သက်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သား လယ်ထဲဆင်းခိုင်းဖို့မပြောနဲ့၊ ခြေထောက် ရွှံ့ပေးမှာစိုးလို့ ဘွတ်ဖိနပ်တောင် ဝယ်ပေးထားသေးတယ်။ ဟဲ ဟဲ ... ကျုပ်သား ပညာတတ်ကြီးဖြစ်တော့မှ ကျုပ်က ဖိမ်နဲ့ထိုင်စားမှာဗျ"

ဟု မခံချင်ဇောနှင့် ခပ်ကြွားကြွား ပြောချလိုက်လေ၏။

မောင်မြတ်သာကလည်း အဖေ အားကိုးသည့်အတိုင်း ပညာလည်းတော်ကြိုးလည်းကြိုးစားသဖြင့် တစ်နှစ်တစ်တန်း ဆက်လက်အောင်မြင်ခဲ့ရာ နောက်ဆုံး အစိုးရစစ် သတ္တမတန်းစာမေးပွဲကိုပင် နှစ်ချင်းပေါက်အောင် မြင်ခဲ့ပြန်၏။

မောင်မြတ်သာ သတ္တမတန်း အောင်မြင်ကြောင်း ဂေဇက်ထွက်သည့်နေ့က ဦးဘိုးထင်မှာ ဝမ်းသာလွန်း၍ သက်ကယ်မိုးနှင့် ဦးခေါင်းထိမတတ်ထ၍ ခုန်လိုက်၏။ ပါးစပ်မှလည်း ...

"အဖေ ... ပင်ပန်းရကျိုး နပ်ပြီကွ"

ဟု အရပ်ကကြားအောင် အော်လိုက်သေး၏။ သို့သော် ... အဋ္ဌမတန်းသို့ ကျောင်းဆက်ထားရန်ကိစ္စသည် မလွယ်ကူကြောင်း သတိရလာသောအခါ ဦးဘိုးထင်ခမျာ ဝမ်းသာနေရာမှ သက်ပြင်းချရပြန်လေ၏။

ကူမဲမြို့ပေါ်တွင် အစိုးရအလယ်တန်းကျောင်းသာရှိသည်ဖြစ်၍ သတ္တမတန်းအောင်မြင်သော ကျောင်းသားများသည် အထက်တန်းကျောင်းတွင် ပညာဆက်လက်သင်ကြားရန် မြစ်သားမြို့ရှိ အစိုးရအထက်ကျောင်းသို့ ပြောင်းရွှေ့ကြရသည်။

မြစ်သားမြို့သွားရမည်ဆိုလျှင် ပိုလို့ဝေးသွားပေမည်။ ကျောင်းအိပ်ကျောင်းစားဆိုလျှင် စရိတ်စက နည်းလှသည်မဟုတ်၍ ဦးဘိုးထင် မတတ်နိုင်ပေ။ စက်ဘီးနှင့် နေ့စဉ် ကျောင်းသွားကျောင်းပြန်ရန်မှာလည်း သားကလေး ပင်ပန်းလှချေမည်။ မြို့ကျောင်းကလည်း ဖြစ်ပြန်၊ အတန်းကလည်းကြီး၍ အကုန်အကျပို၍များလာတော့မည်မှာ သေချာ၏။

သားကလေးမှာလည်း လူပျိုပေါက်ကလေးဖြစ်လာပြီဖြစ်၍ သူများနည်းတူ သုံးချင်စွဲချင်လာမည်မှာလည်း မုချဖြစ်၏။ ဦးဘိုးထင်သည် သားကလေး သတ္တမတန်း အောင်လာပြီဆိုကတည်းက ဦးနှောက်ကို အနားမပေးဘဲ သားကလေး၏ ပညာရေးကို တတွေးထဲ တွေးခဲ့ရရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်သာသည် ဆရာကြီးကခေါ်၍ ကျောင်းသို့သွားနေရာမှ စက်ဘီးနှင့် အမြန်ပြန်လာပြီး ...

"အဖေ ... အဖေ"

ဟု ဝင်းဝကပင် အော်၍ ပြန်လာခဲ့၏။ ဦးဘိုးထင်သည် သား၏ ထူးခြားရွှင်ပျလာသော မျက်နှာကို လှမ်းကြည့်ပြီး ...

"ဟေ့ ... သားကြီးရေ ပြောစမ်းပါဦးမြန်မြန်၊ အဖေ ဝမ်းသာချင်လှပါပြီ"

ဟု သားဖြစ်သူအား လှမ်း၍ ကြိုဆိုလိုက်၏။

"အဖေ ... အဖေ ... ကျုပ်ကို ကျောင်းအုပ်ကြီးက ကျောင်းဆရာအလုပ်ခိုင်းမလို့တဲ့ဗျ"

ဦးဘိုးထင်သည် ရုတ်တရက်အံ့သြသွား၍ ကိုယ့်နားကိုယ်ပင် ကိုယ်မယုံတတ်အောင် ဖြစ်သွား၍ ...

"ဘာကွ ... သားရဲ့၊ ပြောစမ်းပါဦး။ ကျောင်းဆရာ ဟုတ်လား"

ဟု မေးလိုက်၏။

"ဟုတ်တယ် ... အဖေရဲ့၊ အစိုးရကဖွင့်တဲ့ ဆရာဖြစ်သင်ကျောင်း တက်ရမှာဗျ။ ကျောင်းက စာမေးပွဲအောင်လို့ ကျောင်းဆင်းရင် ကျုပ် လခတစ်ရာကျော်နဲ့ အစိုးရမူလတန်းကျောင်းမှာ ဆရာဖြစ်မှာ"

ဦးဘိုးထင်သည် ဝမ်းသာလွန်း၍ ရုတ်တရက် စကားပြန်မပြောနိုင်သေးဘဲ ငိုင်သွား၏။ သူ့တစ်သက်တွင် ကျောင်းဆရာဆိုသော ပုဂ္ဂိုလ်မျိုးကို နီးနီးကပ်ကပ် မဆက်ဆံဘူးခဲ့ပေ။ ကျောင်းဆရာဆိုလျှင် အဝေးကသာ ရိုရိုသေသေ စကားပြောခဲ့ဖူး၏။ ဆရာဆိုလျှင် ရိုသေရ၊ ကြောက်ရသော ဂုဏ်သိက္ခာနှင့် ပြည့်စုံသော ရှေးမလူကြီးလူကောင်းများဟု သတ်မှတ်ခဲ့၏။

ကျောင်းဆရာဆိုလျှင် ရိုသေကြ၏။ လေးစားကြ၏။ ချစ်ခင်ကြ၏။ ကြောက်လည်း ကြောက်ကြရ၏။ ဤမျှ အဖိုးတန်၍ မြင့်မြတ်သော ကျောင်းဆရာဘဝကို မိမိ၏သားကလေး လုပ်ရမည်ဆိုခြင်းမှာ ဦးဘိုးထင်၏ရင်တွင်းမှ ဝမ်းမြောက်ခြင်း၊ အံ့သြခြင်း၊ ဂုဏ်ယူခြင်းသည် မပြောပြတတ်အောင်ပင်ဖြစ်၏။

"အို ... အဖေကလည်း ဘာငိုင်နေတာလဲဗျ။ အခု အစိုးရစစ်သတ္တမတန်းအောင်မြင်သူတွေကို မူလတန်းဆရာဖြစ်သင်တန်းတက်ဖို့ မြို့နယ်ပြည်သူ့ကော်သာ

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပညာတော်ကြောင်း ထောက်ခံရင် ရွေးချယ်မှာပဲဗျ။ အဲဒါ ကျောင်းအုပ်ကြီးက ထောက်ခံပြီး တင်လိုက်တာ အရွေးခံရရင် မန္တလေးမှာ ကျောင်းသွားတက်ရမယ်ဗျ"

မောင်မြတ်သာက အဖေအား အလုပ်အကြောင်း အားပါးတရ ပြောပြလိုက်ရ၏။

"အေး ... ဝမ်းသာလိုက်တာ သားရယ်၊ ဒါပေမဲ့ ... ငါ့သားကလေး ကကော ရပ့်မလား ... သားရယ်။ အဖေဖြင့် မင်းပြောသံကြားရတာ အသည်း တထိတ်ထိတ်နဲ့ပဲကွာ။ ရများရရင်တော့ ငါ့သား ဇမ္ဗူတလူပေါ့ကွာ။ ဟား ... ဟား"

"ရမှာပါ ... အဖေရဲ့၊ ဆရာကြီးနဲ့ မြို့နယ်ပြည်တော်သာ လူကြီးတွေ က ထောက်ခံပြီး တင်ထားတာ၊ ရမှာတော့ သေချာပါတယ်"

မောင်မြတ်သာက အဖေ စိတ်ချလက်ချ ဝမ်းသာရအောင် အကျိုး အကြောင်း ပြောလိုက်ရာ ဦးဘိုးထင်သည် ...

"အေး ... အေး ... ရပါစေကွာ၊ ငါ့သားသာ ကျောင်းဆရာဖြစ်ရင် တော့ လူတွေက ဘယ်လောက်ရှိသေလိုက်ကြမလဲ။ ငါ့သားကလည်း ဆရာရုပ်ပါ တယ်ကွ။ ဟဲ ... ဟဲ"

ဦးဘိုးထင်သည် သား ကျောင်းဆရာအလုပ် ရမည်ဆိုသည့်နေ့ကစ၍ တပြုံးပြုံးနှင့် ဖြစ်နေရှာလေတော့သည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

မောင်မြတ်သာအား ရက်များမကြာမီ မန္တလေးမြို့ရှိ ဆရာအတတ်သင် သိပ္ပံကျောင်းတွင် သင်တန်းတက်ရန် အမိန့်စာရောက်လာ၏။ သားအဖနှစ်ယောက် ဝမ်းသာအားရ ပြင်ဆင်စီစဉ်ကြပြီး မောင်မြတ်သာသည် (၂)နှစ်ကြာမျှ မန္တလေး ဆရာအတတ်သင် သိပ္ပံသို့ ကျောင်းတက်ရန် ထွက်ခွာသွားလေ၏။

မောင်မြတ်သာသည် ဆရာအတတ်သင်ကျောင်းတွင် ကြိုးကြိုးစားစား ပညာများကို သင်ကြားတတ်မြောက်အောင်မြင်၍ ကျောင်းဆင်းလာသောအခါ ဇာတိရွာနှင့် မလှမ်းမကမ်း မြိုင်သာယာရွာ မူလတန်းကျောင်းတွင် အလုပ်ဝင် လုပ်ရလေ၏။

ထိုနေ့မှစ၍ မောင်မြတ်သာမှာ ဆရာဦးမြတ်သာ၊ ဆရာကိုမြတ်သာ၊ ဆရာလေးဟူ၍ ဦးဘိုးထင် မျှော်လင့်ခဲ့သည့်အတိုင်း ရေပန်းစားလေတော့သည်။

နဂိုကပင် လူချစ်လူခင် ပေါများ၍ ရိုးသားလိမ္မာသော မောင်မြတ်သာ အား တစ်ရွာလုံးက အရေးပေးကြလေရာ အပျိုဖော် မရွှေမိတို့ကလည်း ရေလာ မြောင်းပေး ချစ်ရေးတပြပြ လုပ်နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်သာအနေဖြင့် အဖေ့ကိုလုပ်ကျွေးမည်ဟူသော သန္နိဋ္ဌာန်ဖြင့် အလုပ်ကိုသာ ကြိုးစား၍ လုပ်ကိုင်နေခဲ့လေ၏။

သို့သော် တိုက်ဖန်များလျှင် ကျောက်တိုင်ပင် လှုပ်တတ်သေးရာ မောင်မြတ်သာကလည်း ပတ်ဝန်းကျင်နှိုးဆွသတိပေးလာသဖြင့် လှုပ်ရှားသွားကြွစ ကျောင်းဆရာကလေးမှာ ရွာထဲမှ ကွမ်းတောင်ကိုင် အပျိုချော လုံးတင်အပေါ်တွင် စိတ်ဝင်စားစ ပြုလာခဲ့သည်။

စိတ်ဝင်စားသည်ဆိုသော်လည်း အတွေးတွင် ဦးစားပေး၍ စိတ်ကူးယဉ် မိခြင်းမှလွဲ၍ လှုပ်ရှားမှု မရှိနိုင်ခဲ့ရှာပေ။ ပင်ကိုက ရိုးရိုးအေးအေးနေတတ်သည့် အပြင် ဆရာဟူသောဂုဏ်ပုဒ်ကို ရှေ့မှတပ်ထားရသော မောင်မြတ်သာအဖို့ ကာလသားဆန်သော အလုပ်မျိုးကို မလုပ်ဝံ့ခဲ့ရှာပေ။ တစ်ခါတစ်ရံ ဆရာဆိုသော အလုပ်သည် ဆူးကြားသီးသော ဘူးသီးပါတကားဟု ညည်းညူမိလေ၏။

လုံးတင်မှာ ရွာတွင်အချောဆုံး၊ အလှဆုံးဖြစ်သည့်ပြင် မိဘဘိုးဘွားအဆက် ဆက် မြေပိုင်ရှင် လယ်ပိုင်ရှင် ကြေးရည်တတ်များဖြစ်ကြ၍ ကာလသားတို့အလယ် တွင် တင့်တယ်ဝင့်ကြွားနေသော ရွာ၏လည်ဆွဲ ပုလဲကုံးကလေးဖြစ်ချေ၏။

ရွာထဲမှ ထွန်းတင်၊ သာအေး၊ ငမော် စသော ကာလသားတစ်သိုက် မှာ လုံးတင်အား သည်းသည်းမဲမဲ ပိုးကြ၊ ပန်းကြလေရာ လုံးတင်ကမူ ၎င်းတို့အပေါ် ရွေးစေ့မျှပင် စိတ်မဝင်စားခဲ့ပေ။ လုံးတင် စိတ်မဝင်စားသည်မှာလည်း ၎င်းတို့ လူစုမှာ ရွှတ်နောက်နောက် ပြောင်ချော်ချော် မျက်နှာပိုးမသေသူများ ဖြစ်သော ကြောင့်ပင်တည်း။

သာအေးတို့လူသိုက်မှာ လုံးတင်အား အနုနည်း၊ အကြမ်းနည်း နည်း အမျိုးမျိုးဖြင့် ပိုးကြသော်လည်း လုံးတင်၏ ခါးခါးသီးသီး ငြင်းပယ်ရသည်ကို မကျေနပ်သဖြင့် အကြောင်းရှာကြရာမှ သဲလွန်စရကြလေ၏။

၎င်းတို့စုံစမ်းရသော သဲလွန်စမှာ ကျောင်းဆရာကလေး မောင်မြတ်သာ ပင်တည်း။ ရိုးသားမှု၊ လိမ်မာမှုနှင့် ခေတ်ပညာတတ်၍ ငယ်ငယ်ရွယ်ရွယ် ဂုဏ်သိက္ခာနှင့် ရွာတွင် ရေပန်းစားနေသော ကျောင်းဆရာလေး မောင်မြတ်သာ အား လုံးတင် စိတ်မဝင်စားဘဲ နေမည်မဟုတ်၊ မောင်မြတ်သာကလည်း လုံးတင် ကဲ့သို့ ဥစ္စာပေါ ရုပ်ချော ရွာ၏လည်ဆွဲကလေးအား အဘယ်မှာ စိတ်မဝင်စားဘဲ ရှိချေမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ရွာလူမိုက်သာအေးတို့အဖွဲ့သည် မောင်မြတ်သာအား အကြောင်းမဲ့ ရန်ငြိုးထား၍ မနာလိုဖြစ်ခဲ့ကြသည်။ မသိမသာလည်း ရန်စတတ်၍ မကောင်းကြံရန်လည်း တိုးတိုးတိတ်တိတ် တိုင်ပင်ကြလေပြီ။

မောင်မြတ်သာသည် ၎င်းတို့အကြောင်း မသိရှာ၍ ရိုးရိုးနေ ရိုးရိုးသွား၍ ၎င်းတို့အား စိတ်မဝင်စားခဲ့ပေ။ သို့သော် မောင်မြတ်သာသည် လုံးတင်အား အတွင်းစိတ်မှ ကြိတ်၍ချစ်လှမ်းခဲ့၏။ သူမသိငါပိုးဖြင့် အမျိုးမျိုး စိတ်ကူးယဉ်ခဲ့သည်။ မောင်မြတ်သာအဖို့ ဘဲဥကို အစရှာသော် တွေ့ကောင်းတွေ့ဦးမည်။ လုံးတင်ကို မေတ္တာရှိနေကြောင်း သိစေရန်မှာ လမ်းစရှာ၍ မတွေ့ခဲ့ချေ။

အဖေတစ်ခု သားတစ်ခုဖြစ်ကြသော မောင်မြတ်သာသည် နောက်ဆုံး မအောင့်အီးနိုင်သည့်အဆုံး အဖေ့ကိုပင် နားပူရှာတော့သည်။ ဦးဘိုးထင်မှာလည်း အချိန်တန် အရွယ်ရောက်နေပြီဖြစ်သော သားကလေးအား သီးချိန်တန်သီး၍ ပွင့်ချိန်တန်ပွင့်စေချင်သော ဆန္ဒရှိခဲ့သည်မှာ ကြာပြီဖြစ်၏။ သားအခြေအနေကို စောင့်ကြည့်ရှုရင်း ချွေးမလောင်းကိုလည်း မျက်စိနှင့် ကြည့်၍ရှာခဲ့၏။ ယခုမူ သားဖြစ်သူကပင် ရိုးသားစွာ အဖေအား ဖွင့်ဟတိုင်ပင်နေပြီဖြစ်ရာ ဦးဘိုးထင်မှာ ဝမ်းသာအားရ သား၏ဆန္ဒပြည့်ဝရန် ကြံစည်ကြိုးစားရပြန်၏။

ဦးဘိုးထင်ကိုယ်တိုင်လည်း လုံးတင်အား သားအတွက် မျက်စိကျခဲ့၏။ သို့သော် လုံးတင်မှာ ရွာတွင် ကြေးရည်တတ်မျက်နှာကြီးပိုင်းဖြစ်၍ အစသော် မရဲတရဲဖြစ်မိသည်။ နောက်မှပင် ရွာလူကြီးများနှင့်တိုင်ပင်၍ လုံးတင်၏ မိဘများထံ ချဉ်းကပ်၍ သားရေးသမီးရေးကို ဆွေးနွေး၍ သွေးတိုးစမ်းရ၏။

ရွာလူကြီးများနှင့် လုံးတင်၏ မိဘများထံ သွားရောက်ပြောဆိုသော အချိန်တွင် ဦးဘိုးထင်မှာ သူ့နားသူပင် မယုံနိုင်အောင်ရှိခဲ့၏။ လုံးတင်၏ မိဘများသည် ပိုက်ဆံရှိ ကြေးရည်တတ်များ ဖြစ်ကြလင့်ကစား မောင်မြတ်သာကဲ့သို့ ရိုးသားလိမ္မာသော ကလေးအား ငွေရေးကြေးရေးကို ပဓာနမထားဘဲ ချောချော မောမောပင် လက်ခံကတိပေးလိုက်ကြ၏။

ဦးဘိုးထင်သည် သားလိမ်မာအတွက် ဂုဏ်ယူမဆုံး ဝမ်းသာ၍ ပြုံးရပြန်လေ၏။ မောင်မြတ်သာအဖို့လည်း ရင်တမမ စောင့်စားနေခဲ့ရာ အဖေ့ထံမှ သတင်းကောင်းကြားရသည်နှင့် ထ၍ပင် ခုန်လိုက်မိရှာ၏။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၇]

❑

မောင်မြတ်သာတို့သားအဖ ဝမ်းသာအားရ ဖြစ်ရသည်နှင့်အမျှ တစ်ဖက်မှ သာအေးတို့လူစုမှာ ယမ်းပုံမီးကျ ဒေါသအပွကြီး ပွကြလေတော့သည်။ တစ်ဆက်တည်းပင် မောင်မြတ်သာနှင့် လုံးတင်တို့၏ မင်္ဂလာအခမ်းအနားကို ဖျက်ဆီးနှောင့်ယှက်ရန်လည်း အမျိုးမျိုးသော ဉာဏ်ထုတ်၍ ကြံကြလေ၏။ ထိုနေ့သည် ကျောင်းဆရာမောင်မြတ်သာနှင့် မလုံးတင်တို့၏ မင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပသော မင်္ဂလာဆောင်နေ့ပင်တည်း။ လုံးတင်၏ မိဘများအိမ်ရှေ့တွင် မင်္ဂလာမဏ္ဍပ်ထိုးပြီး အသံချဲ့စက်သံ တညံညံဖြင့် စည်ကားသိုက်မြိုက်နေသောအချိန် ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင် ရွာတောင်ဘက်ထန်းတော၌ သာအေး၊ ထွန်းတင်နှင့် ငမောင်တို့လူစုမှာ ထန်းရေခါးကို တမြမြစုတ်ရင်း ထွန်းတင်က မင်္ဂလာဆောင်ရှေ့တွင် ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် မူး၍ လှဲအိပ်နေကြရန် အဆိုသွင်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ငမော်က မြတ်သာအရှက်ကွဲသွားအောင် မဏ္ဍပ်ထဲဝင်၍ ရိုက်ရန် အကြံပေးပြန်၏။ သာအေးကမူ . . .

"ဟေ့ကောင်တွေ . . . ငါက ရေအိုးနဲ့ အပေါက်ခံပြီး ပိုးခဲ့ရတဲ့အကောင်ကွ . . . ဟား ဟား ဟား"

သာအေးသည် ပြောရင်း ခါးကြားတွင် ဝှက်လာသော ဓားမြှောင်ကြီးကို ထုတ်၍ ဝင့်လိုက်၏။ အရှိန်ရနေသော အပေါင်းပါအားလုံးက . . .

"စိန်လိုက်ကွ . . . ဒါမျိုးမှ ကြိုက်တာ"

ဟု ဝိုင်း၍ ထောက်ခံလိုက်ကြပြန်၏။

သာအေးသည် မြူအိုးထဲမှ လက်ကျန်ထန်းရည်ကို မြေလက်ဖက်ရည်ပန်းကန်လုံးထဲသို့ ငှဲ့၍ထည့်နေစဉ် ငမော်က . . .

"ဟေ့ကောင် . . . မြန်မြန်လုပ်ကွ၊ ဒီအချိန်ဆိုရင် မင်္ဂလာဆောင်လူစည်နေပြီ။ လူစည်တုန်း ကျိတ်ရမှ အရသာရှိမှာကွ"

ဟု သတိပေးလိုက်ရာ . . .

"အေး . . . ငမော်ပြောတာ ဟုတ်တယ်၊ ဟေ့ကောင်တွေ . . . မြန်မြန်လက်စသပ်ကြ"

သာအေးက ငမော့်စကားကို ထောက်ခံလိုက်၏။ အားလုံးပင် ပါးစပ်မှ တစ်ပြိုင်တည်း 'စိန်လိုက်'ဟု အော်ကြပြီး၊ ခွက်ထဲမှ လက်ကျန်ကို တစ်ပြိုင်တည်း မော့လိုက်ကြပြီး ဝိုင်းမှထကြလေတော့သည်။

မင်္ဂလာဆောင်မဏ္ဍပ်တွင် နှစ်ဖက်ဧည့်သည်များဖြင့် စည်ကားလျက်ရှိနေရာ သတို့သမီးလုံးတင်မှာ ရှက်ကိုးရှက်ကန်းဖြစ်နေသဖြင့် မဏ္ဍပ်ထဲသို့ မလာသေးချေ။ သတို့သား မောင်မြတ်သာ သာလျှင် ကြွလာကြသော ဧည့်သည်များအား လိုက်လံဧည့်ခံနေ၏။

ထိုအခိုက် မင်္ဂလာဆောင် မဏ္ဍပ်ရှေ့တည့်တည့်မှ ဆူဆူညံညံဖြင့် . .

"ဟေ့ . . . မိန်းမရှာသတို့သား ထွက်ခဲ့ကွာ။ မိန်းမတစ်ယောက်ကို ကိုယ့်အစွမ်းနဲ့ ရအောင်မပိုးနိုင်ဘဲ အဖေပြောပေးမှရတာ ရှက်ဖွယ်။ လုံးတင် အချစ်ကို ဖော်လံဖားပြီး ယူရတဲ့ ကျောင်းဆရာကြီးရဲ့ ထွက်ခဲ့ပါဦး။ ငါတို့ လက်ဖွဲ့ချင်လို့ပါ။ လုံးတင်အနားက ခွာခဲ့ပါဦး . . . သတို့သားကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သာအေးသည် လှျာလေးသံကြီးဖြင့် ဒယီးဒယိုင် မဏ္ဍပ်ရှေ့တွင် ကိုယ့်ကားယား လုပ်နေလေ၏။

မြတ်သာသည် မျက်နှာကြီးနီရဲလာကာ အသံကြားရာဆီသို့ ထွက်မည်အပြုတွင် နောက်ပိုင်းတွင် စီမံနေသော ဦးဘိုးထင်ကြားပြီး လက်ဖက်ရည်အိုးတည်သည့်အနားမှ ထင်းခွဲသည့်ဓားမကြီးကို ဆွဲ၍ရောက်လာပြီး မောင်မြတ်သာအား နောက်သို့တွန်းလိုက်ကာ ...

“မင်း အသာနေ၊ ဒီကောင်တွေ အဖေ ဆုံးမမယ်ကွ”

ဟု ပြောပြောဆိုဆို ရှေ့သို့တိုးထွက်လိုက်ရာ ချက်ချင်းပင် သူကြီးနှင့်လုံးတင်အဖေက ပြေးဆွဲပြီး ဆွဲထားရ၏။

“ဦးဘိုးထင်ရော၊ မောင်မြတ်သာပါ အသာနေကြပါ။ လူမိုက်ကို ပြိုင်မမိုက်ကြပါနဲ့။ ကျုပ်တာဝန်ထားပါ”

ဟု သူကြီးက တာဝန်ယူပြီး ရှေ့မှထွက်လိုက်၏။

“ဟော့ ... ဟော့ ... ဟော့ကောင်တွေ ... ဘာလုပ်တာလဲ ... သွားသွား ... ဂါတ်တဲ ဖမ်းပို့လိုက်ရမလား”

ဟု ကြိမ်းလိုက်၏။

ထိုအခါမှ မခိုးမခန့် မျက်နှာထားဖြင့် ...

“ဟဲ ... ဟဲ ... သူကြီးက သွားဆိုရင်လည်း သွားပါမယ်ဗျာ။ ဒါပေမဲ့ ဟိုသတို့သား မိန်းမရှာတော့ မကြေသေးပါဘူး”

ဟု ပြောရင်း ရွာပေါက်ဆီသို့ ထွက်သွားကြလေ၏။

မင်္ဂလာဆောင်နေ့သည် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့ဖြစ်၍ လရောင်သည် တစ်ရွာလုံးအား လွှမ်းခြုံထားလေသည်။ လုံးတင်သည် မင်္ဂလာအခမ်းအနားပြီးသည်နှင့် မြတ်သာ၏အိမ်သို့ လိုက်ပါလာခဲ့ရာ ရွာမှသူငယ်ချင်းများ၊ ဧည့်သည်များမှာ လိုက်ပါလာရောက်၍ နှုတ်ဆက်ကြ၊ စကားပြောကြနှင့်စည်ကားနေသဖြင့် ဦးဘိုးထင်သည် ရွာဦးကျောင်းသို့ ပစ္စည်းများပေးအပ်ရန်ထွက်သွားလေ၏။

ည ၉ နာရီကျော်လျှင် ဧည့်သည်များ လူစုကွဲသွားပြီဖြစ်သော်လည်း ဦးဘိုးထင်မှာ ပြန်မလာသေးပေ။ မောင်မြတ်သာနှင့် လုံးတင်တို့မှာလည်း ယနေ့မှ

www.burmeseclassic.com

www.burmeseclassic.com



ပင် အေးအေးသာသာ နားခွင့်ရကြ၍ ထွေထွေရာရာ ပြောဆိုကြည်နူးနေကြသည်။

ထိုအချိန်တွင် ရွာလည်လမ်းဆီမှ ခွေးဟောင်သံ၊ သီချင်းဆိုသံများ ဆူဆူညံညံကြားရသဖြင့် မောင်မြတ်သာသည် စကားပြောနေရာမှ နားစွင့်လိုက်သည်။ မကြာမီ အသံများနီးလာ၍ ချစ်ဒုက္ခသီချင်းကို မူမမှန်သောအသံကြီးဖြင့် မူးမူးရူးရူး အော်ဟစ်သီဆိုလာကြသော သာအေးတို့လူသိုက်၏ အသံမှန်း သိရလေ၏။

မောင်မြတ်သာသည် သာအေးတို့ လူသိုက်မှန်းသိသည်နှင့် ထွန်းထားသော မှန်အိမ်ကို ရုတ်တရက်ထ၍ မှိန်ထားလိုက်၏။ သာအေးတို့လူသိုက်သည် မောင်မြတ်သာတို့ အိမ်ရှေ့ရောက်သည်နှင့် တစ်ယောက်က ...

"အောင်မယ်လေး ... ဆရာကတော်ကြီးရဲ့ ရက်စက်တော့မှာလား"

ဟု အော်လိုက်၏။

တစ်ယောက်က ...

"ဘာ ... ဆရာလဲကွ၊ နွားဝွေးသင်းတဲ့ ဆရာလား ...ဟား ... ဟား ... ဟား ... သတ္တိမရှိဘဲနဲ့ မိန်းမလိုချင်တဲ့ ဆရာလား"

သာအေးတို့လူစုသည် သီချင်းသံကိုရပ်သွားပြီး မောင်မြတ်သာ မခံချင်စရာ စကားလုံးများကို အော်ဟစ်ပြောဆိုနေကြသည်။

မောင်မြတ်သာနှင့် မလုံးတင်တို့သည် အိမ်ထဲမှ အိမ်ထရံကိုကွယ်၍ ၎င်းတို့အခြေအနေကို ချောင်းကြည့်နေကြသည်။ တစ်ခါခါ မောင်မြတ်သာက နားထောင်ရင်း ဒေါပွလာသဖြင့် အပြင်ထွက်မည်ပြုတိုင်း လုံးတင်က ဆွဲထားရသည်။

ထိုအသံနှင့် မရှေးမနှောင်းပင် ...

"မင်္ဂလာဆောင်အိမ်ဆိုတာ ခဲဖိုးတောင်းရတယ်ကွ"

ဝုန်းခနဲ စကားဆုံးသည်နှင့် ခဲတစ်လုံးကျလာ၏။ ဆက်လက်ပြီး ...

"ဝုန်း ... ဒိုင်း'

နှင့် အိမ်ထရံဆီသို့ ခဲများ အဆက်မပြတ်ကျလာလေရာ မောင်မြတ်သာက စိတ်ကိုမထိန်းနိုင်တော့ဘဲ ဓားကိုဆွဲ၍ ထွက်မည်အပြုတွင် လုံးတင်က ...

"ကိုမြတ်သာ ... ကိုမြတ်သာ ... မသွားနဲ့"

ဟု အတင်းလိုက်ဆွဲလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ဝုန်းခနဲ ဝင်လာခဲတစ်လုံးသည် ဘုတ်ခနဲ လုံးတင်၏ ကျောပြင်တည့်တည့် ဝင်မှန်လေ၏။ မောင်မြတ်သာလည်း လုံးတင်အား ခဲတစ်ချက်မှန်လိုက်လျှင် စိတ်ကို မထိန်းနိုင်တော့ဘဲ အိမ်ထရံမှ ငှက်ကြီးတောင် ဓားကိုဆွဲ၍ လွှားခနဲ အိမ်အောက်သို့ ခုန်ဆင်းလိုက်၏။

မောင်မြတ်သာ ခုန်ဆင်းလာသည်ကို မြင်လိုက်သည်နှင့် ခြံစည်းရိုးတွင် ရပ်နေသော လူသုံးယောက်သည် အိမ်ထဲသို့ ပြေးဝင်လာကြ၏။ ရှေ့ဆုံးမှ ပြေးဝင်လာသူသည် လရောင်အောက်တွင် ဓားမြှောင်ကို လက်ခနဲဝင့်လိုက်ရာ မောင်မြတ်သာသည် လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ငှက်ကြီးတောင်ဓားကို လေထဲတွင် မြှောက်လိုက်ပြီး ရှေ့ဆုံးမှ ဓားပါသူ အနားမကပ်မီ စလွယ်သိုင်း ခုတ်ချလိုက်လေ၏။

အမှုးလွန်နေသည်ကတစ်ကြောင်း၊ မိုက်ရူးရဲ ပြေးဝင်လာသည်က တစ်ကြောင်းဖြင့် ရှေ့ဆုံးမှ ဓားနှင့်ပြေးလာသူမှာ မရှောင်နိုင်မတိမ်းနိုင်တော့ဘဲ မောင်မြတ်သာ၏ ဓားချက်ဖြင့် ...

"အောင်မယ်လေးဗျ ..."

ဟု တစ်ချက်သာ အော်နိုင်ပြီး မြေကြီးပေါ်သို့ ပုံ၍ ကျသွားလေ၏။

ရှေ့ဆုံးမှဝင်လာသူ လဲကျသွားသည်နှင့် ကျန်နှစ်ယောက်မှာ ရုတ်ခြည်းပင် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်သွားလေရာ မောင်မြတ်သာသည် မိမိဓားချက်ဖြင့် လဲကျသွားသူအား ကြည့်၍ငိုင်နေစဉ် ဘယ်အချိန်က ရောက်လာသည်မသိသော အဖေသည် ...

"ဟေ့ ... သား ... သား လက်လွန်မယ်ကွ"

ဟု ပြောရင်း လဲကျနေသူအား ကြည့်လိုက်ရာ သွေးအိုင်ထဲတွင် ငြိမ်သက်နေသည်ကို မြင်လိုက်ရ၏။

"ဟိုက် ..."

ဦးဘိုးထင်သည် ပါးစပ်မှ ဟိုက်ခနဲ အသံထွက်၍ သားဖြစ်သူအား မော်ကြည့်လိုက်ရာ မောင်မြတ်သာ၏ လက်မှ ငှက်ကြီးတောင် ဓားရှည်ကြီးမှ သွေးစက်စက်ကျနေသည်ကို မြင်လိုက်ရ၏။ စက္ကန့်ပိုင်းအတွင်း ဦးဘိုးထင်၏ခေါင်းတွင် လက်ခနဲပေါ်လာသော အသိဉာဏ်ကြောင့် ရုတ်တရက်ထ၍ မောင်မြတ်သာ၏ လက်မှဓားကို ဆွဲလုလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်သာက ...

"အို ... အဖေ"

ဟု ရုန်းကန်ရင်း ဓားကိုမပေးဘဲနေသဖြင့် ဦးဘိုးထင်သည် စကားမပြောတော့ဘဲ အနီးရှိ တုတ်တိုတစ်ချောင်းဖြင့် မောင်မြတ်သာခေါင်းကိုသာ တအားလွှဲ၍ ရိုက်ချလိုက်သည်။ မောင်မြတ်သာသည် ရုတ်တရက် အဖေ၏ တုတ်ချက်ဖြင့် အားခနဲအော်၍ လဲကျသွားစဉ် ဦးဘိုးထင်သည် မောင်မြတ်သာလက်မှ သွေးစက်လက်နှင့် ဓားရှည်ကြီးကို ဆွဲယူလိုက်ပြီး ...

"ဟေ့ ... ဘိုးထင်တဲ့ကွနော်။ လာမစမ်းကြနဲ့ ... ငါ့သားထိရင် ဟောဒီဓားကြည့်ဟေ့ ... တစ်သက်မကဘူးကွ။ ဆယ်သက် သတ်ရဲတယ်။ မိုက်တဲ့လူရှိရင် ထွက်ခဲ့ဦး"

ဟုအော်ဟစ် ကြိမ်းမောင်းရင်း ဓားတဝင်းဝင်း လုပ်နေလိုက်၏။

ဦးဘိုးထင်၏အကြံသည် စက္ကန့်ပိုင်းအတွင်း အံ့ဝင်ဂွင်ကျသွားလေရာ ရွာလူကြီးနှင့် ရွာသူရွာသားများ ဝိုင်းဝန်းရောက်ရှိလာသည့်အချိန်တွင် ဓားဒဏ်ရာဖြင့် လဲကျနေသော သာအေး၏အလောင်းအနီးတွင် မောင်မြတ်သာမှာ တုတ်ဒဏ်ရာဖြင့် လဲနေကြသည်ကို တွေ့ကြရ၏။

လူအုပ်ထဲမှ သူကြီးထွက်လာပြီး ဦးဘိုးထင်၏အနီးသို့ မရဲတရဲတိုးလာ၍ ...

"ဦးဘိုးထင် ... ကျုပ်နော်၊ ခင်ဗျားလက်ထဲက ဓားကြီး ချလိုက်စမ်းပါ"

ဟုအော်ရင်း ရှေ့သို့ တိုးလာခဲ့သည်။

"ဟာ ... ဘယ့်နှယ်ဖြစ်တာလဲ ... ဦးဘိုးထင်ရယ်။ လက်လွန်ကုန်ပါပေါ့လား"

သူကြီးသည် ဦးဘိုးထင်အားကြည့်၍ ယူကြုံးမရစွာ ပြောလိုက်၏။

"မြင်တဲ့အတိုင်းပဲ ... သူကြီး၊ ကျုပ်သားကို စော်ကားလို့တော့ ကျုပ်က ခံရိုးလားဗျာ။ ကြိုးစင်ကို ဆယ်ခါပြန်တက်ရပါစေ ကျုပ်သားအတွက် သေရတာ ကျုပ် သေရဲပါတယ်ဗျာ"

ဦးဘိုးထင် စကားပြောနေစဉ် သူကြီးသည် လဲကျနေသော သာအေးအား ဆုပ်ကိုင်ကြည့်ပြီး ခေါင်းခါ၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးဘိုးထင် ... ခင်ဗျားမှားနေပြီ"

ဟု ညည်းတွားပြောဆိုလိုက်၏။

"အို ... ဒါတွေ ကျုပ် နားလည်ပါတယ်ဗျာ။ ခင်ဗျား ဝတ္တရားအတိုင်း ကျုပ်ကိုဖမ်း၊ ဂါတ်တဲကို ပို့ပေါ့"

ဦးဘိုးထင်သည် သူကြီးပြောနေသည်ကို ဆုံးအောင်ပင် နားမထောင်တော့ဘဲ သူ့ကိုဖမ်းရန်သာ ပြောနေတော့သည်။

သူကြီးသည် ရွာသားများဘက်သို့လှည့်ကာ ...

"ဟေ့ ... အောင်ချစ်တို့၊ လှမိုးတို့ လှည်းသွားပြင်ချေကြကွာ။ ဂါတ်တဲ သွားရမယ်"

ဟုအမိန့် ပေးလိုက်၏။

ဦးဘိုးထင်သည် မောင်မြတ်သာအားကြည့်၍ ရှုံ့မဲ့ကာ ...

"အလကားကောင် ... ပျော့ညံ့ညံ့နဲ့။ ငါသာ ပြန်မလာရင် ဒီကောင် သေပြီပေါ့"

ဟု မောင်မြတ်သာအား ဝိုင်း၍ရိုက်နေကြစဉ် သူရောက်လာ၍ ဓားနှင့် ခုတ်လိုက်သည့်ဟန်ဖြင့် အပြစ်တင်လိုက်သေးသည်။

သာအေးအလောင်းကို လှည်းတစ်စီး၊ ဦးဘိုးထင်ကို လှည်းတစ်စီးဖြင့် ကူမဲရဲဌာနသို့ တင်ဆောင်လာခဲ့ကြသည်။ အိမ်ရှေ့တွင် လဲကျကျန်ရစ်သော မောင်မြတ်သာအား အဖေဦးဘိုးထင်သည် လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွားစဉ် လုံးတင်သည် မြတ်သာအား ပွေ့ဖက်ပြုစုရင်း အော်၍ငိုကာ ကျန်ရစ်ခဲ့လေတော့ သည်။

နံနက်မိုးလင်းခါနီးမှ မောင်မြတ်သာသည် ခေါင်းမှဒဏ်ရာအနည်းငယ် သက်သာလာ၍ မျက်စိဖွင့်ကြည့်ပြီး ...

"အဖေ ... အဖေ ... ဒီလိုမလုပ်နဲ့။ ပေး ... ပေး ... ကျုပ်ဓား၊ ကျုပ်ခုတ်တာဗျ။ ကျုပ်ခုတ်တာ"

ဟု အော်၍ ထထိုင်လိုက်ရာ လုံးတင်က ကပျာကရာပါးစပ်ကို လှမ်း၍ ပိတ်လိုက်ပြီး ...

"ကိုမြတ်သာ ... ကိုမြတ်သာ ... လူများတွေ ကြားသွားပါ့မယ်၊ မအော်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု တားနေရှာ၏။

မောင်မြတ်သာ သတိရ၍ အော်ဟစ်ပြောဆိုနေစဉ် အဖေသည် ရဲဌာန အချုပ်ခန်းအတွင်းမှ ရွာဘက်ဆီသို့ မျှော်ကြည့်ရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး . . .

"အင်း . . . ကံကောင်းလို့ပါလား။ ငါသာ အချိန်မီမကယ်နိုင်ရင် မင်္ဂလာဆောင်ပြီးစ ငါ့သားကလေး လူ့ဘဝမှာ အညွန့်ကျိုးတော့မလို့ပါလား . . . ငါ့သား ငါ့သား"

ဦးဘိုးထင်သည် သံတိုင်ကြားမှ သူ့သားအတွက် ကယ်ဆယ်ခွင့်ရခဲ့သည်ကို ပီတိဖြာ၍ သားကိုချစ်သော မေတ္တာရည်တို့သည် နှလုံးသားမှ တသွင်သွင် စီးကျလျက် ပြုံးလိုက်လေတော့သတည်း။

☼ ☼ ☼

[ ၈ ]

❑

"ဦးဘိုးထင် . . . ဗျို့ . . . ဦးဘိုးထင်၊ ဟာ . . . ဒီအဘိုးကြီး . . . တယ်အိပ်ပါလား"

ထောင်ကျရုံးခန်းတာဝန်ခံ ထောင်မှူးသည် ကြိုးတိုက်အတွင်းသို့ ပြေးဝင်လာပြီး အိပ်မောကျနေသော ဦးဘိုးထင်အား တော်တော်နှင့် နိုးမရ၍ အော်ခေါ်နေ၏။

ဦးဘိုးထင်သည် အိပ်မောကျနေရာမှ ထောင်မှူး၏ အော်သံကြောင့် ရုတ်တရက်နိုးလာပြီး မျက်စိနှစ်လုံးကို သေသေချာချာပွတ်၍ ကြည့်လိုက်ရာ ထောင်မှူးဖြစ်နေ၍ စောစောစီးစီး မလာဖူးသဖြင့် အံ့သြသွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ထောင်မှူးကြီးပါလား"

ဟု ပြုံး၍နှုတ်ဆက်လိုက်ရသော်လည်း ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

"အဘိုးကြီး ... ညက အိပ်မပျော်ဘူးလား၊ ခင်ဗျားအတွက် သတင်းကောင်းပါတယ်"

ဟု ထောင်မှူးက ပြုံး၍ပြောလိုက်မှ ရင်ထဲမှအလုံးကြီး ကျသွားလေ၏။

"ဟုတ်ကဲ့ ... ခင်ဗျာ၊ ညက သားကလေးအကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေစဉ်းစားရင်း မိုးလင်းခါနီးမှပဲ မှေးခနဲ ပျော်သွားပါတယ်"

ထောင်မှူးနှင့် ထောင်ကျရုံးခန်းစာရေးကလေးသည် ရှေ့နားတိုးလာပြီး စာရေးကလေးက စာအုပ်ကြီးကို ဖွင့်နေစဉ် ထောင်မှူးက ...

"ကဲ ... ခင်ဗျား အယူခံနိုင်တယ် ... အဘိုးကြီး၊ ဒါပေမဲ့ ... တရားလွှတ်တော်ချုပ်က ကြိုးမိန့်ကို ပယ်ဖျက်ပြီး ထောင်ဒဏ်အနှစ်နှစ်ဆယ်နဲ့ လဲလိုက်တယ်။ ခင်ဗျား ကနေ့ပဲ ထောင်ကြီးဘက်ကို ပြောင်းပေတော့။ ခဏနေ လူသစ်ဆောင် ထောင်မှူးလာခေါ်လိမ့်မယ်"

ဟုပြော၍ သံတံခါးကိုဖွင့်လိုက်ပြီး အယူခံစာအုပ်ကြီးတွင် လက်မှတ်ထိုးနိုင်းလေ၏။

ဦးဘိုးထင်အဖို့ ကွင်းလုံးကျွတ် အရှင်းလွှတ်ရသည် မဟုတ်သော်လည်း တစ်သက်တစ်ခါတွင် ကြိုးတိုက်မှလွှတ်ရသည်လောက် ပျော်ရွှင်ဝမ်းသာရသည်မှာ မကြုံဖူးပေ။

ဦးဘိုးထင်သည် ကြိုးတိုက်မှ လွတ်မြောက်ခဲ့ပြီး လူသစ်ဆောင်တွင် ရောက်ရှိ၍ ဝမ်းသာအားရဖြစ်နေရှာသော်လည်း ကြိုးတိုက်ခန်းတွင် စိတ်ထောင်းကိုယ်ကြေ ခံစားခဲ့ရသောဒဏ်တို့မှာ ဝေဒနာအဖြစ် ပြောင်းလဲကာ နှလုံးအားနည်းသောရောဂါဖြင့် အိပ်ရာတွင် ဘုန်းဘုန်းလဲရှာလေတော့သည်။

သည့်ရက်အတွင်း သားကလေးအား ဝမ်းသာစကားပြောပြရန် ထောင်ဝင်စာမျှော်ရသည်မှာလည်း အမောပင်ဖြစ်ခဲ့၏။ သို့သော် ... ဘာဖြစ်နေသည်မသိ၊ သားဖြစ်သူ မောင်မြတ်သာသည် ထောင်ဝင်စာ ပေါ်မလာခဲ့ချေ။


www.burmeseclassic.com

www.burmeseclassic.com



အဆောင်ထောင်မှုးမှတစ်ဆင့် အိမ်သို့ စာထည့်လိုက်သည်မှာလည်း ကြာခဲ့ပြီဖြစ်၏။ သို့သော် ... သားထံမှ ပြန်စာလည်းမလာ ထောင်ဝင်စာလည်း မတွေ့၊ ဦးဘိုးထင်၏ရောဂါမှာလည်း တစ်နေ့ထက်တစ်နေ့ အခြေအနေက ပိုမို ဆိုးဝါးလာလေရာ ထောင်တွင်းဆေးရုံတွင်တင်၍ ကုသရလေ၏။

ဦးဘိုးထင်မှာ နှလုံးရောဂါအပြင် သွေးဒူလာနှင့် ကိုးခရိုင်ငှက်ဖျား ပါဝင်လာ၍ ရောဂါစုံပြီး အခြေအနေမှာ မကောင်းလှချေ။ ထောင်ဆရာဝန်ကလည်း ကြိုးစား၍ ပြုစုကုသသော်လည်း အပြင်ဆေးရုံကဲ့သို့ ဆေးဝါးပစ္စည်းကိရိယာ မပြည့်စုံမှုကြောင့် ထောင်ဆရာဝန်၏ ထောက်ခံချက်ဖြင့်အပြင် ဆေးရုံကြီးသို့ ထုတ်၍ ကုသပေးကြလေသည်။

သို့သော် ကျွမ်းနေပြီဖြစ်သော ဦးဘိုးထင်၏ရောဂါမှာ ပြည်သူ့ဆေးရုံ ကြီးမှ ကြိုးစားကုသပါသော်လည်း မရတော့ဘဲ သားအတွက် အသက်ပေး၍ ချစ်ရှာသော ဦးဘိုးထင်သည် သူချစ်သော သားကလေးနှင့်မတွေ့မီ ကွယ်လွန်သွား လေတော့သည်။

ဦးဘိုးထင် ကွယ်လွန်သောအချိန်တွင် မောင်မြတ်သာမှ သားဦးကလေး ကိုချီ၍ အဖေ့ထံ မြေးပြလာကြရန် စီစဉ်နေချိန်ဖြစ်၏။ မောင်မြတ်သာထံသို့ ထောင်က ထည့်ပေးလိုက်သောစာမှာ လုံးဝမရောက်ဘဲရှိလေရာ မောင်မြတ်သာ မှာ အကျိုးအကြောင်းမသိ၍ လုံးတင်ကလည်း မွေးဖွားခါနီး ဆဲဆဲဖြစ်သောကြောင့် ကလေးမွေးပြီးမှ တစ်ခါတည်း မြေးပါပြရင်း လာတော့မည်ဟု နေလိုက်ခြင်းဖြစ် ၏။

မောင်မြတ်သာတို့ ဇနီးမောင်နှံသည် အဖေ့အား ထောင်ဝင်စာတွေ့ရန် သားကလေးကိုချီ၍ ထောင်ဘူးဝမှ စောင့်ဆိုင်းနေကြသည်။

ထောင်ဝင်စာခေါ်သမားသည် လူတူနာမည်တူက များသောကြောင့် ရုတ် တရက် ပြောမပြနိုင်သေး၍ ထောင်အတွင်း ဦးဘိုးထင်နာမည်နှင့် ထောင်ဝင်စာ ခေါ်နေသေး၏။

ဦးဘိုးထင်၊ ထောင်ကျ (အနှစ်နှစ်ဆယ်)

တွေ့လိုသူ မောင်မြတ်သာ၊ လုံးတင်၊ သံချောင်း။

ထောင်ဝင်စာ စာရွက်ကလေးသည် ထောင်အတွင်း တလည်လည်နှင့် ရှာ နေရာမှ ဆေးရုံတက်ရောက်၍ ဦးဘိုးထင် သေဆုံးကြောင်းသိရ၍ ထောင်ဝင်စာ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သူက ထောင်မှူးကြီးက ချက်ချင်းပင် မောင်မြတ်သာအား ခေါ်ယူတွေ့ဆုံ၍ အကျိုးအကြောင်း ပြောပြလိုက်လေသည်။

မောင်မြတ်သာသည် ထောင်မှူးကြီး စကားဆုံးသည်နှင့် ...

"အောင်မယ်လေး ... အဖေရဲ့ အဖေတွေ့ချင်တဲ့ သားမိုက်ကြီးကို မစောင့်တော့ဘူးလား၊ အဖေ့မြေးကလေးကို ကြည့်ပါဦးတော့ ... အဖေရယ်"

ဟု အုတ်နံရံနှင့် ခေါင်းကိုတိုက်၍ ငိုရှာလေတော့သည်။

မောင်မြတ်သာ၏ မျက်ရည်တို့သည် သားငယ်အပေါ်သို့ တပေါက်ပေါက် ကျနေရာ မောင်မြတ်သာသည် သူ့သားအား စိုက်ကြည့်ရင်း ...

"အဖေ ... အဖေ ... အဖေ ... ကျွန်တော့်ကို အဖေ ဘယ်လောက် ချစ်တယ်ဆိုတာ ကျွန်တော်သိပါပြီ ... အဖေရယ်"

ဟုပြောရင်း သားငယ်အားတအားဖက်၍ နမ်းလိုက်လေတော့သတည်း။


သည်လောကတွင် သမီးရည်းစားချစ်၊ လင်မယားချစ်တို့ကိုသာ အမျိုးမျိုး ဥပမာပေး၍ စာဖွဲ့နေကြသော်လည်း အသက်နှင့် နှလုံးသားကိုပေး၍ ချစ်ကြရှာသော မိဘတို့၏ ဖြူစင်သောအချစ်နှင့် မေတ္တာသည် အဘယ်အချစ်မေတ္တာနှင့်မှ နှိုင်းယှဉ်၍ မရနိုင်ချေပါတကား။

☼ ☼ ☼

မင်းသူရိန်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

၁၉၇၉–ခုနှစ်ခန့်လောက်တွင် ကျွန်တော် မိုးကုတ်အကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ကျွန်တော် တာဝန်ထမ်းဆောင်နေခဲ့သော ရန်ကုန် ယာယီအချုပ်စခန်းတွင် ပြဿနာဖြစ်ပေါ်ခဲ့၍ ဖြစ်သည်။ ထောင်မှူးအဆင့်မှာပဲ ရှိသေးပြီး လုပ်သက်လေးနှစ်ခန့်သာ ရှိသေးသည့် ကျွန်တော့်အပေါ် ရာထူးတိုးတက်ရေး သုံးနှစ်ရပ်ဆိုင်းခံခဲ့ရပြီး မိုးကုတ်အကျဉ်းထောင်သို့ပြစ်ဒဏ်ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့် ပြဿနာက ရန်ကုန်ယာယီအချုပ်စခန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် လူကြီးသားသမီးတစ်ဦးအား ထိုးကြိတ်ရိုက်နှက်ခဲ့မှုဖြစ်သည်။ ယင်းအချုပ်သားမှာ မူးယစ်ဆေးဝါးမှုဖြင့် အမှုအခင်းရင်ဆိုင်နေရဆဲအချိန်။

မိုးကုတ်အကျဉ်းထောင်တွင် လက်ရှိတာဝန် ထမ်းဆောင်နေသော ထောင်မှူးအိပ်ချ်ထန်ဒိုလန်းမှာ ပျားမွေးမြူရေးသင်တန်းသို့ ကေဒါအဖြစ် တက်ရောက်ရန် ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် ဖြစ်သည်။ ကျွန်တော်တို့ မိသားစုမှား

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရန် တိုက်ပုကလေးမှာ စီစဉ်ပေးသည်။ အေးမြလွန်းသော မိုးကုတ်ဒေသ၏ အချမ်းဒဏ်ကို ကာကွယ်နိုင်ရန် တိုက်အိမ်ခန်းလေးထဲတွင် မီးလင်းဖိုများထားရှိသည်။ ထောင်ဘူးဝကြီးအပေါ်ထပ်မှာတော့ မိုးကုတ်အကျဉ်းထောင်တာဝန်ခံအရာရှိဖြစ်သူ ထောင်မှူးကြီးဦးကြည်လှိုင်မိသားစု နေထိုင်ခဲ့လေသည်။

ကျွန်တော်အလုပ်တာဝန်ထမ်းဆောင်ချိန်တွင် မိုးကုတ်အကျဉ်းထောင်မှာ အကျဉ်းသား၊ အချုပ်သားအမျိုးသား၊ အမျိုးသမီး စုစုပေါင်းနှစ်ရာခန့်လောက်သာရှိသည်။ အမျိုးသမီးဆယ်ဦးခန့်နှင့် ကျန်လူဦးရေမှာ အမျိုးသားများ ဖြစ်သည်။

တစ်နေ့တွင် မိုးကုတ်အကျဉ်းထောင်ထဲသို့ ညနေပိုင်း လူသစ်များ ဝင်ရောက်လာသဖြင့် တစ်နေ့နံနက်တွင် အချုပ်သစ်မှတ်ပုံတင် ကြည့်ရှုခဲ့ရလေသည်။ ယောကျ်ားအချုပ်သားများကို ဘူးဝရှိ ရုံးခန်းလေးထဲမှာ တန်းစီပြီး မှတ်ပုံတင်နေခဲ့သည်။ များသောအားဖြင့် အမှုများမှာ ကျောက်တွင်းနယ်မြေသို့ တရားမဝင်ဝင်ရောက်လုပ်ကိုင်မှုများ ဖြစ်သည်။ ခွင့်ပြုချက်မရဘဲ ကျောက်ခိုးတူးနေကြသည့် လူများအား သက်ဆိုင်ရာမှ တရားမဝင် ဝင်ရောက်လုပ်ကိုင်မှုဖြင့် ဖမ်းဆီးပြီး ထောင်သို့ပို့ခဲ့ခြင်း ဖြစ်သည်။

နောက် အမျိုးသမီးအချုပ်သူများအား ဆက်လက်မှတ်ပုံတင်ရန် ခေါ်ခိုင်းလိုက်သည်။ တပ်သား အမာခင်ဆိုသူ အမျိုးသမီးဝန်ထမ်းမှ အချုပ်သူသုံးဦးကို တံခါးကြီးထဲ ခေါ်ဆောင်လာခဲ့သည်။ ရုံးခန်းထဲသို့ တစ်ဦးချင်းစီခေါ်ယူပြီး မှတ်ပုံတင်နေခဲ့သည်။ တပ်သားအမာခင်မှ အချုပ်သူများ၏ ကိုယ်ရေးရာဇဝင်ကို မေးမြန်းနေခဲ့ပြီး ကျွန်တော်က အချုပ်မှတ်ပုံတင်စာအုပ် (ထောင်ပုံစံ–၂၆)တွင် လိုက်လံရေးမှတ်နေခဲ့သည်။ ပထမဆုံး မှတ်ပုံတင်နေသော အချုပ်သူနှစ်ဦးမှာ ခိုးမှုနှင့် ပြည့်တန်ဆာမှုများ ဖြစ်သည်။ နောက်ဆုံး အချုပ်သူတစ်ဦးအား တံခါးထဲမှ ရုံးခန်းထဲသို့ ခေါ်လာခဲ့ပြီး ကျွန်တော့်စားပွဲရှေ့တွင် အချုပ်ပုံစံအနေအထား လက်ပိုက်ပြီး ခေါင်းငုံ့ရပ်နေသည်။

ကျွန်တော် အချုပ်မှတ်ပုံတင်စာအုပ်မှာ လိုအပ်သည်များကို ဖြည့်စွက်ရေးမှတ်နေစဉ် အချုပ်သူ၏အမည်ကို မေးမြန်းလိုက်သောအခါ မဗေဒါဟု ဖြေဆိုလိုက်သောကြောင့် ခေါင်းမော့ကြည့်လိုက်သည်။ ဟုတ်ပါသည်။ မဗေဒါမှ မဗေဒါအစစ် ဖြစ်နေသည်။ မဗေဒါနှင့် ကျွန်တော်ဆုံတွေ့ပြီး သိနေခဲ့သည်မှာကြာပြီ

www.burmeseclassic.com

www.burmeseclassic.com



သူမကို ရန်ကုန်ယာယီအချုပ်စခန်းတွင် အချုပ်ဘဝဖြင့် ရောက်ရှိနေချိန် ဆုံတွေ့ခဲ့ခြင်းဖြစ်သည်။

တိုစဉ်က သူမသည် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် အမှုရင်ဆိုင်နေရဆဲအချိန်ဖြစ်သည်။ ယင်းမူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၆(ခ)ဖြင့် ထောင်သုံးနှစ်ကျသွားသည်။ ထိုအခါ အချုပ်ရုံးထွက်ရန် မလိုတော့ဘဲ ထောင်ကျအကျဉ်းသူအဖြစ် အင်းစိန်ထောင်သို့ ပြောင်းရွှေ့သွားခဲ့ရသည်။ သည်ကတည်းက လူချင်းမတွေ့ခဲ့ကြသည်မှာ ယခုအချိန်တွင် ပထမဆုံးပြန်လည်တွေ့ခဲ့ကြခြင်းဖြစ်ပါသည်။

မဗေဒါသည် နဂိုက အိမ်ထောင်ရှိသူတစ်ဦးဖြစ်သည်။ သူမ ယောကျ်ားမှာ မူးယစ်ဆေးဝါးသုံးစွဲရင်း အငှားကားမောင်းနေခဲ့သည်။ မဗေဒါက လင်မယားနှစ်ယောက်ထဲဖြစ်၍ ကားမောင်းနေစဉ် ရှေ့ခန်းမှထိုင်စီးကာ တကောက်ကောက်လိုက်ပါခဲ့သည်။ သက်ဆိုင်ရာမှ သတင်းအရ အငှားကားမောင်းလာနေစဉ် ရပ်တန့်စစ်ဆေးခဲ့သောအခါ ယောကျ်ားဖြစ်သူထံမှ မူးယစ်ဆေးဝါး ထည့်ထားသောစီးကရက်ကို ပစ္စည်းနှင့်အတူ လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားနေစဉ် ကားပေါ်တွင် အတူလိုက်ပါလာသော မဗေဒါကိုလည်း မူးယစ်ဆေးဝါးသုံးစွဲသူဟု သုံးသပ်ခဲ့ပြီး အရေးယူ ဖမ်းဆီးခဲ့သည်။ လင်မယားနှစ်ယောက်စလုံး အမှုတွဲအဖြစ် သတ်မှတ်အရေးယူကာ ပစ္စည်းလက်ဝယ် ဖမ်းဆီးမိသူယောကျ်ားဖြစ်သူအား ထောင်ဒဏ်ငါးနှစ် ချမှတ်ခဲ့လေသည်။

ယခုတစ်ကြိမ် မိုးကုတ်အကျဉ်းထောင်ထဲတွင် ထပ်မံ၍ မဗေဒါနှင့် တွေ့ဆုံခဲ့ရခြင်းဖြစ်သည်။ ကျွန်တော်သည် မဗေဒါကို အခုလို မမျှော်လင့်ဘဲ ဆုံတွေ့လိုက်ရသဖြင့် အံ့ဩနေမိသည်။ သူမကလည်း ဒီလိုနေရာဒေသမှာ ဆုံတွေ့ရလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပေ။ မဗေဒါတစ်ယောက် ခုလိုမျိုးဆုံတွေ့ခဲ့ကြချိန်မှာ သူမ၏ ဘဝဇာတ်ကြောင်းများကို ပြန်လည်ဖောက်သည်ချ ပြောပြခဲ့သည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

“ဆရာ . . . ရန်ကုန် ယာယီအချုပ်စခန်းမှာ ရှိနေတုန်း ပြဿနာဖြစ်ပွား သွားတယ်လို့ ထောင်ထဲမှာ ပြောဆိုသံတွေ ကြားနေရပါတယ်။ မဗေဒါလည်း ထောင်ထဲမှာ ထောင်ကျနေတုန်း အမျိုးသမီးထောင်ကျဆောင်မှာ နေရတယ်။ မဗေဒါ ယောကျ်ားကတော့ ရဲဘက်စခန်းထုတ်တဲ့အထဲ ပါသွားလို့ ထောင်ကျသွား ပြီးကတည်းက တစ်ခါပဲတွေ့ခဲ့ရတယ်။ အဲဒီနေ့က တနင်္ဂနွေနေ့အတွင်းထောင်ဝင်စာ ပေးတွေ့တဲ့နေ့လေ။ သူ့ကို ရဲဘက်စခန်းပို့မယ့် စာရင်းထဲပါလို့ ရဲဘက်လိုက်သွားရ တော့မယ်လို့ ပြောတယ်။

ကျွန်မကလည်း ထောင်ကျနေသူချင်းဆိုတော့ မတတ်နိုင်ဘူးလေ။ ကံစီမံရာအတိုင်းလို့ပဲ သဘောထားလိုက်ပါတယ်။ ဟုတ်တယ် . . . ကျွန်မကိုယ်တိုင် မူးယစ်ဆေးဝါးကို မသုံးစွဲဖူးပါဘဲနဲ့ သူသွားလေရာ တကောက်ကောက်လိုက်ခဲ့ မိလို့ အခုလို အမှုတွဲဖြစ်လာခဲ့ရတာပေါ့။ ကျွန်မတို့မှာ ကလေးမရှိတော့ တော်သေး တာပေါ့ ဆရာရယ်။ ဩော် . . . ပြောရဦးမယ်။ ကျွန်မယောကျ်ား ဆုံးသွားပြီလေ ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်စခန်းကိုရောက်ပြီး ခြောက်လလောက်ပဲ ကြာမယ်။ ကျောက်ထုတ်လုပ်ရေးအလုပ်စခန်းမှာပဲ ပင်ပန်းဆင်းရဲဒဏ်မခံနိုင်လွန်းလို့ ဆုံးသွားတယ်လို့ ထောင်က အကြောင်းကြားလို့သိခဲ့ရတယ်။ သူ့မိဘတွေလား၊ သူ့ကို နဂိုကတည်းက အိမ်ကနေပြီး နှင်ချထားခဲ့တာကြာပြီ။ သူ့အဖေကြီးကတော့ အစိုးရအရာရှိကြီး တစ်ဦးပါ။ သူ့အမေကြီးလည်း သူ့သားစိတ်နဲ့ပဲ ဆုံးသွားခဲ့တာ ကြာပါပြီ။ သူနဲ့ ကျွန်မ စတွေ့ကြတုန်းကလည်း သူ တက္ကစီမောင်းနေရင်း ကားငှားစီးရာက ဆုံတွေ့ခဲ့ကြတာ။ ကျွန်မကလည်း မိဘမဲ့တစ်ကောင်ကြွက်ဆိုတော့ အဒေါ်တွေအိမ်မှာ ကပ်နေခဲ့ရတာ။

မကြာခဏ သူနဲ့လမ်းမှာ ဆုံတွေ့ခဲ့ကြရင်း ချစ်ကြိုက်သွားခဲ့တာပဲ။ အမှန်တော့ ကျွန်မကလည်း အားကိုးရှာချင်နေတဲ့အချိန် ရေကန်အသင့် ကြာအသင့် ဖြစ်သွားတာပေါ့။ သူ့ကို မိဘတွေက မူးယစ်ဆေးစွဲနေလို့ အိမ်ကနေ စွန့်ပစ်ထားခဲ့တာကြာပြီဆိုတာ သူနဲ့ လက်ထပ်ပေါင်းသင်းမိတော့မှပဲ သိခဲ့ရတာပါ။ ကျွန်မတို့ နှစ်ယောက် အတူတူနေကြတော့ ရပ်ကွက်လေးထဲမှာ အိမ်ကလေးတစ်ခြမ်းငှားနေတာ။ အိမ်တစ်ခြမ်းလို့သာ ဆိုရတယ်။ အဖီချထားတဲ့ အဆွယ်လေးပါ။ ဘာပဲ ဖြစ်ဖြစ်လေ. . . ကျွန်မအတွက်တော့ အဒေါ်တွေအိမ်မှာ ခိုကပ်စားနေရတာနဲ့စာရင် သူနဲ့က အဆင်ပြေတာပေါ့။

သူက မနက်ဆို လေးဘီးကားလေးသွားယူပြီး တစ်နေကုန် တက္ကစီဆွဲနေမှတာလေ။ အဲဒီအချိန်မှာ ကျွန်မတစ်ယောက်တည်း အိမ်အဖီလေးထဲမှာ ကျန်ရစ်နေတော့ ပျင်းတာပေါ့။ ကျွန်မ နေနေရတဲ့ အိမ်အဖီလေးဟာလည်း မလုံမခြုံနဲ့ဆိုတော့ မနေရဲဘူးလေ။ ချောင်ကျကျရပ်ကွက်လေးထဲမှာ လင်ကိုယ်မယား အတူတူနေနေရရင်တော့ ကောင်းတာပေါ့။

ဒါကြောင့် သူ ကားမောင်းသွားလေရာနောက် ကျွန်မလည်း တကောက်ကောက် လိုက်နေခဲ့မိတယ်။ သူမောင်းတာက ဘီ–၃၆၀ လေးဘီးကားလေးဆိုတော့ ရှေ့ခန်းနေရာမှာ လွတ်လွတ်လပ်လပ် ထိုင်လိုက်လို့ရတယ်။ ခရီးသည်ကို ပို့ဆောင်ပေးပြီး လက်ထဲမှာ ငါးရာလောက်ရလာခဲ့ပြီဆို ထမင်းစားချိန်ရောက်တာနဲ့ ကြိုက်တဲ့ထမင်းဆိုင် ဝင်စားလိုက်ကြတာပဲ။ အဝစားမှ နှစ်ကျပ်ခွဲလောက်ပဲကျတာလေ။ ဒီတော့ အိမ်မှာ ဘယ်ထမင်းချက်စားနေကြမလဲ နေ့ည ဆိုင်မှာပဲ ဝယ်စားခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


"သူ ဖိုးစွဲနေမှန်း ညည်းက ဘယ်အချိန်လောက်မှ သိတာလဲ"

"အစကတော့ ကျွန်မလည်း သိပ်သတိမထားမိပါဘူး။ သူ ကားကိုမောင်း ဖို့ သူငယ်ချင်းအိမ်မှာသွားယူပြီး နှစ်ယောက်အတူတူ မောင်းသွားနေခဲ့ကြတယ်။ သူ ပုံမှန်ရပ်နေတဲ့နေရာကတော့ မြို့ထဲက လသာလမ်းမှာပဲ။ သူပြန်လာရင် ပင်နီစလင် ပုလင်းလေးတစ်လုံး အိတ်ကပ်ထဲမှာ ထည့်လာတယ်။ ပြီးမှ ကွမ်းယာ ဆိုင်ဝင်ပြီး ဒူးယားစီးကရက်ဘူး ဝင်ဝယ်တယ်။

နောက် ကျွန်မတို့နှစ်ယောက် မြို့ပြင်လမ်းဘက်ကို သွားမယ့်ခရီးသည် ကို အော်ဒါလိုက်ပို့ပေးခဲ့တယ်။ ခရီးသည်ပို့ပြီး အပြန်လူပြတ်တဲ့နေရာရောက်တော့ ကားပေါ်မှာပဲ စီးကရက်ထဲက ဆေးတစ်ဝက်လောက် အပြင်ထုတ်ပြီး စောစောက ယူလာတဲ့ ပင်နီစလင်ပုလင်းထဲက ဖြူဖြူအမှုန့်လေးတွေ ရောစပ်ထည့်ပြီး ဆေး အနည်းငယ် ပြန်သိပ်ထည့်တယ်။ စီးကရက်ဘူးထဲက အလိပ်နှစ်ဆယ်လောက်က အဲဒီဖြူဖြူအမှုန့်လေးတွေ ထည့်ထားတယ်။

ဘာ ... အဲဒါမူးယစ်ဆေး ဟုတ်လားဆရာ။ ကျွန်မကတော့ အစက ကြားဖူးရုံသာ ကြားခဲ့ဖူးတာ။ ခုမှပဲ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ဖူးတော့တယ်။ ကျွန်မ ယောကျ်ားကိုယ်တိုင် သုံးစွဲနေတာ နဖူးတွေ့ဒူးတွေ့ တွေ့ခဲ့မိတော့တယ်။ သူက တော့ဆေးစွဲနေတာကြာပြီ။ ဒါကြောင့် အိမ်ကတောင် လက်မခံဘဲ နှင်ချပြီးအမွေပြတ် ကြော်ငြာခံထားရတာလေ။ ကျွန်မဘဝကတော့ ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးက ကျားထက်ဆိုးဆိုသလို ဖြစ်နေပြီ။

ဘိန်းစားမယားလို့ အခေါ်ခံရမှာကို စိုးကြောက်ခဲ့ပေမဲ့ လက်တွေ့ဘဝ မှာ ဘိန်းစားကိုမှ လင်လုပ်မိနေပြီပဲ။ သူနဲ့ကျွန်မ ညားခဲ့ကြတာပဲ တစ်နှစ် နှစ်နှစ် လောက်ရှိနေပြီ။ ဒီတော့လည်း ပေါက်တဲ့နဖူး မထူးပါဘူးဆိုပြီး ဖွတ်မှိတ်နေလာ ခဲ့ရတာပေါ့။ သူကတော့ နဂိုကတည်းက ဘိန်းဖြူသုံးစွဲနေသူဆိုတော့ ကားမောင်း သွားနေရင်းက စီးကရက်ကို ပါးစပ်မှာ မချွတ်တမ်းကိုက်ဖွာပြီး မောင်းနေတယ်။ ကျွန်မက သူ့ကို ဘာဖြစ်လို့ ဒီလိုကောင်းကျိုးမပေးတဲ့ မူးယစ်ဆေးကို သုံးစွဲနေရ တာလဲလို့ မေးကြည့်တော့ သူကပြောတယ်ဆရာ အရက်သောက်စားမူးယစ်နေ ရတဲ့ ဖီလင်ထက် ဒီမူးယစ်ဆေးက ပိုပြီး ဖီလင်ငြိမ့်လို့တဲ့။

ဆရာစဉ်းစားကြည့်စမ်းပါ။ မူးယစ်ဆေးဝါးကို မှီဝဲနေရင်းကနေ ကား မောင်းနေတာ ဘယ်လောက်အန္တရာယ်များလဲ။ ဒီလိုအငှားကားကို စီးနေကြပေ


www.burmeseclassic.com

www.burmeseclassic.com


ကားဆရာရဲ့ ရှေ့ခန်းကအနေအထားကို ဘယ်လိုလုပ်သိနိုင်ကြမှာလဲ ဆရာရဲ့။ ဒီအကြောင်းကို ဂဃနဏသိနေခဲ့တာက ကျွန်မလေ။

တကယ်တော့လူမိုက်အားပေးလုပ်ခဲ့မိတာက ကျွန်မပဲ။ ရှောင်လေဝေးဝေး မူးယစ်ဆေးလို့ စံနမူနာပြပြီး ပညာပေးလှုံ့ဆော်မှုတွေကို သိနေကြားနေခဲ့ပေမဲ့ ကောင်းကျိုးမပေး၊ မူးယစ်ဆေးကို တရှိုက်မက်မက် နှစ်ခြိုက်စွဲလမ်းနေတဲ့ လင်ယောကျ်ားကို ဘေးကနေ ကားအတူတူလိုက်ပါစီးနေရင်း အဆိပ်ပင်ရေလောင်း ပေးနေတာ ကျွန်မကိုယ်တိုင်ပါပဲဆရာ။

နောက်ဆုံးတော့ ကျွန်မကိုယ်တိုင်လည်း ဒီမူးယစ်ဆေးသံသရာမှာ နွံနစ်ခဲ့ရတာပါပဲ။ အစကသာ တာဝန်သိပြည်သူတစ်ဦးအနေနဲ့ သက်ဆိုင်ရာကို သတင်းပေးထုတ်ဖော်ဖမ်းဆီးနိုင်ခဲ့ရင် ဒီလိုအမှုဖြစ်လာခဲ့မှာ မဟုတ်ဘူး။ ခုတော့ ဆရာ ကြားလို့မှ ကောင်းကြသေးရဲ့လား။ မူးယစ်ဆေးဝါးသုံးစွဲသူဟု သင်္ကာမကင်း ဖြစ်ပြီး မူးယစ်ဆေးဝါးအမှုနဲ့ အမှုတွဲဖြစ်လာခဲ့ရတာပဲ။ ပိုဆိုးတာက တရားရုံးမှာ ကျွန်မကိုယ်တိုင် ဒီအမှုကို မကျူးလွန်ခဲ့ပါဘူးလို့ ငြင်းဆိုခဲ့ပေမဲ့ ဆီးစစ်တော့ ကျ တယ်တဲ့ဆရာ။

လင်က မူးယစ်ဆေးဝါးကို ကိုယ်ပေါ်မှာဆောင်ပြီးတော့ သုံးစွဲနေခဲ့လို့ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိမှုနဲ့ ထောင်ငါးနှစ်ကျသွားခဲ့ရလို့ ဘာမျှမနစ်နာဘူး။ ကျွန်မမှာသာ ကားပေါ်မှာ အတူတူလိုက်ပါစီးနင်းခဲ့မိလို့ အားပေးကူညီမှု၊ သုံးစွဲမှုတို့ သတ်မှတ်ပြီး ထောင်သုံးနှစ်ကျခံခဲ့ရတာပဲ အဖတ်တင်တယ်။ သူ့အတွက်တော့ ဘာအရေးလဲ၊ ကိုယ်ပြုသောကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာခဲ့တာကြောင့် မဆန်း ပေမဲ့ ကျွန်မမှာသာ အလကားနေရင်း ဘဝနစ်မွန်းသွားခဲ့ရတော့တယ်။

နောက်ဆုံးတော့ ကျွန်မတို့နှစ်ယောက်စလုံး ရုံးချိန်းထွက်နေကြရင်း မူးယစ်ဆေးဝါးမှုနဲ့ ထောင်ကျသွားခဲ့ကြတာပါပဲ။ အဲဒီအချိန်ကစပြီးတော့ ဆရာနဲ့ မဆုံတွေ့ရတော့ဘဲ အင်းစိန်ထောင်ထဲမှာ ပြစ်ဒဏ်ကျခံနေခဲ့ကြရတယ်။ ဆရာ့ အကြောင်းကိုတစ်ပတ်တစ်ခါ ရန်ကုန်ယာဉ်အချုပ်စခန်းကို ရုံးထွက်တဲ့အချိန်တုန်း က ပြန်လာကြတဲ့ အကျဉ်းသူတွေကတစ်ဆင့်ကြားခဲ့တာကတော့ ဆရာတစ်ယောက် အချုပ်သားတစ်ဦးကို ရိုက်နှက်ခဲ့မှုနဲ့ လမ်းမတော်တရားရုံးမှာ အမှုရင်ဆိုင်ဖြေရှင်း ရခဲ့တယ်လို့ ကြားသိခဲ့ရတယ်”

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

## [၃]

□

မဗေဒါသည် ကျွန်တော်နှင့် ရန်ကုန်ယာယီအချုပ်စခန်းမှာ ဆုံတွေ့ခဲ့ကြသည့်အကြောင်းများကို ပြန်လည်ဖောက်သည်ချ ပြောဆိုနေခြင်းဖြစ်သည်။ ဟိုးလွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က မဗေဒါ၏ ပုံသဏ္ဍာန်နှင့် ယခုတွေ့နေရသော ပုံရိပ်သွင်တို့မှာ ကွဲပြားခြားနားနေသည်။ ဟိုတုန်းက မဗေဒါသည် အသက်ရှိလှမှ နှစ်ဆယ်ကျော်ခန့်လောက်ပဲ ရှိဦးမည်။ အမှုနှင့် ရုံးထွက်နေခဲ့သော အချိန်ကာလမှာ နှစ်နှစ်ကျော်ခန့်လောက်ရှိမည်။ ယခုတစ်ကြိမ် ထောင်က လွတ်လာပြီးချိန်ဝယ် မဗေဒါ၏ကိုယ်လုံးကိုယ်ပေါက်အလှက မပျက်သေး။ အရပ်မနိမ့်မမြင့်၊ အသားဖြူဖြူ နက်မှောင်နေသော မျက်လုံးအစုံက ရွှန်းရွှန်းလက်နေဆဲ။ ဖြူလွန်းသော အသားအရည်ကြောင့် မျက်နှာပြင်မှာ ချောမွတ်နေပြီး ပါးပြင်ပေါ်မှ အကြောစိမ်းလေးများ ပေါ်လွင်နေဆဲရှိသေးသည်။

ယခုမှတ်ပုံတင်ကြည့်သောအခါမှ အသက်သုံးဆယ်ခန့်ရှိလာသော်လည်း နုပျိုနေသော ရုပ်ရည်ကြောင့် နှစ်ဆယ်ကျော်ခန့်ဟု ထင်မှတ်ရသည်။ ဟိုယခင်က လင်ယောကျ်ားနှင့် တပူးတွဲတွဲ သွားလာနေခဲ့ရာမှ ယောကျ်ား ဆုံးပါးသွားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com


အခါ အဖော်မဲ့နေဟန်တူသည်။ သူမအား မှတ်ပုံတင်ခဲ့စဉ်က တပ်သားအမာခံက လင်ယောက်ျား ရှိ၊ မရှိဟူသောအချက်ကို မေးမြန်းခဲ့စဉ်မရှိဟု ဖြေခဲ့လေသည်။ တကယ်ပဲနောက်ထပ်မရှိသောကြောင့် မရှိဟု ဖြေခဲ့သည်လား။ တမင်ထိမ်ချန်၍ မပြောခဲ့သည်လားဆိုသည်ကို ကာယကံရှင် မဗေဒါအသိဆုံးဖြစ်ပါသည်။

ယခု အချုပ်ကျလာခဲ့သော အမှုဖြစ်စဉ်ကို မေးမြန်းပြီးမှတ်ပုံတင်သောအခါ လိမ်လည်မှုပုဒ်မ–၄၂၀ ဖြင့် တရားရုံးချုပ် ရမန်ပေါ်တွင် ဖော်ပြထားခဲ့သည်။ ဒါက ထောင်မှလွတ်လာပြီးမှ ထပ်မံကျူးလွန်လာခဲ့သော အမှုဖြစ်မည်ထင်၍ မေးမြန်းကြည့်သောအခါ ...

ဟုတ်တယ်လေ ... ဆရာ၊ တချို့ဆို လူသတ်မှုနဲ့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံနေရတာ။ ဘယ်တော့လွတ်မယ်ဆိုတာတောင် မှန်းဆမရနိုင်ကြဘူးလေ။ ဒီလွတ်ငြိမ်းချမ်းသာခွင့်လည်း ရောက်လာရော ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျနေကြသူအားလုံးကို ထောင်ဒဏ်ဆယ်နှစ်တည်စေလို့ ပြစ်ဒဏ်ပြောင်းလဲပေးခဲ့တယ်။ ကျန်ဆယ်နှစ်ထိ ထောင်ဒဏ်ကျခံနေရသူအားလုံး လွတ်ကုန်ကြတယ်လေ။ စဉ်းစားကြည့်စမ်းပါဦး ဆရာရယ်။ ဘယ်လောက် ဝမ်းသာစရာကောင်းတဲ့သတင်းလဲ။ တချို့များ ဝမ်းသာလွန်းလို့ ပျော်တဲ့သူက ပျော်နေကြသလို ဝမ်းနည်းပြီး ချုံးပွဲချငိုတဲ့ သူတွေကလည်း ငိုလိုက်ကြတာ ကျွက်ကျွက်ညံနေတာပဲ။

ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်သက်မှာ လင်နဲ့သားသမီးတွေကို ပြန်လည်မဆုံတွေ့ရတော့ဘူးလို့ အားငယ်စိုးကြောက်နေခဲ့ကြသူတွေ ခုလို တစ်သက်တစ်ကျွန်းကနေ ဆယ်နှစ်ကိုပြောင်းပေးလိုက်တော့ထောင်ကျနေတာချည်းခုနစ်နှစ်၊ ရှစ်နှစ်ရှိနေခဲ့ကြတဲ့ အကျဉ်းသူတွေ လွတ်ကုန်ကြတော့တာပေါ့။ ကျွန်မလည်း ဘာထူးသေးလဲ ဆရာရယ်။ ထောင်သုံးနှစ်ကျနေခဲ့တာ ထောင်ထဲမှာ တစ်နှစ်ကျော်ကျော်ပဲ နေခဲ့ရတယ်။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တစ်ခါတည်း လွတ်ခဲ့တာပဲ။ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် လည်နေခဲ့မိတယ်။ အဲ ... ဒါပေမဲ့ ထောင်က လွတ်လိုက်တာတော့ ဟုတ်ပါပြီ။ ငါ ဘယ်ပြန်ရမှာလဲဆိုတာကို စဉ်းစားလိုက်မိတော့ ငိုချင်စိတ်တောင် ပေါက်သွားခဲ့တယ်။

ဟုတ်တယ်လေ ... ဆရာ၊ ကျွန်မနေရာကဝင်ပြီး စဉ်းစားကြည့်စမ်းပါ။ ထောင်ကနေ လွတ်လိုက်ပါပြီတဲ့။ ဘယ်နေရာ ဘယ်စခန်းကိုပြန်ရမလဲ။ လောလော

www.burmeseclassic.com

www.burmeseclassic.com


ဆယ် ကျွန်မ အားကိုးနေခဲ့တဲ့ လင်ယောက်ျားကလည်း ရဲဘက်စခန်းမှာ သေဆုံးသွားခဲ့ပြီလေ။ ကျွန်မအဒေါ်တွေဆိုတာလည်း ဟိုတုန်းကတည်းက သိပ်လက်မခံချင်ခဲ့ကြတာ။ ခုနေများ ပြန်သွားခဲ့လို့ကော ဘယ်လက်ခံမလဲ ပိုဆိုးသေးတယ်။ ကျွန်မတစ်ယောက်တည်းပဲ လောကအလယ်မှာ ယောင်ချာချာနဲ့ ကျန်ရစ်ခဲ့ပြီ။ ကျွန်မတစ်ယောက်တည်း ထောင်ကပေးလိုက်တဲ့ လွှတ်ဝရမ်းလေးကို လက်မှာ ကိုင်ဆုပ်ထားရင်း စဉ်းစားရခက်နေခဲ့တယ်။

ဒီအချိန်မှာပဲ ထုံးဘို (တမာတောင်) ရှေ့နားက ကားမှတ်တိုင်မှာ မေမြို့က ဆင်းလာနေတဲ့ကားတွေကို ငေးမောကြည့်နေမိတယ်။ တစ်ယောက်တည်း ငူငူငိုင်ငိုင်ကြီးရပ်နေတုန်း ရဲဘက်စခန်းထဲကနေ အတူတူလွှတ်လာခဲ့တဲ့ အသက်လေးဆယ်ခန့်အရွယ် အစ်မကြီးက မေးလာတယ်။ ညီမ ဘယ်အထိအောင် ပြန်ရမှာလဲတဲ့လေ။ ကျွန်မလည်း အူကြောင်ကြောင်ဖြစ်နေခဲ့တာကြောင့် ဘယ်လိုပြန်ရမယ်မှန်း မသိပါဘူးရှင်လို့ ဖြေလိုက်တယ်။

အဲဒီတော့မှ သူက ပြုံးချိုဖော်ရွေစွာနဲ့ အုတ်ရိုးဖော်မိတ်ဆွေချင်းတွေပဲ တစ်ယောက်အခက်အခဲ တစ်ယောက်ကူညီရတာပေါ့ကွယ်လို့ ပြောတယ်။ ညီမလေးလို ငယ်ငယ်ရွယ်ရွယ်ကောင်မလေးတစ်ယောက်အနေနဲ့ ညရေးညတာမှာ တည်းခိုရခက်ခဲနေမယ်။ လောလောဆယ်အစ်မကြီးတို့ အိမ်မှာပဲ ခေတ္တအခိုက်အတန့်လိုက်တည်းခိုလို့ရပါတယ်လို့ ပြောလာတယ်။ ကျွန်မကို ကူညီစောင့်ရှောက်ပေးမယ့် ကယ်တင်ရှင်ကို တွေ့လိုက်ရလို့ အရမ်းဝမ်းသာသွားခဲ့တယ်။

ဒါကြောင့် သူမခေါ်ဆောင်ရာ နောက်ကို လိုက်ပါသွားခဲ့တယ်။ ထုံးဘိုမန္တလေးပြေးဆွဲနေတဲ့ အမှတ် (၁၁) ဘတ်စ်ကားကြီးနဲ့ စီးလာခဲ့ကြတယ်။ သူတို့နေထိုင်တဲ့နေရာက အောင်ပင်လယ်နားက ရွာကလေးမှာဖြစ်တယ်။ စခန်းနဲ့ သိပ်မဝေးဘူး။ ကျွန်မဆိုတာ မန္တလေးမြို့ကိုလည်း တစ်ခါမှ ရောက်ဖူးခဲ့တာမဟုတ်ဘူး။ ထောင်ကျမှပဲ အထက်မြန်မာပြည် မန္တလေးဆိုတာကို ရောက်ခဲ့ရတာ။ ကျွန်မတို့က တောမှာနေ ရန်ကုန်မြို့မှာ ကြီးပြင်းလာခဲ့တာပါ။ ကိုယ်မရောက်ဖူး အကျွမ်းမဝင်ဖူးတဲ့နေရာဒေသမှာ ဘယ်လိုသွားတတ်လာတတ်ပါ့မလဲ ဆရာရယ်။ ကိုယ်ခြေမချသေးဘူးတဲ့ ပတ်ဝန်းကျင်အရပ်ဒေသမှာ ကျင်လည်ကျက်စားရမှာမို့ ထောင်က လွတ်လွတ်ချင်း အခိုက်အတန့်လောက် ခိုနားလို့ရလည်း မဆိုးပါဘူးလေဆိုပြီး လိုက်သွားခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com



ဟား ... ဟား ... ဟား ... ဆရာက ဘာရယ်တာလဲ။ ကျွန်မပြောမယ့်အကြောင်းကို ကြိုသိနေလို့လား။ ဟင်း ... ဟင်း ... ဟုတ်မှာပါလေ။ ဆရာတို့လို ထောင်ဝန်ထမ်းတွေဆိုတာ ချက်ဆို နားခွက်က မီးတောက်ပြီးသားဆိုတာ အတွေ့အကြုံက သိနေနှင့်ကြပြီပေါ့။ လူတစ်ယောက်ရဲ့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်ကို ကြည့်ရုံမြင်ရုံနဲ့ ခန့်မှန်းမိပြီးသားလေ။

☼ ☼ ☼

# [၄]

❑

ဟုတ်ပါတယ် ... ဆရာ။ ကျွန်မ ကျိန်ဆို ကျိန်ပြောရဲပါတယ်။ ဘုရားစူး၊ မိုးကြိုးပစ်ဆိုလည်း ကျိန်ဖို့ ဝန်မလေးပါဘူး ... ဆရာရယ်။ ဘယ့်နှယ်တော် ... ဒီလို ပျဉ်ထောင်ပျဉ်ခင်း အိမ်လေးတစ်လုံးနဲ့ ခြံနဲ့ဝင်းနဲ့ ကျကျနနနေနိုင်လျက်သားနဲ့များ ဒီအလုပ်မျိုး လုပ်စားနေတယ်ဆိုတာ အံ့ဩမိပါရဲ့။ ကျွန်မလည်း ရောက်စညမှာပဲ အိမ်ကိုဝင်လိုက်ထွက်လိုက်နဲ့ လာလိုက်ကြတဲ့ ဧည့်သည်တွေ ရှုပ်ယှက်ခက်နေတော့တာပဲ။ အိမ်ပေါ်မှာဆိုတာ ကျွန်မလောက်အသက်အရွယ်တွေက နှစ်ယောက်လောက်ပဲ ရှိမယ်။ ကျန်တာတွေက ငယ်ငယ်ချောချောလေးတွေ။ အားလုံးခြောက်ယောက်လောက်ရှိမယ်။

ဩြော် ... ကျွန်မကို ခေါ်လာတဲ့အစ်မကြီးလား။ ရှိတာပေါ့ ... သူက ဒီအိမ်ရှင် ကိုဒေးဗစ်ဆိုတာ သူ့ယောက်ျားလေ။ သူက အိမ်မှာ အားလုံး စီမံခန့်ခွဲနေသူပဲ။ ကားနဲ့လာတဲ့လူ၊ ဆိုင်ကယ်နဲ့လာတဲ့လူတွေဆိုတာ များမှများပဲ။ အညီရှိရာယင်အုံတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ အလျှိုလျှို အိပ်ခန်းတွေထဲ ဝင်ဝင်သွားလိုက်ကြတာ။ ကိုဒေးဗစ်ဆီမှာ ငွေရာထောင်ချီပြီး ရှင်းပေးကြပြီးမှ သူတို့တွေ့ချင်တဲ့ကောင်မလေးနဲ့ တွေ့ကြရတာလေ။

www.burmeseclassic.com

www.burmeseclassic.com



တချို့လည်း တစ်ညလုံးလိုလိုနေပြီး မိုးလင်းခါနီးမှပဲ ထပြန်သွားကြတဲ့ ဧည့်သည်တွေလည်း ရှိတယ်လေ။ ကျွန်မနဲ့ စခန်းမှာ ထောင်အတူတူ ကျလာတဲ့ အစ်မကြီးနာမည်က စန်းစန်းမော်တဲ့။ သူကလည်း ကျော်ဇောမှုနဲ့ဆိုလား စိန်ပန်း ရပ်ဘက်မှာ အလုပ်လုပ်နေရင်း ပြဿနာဖြစ်လာခဲ့တာလေ။ အဲဒီအမှုနဲ့ ထောင်သုံးနှစ် ကျသွားခဲ့တယ်။ မန္တလေး နန်းတွင်းထောင်ကနေ ထုံးဘို(တမာတောင်) ကျောက်ထုတ်စခန်းရောက်လာခဲ့တာ။

သူ ထောင်ထဲရောက်လာနေချိန်မှာ ဒီပြည့်တန်ဆာလုပ်ငန်းတွေကို ယောကျ်ားဖြစ်သူက ဦးဆောင်လုပ်နေခဲ့ရတယ်။ မူလနေရပ်မှာ ဆက်လုပ်စားဖို့ အခြေအနေက မပေးတော့တာကြောင့် လက်ရှိအိမ်ဝိုင်းလေးကို ရောင်းပြီး မြို့ပြင်က အောင်ပင်လယ်ဘက်မှာ လာအခြေချနေခဲ့တာပေါ့။ ဘာတဲ့ သူတို့လောက အပြောအရ ဝပ်ကျင်းပြောင်းတယ်လို့ ပြောတယ်။ ထောင်ကျနေတုန်းက စခန်းကို ထောင်ဝင်စာ ခဏခဏ လာတွေ့နေကျလေ။

ဒါကြောင့်လည်း ထောင်ကလွတ်လွတ်ချင်း သူ့မိသားစုတွေ နေထိုင်နေတဲ့နေရာကို သိလို့တန်းလာခဲ့ကြတာပေါ့။ သူတို့မှာက သားသမီးမရှိကြဘူးလေ။ အိမ်မှာမွေးထားတဲ့သမီးတွေအကုန်လုံးက သူတို့သမီးတွေပေါ့တဲ့၊ ကျွန်မရောက်ခါစ အချိန်တုန်းလောက်ကဆို မျက်စိရှုပ်နားရှုပ်နဲ့ ရှက်လွန်းလို့ မျက်နှာဘယ်ထားရမှန်းတောင် မသိဘူး။ အိမ်ပေါ်မှာဆိုတာ ယောကျ်ားဆိုလို့ ဒေးဗစ်ဆိုတဲ့ မစန်းစန်းမော်ယောကျ်ားပဲရှိတာ။ ကျန်တာ မိန်းမသားတွေချည်းပဲလေ။

သူတို့ နေပုံထိုင်ပုံ ပြောပုံဆိုပုံတွေကို ကြည့်ပြီးတော့ ကျွန်မ ပထမတော့ နားရှက်မျက်စိရှက်နဲ့ နေရထိုင်ရခက်လိုက်တာ ဆရာရယ်။ နောက်တော့လည်း တဖြည်းဖြည်းယဉ်ပါးလာခဲ့တယ်။ ကောင်မလေးတွေက ငယ်ငယ်ချောချောလေးတွေလေ။ ပထမတော့ ကျွန်မ ကြောက်နေတယ်ဆရာ။ ဒီလောကထဲမှာ ပျော်မွေ့ချင်လာအောင် ပထမဆုံး လက်ဦးဆရာက အစ်မကြီး စန်းစန်းမော်ပဲ။ တကယ်တော့ သူကလည်း ပြည့်တန်ဆာခေါင်းတစ်ယောက်ပဲ မဟုတ်လား။ ဒီကိစ္စတွေမှာ ရိုးနေပြီ။ ကျင်လည်ကျက်စားနေကျ ဖြစ်နေပြီ။ ဒါကြောင့် ကျွန်မကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့တာပေါ့။

ဩော် ... ဆရာ့ကို ပြောဖို့မေ့နေတယ်။ ဟား ... ဟား ... ဟား သိပ်ရယ်စရာကောင်းတာပဲ။ ကိုဒေးဗစ်က အိမ်ကို ဘဲလ်အဲယား ကားကြီးနဲ့ ပေါက်ချ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တဲ့ ထောင်ကဲကြီးတစ်ယောက်ကိုလေ။ ကျွန်မအကြောင်း အမွှန်းတင်ပြီး ရွှန်းရွှန်းဝေအောင် ပြောနေလိုက်တာများ စိတ်ထဲက ကြိတ်ရယ်ချင်လိုက်တာမှ ကလိကလိနဲ့ နေတာပဲ။

ထောင်ကဲကြီးကို အချင်းချင်းမို့ ဘယ်သူမှတောင် လက်ဖျားနဲ့မှ မတို့မထိ ရသေးဘူးတဲ့။ ထောင်ကနေ လွတ်လာတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ သူ့မိန်းမ တူမလေးပါဆိုပြီး ကျွန်မထောင်ကနေ လွတ်ပေးလိုက်တဲ့ လွတ်ဝရမ်း လက်မှတ်လေးကို ထုတ်ပြတယ်။ ထောင်ကဲကြီးကလည်း ခြောက်ဆယ်နားနီး နေတဲ့ အရွယ်ကြီးဆိုတော့ ဒီလို လူလတ်ပိုင်းအရွယ်ပဲ သဘောကျတယ်တဲ့။ ကျွန်မ ကိုဖက်ထားပြီး တဟားဟားနဲ့ သဘောကျနေတာ ပါးစပ်ထဲက ရွှေသွားတွေဆိုတာ ဝင်းလက်နေခဲ့တယ်။

ကျွန်မလည်း သူ့ရဲ့ ဘဲလ်အဲယား ကားပေါ်မှာ လိုက်ပါစီးရင်း တစ်ခါမှ မရောက်ဖူးတဲ့ မြို့ထဲကို ဟိုငေးဒီငေးနဲ့ ပါသွားခဲ့တယ်။ တည်းခိုခန်းမှာ တည်းခိုကြ တော့ ကျွန်မမှာ မှတ်ပုံတင်မပါလာခဲ့ဘူး။ ထောင်ကျနေတဲ့လူမှာ ဘယ်က မှတ်ပုံတင် ရှိပါ့မလဲ။ ဒါပေမဲ့ တည်းခိုခန်းပိုင်ရှင်က သူ့အသိမိတ်ဆွေဖြစ်နေတော့ မှတ်ပုံတင် နံပါတ်ကိုပဲ ရေးမှတ်ထားလိုက်တယ်။

ဒီနေရာမှာ ကျွန်မရဲ့ အကြံအစည်တစ်ခုကို ဆရာသိအောင် တိုးတိုးတိတ် တိတ် ပြောပြရဦးမယ်။ ကျွန်မတို့နှစ်ယောက် တည်းခိုခန်းမှာ တည်းခိုရင်း ရေမိုး ချိုးပြီးတော့ ညနေစာ ထွက်စားကြဖို့ အပြင်ထွက်ခဲ့ကြတယ်။ စားသောက်ဆိုင် မှာ ထမင်းစားသောက်ပြီးအပြန် ကျွန်မက ညဘက် မိုက်အောင့်တတ်လို့ ဆေးခဏ ဝင်ဝယ်ဦးမယ်ဆိုပြီး ပြောတော့ ကားရပ်ပေးတာနဲ့ ကားပေါ်ကဆင်းပြီး ဆေးဝယ် ခဲ့တယ်။

အမှန်တော့ ကျွန်မ ညည အိပ်မပျော်ရောဂါဖြစ်နေတတ်လို့ အိပ်ဆေး ဝင်ဝယ်ခဲ့တာပါ။ ဒါပေမဲ့ ထောင်ကဲကြီးယုံအောင် ဂျဲလ်မက်ဆေးကို ဝယ်ပြီးတော့ အိပ်ဆေးကို အသာဝှက်ထားလိုက်တယ်။ ကျွန်မတို့ တည်းခိုခန်းကိုရောက်ပြီး အနားယူခဲ့ကြတယ်။ ညဘက်ပိုင်းမှာ ဆေးသောက်ဖို့ တည်းခိုခန်းက ကောင်လေး ကို ကော်ဖီနှစ်ခွက် ပါဆယ်ဝယ်ခိုင်းခဲ့တယ်။ ညဘက်စခန်းသွားပြီး တရေးတမော မအိပ်ခင် ကျွန်မက ဆေးသောက်ဖို့ပြင်တယ်။ သူ ရေအိမ်သွားနေတုန်းမှာပဲ သူသောက်မယ့် ကော်ဖီခွက်ထဲကို အိပ်ဆေးခတ်ထည့်ထားလိုက်တယ်။ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီသောက်ပြီးသွားရော မကြာဘူး အိပ်ပျော်သွားခဲ့တယ်။ အိပ်နေလိုက်တာများ ကုလားသေ ကုလားမောကို အိပ်ပျော်နေတာရှင့်"

ကျွန်တော်က ကြားဖြတ်၍ ...

"သူ ခုလို အိပ်ပျော်သွားတုန်းမှာ မဗေဒါက တည်းခိုခန်းထဲက လစ်ပြေးခဲ့တာလား"

"ကျွန်မလည်း ဘယ်လစ်လိမ့်ဦးမလဲ ဆရာ။ အမျိုးမျိုး အကြံထုတ်နေတာပေါ့။ နောက်ဆုံး မနက်မိုးလင်းခါနီးမှာ တည်းခိုခန်းက ချာတိတ်လေးကို ညဘက်က ဗိုက်အရမ်းဆာနေလို့ အစာအိမ်ရောဂါရှိတယ်ဆိုပြီး တည်းခိုခန်းရှေ့မှာ မိုးလင်းဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်မှာ တစ်ခုခုသွားစားချင်လို့ ပြောပြီးထွက်လာခဲ့ရာက တစ်ချိုးတည်း လစ်ပြေးခဲ့တော့တာပဲ"

ကျွန်တော် တစ်ချက်ပြုံးလိုက်မိသည်။

"ဒါဆို ... ဘယ်က လမ်းစရိတ်ရလာလို့ လစ်ပြေးခဲ့တာလဲ"

"ဟင်း ... ဟင်း ... ဟင်း ... လမ်းစရိတ်မရှိဘဲ ဘယ်ပြန်လို့ ဖြစ်ပါ့မလဲ ဆရာရယ်။ ဗေဒါပါ ဆရာ၊ သင်းတို့လောက်မှမလည်ရင် လုပ်မစားဘူးလေ။ ကျွန်မဘဝက မထူးတော့ပါဘူး။ ရှင်ကြီးဝမ်းလည်း ဝင်ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးနေခဲ့ပြီပဲ။ ဒီလောကမှာ ခေါင်းတုံးပေါ်ထိပ်ကွက်နိုင်မှ တန်ကာကျမယ်။ ငွေလား ထောင်ကဲကြီးရဲ့ ပိုက်ဆံအိတ်ဖောင်းဖောင်းကြီးထဲက ငွေသားအားလုံးဟာ ကိုယ့်ငွေတွေပဲပေါ့။ ဟဲ ... ဟဲ ... ဟဲ ... ငါးမူးသား လက်စွပ်တစ်ကွင်းတောင်မှ အဆစ်ပါသေးတယ်"

ကျွန်တော်က ...

"အဲဒီငွေတွေ လစ်ပြေးပြီး ဟိုအိမ်ကို ပြန်သွားခဲ့သေးလား"

"ဘယ်ပြန်မလဲ ဆရာ။ ဝေးသေးတယ်။ ဟုတ်တယ်လေ ... ကျွန်မကို အော်ဒါထည့်ပေးလိုက်ပြီးကတည်းက ကျွန်မ နောက်ကြောင်းပြန်မလှည့်တော့ဘူးလို့ စဉ်းစားပြီးသား။ တည်းခိုခန်းက ပြန်ပို့ရင် ထောင်ကဲကြီးကို အကျိုးအကြောင်းပြောပြပြီး လမ်းစရိတ်တောင်းမယ် စိတ်ကူးထားခဲ့တာ။ ဒီရောက်မှ စိတ်ပြောင်းသွားပြီး ပိုက်ဆံအိတ်ထဲက ငွေတွေမြင်တော့ ရေကန်အသင့် ကြာအသင့်ဖြစ်သွားခဲ့တာပေါ့။ ကျွန်မသာ ဟိုအိမ်ကိုပြန်သွားခဲ့ရင် ဒီလောကထဲမှာပဲ ကျင်လည်နေရမှာမယ်။ ပိုဆိုးတာက အစ်မစန်းစန်းမော်ရဲ့ ယောကျ်ားကြီးက စားနေကျ ကြောင်ပါး

www.burmeseclassic.com

www.burmeseclassic.com



ကြီးလေ။ တော်ကြာ ... မောင်ကျန်တစ်တို့နဲ့ အလကားမတ်တင်း ခြေတော်တင်ခံနေရဦးမယ်''

''နောက် ... ဘယ်လိုလစ်ပြေးသွားခဲ့တာလဲ''

''ဟဲ ... ဟဲ ... ကျွန်မလည်း တည်းခိုခန်းကနေ ခပ်သုတ်သုတ်ထွက်လာခဲ့ပြီး မနက်ဝေလီဝေလင်းအချိန်ကြီးပဲ ရှိသေးတယ်။ လမ်းမှာ ဘူတာကြီးကို ဘယ်လိုသွားရသလဲဆိုပြီးတော့ မေးမြန်းရင်း ဈေးချိုနာရီစင်ကြီးဘက်ကို ရောက်လာခဲ့တယ်။ လက်ထဲမှာလည်း ထောင်ကဲကြီးအိတ်ထဲက ယူလာခဲ့တဲ့ ငွေတစ်သောင်းနီးပါး ပါလာခဲ့တယ်လေ။ ဒီငွေနဲ့ဆို ရန်ကုန်မြို့ကို ပြန်လို့ရတဲ့အပြင် လမ်းမှာ သုံးဖို့ စွဲဖို့တောင် အပိုအလျှံရှိနေခဲ့ပြီပဲ။ အဲဒီလို ကျွန်မ လမ်းလျှောက်လာနေတုန်းမှာ ဘတ်စ်ကားကြီးလိုလို ကားပြာကြီးတစ်စီး မောင်းလာနေတယ်။ ကားနောက်ဘက်ကနေ စပယ်ယာတစ်ယောက်က သပိတ်ကျင်း မိုးကုတ်လို့အော်နေတာကို ကြားလိုက်ရတယ်။ အဲဒီတော့မှ ကျွန်မ စိတ်ကူးပြောင်းသွားခဲ့တယ်။

ဟုတ်တယ် ... ဆရာ၊ ကျွန်မ ရန်ကုန်မြေကို ဘာဖြစ်လို့ ပြန်နေတော့မှာလဲ။ နေရာဒေသသစ်တစ်ခုမှာ စီးပွားရှာပြီး အဆင်ပြေမှပဲ ရန်ကုန်ကို ပြန်တော့မယ်လို့ စိတ်ကို ဆုံးဖြတ်လိုက်တယ်။ ကျွန်မလို တစ်ကောင်ကြွက်ဘဝဖြစ်နေသူအတွက် ရန်ကုန်ပြန်စရာ အကြောင်းမရှိတော့ဘူးလေ။ ဒီတော့ ကျွန်မရဲ့ ခရီးစဉ်ကို ပြောင်းပြီး ခြေရာဖျောက်လစ်ဖို့ ကြံရွယ်ခဲ့တာပေ့ါ။ ကျွန်မ ခုလို ကျူးလွန်လာခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး ရဲကိုတိုင်တန်းခဲ့ရင်လည်း မိးခိုးကြွက်လျှောက်ပြသနာဖြစ်နေမယ်။ ကံမကောင်းရင် ထပ်ပြီး အဖမ်းခံချင်ခံရနိုင်တယ်။ ဒါကြောင့် ကျွန်မ ဘာကိုမျှ တွေဝေစဉ်းစားမနေတော့ဘဲ ကားကြီးကို လက်ပြတားလိုက်တယ်။ အဲဒီကားပြာကြီးက မိုးကုတ်မြို့ကို ပြေးဆွဲနေခဲ့တဲ့ 'မန်းနီလာ'ကားကြီးပဲဆရာ''

''မိုးကုတ်မြို့ကိုရောက်ပြီး ဘာတွေဆက်ဖြစ်ခဲ့သေးလဲ မဗေဒါ''

''အမှန်တကယ် ကျွန်မ ဘာရယ်မဟုတ်ဘူး။ လတ်တလော အခြေအနေကနေ ရှောင်ချင်တိမ်းချင်လို့သာ ကြုံရာကားစီးလာမိတာပါ။ မန်းနီလာကားကြီးကတော့ သူ့ခရီးစဉ်အတိုင်း သပိတ်ကျင်းမြို့ကို ဖြတ်ကျော်မောင်းလာခဲ့ပြီး ဖောတောကိုတဲ့ ရွာကလေးကိုရောက်လာပြီး တောင်ပေါ်လမ်းကို ဆက်တက်မောင်းနေတယ်။ နောက်ပြီး ... ရွှေညောင်ပင်ကိုရောက်လာပြီး ထမင်းစားနားခဲ့တယ်။ အဲဒီဒေသ ရှုက်မျှစ်ချဉ်က ပျဉ်းမနား၊ ပဲခူးတို့က မျှစ်ချဉ်ထက် အရမ်းကောင်းတယ်ဆရာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေ ဆက်မောင်းလာခဲ့တာ ကျပ်ပြင်မြို့ကို ညနေ နေဝင်ရီတရော မှာ ရောက်လာတယ်။ နည်းနည်းမှောင်စပျိုးချိန်လောက်မှာ မင်းတံတားရှာကို ဖြတ်ကျော်မောင်းလာခဲ့ပြီး မိုးကုတ်မြို့လယ်က ဖောင်တော်ဦးဘုရားကို ဖူးတွေ့ ခဲ့တယ်။ မိုးကုတ်မြို့ဟာ ဒယ်အိုးပုံကြီးလို့ သူများတွေ ပြောဆိုတာကို ကြားသိ ခဲ့ရတယ်။ ဟုတ်မယ် ဆရာ။ လမ်းတွေက မြွေလိမ်မြွေကောက်ဖြစ်နေပြီး တစ်ကုန်း ကျော်တစ်တောင်ဆင်း မောင်းနေခဲ့တယ်။

☼ ☼ ☼

[၅]

❑

နောက်ဆုံး ဘီးတောင်ရပ်ကွက်နေရာရောက်တော့ ကားပေါ်မှာ ရင်း ခင်မင်လာခဲ့တဲ့ အဒေါ်ကြီးတစ်ယောက်နေတဲ့ အိမ်မှာ ခေတ္တတည်းခိုမယ်ဆို လိုက်သွားခဲ့တယ်။ ခု ကျွန်မ မိုးကုတ်မြို့ကိုရောက်တာ ခြောက်လလောက်ရှိနေပြ ပါလာတဲ့ငွေအရင်းအနှီးလေးနဲ့ မိုးကုတ်ထာပွဲမှာ အရောင်းအဝယ် လုပ်စား ခဲ့တယ်။ ထာပွဲဆိုတာ မိုးကုတ်ဒေသထွက် နီလာ၊ ပတ္တမြား၊ ကျောက်ပွင့်လေ တွေကို ရောင်းဝယ်နေတဲ့နေရာပါ။ အဲဒီထာပွဲမှာ သိန်းကျောက်၊ သောင်းကျော တွေကို အရောင်းအဝယ်ဖြစ်တာမဟုတ်ဘူး။ ထောင်ကျောက်၊ သောင်းကျော လို့ခေါ်တဲ့ ထမင်းစားကျောက်တွေလောက်ပဲ အရောင်းအဝယ်လုပ်ကြတာ သိန်းကျောက်လို တန်ဖိုးကြီးတဲ့ကျောက်ပွင့်တွေကို အိမ်မှာ ကျောက်ကုန်သည်ချ ပဲ အရောင်းအဝယ်လုပ်ကြတယ်။

ကျွန်မတို့လို အရင်းအနှီးနည်းတဲ့ လူတွေကတော့ ထာပွဲမှာပဲ ကျော ဈေးကစားနေရတယ်။ မိုးကုတ်သူတွေဟာ ရှမ်းခမောက်လေးတွေဆောင်း စက်ဘီးကလေးတွေနဲ့ ထာပွဲကိုလာကြတယ်။ ကျောက်အရောင်းအဝယ်ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



အခါ သူတို့ဆောင်းလာတဲ့ ခမောက်လေးတွေကို ပက်လက်လှန်ပြီး ချိုင့်ခွက်နေရာမှာ လက်ကိုင်ပဝါလေးနဲ့ ထုပ်ယူလာတဲ့ ကျောက်တွေကို ဖြန့်ခင်းပြကြတယ်။ ကျောက်ဝယ်မယ့် လူက လက်နဲ့ကိုင်ယူပြီး နေရောင်မှာ ထောင်ကြည့်ဈေးဖြတ်ပေးကြတယ်။

ဒီနေရာမှာ ဗဟုသုတအနေနဲ့ ဆရာ့ကို ပြောပြရဦးမယ်။

အဲဒီလို တစ်စုံတစ်ယောက်က ကျောက်ပွင့်လေးတစ်လုံးကို ကိုင်ကြည့်ပြီး ဈေးဖြတ်ပေးတဲ့နေရာမှာ နှစ်ဦးနှစ်ဖက်မနစ်နာရအောင် မှန်မှန်ကန်ကန်ဈေးဖြတ်ပေးဖို့ လိုတယ်ဆရာ။ ကိုယ့်ကျောက်က ကံအားလျော်စွာ သောင်းကျောက်လောက်တန်နေခဲ့ရင် သောင်းဈေးဖြတ်ပေးရတယ်။ တမင် ဈေးနှိမ်ဝယ်ယူလိုတဲ့ သဘောနဲ့ ရာကျောက်လောက်ပဲ ဖြတ်ပေးခဲ့ရင်တော့ နောက်တစ်နေရာမှာရောင်းရင် ရာကျောက်လောက်ပဲ တန်တော့တယ်။

အဲဒါကို ကျောက်ဦးလည်တယ်လို့ ခေါ်တယ်ဆရာ။ ကျောက်ဈေး အမှန်အတိုင်း မရနိုင်တော့ဘူးလေ။ ဒါပေမဲ့ ကိုယ်နဲ့ ကံထိုက်လို့ သိန်းကျောက်၊ သောင်းကျောက်ဖြစ်သွားခဲ့ရင် ဈေးအဖြတ်ခံရတဲ့ ကျောက်သမားဘက်က ဘယ်လိုမျှကျေနပ်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် မိုးကုတ်သူ မိုးကုတ်သားတွေဟာ သစ္စာတရားကို ဦးထိပ်မှာပန်ဆင်ပြီး အရောင်းအဝယ် လုပ်စားကြတယ်။ အိမ်တိုင်းအိမ်တိုင်းမှာဆိုတာ ဘုရားစင်ပေါ်မှာ ပန်းတွေနဲ့ ဝေဝေဆာဆာဖြစ်နေပြီး အမြဲပန်း၊ ရေချမ်း ဆီမီးကပ်လှူပူဇော်ကြတယ်။ တကယ့်ကို ဘာသာတရားအပေါ်ရှိသေကိုင်းရှိုင်းကြသူတွေများတယ်။ ဒီလိုအရောင်းအဝယ်တွေကြားမှာ ကျွန်မပြဿနာဖြစ်ခဲ့ရတာ အံ့သြဖို့ကောင်းတယ်ဆရာ။ ကျွန်မ ကံဇာတာလေးတွေတက်လာခဲ့လို့လား မသိပါဘူး။ တစ်နေ့ ကျောက်တွင်းထဲကနေ ကျောက်ခိုးတူးပြီးပြန်လာတဲ့ ကျောက်သမားတစ်ယောက်ဆီက ကျောက်တစ်ပွင့် ရလိုက်တယ်။

နီလာ ကျောက်ရိုင်းလေးတစ်ပွင့်ပါ ဆရာ။ အဲဒီနေ့က ကျွန်မတို့ ကျောက်အရောင်းအဝယ် လုပ်နေကြသူတွေဟာ ကျောက်တွင်းလမ်းက ကျောက်ခိုးတူးပြီး ပြန်လာနေကြတဲ့ ကျောက်တူးသမားတွေကို ထိုင်စောင့်နေခဲ့ကြတယ်။ တချို့ကလည်း နှစ်ချောင်းထိုးအပ်ကလေးတွေနဲ့ ချည်လုံးလေးတွေ ဦးထုပ်ထဲမှာထည့်ပြီးတော့ ဆွယ်တာထိုးသူက ထိုးနေကြတယ်။ အမှန်တော့ တစ်ချက်ခုတ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ချက်ပြတ်ဆိုသလို အလုပ်လည်းလုပ်ရင်း ကျောက်လည်းဝယ်ရင်း ထိုင်စောင့်နေကြတာများပါတယ်။ ကျွန်မကတော့ ဆွယ်တာထိုးဖို့ နှစ်ချောင်းထိုးအပ်နဲ့ သင်နေတုန်းဆိုတော့ သိပ်မထိုးတတ်သေးလို့ ထိုင်ကြည့်ပြီး စကားလက်ဆုံကျနေခဲ့တယ်။

☼ ☼ ☼

[၆]

❑

အဲဒီအချိန်မှာပဲ ကျောက်တွင်းထဲက ကျောက်တူးသမားတွေ ပြန်လာနေကြတာ တွေ့လိုက်ရတော့ အနားကို အပြေးချဉ်းကပ်ပြီး ကျောက်ပါလားလို့ အမောတကော မေးကြတယ်။ တချို့ကလည်း မိမိတို့ ဖောက်သည်ရှိပြီးသားဆိုတော့ ကိုယ့်ဖောက်သည်ဆီမှာပဲ ရောင်းကြတယ်။ ကျွန်မက မျက်နှာစိမ်းဖြစ်နေတော့ ရောင်းမယ့်လူမရှိဘူး ဖြစ်နေတယ်။

ဒီအခါမှာ ရှမ်းတရုတ်စပ်မျက်နှာပေါက်နဲ့ ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်ကို ကျွန်မ လှမ်းကြည့်လိုက်တယ်။ လူပုံစံက ခပ်အေးအေးလေးပါ။ သူ့ပခုံးပေါ်မှာ ပေါက်တူးလေးတစ်လက်ထမ်းလာပြီး ပခုံးမှာတော့ လွယ်အိတ်ကလေးတစ်လုံး လွယ်ထားတယ်။ ကျွန်မ သူ့ကို စိုက်ကြည့်နေခဲ့တာကို သူက သဘောပေါက်သွားတယ် ထင်ပါတယ်''

''အစ်မ ကျောက်ဝယ်မလား''

''မင်းမှာပါလား ပါရင်ထုတ်ပြလေ၊ အစ်မကြိုက်ရင် ဝယ်မယ်''

သူက ပါးစပ်ထဲမှာ ငုံလာခဲ့တဲ့ ကျောက်ရိုင်းလေးတစ်ပွင့် ထုတ်ပြတယ်။ သူ့အင်္ကျီနဲ့ စင်ကြယ်အောင် သုတ်လိုက်ပြီး ကျွန်မကို လှမ်းပေးတယ်။ ကျွန်မလည်း ကျောက်ရည်ဝနေပြီ။ ကျောက်အထာ ကျွမ်းနေပြီလေ။ ဒီတော့...

www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . ဘယ်လောက်နဲ့ရောင်းမှာလဲ"

"တစ်သောင်းရရင် ရောင်းမယ်ဗျာ"

ကျွန်မ လက်ထဲမှာ ကိုင်ထားတဲ့ နီလာကျောက်ရှိင်းပွင့်လေးကို သေသေချာချာ လှေ့လာကြည့်လိုက်တယ်။ အရည်လဲ့နေပြီး ကျောက်ကောင်းတစ်ပွင့်မှန်း ခန့်မှန်းလို့ သိခဲ့ရတယ်။ ဟန်ကိုယ်ဖို့လုပ်ပြီး အင်တင်တင် မျက်နှာပေးနဲ့။

"မများဘူးလားကွ . . . မင်းကျောက်က အရည်ကောင်းပေမဲ့ ငါးထောင်လောက်ပဲ တန်မယ်"

"ဟာ . . . ငါးထောင်တော့ နည်းလွန်းပါတယ်ဗျာ"

"ဒါဆိုလည်း အခြားလူကို ရောင်းကြည့်ပေါ့ကွာ"လို့ ပြောလိုက်တော့ သူ တွေဝေသွားခဲ့တယ်။ ဟုတ်တယ်လေ . . . ငါးထောင်ဆိုတဲ့တန်ကြေးက နည်းမှ မနည်းပဲ။ ကျွန်မကလည်း သူများမပေးတဲ့ တန်ကြေးကို အရဲစွန့်ပြီး ပေးလိုက်တာပေါ့။

နောက်ဆုံး ငါးထောင်နဲ့ပဲ အရောင်းအဝယ် တည့်သွားခဲ့ကြတယ်။ အမှန်တော့ ကျွန်မနဲ့ ကံစပ်လို့ရခဲ့တာပါ။ သူကလည်း ကျွန်မပေးခဲ့တဲ့ဈေးကို ကျေနပ်လို့ ရောင်းခဲ့ကြတာပဲ။ နောက်ပိုင်း ထာပွဲနေ့မှာ ကျွန်မဝယ်ခဲ့တဲ့ နီလာကျောက်လေးကိုရောင်းခဲ့တော့ နှစ်သောင်းနဲ့ဈေးတည့်သွားခဲ့တယ် ဆရာ။ ကျွန်မရဲ့ ကံဇာတာ စန်းလာဘ်ပွင့်လာခဲ့ပြီလေ။ ကျောက်ကို ကြိုက်လို့ ဈေးကြီးပေးဝယ်သွားတဲ့ ကျောက်ကုန်သည်တစ်ယောက်ရဲ့တူမနဲ့ အရောင်းအဝယ်ဖြစ်သွားပြီး အိမ်မှာ ငွေလိုက်ချေရတယ်။

အဲဒီနောက်ပိုင်းမှာ ကျွန်မကိုရောင်းသွားခဲ့တဲ့ ကျောက်သမားက ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်သွားတာကို ကြားပြီး မကျေမနပ်ဖြစ်သွားခဲ့တယ်။ ဒါက နှစ်ဦးနှစ်ဖက် ကျေနပ်ကြလို့ အရောင်းအဝယ်ဖြစ်သွားခဲ့ကြတာပဲ။ အခုကျမှ သူ့ကို ဈေးနှိမ်ဝယ်ပါတယ်ဆိုပြီး မတရားစွပ်စွဲလာခဲ့တာလေ။ နောက်ဆုံး ရဲစခန်းမှာ တစ်ဖက်လှည့်နဲ့သွားပြီး သူ့ဆီကကျောက်ကို ရောင်းပေးမယ်ပြောပြီးတော့ လိမ်လည်သွားပါတယ်လို့ တရားစွဲဆိုခဲ့တော့တယ်။ အဲဒါနဲ့ပဲ ကျွန်မကို ရဲစခန်းက ကျောက်လိမ်လည်မှုပုဒ်မ ၄၂၀ နဲ့ ရုံးတင်တရားစွဲဆိုခဲ့တာပါပဲ ဆရာရယ်။

"မဗေဒါ . . . ရန်ကုန်မပြန်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရမှာပေါ့ ... ဆရာ။ ကိုယ့်ဇာတိမြေမှာပဲ ပျော်ချင်ကြတာ။ လူ့သဘာဝပါ။ ခုချိန်မှာတော့ အထီးကျန်ဆန်နေတဲ့ ကျွန်မဘဝအတွက် အဓိကလိုအပ်နေခဲ့တာ ငွေပါ။ ငွေရှာလို့ ရနိုင်မယ့်နည်းလမ်းကို ရှာဖွေတဲ့နေရာမှာ ရိုးရိုးသားသား သမ္မာအာဇီဝနည်းနဲ့ပဲ ရှာဖွေချင်ပါတယ်။ ခန္ဓာကိုယ်အသွေးအသားကို ရောင်းစားပြီး မသမာတဲ့နည်းနဲ့ ငွေမရှာချင်တော့ပါဘူး ... ဆရာရယ်။ ဒါကြောင့် ရှိစုမဲ့စုအရင်းအနှီးလေးနဲ့ တစ်နယ်တစ်ကျေးမှာ ငွေရှာခဲ့ရင်းက ဒီလိုဖြစ်ခဲ့ရတော့ ဘယ်သူမပြု မိမိအမှုပါပဲ ... ဆရာရယ်"

☼ ☼ ☼

[၇]

❑

ကျွန်တော် မပေဒါကို စေ့စေ့ကြည့်လိုက်သည်။ အချုပ်သူဘဝဖြင့် အမှုတစ်ခုကို ရင်ဆိုင်နေရဆဲအခြေအနေမှာ သူမဘဝ၏ ရှေ့ဆက်လှမ်းရမည့် ဘဝလမ်းခရီးပေါ်ဝယ် အားမာန်အပြည့်ရှိနေဟန်တူသည်။ သူမ ဘဝကို စိတ်ကူးယဉ်ဆပ်ပြာပူပေါင်းထဲမှာပဲ အကောင်အထည်ဖော်ဆောင်မှာလား ဆိုတာကိုတော့ ကျွန်တော် မသိနိုင်ပါပေ။

အမှန်တော့ အထီးကျန်သမားတစ်ယောက်အတွက် စိတ်ချမ်းသာမှုဆိုတာ ကိုယ်လုပ်ချင်တာတွေကို လုပ်နေရပြီး ကိုယ်မလုပ်ချင်တာတွေကို မလုပ်ဘဲနေရတာ။ ဒါတွေကတော့ လောကမှာ စိတ်အချမ်းသာဆုံးလို့ ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မပေဒါတစ်ယောက် ဘဝခရီးလမ်းမှာ လျှောက်လှမ်းရင်း လှေလှော်ရင်း တက်မကျိုးပါစေနဲ့ရယ်လို့ ...။

☼ ☼ ☼

စိုးဝေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

"ရွှေကဲငွေကဲထက် လူကဲခတ်ရတာ ပိုခက်တယ်ဆိုတာ မှန်တယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ခင်ဗျားကို အကဲခတ်ခဲ့တာ ပါစင်အောင်လွဲခဲ့လို့ပါပဲ"

ဤစကားမှာ သင်တန်းတူဆင်းဖက် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတစ်ယောက်က ကျွန်တော်၏ အော်တိုစာအုပ်ထဲတွင် အမှတ်တရရေးပေးခဲ့သော မှတ်ချက်တစ်ခုဖြစ်၏။

မှန်ပါသည်။

'အမြင်နီးပေမဲ့ ခရီးဝေးသည့်တောင်၊ အပင်ကြီးပေမင့် အသီးသေးသည့် ညောင်' ဆိုသကဲ့သို့ လူတစ်ယောက်အား သာမန်အပေါ်ယံမျှ အကဲခတ်၍ မရနိုင်ပေ။ အနီးအဝေး ရှုထောင့်အဖုံဖုံမှ အချိန်အတိုင်းအတာတစ်ခုအထိ သေချာဂရုတစိုက် လေ့လာနိုင်ပါမှ သူ၏အတွင်းသဘောကို တီးမိခေါက်မိနိုင်ပေသည်။

ခက်သည်က လူ၏စိတ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတမ်းခက်ထန်လှသူဟု သတ်မှတ်ခံရသူတစ်ဦး၏ နှလုံးသားမှာ အလွန်မွန်မြတ်ကြင်နာသော သနားစိတ်များဖြင့် ပြည့်ဝနေသည်မျိုး ရှိတတ်၏။ ထို့အတူ အလွန်ယဉ်ကျေးနူးညံ့သိမ်မွေ့သူ တစ်ဦး၏ အပြုအမူမှာ တစ်ခါတစ်ရံ အလွန်အမင်း ရက်စက်ကြမ်းကြုတ်နေသည်ကို အံ့ဩဖွယ် ကြုံတွေ့ရတတ်ပြန်၏။

ဤဇာတ်လမ်းသည် ကြမ်းတမ်းခက်ထန်ဟန်ရှိသော ပြန်ပေးသမား၏ နူးညံ့သိမ်မွေ့သော နက်ရှိုင်းလှသည့် နှလုံးသားရေးရာ၏ လျှို့ဝှက်ချက်ကို နဖူး တွေ့ ဒူးတွေ့ ကြုံတွေ့လိုက်ရသော ရဲအရာရှိတစ်ဦး၏ ရဲရင့်ပြတ်သားလှသည့် ဆုံးဖြတ်ချက်ကို ဂုဏ်ပြုဖော်ကျူးထားခြင်းဖြစ်လေသည်။

ထို ဇာတ်ဆန်းဖြစ်ပေါ်လာသော နိဒါန်းအစသည်ကား ...

☼ ☼ ☼

## [၂]

❑

ရဲအုပ်ဖော်မောင် မန္တလေးတိုင်း၊ ညောင်ဦးခရိုင်အတွင်းမှ တောမကျ မြို့မကျ ဒေသခံမြို့နယ်တစ်ခုတွင် တာဝန်ကျခဲ့စဉ်ကဖြစ်၏။ ထိုဒေသကို တစ်ခါ တစ်ရံ ရွာကြီးဟုခေါ်ခဲ့သော်လည်း ယခုအခါ မြို့တစ်မြို့အဖြစ် ရောက်နေပြီဖြစ် ၏။

စင်စစ် ဤမြို့ငယ် ရဲစခန်းတွင် အစဉ်အဆက် ဒုရဲအုပ်အဆင့်ကိုသာ အုပ်ချုပ်စေခဲ့သော်လည်း ဤဒေသတစ်ဝိုက်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာ သည့်အလျောက် ရေမြင့် ကြာတင့်မလာဘဲ မလိုလားအပ်သော ရာဇဝတ်မှုများ သာ တစ်နေ့တခြား ထူပြောလာသဖြင့်လည်း ဤရဲစခန်းတွင် ဒုရဲအုပ်အဆင့်ျ

www.burmeseclassic.com



ဖြင့် မလုံလောက်တော့ဟု အထက်အဖွဲ့အစည်းက ယူဆသဖြင့် ရဲအုပ်ဇော်မောင်ပါ တပ်စိပ်တစ်စိပ်ကို တိုးချဲ့ကာ တာဝန်ပေးအပ်ထားခဲ့ခြင်းဖြစ်၏။

"ဟ ... ဒါ မြင်းခွာရာတွေ မဟုတ်လား ... ကိုလှမြင့်"

လုပ်ငန်းတာဝန်များ လက်ခံရယူပြီးသည့် နောက်တစ်နေ့တွင် ဒုရဲအုပ်လှမြင့်နှင့်အတူ မိမိနယ်မြေအတွင်း လှည့်လည်စစ်ဆေးစဉ် တောင်ခြေသဲပြင်တစ်နေရာ၌ မြင်းခွာရာသဏ္ဌာန်များ တွေ့လိုက်ရ၍ ရဲအုပ်ဇော်မောင်က မေးလိုက်ခြင်းဖြစ်၏။ ဒုရဲအုပ် လှမြင့်မှာ ဤစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့သည်မှာ နှစ်နှစ်နီးပါး ရှိနေသည်ဖြစ်၍ နယ်မြေကို အတော်နှံ့စပ်နေပြီဖြစ်၏။

"ဟုတ်ကဲ့ ... ဆရာ၊ ဒီနားတစ်ဝိုက်က တောလမ်းတွေဆိုတော့ မြင်းနဲ့ ခရီးသွားတဲ့လူတွေ ရှိပါတယ်"

ရဲအုပ်ဇော်မောင်က မြင်းခွာရာများကို သေချာလိုက်ကြည့်ရင်း ...

"နေပါဦး ... ခရီးသွားတယ်ဆိုရင် တစ်ယောက်၊ နှစ်ယောက်ပေါ့ဗျာ။ အခု ကျွန်တော်ရေကြည့်တာ မြင်းခြောက်ကောင်၊ ခုနစ်ကောင်လောက် ဖြစ်နေပါလားဗျ"

ဒုရဲအုပ်လှမြင့် တံတွေးတစ်ချက် မျိုချလိုက်ကာ ...

"ဟုတ်ကဲ့ ... ဆရာ၊ ဒါဆိုရင်တော့ ဦးအောင်မောင်းတို့အဖွဲ့ ဖြတ်သွားတာဖြစ်လိမ့်မယ်"

"ဦးအောင်မောင်းတဲ့လား ... သူက ဒီနယ်မှာ ဘာလုပ်တဲ့လူလဲဗျ"

"သူက ထန်းတောပိုင်ရှင်ပါ။ ထန်းတောသုံးတောလောက် ပိုင်ထားတယ်ဆရာ"

"ဟုတ်လား ... ဒါဖြင့် ဒီလောက်များတဲ့မြင်းတွေ ဘာလုပ်ဖို့ ဝယ်ထားတာတုံးဗျ"

"ဟုတ်ကဲ့ ... ကျွန်တော် သိရသလောက်က ဦးအောင်မောင်းဟာ မန္တလေးမှာ သူ့မိဘလက်ထက်ကတည်းက ကျန်ခဲ့တဲ့ပြိုင်မြင်းတွေကို ဆက်မွေးခဲ့တာတဲ့။ နောက်ပိုင်း မန္တလေးမှာ စီးပွားရေးအဆင်မပြေလို့ ဒီနယ်ဘက် ကူးလာပြီး ထန်းတောတွေဝယ်ပြီး မြင်းနဲ့လှည့်ပတ် စစ်ဆေးနေတာတဲ့ ဆရာ"

"ဩော် ... ဒါဆို ဒီနယ်မြေမှာ မြင်းတွေနဲ့သွားနေတာ ဦးအောင်မောင်းတစ်ဖွဲ့တည်း ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆရာ၊ ရန်နိုင်တို့အဖွဲ့ဆိုတာ ရှိသေးတယ်"

"ရန်နိုင် ... ဟုတ်လား၊ သူတို့ကရော ဘာ့အတွက် မြင်းတွေ ရှိနေရတာလဲ"

ရဲအုပ်ဇော်မောင်က စိတ်ဝင်စားလာဟန် မေးလိုက်သည်။

"ရန်နိုင်ကတော့ ဒီမှာ တောင်ယာပိုင်ရှင်ပဲဆရာ"

"ဩော် ..."

"သူတို့က ညီအစ်ကိုသုံးယောက်ရှိတယ်။ ရှမ်းပြည်ဘက်ကပဲ ဆင်းလာသလိုလို၊ အောက်ပိုင်းကပဲ တက်လာသလိုလိုပါ။ ဘယ်သူမှ အတိအကျ မသိကြဘူး။ လက်ရှိတော့ တောင်ယာစိုက်ခင်းထဲမှာပဲ အိမ်ဆောက်ပြီး နေကြတယ်။ မြင်းငါးကောင်ရှိတယ်။ သုံးကောင်က လူစီးတယ်။ နှစ်ကောင်က တောင်ယာက ထွက်တဲ့ ပဲတို့၊ ဧရှတ်တို့ကို အဲဒီမြင်းနှစ်ကောင်ဆွဲတဲ့လှည်းနဲ့ မြို့ပေါ်ပို့တယ် ဆရာ"

"အင်း ... သူလည်း ဦးအောင်မောင်းလိုပဲပေါ့"

"ဒါပေမဲ့ ဦးအောင်မောင်းနဲ့ ကွာခြားတာတစ်ခု ရှိတယ်ဆရာ"

"ဟုတ်လား ... ဆိုစမ်းပါဦး"

"ဦးအောင်မောင်းတို့က တပည့်တပန်းတွေနဲ့ အုပ်စုပိုတောင့်ပေမဲ့ ဒီမြို့အကျိုးအတွက်ဆိုရင် နောက်မတွန့်ဘူး။ အရမ်း အလှူရက်ရောတယ်။ ဒီနားတစ်ဝိုက်မှာ သူတည်ထားတဲ့ ဘုရားကျောင်းကန်တွေ မနည်းဘူး။ သာသနာ့အကျိုးဆောင် အသင်းမှာဆိုရင် သူက ဒုဥက္ကဋ္ဌပေါ့။ လူချစ်လူခင်လည်း များတယ်လေ"

"ဩော် ... ရန်နိုင်တို့ကရော"

"ရန်နိုင်ကတော့ တောင်ခြေမှာ တောင်ယာလုပ်နေတာဆိုတော့ ကိုယ့်အလုပ် ကိုယ်လုပ်ပြီး ဘာသိဘာသာ နေကြတာလေ။ ရပ်ရေးရွာရေးမှာလည်း သိပ်မပါဘူး။ အလှူအတန်းမှာလည်း သာမန်လောက်ပါပဲ။ သာရေးနာရေးမှာ တစ်ခါတလေမှ လာတတ်တယ်။ မြို့ပေါ်နဲ့ ကင်းကွာတယ်ဆိုပါတော့။ ပြီးတော့ သူတို့မှာ ထူးခြားတဲ့သတင်းတစ်ခုတော့ ရှိတယ်ဆရာ"

"ဟုတ်လား ... ဘယ်လိုတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တောင်ခြေမှာ တောင်ယာလာလုပ်နေတဲ့ နှစ်နှစ်အတွင်း ရွာနီး ချုပ်စပ်တွေမှာ မကြာခဏ ဓားပြတိုက်မှုတွေ ဖြစ်ခဲ့တယ်။ ခုဆို လေးငါးကြိမ် လောက် ရှိရော့မယ်။ ဓားပြအတိုက်ခံရတာကလည်း ရွာတွေရဲ့ အချမ်းသာဆုံး အိမ်တွေချည်းပဲဆရာ"

"ဟုတ်လား ... ဒါဆို ဒီဓားပြမှုတွေထဲက ဘယ်နှမှု ဖမ်းမိနေပြီလဲ"

"တစ်မှုမှ မမိသေးဘူး ဆရာ။ ဓားပြအတိုက်ခံရတဲ့ သတင်းရတိုင်း အခင်းဖြစ်တဲ့အိမ်ကို ချက်ချင်းသွားပြီး သေသေချာချာစစ်ဆေးခဲ့တာပဲ။ ဒါပေမဲ့ ထူးခြားတာက ဘာသဲလွန်စမှ မကျန်ခဲ့တာပဲ။ သတင်းအရတော့ ဒီဓားပြတွေရဲ့ တိုက်ပုံတိုက်နည်းတွေ တူနေတဲ့အပြင် ညည့်နက်သန်းခေါင်မှာ မြင်းခွာသံကြား လိုက်ရတာတွေပါ တူနေသတဲ့ဆရာ"

"ဩော် ..."

"မျက်မြင်သက်သေတွေ ပြောပြတာကတော့ အဲဒါ ရန်နိုင်တို့အဖွဲ့ရဲ့ မြင်းခွာသံတွေ ဖြစ်နိုင်တယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဓားပြတွေဟာ အင်္ကျီ အနက်၊ ဘောင်းဘီအနက် ဝတ်ထားတဲ့အပြင် စကားလည်း ဝဲတယ်တဲ့ဆရာ"

"ဟုတ်လား ... ဒါဆို ခင်ဗျား ရန်နိုင်တို့ကို ခေါ်စစ်သေးလား"

ဒုရဲအုပ်လှမြင့်က ခေါင်းခါပြပြီး ...

"ဟင့်အင်း ... ကျွန်တော့်လက်ထဲ ဘာအထောက်အထားမှ မရှိဘဲ ဆရာ၊ ခေါ်မစစ်ရဲပါဘူး။ သူတို့တွေနောက်က ရှဲဒိုးထည့်ကြည့်တော့လည်း ဘာမှ ထူးထူးခြားခြား မတွေ့ရဘူး။ အဲဒါနဲ့ဘဲ အခြေအနေကို စောင့်ကြည့်နေရတာပါ"

ရဲအုပ်ဇော်မောင် မျက်မှောင်ကုတ်ကာ ...

"ဒါနဲ့ နောက်ဆုံးဓားပြမှုဖြစ်ခဲ့တာ ဘယ်တုန်းကတဲ့လဲ"

"လွန်ခဲ့တဲ့ တစ်လကျော်ကျော်လောက်ကပါ။ ဒီကနေ ခုနစ်မိုင်လောက် ဝေးတဲ့ ညောင်ကလေးရွာမှာပါ"

"အင်း ... ပြောပါဦး။ ဒီနယ်မှာ တခြားဘာအမှုကြီးတွေ ရှိသေးလဲ"

"ဓားပြမှုကလွဲလို့ တခြား မရှိပါဘူး။ သီးနှံပေါ်ချိန်မှာ အဓိကအလုပ် ရှုပ်တာ လောင်းကစားမှုပဲ။ အရောင်းအဝယ်ကောင်းလာလေလေ ကြက်ဝိုင်း ဖဲဝိုင်း များလာလေလေပဲ။ အဲဒီကမှတစ်ဆင့် ခိုးမှု၊ ရိုက်မှု စတဲ့အမှုကလေးတွေ နောက်ဆက်တွဲ ပါလာတတ်တာပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် လောလောဆယ် အရေးတကြီးစုံစမ်းရမှာ ဘာမှရှိလဲ"

"တခြားတော့ မရှိပါဘူး။ ဒီဓားပြမှု တစ်ခုပါပဲ"

"ဟုတ်လား ... ဒါဆို ဒီနေ့အဖို့ ပြန်ကြဦးစို့ဗျာ"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဒီနေ့ ရိုက်မှုတစ်ခု တရားရုံးတင်ရမှာ မို့လို့ စခန်းပြန်ချင်နေတာနဲ့ အတော်ပဲ"

ထိုနေ့က ရဲအုပ်ဇော်မောင်အနေနဲ့ ပထမဦးဆုံးနေ့ ဖြစ်နေ၍ အနီး ပတ်ဝန်းကျင်ကိုသာ လှည့်ပတ်ကြည့်ရှုခဲ့၏။ နောက်တစ်နေ့မှစ၍ အမှုတွဲများနှင့် အလုပ်ရှုပ်နေသော ဒုရဲအုပ်လှမြင့်အား မခေါ်တော့ဘဲ ဤဒေသတပ်မှူးဖြစ်သူ တပ်ကြပ်ကြင်မောင်ကိုခေါ်၍ မိမိပိုင်နက်အတွင်းရှိ ကျေးရွာများကို တစ်ရွာပြီး တစ်ရွာ ကွင်းဆင်းစစ်ဆေးခဲ့၏။

သူ၏နယ်မြေအတွင်း ကျေးရွာလေးရွာရှိရာ ညောင်ကလေးတစ်ရွာကို သာ သူ၏ ဝီလီဂျစ်ကားပြာဖြင့် တိုက်ရိုက်ခရီးပေါက်နိုင်၍ ကျန်သုံးရွာကိုမူ ရွာနှင့် အတော်လှမ်းလှမ်း တစ်မိုင်ဝန်းကျင်အထိသာ ကားလမ်းပေါက်၏။ ထို့ကြောင့် လည်း ထိုရွာများသို့ ခြေလျင်တစ်လှည့်၊ ကုန်းကြောင်းတစ်လှည့် ချီတက်ရတော့ ၏။ ရွာမှ အပြန်ခရီးတွင်သာ နွားလှည်းများဖြင့် လိုက်ပို့ပေးတတ်ကြ၏။

ဓားပြအတိုက်ခံရသည့်အထဲတွင် ညောင်ကလေးရွာတစ်ရွာတည်း သုံး ကြိမ်တိတိ အတိုက်ခံရပြီးဖြစ်၏။ အတိုက်ခံရသောအိမ်များမှာ ထိုရွာတွင် ငွေ ကြေးအချမ်းသာဆုံးအိမ်များ ဖြစ်လေသည်။ ဓားပြအတိုက်ခံရတိုင်း သဲလွန်စ မကျန်ခဲ့သည်ကို ထောက်ရှုပါက ဓားပြများမှာ ဤလုပ်ငန်းတွင် အလွန်ဝါရင့်၍ ကျွမ်းကျင်သူများဟု ယူဆရပေသည်။

ညောင်ကလေးရွာက ရွာလူကြီးနှင့် ရွာသားအများစုက ရန်နိုင်ကို မသင်္ကာကြောင်း ဖွင့်ဟကြ၏။ ဖြစ်တော့ ဖြစ်နိုင်သည်။ ညောင်ကလေးရွာမှာ ရဲစခန်းမှ (၇) မိုင်ခန့် ကွာဝေးသော်လည်း ရန်နိုင်တို့တောင်ခြေမှဆို၍ (၄)မိုင် ခန့်သာ ကွာတော့သည်ကိုး။

ထူးခြားချက်တစ်ခုမှာ ထို (၄)ရွာအနက် (၃)ရွာမှာ အလှည့်ကျ ဓားပြ အတိုက်ခံနေရသော်လည်း ထန်းပင်ကုန်းတစ်ရွာတည်း ကွက်၍ တစ်ကြိမ်မှ အတိုက်မခံရသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဖြစ်ရခြင်းမှာ ထိုရွာလူကြီးက ရွာအဝင်အထွက်လမ်းများ၌ နေဝင်မိုးချုပ်သည်နှင့် ရွာသားများက လမ်းများပေါ်တွင် ငုတ်တိုင်များ သံဆူးကြိုးတန်းများ ပြုလုပ်ထားကြကြောင်း၊ ညအချိန်ဖြစ်၍ သံဆူးကြိုးတန်းများကို မမြင်နိုင်ဘဲ လူရော၊ မြင်းပါ တစ်ခါက ပြုတ်ကျခဲ့ဖူးကြောင်း။ ထိုအချိန်မှစ၍ ဓားပြများ မလာရဲတော့ကြောင်း သိရ၏။

ရဲအုပ်ဖော်မောင်က ထိုရွာသူကြီးအား ဓားပြများသည် အလွန်ဉာဏ်နီဉာဏ်နက်များသူများဖြစ်၍ ထိုထန်းပင်ကုန်းရွာကို အညိုးထားကာ အခြားမမျှော်လင့်သောနေရာ၊ မမျှော်လင့်သောအချိန်များတွင် ဝင်ရောက်လာနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုကြောင်း သတိပေးပြောကြားခဲ့သည်။

ဒုရဲအုပ်ဖော်မောင်မှာ သူရောက်ရှိပြီး တစ်လကျော်ခန့် အချိန်အတွင်း မှာပင် မိမိနယ်မြေအကြောင်းကို အတော်နှံ့နှံ့စပ်စပ် သိရှိနေလေသည်။ ရွာလူကြီးများကို တစ်ပတ်တစ်ကြိမ် အစီရင်ခံစာ တင်စေခြင်းအားဖြင့် မှုခင်းကျဆင်းရေးကြိုးပမ်းခဲ့၏။ ထိုအတောအတွင်း ရဲအုပ်ဖော်မောင်နှင့်အဖွဲ့ နေ့ည ရွာင်တစခ ဝင်ရောက်စစ်ဆေးနေခဲ့ရာ ဓားပြများလည်း ပျောက်ခြင်းမလှ ပျောက်လျက်ရှိ၏။

☼ ☼ ☼

[၃]

❑

"အခါတော် ပေးတာက ××× နတ်ရေးငယ်ရွှေစာ ××× သာသနာ ရောင်လင်း ××× ကောင်းခြင်းခု မင်္ဂလာ ..."

တစ်နေ့ နံနက်စောစော ရဲအုပ်ဖော်မောင် မျက်နှာသစ်၊ သွားတိုက်ခိုက် ရဲစခန်း၏တောင်ဘက်မှ အလွန်ကျယ်လောင်သော လော်စပီကာသံတစ်ခု ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ဇော်မောင် ယူနီဖောင်းလဲကာ သူ၏နေအိမ်မှ ခပ်သွက်သွက်ထွက်လာကာ မိမိရုံးခန်းအရောက်တွင် ဂါတ်စာရေးအား လှမ်းခေါ်လိုက်သည်။

"ဂါတ်စာရေး ... စောစောစီးစီး ဘယ်က လော်စပီကာသံလဲဗျာ"

"ဟိုထန်းတောပိုင်ရှင် ဦးအောင်မောင်းရဲ့ မင်္ဂလာဆောင်ကပါ ဆရာ"

"ဗျာ ... ဦးအောင်မောင်း၊ ဟုတ်လား။ ဒီလူကြီးက အသက် (၄၀)နားတောင် ကပ်နေပြီဆို။ အခုမှ မင်္ဂလာဆောင်တာတဲ့လား"

"ဦးအောင်မောင်းဇနီး ဆုံးသွားတာ (၂၀)တောင် ကျော်နေပြီတဲ့။ သားသမီးလည်း မကျန်ခဲ့ဘူး။ တစ်ကိုယ်တည်း မုဆိုးဖိုကြီးပေါ့ ဆရာ"

"အင်း ... ဒါနဲ့ အခု ဘယ်သူနဲ့ ယူမှာတဲ့လဲ"

"ဟိုး ရွာမြောက်ဘက်က ကုန်မျိုးစုံဆိုင်ပိုင်ရှင် ဦးသာထွန်းကို ဆရာ သိတယ်မဟုတ်လား"

"ဪ ... ဟိုဗျာ ... သာသနာ့အကျိုးတော်ဆောင် ဥက္ကဋ္ဌအဖွဲ့မှာ ဥက္ကဋ္ဌလုပ်နေတဲ့ သွားခေါ်ခေါ်နဲ့လူကြီး မဟုတ်လား"

"အဲဒီလူကြီးရဲ့ဒုတိယသမီး သီဂီထွန်းဆိုတာနဲ့ လူကြီးချင်း သဘောတူကြတာတဲ့ ဆရာ"

ရဲအုပ်ဇော်မောင် မျက်မှောင်ကုတ်၍ စဉ်းစားလိုက်ကာ ...

"နေပါဦး ... အဲဒီသီဂီထွန်းဆိုတာ ကုန်မျိုးစုံဆိုင်မှာ အမြဲထိုင်ရောင်းနေတဲ့ မိန်းကလေးများလား"

"အစစ်ပေါ့ ... သူပဲ ဆရာ"

"ဟ ... ဒါဆို မိန်းကလေးအသက် ရှိလှ (၂၄) (၂၅) ပေါ့။ ဦးအောင်မောင်းထက် အများကြီး ငယ်ဦးမှာပေါ့"

"ဟုတ်တယ် ဆရာ၊ ဦးအောင်မောင်းထက် (၁၅)နှစ်လောက်တောင် ငယ်သတဲ့"

"ဟာ ... လူကြီးတွေကလည်းဗျာ၊ ကိုယ့်သမီး နုနုထွတ်ထွတ်ကလေးကိုများ ဒီလောက်အသက်ကြီးတဲ့ မုဆိုးဖိုကြီးနဲ့များ ပေးစားရတယ်လို့ဗျာ"

"ဆရာကလည်း အခုခေတ်မှာ အသက်တွေ၊ တစ်ခုလတ်တွေ၊ မုဆိုးဖိုတွေက အရေးမကြီးတော့ဘူး။ ငွေရှိရင် လောကကြီးကို ခါးစောင်းတင်နိုင်မယ် မဟုတ်လားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ဗျာ ... ဒါနဲ့ ဒီလူကြီးနဲ့ ဘယ်လို ဆက်စပ်မိလို့ ဒီလို အခြေအနေထိ ရောက်လာတာလဲတဲ့ဗျ"

"ဒီလိုလေ ... ဆရာ။ ဦးအောင်မောင်းက သူ့ထန်းတောကထွက်တဲ့ ထန်းလျက်တွေ ကုန်မျိုးစုံဆိုင်ကို မကြာခဏလာပို့ရင်းနဲ့ မိန်းကလေးကို မျက်စိ ကျလာတာတဲ့။ အဲဒီကနေတစ်ဆင့် လူကြီးတွေကို နားဖောက်တော့ ကျွန်တော် ခုနပြောသလိုပဲ ငွေမျက်နှာကိုကြည့်ပြီး သဘောတူလိုက်ရာကနေ ခုလို မင်္ဂလာ ဆောင်တဲ့အထိ ဖြစ်လာတာပါ ဆရာ။ အဲဒါ ဆရာနဲ့ ဆရာလှမြင့်တို့ကိုတောင် ဖိတ်ထားသေးတယ်။ ဖိတ်စာ သူ့ဆီမှာနဲ့တူတယ်"

"ဟုတ်လား ... မင်္ဂလာဆောင်က ဘယ်အချိန်တဲ့လဲဗျ"

"ဒီရွာမှာတော့ မနက် (၈)နာရီလောက်ကနေ နေ့လယ် (၁၂)လောက် အထိ ဖိတ်တတ်ကြတာပဲ"

"ဒါဆို (၁၀)နာရီခွဲလောက် သွားကြမယ်လို့ ကိုလှမြင့်ကို ပြောလိုက် ပါ"

"ဟုတ်ကဲ့ ဆရာ"

ဂါတ်စာရေး အလေးပြုပြီး ပြန်ထွက်သွားသည်နှင့် ရဲအုပ်ဇော်မောင် စားပွဲပေါ်စုပုံနေသော ရုံးလုပ်ငန်းများကို တစ်ဖိုင်ပြီးတစ်ဖိုင် စိစစ်ဆောင်ရွက်နေ လိုက်သည်။ အထက်သို့ တင်ပြရမည့် အမှုတွဲများကို သီးခြားရွေးထုတ်ကာ အစီ ရင်ခံစာအကြမ်းများ ကြိုတင်ရေးပေးထားလိုက်သည်။

ခဏအကြာတွင် တဖွဲဖွဲရောက်ရှိလာသော ရွာလူကြီးများ၏ တင်ပြချက် များကို ဂရုတစိုက်နားထောင်ကာ လိုအပ်သလို ညှိနှိုင်းတန်ညှိနှိုင်း ဖြေရှင်းပေး ပြီး ညွှန်ကြားစရာရှိသည်များကို ညွှန်ကြားလိုက်၏။

"ဆရာ ... ဆရာ"

ရွာလူကြီးများ ပြန်ထွက်သွားချိန်ဝယ် ဒုရဲအုပ်လှမြင့် ခြေလှမ်းကျဲကြီး များဖြင့် ရဲအုပ်ဇော်မောင်အား ခေါ်ရင်း ဝင်ရောက်လာသည်။ နံရံမှ တိုင်ကပ် နာရီက (၁၀)နာရီခွဲတိတိ ဖြစ်နေလေရာ ရဲအုပ်ဇော်မောင်က ကိုလှမြင့်မှာ မင်္ဂလာ ဆောင်သွားရန် အချိန်အတိအကျ ရောက်လာသည်အထင်နှင့် နေရာက ထရပ် လိုက်သည်။

"မင်္ဂလာဆောင်သွားတော့မှာ မဟုတ်လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဆရာ။ အရေးကြီးကိစ္စ ပေါ်လာလို့ပါ"

"ဗျာ ... ဘယ်လို အရေးကြီးကိစ္စလဲ"

"ဟို ... ဦးအောင်မောင်းက အရေးပေါ်အမှုတိုင်ချင်လို့ ဆရာနဲ့တွေ့ဖို့ အပြင်မှာ ရောက်နေတယ် ဆရာ"

"ဘာ ... ဦးအောင်မောင်း ... ဟုတ်လား။ သူက အခု မင်္ဂလာ ညှော်ခံပွဲလုပ်နေတာမဟုတ်လား။ ဘယ့်နှယ် ... အရေးပေါ် အမှုတိုင်ချင်ရတာလဲ"

"အဲဒါ ဆရာနဲ့တွေ့မယ် ပြောမယ်ဆိုပြီး စောင့်နေတယ်ဆရာ"

ရဲအုပ်ဇော်မောင်က အပေါ်သွားများဖြင့် နှုတ်ခမ်းတစ်ဖက်ကို ဖိကိုက်လျက် စဉ်းစားပြီးမှ ...

"ကောင်းပြီလေ ... ဒါဆိုလည်း လွှတ်လိုက်ပါ။ ခင်ဗျားနဲ့ ဂါတ်စာရေးပါ လာထိုင်ပါ"

"ဟုတ်ကဲ့ဆရာ"

ကိုလှမြင့် အလေးပြု၍ ပြန်ထွက်သွားသည်။ ခဏအကြာတွင် သူ၏နောက်တွင် အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း၊ ထိပ်ပြောင်ပြောင်နှင့် လူကြီးတစ်ယောက် ပါလာသည်။ အင်္ကျီလက်ရှည်အဖြူ လည်ခေါင်းတုံး၊ တိုက်ပုံအင်္ကျီအဖြူ၊ ပန်းနုရောင် ရခိုင်လုံချည်တို့ကို ဝတ်ဆင်ထားဆဲဖြစ်ရာ မင်္ဂလာဆောင်မှ တိုက်ရိုက်လာခဲ့ဟန်ရှိသည်။ သူ၏နောက်မှ ဂါတ်စာရေး လိုက်ဝင်လာသည်။

ရဲအုပ်ဇော်မောင်က စားပွဲရှေ့ရှိ ကုလားထိုင်များဆီ လက်ညွှန်ပြလိုက်၏။

"ထိုင်ပါဦး ... ဦးအောင်မောင်း"

အသီးသီး နေရာယူပြီးကြသည်နှင့် ...

"ကျွန်တော့်နာမည် အောင်မောင်းပါ။ ဒီရွာတောင်ဘက်မှာ မင်္ဂလာဆောင်ပွဲလုပ်နေတဲ့ သတို့သားပါဆရာ"

ဦးအောင်မောင်းက နဖူးပေါ်စီးကျနေသော ချွေးစေးများကို သုတ်ရင်းက အမောတကောလေသံဖြင့် အသက်ရှူမဝသလို ကတိုက်ကရိုက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အခု ဦးအောင်မောင်း ဘာအမှုတိုင်ချင်လို့ ကျွန်တော်နဲ့ တွေ့ချင်ရတာလဲ"

ဦးအောင်မောင်း တံတွေးတစ်ချက် အနိုင်နိုင် မျိုချလိုက်ပြီးမှ ...

"ကျွန်တော့်သတို့သမီး ပြန်ပေးအဆွဲခံလိုက်ရလို့ပါဆရာ"

"ဗျာ ..."

ရဲအုပ်ဇော်မောင်က တအံ့တသြဖြစ်သွားသည်။

"ဟုတ်လား ... ထူးထူးဆန်းဆန်းဗျာ၊ ဘယ်လိုဖြစ်ရတာလဲဗျ"

ဦးအောင်မောင်း ချွေးစေးများ ထပ်သုတ်ကာ ထစ်ထစ်ငေါ့ငေါ့ စပြောသည်။

"အဲဒါက ဒီ ... ဒီလိုပါဆရာ။ ဒီမနက် (၁၀)နာရီလောက် ဧည့်သည်တွေကို ခြံဝအထိ လိုက်ပို့ပြီးအပြန်မှာ မဏ္ဍပ်ထဲ သတို့သမီးကို မတွေ့တာနဲ့ မေးကြည့်တော့ အိမ်ပေါ်တက်သွားတယ်တဲ့။ ကျွန်တော် အိမ်ပေါ်တက်လိုက်သွားတော့ သူ့ကို မတွေ့ရဘူး။ အဲဒါ အိမ်သာများသွားနေသလား လိုက်ရှာတုန်း အိမ်နောက်ဖေးဘက်က မြင်းခွာသံ ကြားလိုက်ရပြီး သတို့သမီးရဲ့ ပဝါဖြူလည်း နောက်ဖေးခြံစည်းရိုးမှာ ငြိကျန်ရစ်ခဲ့တာ တွေ့လိုက်ရတယ်။ အဲဒါ လှမ်းကြည့်လိုက်တော့ မြင်းပေါ်မှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ပါသွားတာ ရိပ်ခနဲ မြင်လိုက်ရတယ်"

"ဟုတ်လား ... အဲဒါ ဘယ်သူလဲ"

"ရန်နိုင်ပဲဖြစ်ရမယ် ဆရာ"

"ရန်နိုင်ဆိုတာ ဟိုမြောက်ဘက်တောင်ခြေမှာ တောင်ယာလုပ်နေတဲ့ သူကို ပြောတာများလား"

"အစစ်ပေါ့ ဆရာ၊ ဒီကောင့်လက်ချက်ပဲ"

ရဲအုပ်ဇော်မောင် မျက်မှောင်ကုတ်ကာ ...

"နေပါဦး ... ဦးအောင်မောင်းရဲ့ ခင်ဗျား အိမ်ပေါ်ကလှမ်းကြည့်တော့ မြင်းတစ်ကောင်နဲ့ လူနှစ်ယောက် ရိပ်ခနဲမြင်လိုက်ရုံနဲ့ ဘာလို့ ရန်နိုင်လို့ တပ်အပ်ပြောနိုင်ရတာလဲဗျ"

"ဒါက ရှင်းပါတယ် ဆရာ။ ဒီနယ်မှာ ကျွန်တော်ကလွဲရင် မြင်းရှိတာ ဒီကောင်ပဲလေ။ ပြီးတော့ ဒီကောင်က ဘယ်ကနေရောက်လာပြီး ဒီမှာ အခြေချ

www.burmeseclassic.com

www.burmeseclassic.com



နေမှန်းမသိဘူး။ နောက်တစ်ခုက ဒီကောင်က ဆရာတို့သိတဲ့အတိုင်း ရွာတကာ လှည့်ပြီး စားပြတိုက်စားနေတဲ့ လူဆိုးသူခိုးလေ ဆရာ။ သေချာတာတစ်ခုက ကျွန်တော် ရိပ်ခနဲ မြင်လိုက်ရတာမှာ သူ့ကျောဘက်က အင်္ကျီအနီရောင်ကို မြင်လိုက်ရတာပါ။ ဒါ ဒီကောင် တောင်ယာလုပ်ရင် အမြဲဝတ်တဲ့အင်္ကျီပဲ။ ဒီကောင် သက်သက်ယုတ်မာပြီး ကျွန်တော့်သတို့သမီးကို ခိုးပြေးတာပါ။ အဲ ... အဲဒါ ဆရာတို့ အမြန်ဆုံး ဖမ်းပေးနိုင်မှဖြစ်မယ်။ နို့မို့ဆို ... ဒါထက် နောက်ကျသွားရင် ကျွန်တော် ရင် ... ရင်ကျိုးရချည်ရဲ့ဗျာ"

ဦးအောင်မောင်း ပြောရင်းက ငိုသံပါလာကာ မျက်ရည်နှင့် ချွေးစေးများ ရောယှက်ကုန်သည်။ ရဲအုပ်ဇော်မောင်က ဦးအောင်မောင်းအား အတန်ငယ်ကြာ အောင် တွေ၍ ငေးကြည့်နေမိသည်။ ပြီးမှ ဒုရဲအုပ်လှမြင့်နှင့် ဂါတ်စာရေးတို့ကို ခေါင်းညိတ်ပြရင်း နံရံပေါ်က နာရီကို လှမ်းကြည့်လိုက်သည်။ ၁၀း၅၅ နာရီတိတိ။ ထို့နောက်မှ ဦးအောင်မောင်းအား လှည့်ကြည့်လိုက်သည်။

"အေးလေ ... ကျွန်တော်တို့ကတော့ တာဝန်အရ ခင်ဗျားအမှုကို လက်ခံပြီး ကူညီပေးရမှာပဲ။ ဒါနဲ့ ကျွန်တော်တို့က ခင်ဗျားသတို့သမီးကို ဘယ် မှာ လိုက်ရှာပေးရမှာလဲဗျ"

"သူနေတဲ့ မြောက်ဘက်တောင်ခြေကအိမ်အထိ လိုက်ရမှာပါ ဆရာ"

"အင်း ... တောင်ယာထဲက သူ့အိမ်အထိဆိုရင်တော့ ကားလမ်းနဲ့ အတော်လှမ်းနေသေးတယ်ထင်တယ်"

"ဟာ ... ဒါတော့ မပူပါနဲ့ဆရာ။ ကျွန်တော့်မြင်းတွေ မှာထားပါတယ်။ ဟော ... ရောက်လာကြပြီနဲ့တူတယ်"

ထိုအခိုက် ရဲခစန်းရှေ့က မြင်းခွာသံများ ကြားလိုက်ရ၏။ ရဲအုပ်ဇော် မောင် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်ပြီး နေရာမှ ဆတ်ခနဲ ထရပ် လိုက်သည်။ ပြီးမှ ဦးအောင်မောင်းအား ...

"မြင်းက ဘယ်နှကောင်လဲဗျ"

"အားလုံး ခုနစ်ကောင်ပါ။ ဆရာတို့လိုသလောက် သုံးနိုင်ပါတယ်"

"ကိုလှမြင့် မြင်းစီးတတ်ရဲ့နော်"

"ဟုတ်ကဲ့"

"တပ်ကြပ်ကျင်မောင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဆရာ"

"ကောင်းပြီ ... ဒါဆို ကျွန်တော်တို့သုံးယောက် လိုအပ်တာလေးတွေ ယူပြီး အမြန်ဆုံး ထွက်ကြမယ်။ တပ်ကြပ်ကြီးနဲ့အဖွဲ့က နောက်က အမြန်လိုက်ခဲ့ကြ"

နောက်ဆယ်မိနစ်ခန့်အကြာတွင် ရဲအုပ်ဇော်မောင်တို့သုံးဦး၊ ဦးအောင်မောင်းတို့လေးဦး မြင်းခုနစ်ကောင်နှင့် ကဆုန်ပေါက်ထွက်သွားကြလေသည်။

ရဲစခန်းမှ သုံးမိုင်ကျော်ခန့်သာ ဝေးသော မြောက်ဘက်တောင်ခြေအစပ်သို့ (၁၅)မိနစ်ခန့်အတွင်း ရောက်လာကြ၏။ သီတင်းကျွတ်လဖြစ်သော်လည်း မြောက်ဘက်တောင်ခြေတွင် တိမ်ညိုတိမ်လိပ်များ အုံ့အုံ့ဆိုင်းဆိုင်း ရှိနေဆဲ။

တောင်ကုန်းတစ်ခုကို ကျော်မိသည်နှင့် တောင်ယာထဲ၌ တည်ဆောက်ထားသော ရဲနိုင်တို့၏ သက်ငယ်မိုးထရံကာ အိမ်ကလေးကို လှမ်းမြင်လိုက်ရ၏။ အိမ်ရှေ့တွင် မြင်းသုံးကောင်နှင့် မြင်းနှစ်ကောင်က,သော လှည်းတစ်စီး ရှိနေသည်။ အိမ်ရှေ့တွင် လူရိပ် လုံးဝမမြင်ရ။

ရဲအုပ်ဇော်မောင်က ...

"ဒီကနေ အိမ်အထိ အနည်းဆုံး ငါးဖာလုံလောက်ရှိမယ်။ ဒီကြားထဲမှာ ဘာမှ ကျည်ကွယ်မျက်ကွယ်မရှိဘူး။ ဒီတော့ ဦးအောင်မောင်းတို့ရော၊ တပ်ကြပ်ကျင်မောင်ပါ ဒီမှာ စောင့်နေခဲ့ကြ။ ကျွန်တော်နဲ့ကိုလှမြင့်ပဲ သွားမယ်။ ဒီကောင်တွေ ယူနီဖောင်းဝတ်ထားတဲ့ ရဲကိုတော့ ဘာမှမလုပ်ရဲလောက်ပါဘူး။ ကဲ သွားကြစို့"

ရဲအုပ်ဇော်မောင်နှင့် ကိုလှမြင့်တို့ မြင်းဇက်ကြိုးကို ဆွဲလိုက်ကြ၏။

"ခဏ ... ခဏလေး ... နေပါဦး ဆရာ"

စကားသံဝဲဝဲဖြင့် လှမ်းတားလိုက်သော ဦးအောင်မောင်း၏ တပည့်တစ်ဦးအသံကြောင့် ရဲအုပ်ဇော်မောင် လှည့်ကြည့်လိုက်သည်။ ဘောင်းဘီအနက်ရောင်နှင့် အင်္ကျီလက်ရှည် အညိုရောင်ဝတ်ထားသူတစ်ယောက် သူတို့အနီးရောက်လာသည်။

"ဆရာတို့ ... စဉ်းစဉ်းစားစားလည်း လုပ်ကြပါဗျာ။ ဒီကောင်တွေက လူဆိုးဓားပြတွေဆိုတော့ လက်နက်ပုန်းတွေ ဘာတွေ ရှိနိုင်တယ်။ တော်ကြ

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို လာဖမ်းတဲ့ ရဲတွေဆိုပြီး အိမ်ထဲကနေ လှမ်းပစ်ရင် ဘယ်လိုလုပ်မလဲ။ ဆရာတို့ခြောက်လုံးပြူးလောက်နဲ့ မဖြစ်ဘူး။ ပြီးတော့ သူတို့က သုံးယောက်လောက် ရှိတယ်။ ဆရာတို့က နှစ်ယောက်တည်းဆိုတော့ ဘက်မညီဘူး။ သုံးယောက်ဖြစ်သွားအောင် ကျွန်တော်ပါ လိုက်ခဲ့ပါရစေ ဆရာ''

ရဲအုပ်ဇော်မောင်က ...

''ခင်ဗျားမှာ ဘာလက်နက်ပါလို့လဲ''

ထိုလူက အကျီကိုလှန်ကာ သူ၏ ဝမ်းဗိုက်ရှေ့တွင် ထိုးထားသော ဓားမြှောင်ကို ဆွဲထုတ်ပြလိုက်၏။

''ဓားမြှောင်တစ်လက်တော့ ပါပါတယ်ဆရာ''

ရဲအုပ်ဇော်မောင်က ပြုံး၍ လက်ကာပြကာ ...

''ရပါတယ်ဗျာ ... ကျွန်တော်တို့ ကိုယ့်အလုပ် ကိုယ်နားလည်ပါတယ်။ မပူပါနဲ့။ ခင်ဗျား ဓားမြှောင်ပြန်သိမ်းလိုက်ပါ''

ထိုလူက ရယ်ကျဲကျဲလုပ်၍ အကျီက ဓားမြှောင်ကို ဝမ်းဗိုက်ရှေ့တွင် ပြန်စိုက်ထားလိုက်၏။ ထိုစဉ် ထိုလူ၏ ကိုယ်အတွင်းဘက်တွင် အကျီအနက်ရောင် တစ်ထည်ခံဝတ်ထားသည်ကို ရဲအုပ်ဇော်မောင် သတိပြုလိုက်မိ၏။ ထိုအခါမှ ကျန်လူများကို ဂရုစိုက်ကြည့်လိုက်မိရာ ဦးအောင်မောင်းမှလွဲ၍ ကျန်နှစ်ယောက်မှာ ဘောင်းဘီရှည် အနက်ရောင်ကိုယ်စီနှင့်ဖြစ်ကြောင်း တွေ့ရ၏။ အတွင်းဘက်တွင် အကျီအနက်ခံဝတ်ထား မထားတော့ မမြင်ရပေ။

''ကဲ ... ကျွန်တော်တို့သွားမယ်။ ကျွန်တော်တို့ ပြန်မလာမချင်း ခင်ဗျားတို့ ဒီနေရာကို လုံးဝ မခွာပါနဲ့။ နားလည်တယ်နော် ... ဦးအောင်မောင်း''

''ဟုတ်ကဲ့ပါ ဆရာ''

ရဲအုပ်ဇော်မောင်နှင့် ကိုလှမြင့်တို့ တဖြည်းဖြည်း စီးဝင်လာကာ ခရီးတစ်ဝက်ကျော်သည်အထိ အိမ်ထဲမှ ဘာလှုပ်ရှားမှု မတွေ့ရသေး။ ရဲအုပ်ဇော်မောင်တို့ အိမ်နဲ့ တစ်ဖာလုံခန့်အလိုတွင် မြင်းပေါ်ကဆင်းကာ ကိုလှမြင့်နှင့်အတူ မြင်းများကိုဆွဲကာ တဖြည်းဖြည်း လျှောက်လာကြ၏။ အိမ်ရှေ့မလှမ်းမကမ်း အရောက်တွင် မြင်းများကို ခြံစည်းရိုးတွင် ကြိုးချည်ထားခဲ့တာ အိမ်ဘက် ဆက်လျှောက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တွင် ငြိမ်သက်နေသဖြင့် ကိုလှမြင့်ကို မျက်ရိပ်ပြကာ သေနတ်ကိုယ်စီကိုင်ကာ အိမ်အနောက်ဘက်သို့ ဆက်လျှောက်လာခဲ့ကြ၏။ ပြီးမှ ခြေဖော့နင်းကာ တံခါးပွင့်နေသော နောက်ဖေးတံခါးမှ အသာဝင်လာကြ၏။

မီးဖိုးခန်းထဲတွင် လူနှစ်ယောက်ထိုင်လျက် အိပ်ပျော်နေကြ၏။ ဟောက်သံပင် ကြားနေရ၏။ စားပွဲပေါ်တွင် အရက်ပုလင်းတစ်လုံး လဲကျနေသည်။ သူတို့လက်ထဲ ဖန်ခွက်များနှင့် အရက်မူး၍ အိပ်ပျော်နေကြသည်။

ရဲအုပ်ဇော်မောင်တို့ အိမ်ရှေ့ဘက် ညှိခန်းထဲ ရောက်လာသည်။ ဘယ်သူမှမရှိ။ အိပ်ခန်းဘေးကပ် နားထောင်ကြည့်ရာ အသက်ရှူသံသဲ့သဲ့ ကြားရ၏။ ရဲအုပ်ဇော်မောင်က အိပ်ခန်းထဲ ချောင်းကြည့်ရန် အပေါက်ရှာရာ ခါးလယ်လောက် ထရံကြားတွင် အပေါက်သေးသေးတွေ့ရ၏။

ဆောင့်ကြောင့်ထိုင်ချကာ အသာချောင်းကြည့်မိ၏။ မြင်ကွင်းက ဝိုးတဝါးဘာမှန်းမသိ။ တစ်ခုခု ကာဆီးထားသလိုပင်။ အပေါ်ဘက်သို့ အနည်းငယ်ရွှေ့ကာ နေရာပြောင်းကြည့်လိုက်မှ ရှင်းရှင်းလင်းလင်း မြင်လိုက်ရ၏။

ရဲအုပ်ဇော်မောင်၏ရင် တဒိန်းဒိန်းခုန်သွားသည်။ ကိုယ့်မျက်စိ ကိုယ်မယုံနိုင်လောက်အောင် အံ့ဩလွန်း၍ ပါးစပ်ဟောင်းလောင်းပွင့်သွား၏။ သူ လုံးဝမျှော်လင့်မထားသော မြင်ကွင်းဖြစ်၏။ ဦးအောင်မောင်းသာ မြင်လျှင် မည်သို့ဖြစ်မည်မသိ။

ရန်နိုင်ဟု ယူဆရသူ အသားဖြူဖြူ၊ ဗလကောင်းကောင်း၊ နှုတ်ခမ်းမွေးရေးရေးနှင့် လူရွယ်က အိမ်ရှေ့ဘက်သို့ မျက်နှာမူလျက် တောင့်တောင့်ကြီး ရပ်နေသည်။ သိင်္ဂီထွန်းဟု ထင်ရသူက ရန်နိုင်၏ တစ်ကိုယ်လုံးကို နောက်ကျောမှ ရပ်လျက် တင်းကြပ်စွာ သိုင်းဖက်ထားသည်ကို အံ့အားသင့်ဖွယ် မြင်လိုက်ရ၏။ သိင်္ဂီထွန်းက သူမ၏ပါးပြင်ကို ရန်နိုင်၏ပခုံးတွင် မှေးတင်ထားကာ မျက်လုံးများ မှေးစင်းထား၏။

နှုတ်မှလည်း . . .

"သိင်္ဂီတို့ ဘယ်လိုဆက်လုပ်ကြမလဲ . . . မောင် . . . ဟင်"

ရန်နိုင်က သူမ၏ခေါင်းကို လှမ်းကိုင်ကာ . . .

"စိတ်မပူပါနဲ့။ မောင် အားလုံး စီစဉ်ထားပြီးသားပါ သိင်္ဂီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဒုရဲအုပ်ဇော်မောင် ချောင်းကြည့်နေသော ထရံပေါက်ဆီသို့ ရန်နိုင်၏ တောက်ပြောင်သော မျက်လုံးများက မသက်သာသလို စူးစိုက်ကြည့်လာ၏။ ခေါင်းကိုလည်း ခပ်စောင်းစောင်းလှည့်ကာ အသံတစ်ခုခုကို နားစွင့်နေဟန် ထင်ရသည်။

အင်း ... ငါတို့ အသက်ရှူသံတွေကိုများ ကြားသွားလို့များလားဟု ရဲအုပ်ဇော်မောင် တွေးမိသည်။

ထိုအခိုက် ရန်နိုင် နောက်ဘက်သို့ ပြုန်းခနဲလှည့်ကာ သီဂီထွန်းအား ပွေ့ချီလိုက်ပြီး အိမ်ရှေ့တံခါးမကြီးဆီသို့ ပြေးလေသည်။ တံခါးကို အမြန်ဖွင့်ကာ အိမ်ရှေ့ပြေးထွက်ပြီး မြင်းနှစ်ကောင်က,သော လှည်းပေါ်သို့ သီဂီထွန်းအား ပွေ့တင်လိုက်သည်။

ရဲအုပ်ဇော်မောင်တို့ သတိရကာ အိမ်ရှေ့တံခါးဆီ ပြေးလိုက်သွားချိန်တွင် အိမ်ရှေ့မှ ကျာပွတ်သံနှင့်အတူ မြင်းလှည်းတစ်ဟုန်ထိုး ဆောင့်ထွက်သွားသံကြားလိုက်၏။ သူတို့နှစ်ယောက် မြင်းရှိရာသို့ ပြေးရောက်လာချိန်ဝယ် ရန်နိုင်တို့မြင်းလှည်း ဖုန်တထောင်းထောင်းဖြင့် အတော်ခပ်လှမ်းလှမ်းသို့ပင် ရောက်နေလေပြီ။ သီဂီထွန်းက လှည်းမောင်းနေသော ရန်နိုင်အား ပွေ့ဖက်လျက် လိုက်ပါသွားသည် မြင်ရ၏။

ရန်နိုင်တို့မြင်းလှည်းမှာ ဦးအောင်မောင်းတို့ စောင့်ကျန်ရစ်ခဲ့ရာဘက်သို့ ဦးတည်ကာ ကဆုန်စိုင်းနေလေသည်။ ရဲအုပ်ဇော်မောင်က သူ၏ မြင်းနံစောင်းသို့ ဖိနပ်ဖြင့် တစ်ချက်ဆောင့်ကန်လိုက်ကာ ရန်နိုင်တို့လှည်းကိုမီအောင် ဒုန်းစိုင်းလိုက်လာသည်။ ဒုရဲအုပ်လှမြင့်က ရဲအုပ်ဇော်မောင်နောက်က ကပ်ပါလာသည်။

"ဒိန်း ... ဂျိမ်း ... ဒုန်း ... ဝုန်း ..."

ရန်နိုင်မှာ ရှေ့လမ်းဆုံတွင် ဦးအောင်မောင်းတို့အဖွဲ့ ရပ်စောင့်နေသည်ကို ရုတ်တရက် မြင်လိုက်ရသဖြင့် သူ့မြင်းများဇက်ကြိုးကို တင်းခနဲနေအောင် ဆောင့်ဆွဲလိုက်ရာ မြင်းများ ပတတ်ရပ်လျက် ဟီသံကြားလိုက်ရ၏။

ရန်နိုင်က ဘေးကတောလမ်းအတိုင်း ဖြတ်ပြေးရန် ညာဘက်သို့ ပြုန်းခနဲ ချိုးကွေ့လိုက်ရာတွင် မြင်းလှည်း၏ညာဘက်ဘီးမှာ လမ်းဘေးရှိ တွင်းတစ်ခုထဲသို့ ထိုးကျသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လှည်းမှာလည်း ညာဘက်သို့ တိမ်းစောင်းသွားလေရာ ဖက်ကြိုးကိုင်လိုက်လာသော ရန်နိုင်မှာ ဟန်ချက်ပျက်ကာ လှည်းထောင့်သို့ လွင့်ကျသွားပြီး သူ၏နားထင်နှင့် လှည်းနောက်ဘက်ဘောင်တန်းနှင့် ပြင်းစွာရိုက်မိသွားလေတော့၏။

ထိုအချိန်တွင် ဦးအောင်မောင်းတို့ ရောက်လာကာ သိင်္ဂီထွန်းအား လှည်းပေါ်မှ အတင်းဆွဲချလေသည်။ သိင်္ဂီထွန်းမှာ ရှိသမျှအင်အားဖြင့် တောင့်ခံကြည့်သော်လည်း လူအင်အားများသော ဦးအောင်မောင်းတို့လက်ထဲ အော်ဟစ်ရုန်းကန်ရင်း ဒယဥ္စတိုက်ပါသွားလေတော့၏။ ရန်နိုင်မှာ နားထင်မှစီးကျလာသော သွေးများကို သုတ်ရင်း ဒဏ်ရာကြောင့် မထနိုင်ဘဲ လှမ်းကြည့်နေရ၏။

ထိုစဉ် ရဲအုပ်ဖော်မောင်တို့ မြင်းကိုယ်စီနှင့် လှည်းအနီး ရှေ့ဆင့်နောက်ဆင့် ရောက်လာကြ၏။

ယင်းအခိုက် ရန်နိုင်က ...

"ဟေ့လူ ... လူယုတ်မာ၊ ကျုပ်ချစ်သူကို အခုလွှတ်လိုက်စမ်း"

ဟု ဦးအောင်မောင်းကို လှမ်းအော်ပြောသည်။

"အောင်မာ ... မင်းကများ ကျုပ်ချစ်သူလေး ဘာလေးနဲ့။ တန်ရာတန်ရာ ပြောမှပေါ့ကွ။ ဘယ်ချောင်ကြိုချောင်းကြားက ရောက်လာမှန်းမသိတဲ့ အုတ်ကြားမြက်ပေါက် ဓားပြကောင်ကများ"

ဦးအောင်မောင်းက ရန်နိုင်နှင့် မလှမ်းမကမ်းတွင်ရပ်ကာ သိင်္ဂီထွန်းအား ဆွဲထားရင်း ပြောသည်။

"ဟား ဟား ဟား ဟား ... တော်တော်လာတဲ့ လူယုတ်မာပါလား။ ကျုပ်ကိုများ ချိုးချိုးဖွဲ့ဖွဲ့နဲ့။ ဘာ ... ဓားပြကောင် ... ဟုတ်လား .. ဘယ်သူက ဓားပြလဲဗျ ... ပြောစမ်းပါဦး။ ခင်ဗျားကြီး မန္တလေးမှာ အခြေအနေမကောင်းလို့ ဒီမှာ လာရှောင်တိမ်းရင်း ဘာတွေလုပ်နေတယ်ဆိုတာ ကျုပ်မသိဘူးများ မှတ်နေသလား"

"ဟေ့ ... ဒီမှာ ... မင်း ခုမှ မဟုတ်တရုတ်တွေ လာပြောမနေနဲ့။ ခုဟာက မင်း ငါ့မိန်းမကို အတင်းအဓမ္မဆွဲခေါ်သွားလို့ မင်းကိုဖမ်းဖို့ ရဲတွေ ခေါ်လာတာကွ ... သိပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... တကယ့်ဟာသပါလား ... ငါ့မိန်းမတဲ့လားဗျ။ သိင်္ဂီက ခင်ဗျားမိန်းမ ဘယ်မှာဖြစ်သေးလို့လဲ။ ခုမှ မင်္ဂလာဆောင်နေတုန်းပဲဟာကို။ ပြီးတော့ သိင်္ဂီကို အတင်းအဓမ္မ ဆွဲခေါ်လာတာမဟုတ်ဘူး။ ခင်ဗျားလို နွားအိုမြက်နုကြိုက်တဲ့ လူယုတ်မာလက်ထဲက ကယ်ထုတ်လာတာဗျ ... သိပြီလား"

"အေး ... ဘာပဲဖြစ်ဖြစ်၊ ငါ့သတို့သမီးကို ဓားပြတိုက်သလို အတင်းဖမ်းခေါ်သွားတဲ့မင်းကို တရားစွဲရလိမ့်မယ်"

"ဘာ ... ခုမှ ဥပဒေစကား လာပြောဝံ့သေးတယ်။ ခင်ဗျားသာ ကျူပ်ချစ်သူကို မတရားသိမ်းပိုက်ဖို့ ကြံစည်တဲ့ ဓားပြကြီးပဲ"

"ဘာကွ ... ရာရာစစ၊ ကျူပ်ချစ်သူလို့ မတန်မရာ လာပြောမနေစမ်းပါနဲ့ နားခါးလွန်းလို့"

"ဒီမှာ ... ဦးအောင်မောင်း၊ ခင်ဗျား မသိရင်မှတ်ထား ... သိင်္ဂီဟာ အရင်ကလည်း ကျူပ်ချစ်သူ၊ အခုလည်း ကျူပ်ချစ်သူ၊ နောင်လည်း ကျူပ်ချစ်သူပဲဗျ ... နားလည်လား"

ဦးအောင်မောင်းက ရဲအုပ်ဇော်မောင်အား ...

"ကဲ ... ဆရာတို့၊ ဆရာတို့ရှေ့မှာတောင် မဟုတ်တမ်းတရားတွေ လျှောက်ပြောနေတာ ကြားတဲ့အတိုင်းပဲ။ ဝတ္တရားရှိတဲ့အတိုင်းသာ ဖမ်းကြပါတော့"

ရန်နိုင်က ...

"မှားမယ် ... ဆရာတို့၊ သူခိုးက လူဟစ်နေတာပါ။ သူတို့ ဒီည ထန်းပင်ကုန်းမှာ ဘာလုပ်မယ်ဆိုတာ ကျွန်တော် သတင်းရထားပြီးသားပါ ဆရာ"

ရန်နိုင့်စကားကြောင့် ဦးအောင်မောင်း မျက်လုံးများပြူးကာ သိင်္ဂီထွန်းအား ဆွဲထားသောလက်ကို သတိလက်လွတ် လျှော့ပေးလိုက်မိသည်။ ထိုအခါ သိင်္ဂီထွန်းက အတင်းဆောင့်ရုန်းထွက်ပြေးကာ လှည်းပေါ်တက်၍ ရန်နိုင်၏ဒဏ်ရာမှ သွေးများကို သုတ်ပေးနေလေသည်။

ထိုအချိန်တွင် သိင်္ဂီထွန်း မိမိလက်ကလွတ်သွားသည်ကို မကျေနပ်သော ဦးအောင်မောင်းတို့အဖွဲ့သည် သိင်္ဂီထွန်းအား ပြန်ဆွဲခေါ်ရန် မြင်းလှည်းဆီ ပြေးလာကြသည်။ တစ်ချိန်တည်းမှာပင် ရဲအုပ်ဇော်မောင် မှာထားခဲ့သော တပ်ကြပ်ကြီးနှင့်အဖွဲ့ ရောက်လာကာ မြင်းလှည်းအနီး ထိုးရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ... ဒိုင်း ..."

ထိုအခိုက် ရဲအုပ်ဇော်မောင်က ခြောက်လုံးပြူးကို ဖျတ်ခနဲ ဆွဲထုတ်ကာ မိုးပေါ်ထောင်လျက် နှစ်ချက်တိတိ ပစ်လိုက်၏။ ထိုအခါ မြင်းလှည်းဆီ ပြေးလာသော ဦးအောင်မောင်းအဖွဲ့ ရှေ့ဆက်မတိုးရဲတော့ဘဲ ရပ်တန့်သွားသည်။

ရဲအုပ်ဇော်မောင်က ...

"တပ်ကြပ်ကြီးနဲ့အဖွဲ့က မြေတွင်းထဲ ကျွံကျနေတဲ့ လှည်းဘီးကို မ,တင်ပေးကြဗျာ"

"ဟုတ်ကဲ့ ဆရာ"

တပ်ကြပ်ကြီးနှင့်အဖွဲ့ ဝိုင်းမ,တင်လိုက်သဖြင့် မြင်းလှည်းဘီး လမ်းပေါ် ပြန်ရောက်သွားသည်။ ရဲအုပ်ဇော်မောင်က လှည်းရှေ့က မြင်းနှစ်ကောင်၏ ဇက်ကြိုးကို ဆွဲကာ ရန်နိုင်တို့အိမ်ရှိရာသို့ ဦးတည်လှည့်ပေးထားလိုက်သည်။

မြင်းလှည်းပေါ်ရှိ ရန်နိုင်နှင့် သီဂီထွန်းတို့မှာ ရဲအုပ်ဇော်မောင်၏ အပြုအမူကို နားမလည်နိုင်ဘဲ မျက်လုံးဝိုင်းကြီးများဖြင့် လှမ်းကြည့်နေကြ၏။ ရဲအုပ်ဇော်မောင်က ဘာမှမပြောဘဲ ကျာပွတ်ကိုဆွဲယူကာ မြင်းနှစ်ကောင်၏တင်ပါးများကို ရွှမ်းခနဲရိုက်လိုက်လေရာ မြင်းများလန့်ဖြန့်၍ အိမ်ကြီးဆီသို့ ပြေးကြလေတော့၏။

"ဟာ ... ဘယ်လိုလုပ်လိုက်တာလဲ ဆရာ။ လူဆိုးကိုမဖမ်းဘဲ ဘာလို့ လွှတ်ပေးလိုက်ရတာလဲ"

ဦးအောင်မောင်းက အံ့အားသင့်စွာ မေး၏။ ရဲအုပ်ဇော်မောင်က ဘာမှမပြောဘဲ ဦးအောင်မောင်းအား သေနတ်နှင့် ချိန်ထားလိုက်သည်။

"မလှုပ်နဲ့ ... ဦးအောင်မောင်း၊ ဟိုနောက်က သုံးယောက်လည်း လက်မြှောက်ထားလိုက်ပါ"

ဒုရဲအုပ်လှမြင့်ကပါ ဦးအောင်မောင်းနှင့် တပည့်သုံးယောက်ကို သေနတ်နှင့် ချိန်ထားလိုက်သည်။

"တပ်ကြပ်ကြီးနဲ့အဖွဲ့က သူတို့အားလုံးကို သေချာရှာကြစမ်းဗျာ"

"ဟုတ်ကဲ့ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီးနှင့် တပ်ဖွဲ့ဝင်များ ရဲအုပ်ဇော်မောင်အမိန့်အတိုင်း ဝိုင်းရှာဖွေကြရာ ဦးအောင်မောင်းအပါအဝင် တပည့်သုံးယောက်ထံမှ လုပ်သေနတ်သုံးလက်နှင့် ဓားမြှောင်နှစ်ချောင်း တွေ့ရှိရ၏။

"သူတို့ အပေါ်အင်္ကျီတွေကို ချွတ်လိုက်ကြစမ်းဗျာ"

ရဲအုပ်အောင်မောင်းက အမိန့်ပေးသည်။ တပ်ကြပ်ကြီးတို့က ဆရာတပည့်လေးယောက်တို့၏ အပေါ်အင်္ကျီကို ဆွဲချွတ်လိုက်ကြရာ အတွင်း၌ အင်္ကျီအနက်ရောင်ကိုယ်စီနှင့် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ကဲ ... ဦးအောင်မောင်း၊ ဘာများ ငြင်းချက်ထုတ်ချင်သေးလဲ။ ဓားပြတိုက်ရာမှာ အသုံးပြုတဲ့ လက်နက်နဲ့ အင်္ကျီအနက်တွေပါ လက်ပူးလက်ကြပ်ဖမ်းမိနေပြီလေ။ ဒီသက်သေခံပစ္စည်းတွေနဲ့ စောစောက ရန်နိုင်ပြောသွားတဲ့စကားတွေကို ဆက်စပ်သုံးသပ်ကြည့်လိုက်တော့ ... ဒီမှာ ... ဦးအောင်မောင်းခင်ဗျားဟာ ထန်းတောပိုင်ရှင် ဘုရားဒကာယောင်ဆောင်ပြီး ရွာတကာလှည့် ဓားပြတိုက်နေတဲ့ ရာဇဝတ်ကောင်ကြီးပါလား။ ပြီးတော့ အပြစ်မဲ့တဲ့ ရန်နိုင်အပေါ်မနာလိုဝန်တိုစိတ်နဲ့ ထင်ယောင်ထင်မှားဖြစ်အောင် သတင်းလွှင့်ခဲ့တဲ့အပြင် သူ့ချစ်သူကိုပါ ငွေနဲ့ပေါက်ပြီး မတရားသိမ်းပိုက်ဖို့ ကြံစည်တဲ့ ... လူယုတ်မာကြီးပါလားဗျ ... ဟင်"

ရဲအုပ်ဇော်မောင်၏စကားကြောင့် ဦးအောင်မောင်း ဘာမှပြန်မပြောနိုင်ဘဲ ဖင်ကျိုးကျသွားလေတော့၏။

"ကဲ ... တပ်ကြပ်ကြီးနဲ့အဖွဲ့က သူတို့လေးယောက်ကို လက်ထိတ်ခတ်ကားပေါ်တင်ပြီး ကျွန်တော့်နောက်က လိုက်ခဲ့ကြဗျာ"

တပ်ကြပ်ကြီးနှင့်အဖွဲ့ ဦးအောင်မောင်းတို့အား လက်ထိတ်ခတ်ကာကားပေါ်တင်ကြ၏။ ပြီးနောက် ရှေ့က မြင်းများနှင့်ထွက်သွားသော ရဲအုပ်ဇော်မောင်နှင့် ဒုရဲအုပ်လှမြင့်တို့နောက်က ကားဖြင့် လိုက်ပါလာကြ၏။

ရဲအုပ်ဇော်မောင်က ထန်းတောများဆီသို့ ကဆုန်စိုင်းကာ ထန်းတောထဲရှိ ဦးအောင်မောင်း၏ အိမ်ရှေ့တွင် ရပ်တန့်လိုက်၏။

"ကဲ ... တပ်ကြပ်ကြီးနဲ့အဖွဲ့က သူတို့ရော၊ မြင်းတွေကိုပါ အသေးစိတ်ရှာဖွေကြစမ်းဗျာ"

"ဟုတ်ကဲ့ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီးက ရွာလူကြီးနှစ်ဦးနှင့်အတူ ဦးအောင်မောင်း၏အိမ်ထဲဝင် ရှာဖွေနေကြစဉ် ရဲအုပ်ဇော်မောင်နှင့် ဒုရဲအုပ်လှမြင့်က ကားနံဘေးတွင်ရပ်လျက် ကားပေါ်ရှိ ဦးအောင်မောင်းတို့လေးယောက်အား စောင့်ကြည့်နေကြသည်။

မကြာမီ ရှာဖွေရေး ပြီးဆုံးသွားသောအခါ ခြောက်လုံးပြူးနှစ်လက်၊ ပစ္စတိုသုံးလက်နှင့်အတူ ဓားပြတိုက်ရာပါ ရွှေငွေ လက်ဝတ်လက်စားများကိုပါ သက်သေခံအဖြစ် သိမ်းဆည်းရှာမိကြသည်။

ထို့နောက် ရဲစခန်းသို့ ပြန်ပြီး ဦးအောင်မောင်းတို့ လေးယောက်ကို အချုပ်ထဲထည့်ကာ လုပ်ထုံးလုပ်နည်းနှင့်အညီး ဓားပြအတိုက်ခံရသူ အိမ်ရှင်များကို ခေါ်ယူစစ်ဆေးခြင်း၊ သက်သေခံတိုက်ရာပါပစ္စည်းများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ တရားခံနှင့် သက်သေများကို ခေါ်ယူစစ်ဆေးခြင်း စသည့်အမှုတည်ဆောက်ခြင်း ရဲလုပ်ငန်းတို့ကို ပြည့်စုံစွာ ဆောင်ရွက်ကာ တရားခံများကို ရုံးတင် တရားစွဲဆိုရန် စီစဉ်ပါလေတော့၏။

တစ်ခုတော့ ပြောစရာရှိသည်။

တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်လေ့ရှိသော ရဲအုပ်ဇော်မောင်က ရန်နိုင်တစ်ယောက် မင်္ဂလာဆောင်မှ သတို့သမီးကို ကြားဖြတ်လုယူထွက်ပြေးခဲ့သည့်အမှုကိုကား ပြစ်မှုမထင်ရှားဟုဆိုကာ အမှုပိတ်သိမ်းခဲ့လေ၏။


သို့ဖြစ်ရာ ကိုယ်ရေးကိုယ်တာထက် တာဝန်ဝတ္တရားကိုသာ အစဉ်အမြဲ ဦးစားပေးဆောင်ရွက်တတ်သော လူပျိုကြီး ရဲအုပ်ဇော်မောင်ဆိုသူမှာ သည်တစ်ခေါက်မှာတော့ လူငယ်တို့၏ မျက်မြင်ကိုယ်တွေ့ အချစ်ရေယာဉ်ကြောတွင် စီးဝင်နစ်မျောကာ ရဲလုပ်ငန်းထက် သူတစ်ပါး၏ နှလုံးသားရေးရာကို ဦးစားပေးဆုံးဖြတ်ခဲ့သည်ဟု ဆိုရမည်မဟုတ်ပါလား။

☼ ☼ ☼

ဗဟိုစော

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

ကျွန်တော်တို့ ထောင်မှူးဘဝက အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး အတွင်းသို့ ရောက်လာကြသော နာမည်ကြီးပုဂ္ဂိုလ်များမှာ အလွန်များသည်။ စီးပွားရေးဖြင့်လည်းကောင်း၊ နိုင်ငံရေးနှင့်နွယ်၍လည်းကောင်း၊ ဘိန်းဖြူမှုဖြင့် လည်းကောင်း၊ လူသတ်မှုဖြင့်လည်းကောင်း ရောက်လာကြသူများဖြစ်ကြသည်။

ထိုလူများအထဲတွင် ကျွန်တော်နှင့်ကြုံခဲ့သော ထိုခေတ်ထိုအခါက နာမည်ကျော်စာရေးဆရာကြီး မင်းသိခ်၏အကြောင်းကို ဖော်ပြလိုပါသည်။

ဆရာကြီးမင်းသိခ်၏ လူအမည်မှာ ဦးအောင်ထွန်းဖြစ်သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အရှည်ထားသော်လည်း ဆွတ်ဆွတ်ဖြူနေခြင်းတော့မဟုတ်သေး။ အဖြူတစ်ဝက်၊ အမဲတစ်ဝက်။ အသက် (၅၀) ကျော်ခန့်။ သူ့အားကြိုးတိုက်အတွင်း၌ တစ်ယောက်တည်း တစ်ခန်းတည်း ကျွန်တော်တို့ တာဝန်မှူး အကျဉ်း၌ တိုက်ခန်းများအား လှည့်ပတ်စစ်ဆေးလျှင် သူက 'ဥုံ' ဟူသော အသံကြီးကို ကျယ်လောင်စွာရွတ်ပြီးနောက် ဂါထာတစ်ပုဒ်ကို တိုးတိုးဆိုသည်။ ဘာဂါထာမှန်းတော့မသိ။ တစ်နေ့လုံး၊ တစ်ညလုံး မအိပ်မချင်း ရွတ်နေတတ်သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သိရသည်။ နာမည်ကြီးစာရေးဆရာဖြစ်၍ တွေ့ဆုံစကားပြောလိုသော်လည်း သူ၏ ရွတ်ဖတ်ခြင်းအဓိဋ္ဌာန်အား မနှောင့်ယှက်လိုသောကြောင့် စကားမပြောဖြစ်ခဲ့ပါ။

တစ်ည ကျွန်တော် တာဝန်မှူးကျ၍ ကြိုးတိုက်ထဲသို့ ည (၁၀)နာရီ အချိန်ခန့် ဝင်ရောက်စစ်ဆေးစဉ် ဆရာကြီး၏ 'ဥုံ' သံပျောက်နေသည်။ ထို့ကြောင့် ကျွန်တော်က သူ့အခန်းရှေ့တွင် ရပ်၍ကြည့်တော့ သူ မအိပ်သေးပါ။ ငုတ်တုတ်ထိုင်၍ တစ်စုံတစ်ရာ စဉ်းစားနေဟန်ဖြစ်သည်။ ကျွန်တော် ဆက်လျှောက် မည်ပြုတော့ . . .

"ဆရာထောင်မှူး . . . ခဏလေး"

"ဗြဲ် . . . ဟုတ်ကဲ့၊ ကျွန်တော်က ဦးအောင်ထွန်း တရားထိုင်နေ တယ် မှတ်လို့ပါ။ ဘာများ ပြောချင်ပါသလဲ"

"ဆရာ့မှာ ဆေးလိပ်ကလေးများ ပါသလား။ ကျွန်တော် ဆေးလိပ်ဖွာ ရင်း စကားပြောချင်လို့ပါ။ ဆရာ အချိန်ရသလား"

"ရပါတယ် . . . အချိန်လည်း ရပါတယ်။ ဆေးလိပ်လည်း ပါတယ်။ ကျွန် တော်ကလည်း စာရေးဆရာပိုးပါသူဆိုတော့ ဆရာကြီးနဲ့လည်း စကားပြောချင် ပါတယ်"

ကျွန်တော် ဆေးလိပ်မသောက်တတ်သော်လည်း ရုံးခန်းက တပည့်များ ပေးထားသော ငါးသုံးလုံးစီးကရက်ဘူးနှင့် မီးခြစ်ကို တာဝန်မှူးကျသောနေ့တိုင်း ဆောင်ထားလေ့ရှိသည်။ ယခုကဲ့သို့ ဆေးလိပ်ပြတ်သူများတောင်းပါက ဒါနပြုရန် ဖြစ်သည်။ ကျွန်တော် ဆေးလိပ်ဘူးကိုဖောက်ပြီး သံတိုင်ကြားက ကမ်းပေးတော့ သူ ဆေးလိပ်တစ်လိပ်ယူသည်။ ပြီးနောက် ကျွန်တော်ခြစ်ပေးသော မီးခြစ်မှ မီးတောက်ကို မီးညှိရင်း နှစ်ဖွာ၊ သုံးဖွာခန့် ရှိုက်၍ဖွာသည်။ ထို့နောက် အားရ ကျေနပ်ဟန်ဖြင့် . . .

"ကျေးဇူးတင်လိုက်တာ . . . ဆရာထောင်မှူးရယ်၊ ကျွန်တော်က ဆေးလိပ်ဖွာရင်း လက်ဖက်ရည်ချိုကို ကိုယ်တိုင် ဖျော်သောက်ရင်း စကားပြော ရတာကို အလွန်သဘောကျပါတယ်"

"အေးဗျာ . . . နောက်တစ်ပတ် ကျွန်တော် တာဝန်မှူးကျရင် လက်ဖက် ရည်ချိုဆိမ့်ကလေး ဝယ်လာခဲ့ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ... ဆရာထောင်မှူးရယ်၊ ကျွန်တော်က ဆရာထောင်မှူးကို ကိုယ်တိုင်လက်ဖက်ရည်ဖျော်ပြီး တိုက်ချင်တာပါ။ အချိုးအစားကျကျနနနဲ့ လက်ဖက်ရည်ဖျော်နည်းရှိတယ် ဆရာ။ ဆရာမှတ်သွားပါ"

"ဟုတ်ကဲ့ခင်ဗျား"

"လက်ဖက်ရည်ဖျော်တဲ့ အချိုခြောက်ကိုနှပ်ရင် အကြမ်းလက်ဖက်ခြောက်ကလေး နည်းနည်းရောပြီး နှပ်ရတယ်။ နို့ဆီ၊ သကြား၊ နို့စိမ်းကတော့ ပုံမှန်ထည့်ဖျော်လို့ရပါတယ်။ အဲဒီအထဲကို အချိုမှုန့်ကလေး နည်းနည်းထည့် သမအောင်မွှေပြီး သောက်ရင် အလွန်အရသာရှိတဲ့ လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်ကို ရပါတယ်။ ဒါက လျှို့ဝှက်နည်းပါ ဆရာ။ လက်ဖက်ခြောက်အမျိုးအစားကောင်းရင် ကောင်းသလောက် အရသာထူးကဲပါတယ်"

"ဒါနဲ့ ဆရာ အသက်ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ်ပါခင်ဗျား"

"ကျွန်တော်က အသက် (၅၀) ကျော်ပြီ။ ဆရာရဲ့ အင်္ဂါရုပ်ကိုကြည့်ပြီးတော့ အကြမ်းဟောမယ်။ ခဏ ညာလက်ဝါးလေး ပြပါဦး။ အင်း ... မှန်ပါတယ်။ ဆရာ မကြာခဏ နယ်ပြောင်းရမယ်။ အဲဒီမှာ ရာထူးတက်မယ်။ ဒီထောင်ကြီးကို ပြန်လာပြီး နောက်စခန်းတစ်ခု ထွက်ရမယ်။ ဆရာ့ဇာတာက ထောင်မှူးကြီးအဆင့်အထိပဲပါပြီး အလုပ်က ထွက်လိမ့်မယ်။ အဲဒါတွေဟာ ဒီနေ့ကနေ (၁၀)နှစ်အတွင်းမှာ ဖြစ်မှာ။ ဆရာ့လက်က အနုပညာသည်လက်မျိုးဖြစ်လို့ ဒီအလုပ်ကထွက်ပေမဲ့ မဆင်းရဲပါဘူး၊ ပိုတောင်ကောင်းပါတယ်"

"ဘာဖြစ်မလဲ ... ဆရာကြီး"

"ကျွန်တော်တို့လို စာရေးဆရာဖြစ်လိမ့်မယ်။ အတွေ့အကြုံ ဗဟုသုတစုံတော့ အောင်မြင်မှာပါ။ ဒါနဲ့ ကျွန်တော့်စာတွေ ဖတ်ဖူးသလား"

"ဖတ်ဖူးတာပေါ့ ... ဆရာကြီးရယ်၊ ဆရာကြီးရဲ့ အစပိုင်းမဂ္ဂဇင်းဝတ္ထုတိုလေးတွေကအစ ဖတ်ဖူးတယ်။ ဆရာကြီးရဲ့လက်ရာက ကလောင်ဟောင်းကြီးတစ်ယောက်လို အရေးအသားပိုင်တယ်။ ကျွန်တော် အဲဒီကတည်းက ဆရာကြီးကို စိတ်ဝင်စားခဲ့တာပါ"

"အေးဗျာ ... စာရေးဆရာကောင်းတစ်ဦး ဖြစ်လာဖို့ မလွယ်ကူလှပါဘူး။ ဘယ်လောက်ပဲ အရေးအသားကောင်းကောင်း ကလောင်သစ်တစ်ဦးက ချက်ချင်း နာမည်မကြီးနိုင်ဘူး။ အချိန်ယူပြီး ကြိုးစားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဆရာကြီးစာတွေထဲမှာ ဗဟုသုတ အတော်စုံပါတယ်။ ဆရာကြီး အစိုးရဝန်ထမ်းလည်း လုပ်ခဲ့ဖူးတယ်ထင်တယ်။ နိုင်ငံခြားဘာသာစကားတွေလည်း တတ်ကျွမ်းပြီး ဘယ်နိုင်ငံတွေ ရောက်ခဲ့ဖူးပါသလဲ"

"ဟုတ်တယ် ... ဆရာထောင်မှူး၊ ကျွန်တော် စစ်တပ်ထဲလည်း ဝင်ဖူးတယ်။ ရဲလည်း လုပ်ဖူးတယ်။ မြန်မာပြည်တွင်း မြို့ရွာတွေအနှံ့ ရောက်ဖူးတယ်။ နိုင်ငံခြားတိုင်းပြည်ဆိုတာကတော့ အိန္ဒိယလောက်ပါပဲ။ အင်္ဂလိပ်စာ အရေးအသား နဲ့ စကားပြောရပေမဲ့ တရုတ်စာကျတော့ မတတ်ပါဘူး။ စကားပြောတော့ရပါတယ်"

"ဆရာကြီး အရေးအသားထဲက အင်္ဂလိပ်ခေတ်ကို နောက်ခံထားပြီး ပီပြင်အောင် ရေးနိုင်တယ်။ အဲဒါ ဘာကြောင့်လဲ"

"ကျွန်တော်က အင်္ဂလိပ်နှောင်းခေတ်ကို မီတယ်ဆိုရုံပါပဲ။ အဲဒီတုန်းက ကလေးဘဝပေါ့ဗျာ။ ဘယ် ပီပီပြင်ပြင်ရှိမလဲ။ ရှေးလူကြီးတွေဆိုစကားနဲ့ စာဖတ်တဲ့ အတွေ့အကြုံတွေကို ကိုယ်ထမ်းဆောင်ခဲ့ဖူးတဲ့ အလုပ်တာဝန်နဲ့ ဆက်စပ်ပြီး ရေးခဲ့တာပါ"

"ဟုတ်ကဲ့ ... ဒါကြောင့်လည်း ဆရာကြီးက အတွေ့အကြုံနဲ့ သခ်ဳန်းစာတွေ ပေးနိုင်တာပေါ့။ ဆရာကြီးစာတွေဖတ်ပြီး အားတက်ရပါတယ်"

"အေးဗျာ ... အခုလိုကြားရတာ ဝမ်းမြောက်မိပါတယ်။ ကျွန်တော်လည်း မကြာခင် လွတ်တော့မှာပါ။ ဒါက ကျွန်တော့်ယုံကြည်ချက်ပါ။ ဆရာထောင်မှူးလည်း မှတ်စွဲထားပါ။ အလုပ်တစ်ခုလုပ်ရာမှာ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိရင် တစ်ဝက်အောင်မြင်တယ်။ ကံဆိုတာ အလုပ်ပဲ။ အောင်မြင်မှုရရှိဖို့အတွက် တစ်ဝက်ကကံ၊ တစ်ဝက်က မိမိကြိုးစားမှု အလုပ်ပါပဲ။ 'ကံကိုယုံလို့ ဆူးပုံမနင်းရ' ဆိုတဲ့ ရှေးစကားပုံလည်း ရှိတယ်မဟုတ်လား။ တစ်ဖက်ပြန်တွေးရင်လည်း 'ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ' ဆိုတဲ့ စကားပုံကလည်း ရှိသေးသဗျ။ အသိသတိနဲ့ ဆင်ခြင်တုံတရားကိုတော့ သတိထားရမယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ... ဆရာကြီး"

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

ထိုစဉ်တွင် တာဝန်ကြပ်၊ တပ်ကြပ်ကြီးက ကျွန်တော့်ကို လာခေါ်သည်။ အချိန်က ညဥ့်သန်းခေါင် (၁၂) နာရီထိုးတော့မည်။ ကျွန်တော်နှင့် ဆရာမင်းသိန်း တို့ စကားပြောကြသည်မှာ (၂)နာရီခန့် ကြာသွားလေပြီ။

"ဘာအကြောင်းထူးလို့လဲ ... ဦးလေးမောင်"

"အမျိုးသမီးဆောင်က ဆေးမှူးခေါ်နေတယ်။ ဆရာပါ လိုက်မှဖြစ်မှာ ပေါ့"

"အင်း ... ဗိုက်အောင့်ကြပြန်ပြီ ထင်တယ်။ ဆေးမှူးမောင်မြ အလုပ် ကော ဟုတ်ရဲ့လား"

"ဟုတ်ပါ့ ... ဆရာရယ်"

"ကဲ ... ကဲ ... ဆရာကြီး၊ ကျွန်တော် ပြန်ပါဦးမယ်။ နောက်အပတ်မှ တွေ့ကြတာပေါ့။ ကျွန်တော် လက်ဖက်ရည်ချိုစိမ့် ဆွဲခဲ့မယ်"

"ကျေးဇူးတင်ပါတယ် ... ဆရာထောင်မှူးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြိုးတိုက်အတွင်းမှ မိန်းဂျေးသို့ ပြန်လာရင်း တွေးနေမိသည်။ ကျွန်တော့်အား ဘိုးတော်တင်ဦးဟောထားသည်နှင့် ဆရာကြီးမင်းသိခ်အပြောက တစ်ထပ်တည်းကျနေသည်။ တာဝန်ကြပ်လာခေါ်သဖြင့် ဆရာကြီးမင်းသိခ် 'ဦး'ခံ၍ ရွတ်နေသော ဂါထာကို မမေးဖြစ်ခဲ့ပါ။ နောက်အပတ်မှ မေးမည်ဟု တေးထားလိုက်သည်။

ကျွန်တော်တို့အဖွဲ့ အမျိုးသမီးအချုပ်ဆောင်အတွင်းရောက်တော့ ကျွန်တော်ထင်သည့်အတိုင်းပင် ပြည့်တန်ဆာအမှုဖြင့် အဖမ်းခံထားရသော အမျိုးသမီးတစ်ဦး ဗိုက်အောင့်နေခြင်းဖြစ်သည်။ ထုံးစံအတိုင်း ဆေးမှူးမောင်မြက ဗိုက်ကိုလှန်၍ ဆေးလူးပေးရုံဖြင့် ငြိမ်သွားသည်။ ကျွန်တော်တို့ မိန်းဂျေးသို့ ပြန်ခဲ့ကြသည်။ လမ်း၌ ကျွန်တော်က ...

"မောင်မြ ဘာဆေးလူးပေးတာလဲ"

"ပရုပ်ဆီ"

"ကောင်းကွာ ... မင်းဆေးက တယ်စွမ်းပါလား"

"ဟဲ ... ဟဲ ... ဆရာကလည်း အဲဒီကောင်မလေးတွေက ပုရိသယောကျ်ားနဲ့ ဝေးနေရင် မနေနိုင်ကြဘူးဆရာ ကျွန်တော်က "အနာသိ ဆေးရှိ' ဆိုသလို 'အထာသိတယ်'။ ဟုတ်ဟန်တူပါသည်။ အမျိုးသမီးနှင့် အမျိုးသားသီးသန့်ထားပါက ထိုကဲ့သို့ ပြဿနာမျိုး ဖြစ်တတ်ကြောင်း ဆရာဝန်တင်ရွှေ၏ စာအုပ်များတွင် ကျွန်တော် ဖတ်ဖူးသည့် စိတ်ရောဂါတစ်မျိုးလည်း ဖြစ်နိုင်ပါသည်။

ယောကျ်ားများအဆောင်တွင်လည်း ဖြစ်တတ်သည်။ 'တိုနာ'ဟုခေါ်သောရောဂါဖြစ်သည်။ အေးလွန်းသောမိုးရာသီနှင့် ဆောင်းရာသီတွင် အဖြစ်များသည်။

(မှတ်ချက် – ဤနေရာကစ၍ မရှိမသေစကား ရေးသားရတော့မည်ဖြစ်သောကြောင့် စာဖတ်ပရိသတ်ကြီး နားနဲ့မနာ ဖဝါးနဲ့နာကြပါရန် တောင်းပန်အပ်ပါသည်။)

'တိုနာ'ဟူသည်မှာ အေးလွန်းသောကြောင့် ယောကျ်ားတန်ဆာ တိုဝင်သွားပြီး ဗိုက်အလွန်အောင့်တတ်သည်။ ဆေးမှူးနှင့် ဆရာဝန်များ မကူညီနိုင်ကြပါ။ အချိန်ကြာမြင့်သွားပါက သေတတ်သည်ဟု အဆိုရှိပါသည်။ ထိုရောဂါကိုကုသရန် ရှေးမီနောက်မီဆရာကြီး (တပ်ကြပ်ကြီး) များက သိသည်။ တာဝန်ကျ

www.burmeseclassic.com

www.burmeseclassic.com



စဉ် ကြုံတွေ့ဖူးသဖြင့် ကျွန်တော်ကိုယ်တိုင်လည်း မြင်ဖူးသည်။ ထိုသို့ ရောဂါဖြစ်လျှင် ထောင်တွင်း၌သုံးသော ဆေးမြီးတိုမှာ အလွန်အစွမ်းထက်သည့် 'ဆေးမြစ်'ဟူ၍ နာမည်ပေးထားသည်။ အမှန်တော့ အမျိုးသမီးများ၏ ဆီးခံ့အမွှေးဖြစ်သည်။ ထိုသည်ကို အသက်ကြီး တာဝန်ကြပ်ဆရာကြီးများက အမျိုးသမီးဆောင် တာဝန်ကြပ်ဆရာမကြီးများထံသို့ အကျဉ်းသား အချုပ်သား 'တိုနာ'ဖြစ်နေ၍ 'ဆေးမြစ်'ပေးပါရန် သွားတောင်းရသည်။

တာဝန်ကြပ်ဆရာမကြီးများကလည်း ပေးချင်သူများထံမှ တောင်းပြီး သတင်းစာစက္ကူဖြင့် ထုပ်ပေးသည်။ ထိုသည်ကို မီးရှို့၍ရှူလျှင် 'တိုနာ'ရောဂါ ချက်ချင်းသက်သာပျောက်ကင်းသည်။ ဗိုဓာတ်၊ မဓာတ်သဘောပင် ဖြစ်ပါလိမ့်မည်။

☼☼☼

[၃]

❑

ဆရာကြီး မင်းသိန် ပြောသည့်အတိုင်း ကျွန်တော် မကြာမီ ကော့သောင်း ဆီအုန်းစခန်းသို့ ပြောင်းရွှေ့ရသည်။ ထိုတွင် ကျွန်တော် တာဝန်ထမ်းဆောင်စဉ် ၁၉၈၅–ခုနှစ်၌ ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခံရသည်။ ကျွန်တော် ၁၉၈၆–ခုနှစ်၌ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်သည်။

ဆရာကြီးမင်းသိန် လွတ်မြောက်သွားပြီဖြစ်သည်။ အကျဉ်းထောင်၌ ဆရာကြီး၏ တူ၊ တူမများဖြစ်ကြသော အောင်ခိုင်နှင့်၊ ပိုလေး၊ ချိုလေးတို့ညီ အစ်မအပြင် တပ်သားခင်ဇော်တို့ ရှိနေကြသည်။ သူတို့က အင်းစိန် ဘန္ဓုလ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ကွက် ထနီးလမ်းတွင် နေကြသည်။ တစ်နေ့တွင် စကားစပ်မိ၍ ဆုံကြရင်း တပ်သား ခင်ဇော်က ကျွန်တော့်အား . . .

"ဆရာကြီးက ဆရာ့ကိုတွေ့ချင်တယ်လို့ ပြောနေပါတယ်။ ကျွန်တော် အားရက်မှာ လိုက်ပို့ပေးမယ်"

"အခု ဆရာကြီးက ဘယ်မှာနေတာလဲကွ"

"အခု သုဝဏ္ဏမြို့သစ်၊ မာကျူရီလမ်းမှာပါ ဆရာ"

"အေး . . . နောက်ပိတ်ရက်ကျ သွားကြတာပေါ့။ ဆရာကြီး ငါ့ကိုဟော ထားတာတွေ မှန်တယ်ကွ။ ငါလည်း တွေ့ချင်ပါတယ်"

သို့နှင့် ပိတ်ရက်တစ်ရက်တွင် တပ်သားခင်ဇော်ဦးဆောင်ပြီး ကျွန်တော် တို့ ဇနီးမောင်နှံ သွားကြသည်။ မာကျူရီလမ်းရှိ ဆရာကြီး၏ နှစ်ထပ်တိုက်အိမ် ကလေးမှာ သစ်လွင်နေသည်။ တိုက်အိမ်ကလေး၏ အရှေ့မျက်နှာစာ၌ ဂေါတမ ဗုဒ္ဓ၏ ဒုက္ခစရိယာ ကျင့်ကြံနေပုံ၊ နံရိုးအပြိုင်းပြိုင်းဖြင့် ရုပ်တုတော်မှာ လွန်စွာ အသက်ဝင်ပြီး သပ္ပာယ်လှသည်။ တိုက်အိမ်၏အောက်ထပ်တွင် ဗေဒင်မေးသူ၊ ယတြာချေလိုသူများ စည်ကားနေသည်။ ဆံရှည်၊ မုတ်ဆိတ်ကျင်စွယ်အရှည်၊ အထက်အောက်ဝတ်ဖြူစင်ကြယ်ဝတ်သူနှစ်ဦးက ပရိသတ်အား လက်ခံပြီး ဟော ပြောနေသည်။ ဘယ်သူက ဆရာကြီးမင်းသိခ်မှန်းပင် မသိနိုင်ပါ။

ခင်ဇော်က "ဆရာ . . . အောက်ကပုဂ္ဂိုလ်တွေက ဦးကြီးတပည့်တွေပါ။ ဦးကြီးအတိုင်း ဝတ်စုံဆင်တူဝတ်ထားကြတယ်။ ဦးကြီးက အပေါ်ထပ်မှာ အောက် က လက်ခံပြီး တင်ပေးသမျှကို ဟောပေးရတာပါ။ လာပါ . . . ဆရာအပေါ်ထပ် တက်ကြမယ်"

အပေါ်ထပ်ရောက်တော့ ဆရာကြီးက ဗေဒင်ဟောရင်း ထိုင်ခုံပုကလေး တွင် ထိုင်ပြီး စာရေးနေသည်။

"ဟော . . . ဆရာ ထောင်မှူးကြီးတို့ ရောက်လာကြပြီပဲ"

ထိုစဉ် ကျွန်တော် အရပ်ဝတ်ဖြင့် ဖြစ်သည်။ ကျွန်တော့်အား ဆရာ ထောင်မှူးကြီးဟု ခေါ်သည်က ထူးဆန်းနေသည်။

"ထိုင်ကြပါ . . . ဆရာတို့၊ ကျွန်တော်ဟောထားတာ မှန်တယ်မဟုတ် လား။ ဆရာ့ဇာတာခွင်ကို ပြန်စစ်ဆေးရင်း ကျွန်တော်ပြောခဲ့တဲ့ လက်ဖက်ရည်ချို ဆိမ့် ဖျော်နည်းနဲ့ ဧည့်ခံပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကိုယ်တိုင် လက်ဖက်ရည်ဖျော်ပြီး ကျွန်တော်တို့ကို ညှိခံသည်။ ပြီးနောက် ကျွန်တော့်ဇာတာခွင်အား စစ်ဆေးပြီး . . .

"ကျွန်တော် ဆရာ့ကို ထောင်ထဲမှာ ဟောခဲ့တဲ့အတိုင်းပါပဲ။ အခု ဆရာ ထောင်မှူးကြီးဖြစ်ပြီမဟုတ်လား။ ၁၉၉၁-ခုနှစ်ထဲမှာ ဆရာစခန်း အဝေးကြီးကို ပြန်ထွက်ရဦးမယ်။ အဲဒီမှာ အသက်အန္တရာယ်ရှိတယ်။ ဆရာ့အလုပ်က ထွက်ဖြစ်လိမ့်မယ်။ အလုပ်ကထွက်ရင် အေးအေးချမ်းချမ်း မိသားစုနဲ့ တစ်သက်လုံးအတူနေရပြီး ကောင်းစားမှာပါ။ အမွေရကိန်းရှိတယ်။ ဆရာ ကျန်းမာရေးလည်း ကောင်းပါတယ်"

"အင်း . . . ဆရာပြောခဲ့သလို အတွေ့အကြုံ ဗဟုသုတစုံတဲ့ဆရာဟာ စာရေးဆရာတစ်ယောက် ဖြစ်လာလိမ့်မယ်။ စာရေးဆရာဆိုတာက ဝါသနာအလျောက် စာရေးကြတာ။ ချမ်းသာအောင်လုပ်တဲ့လိုင်းတော့ မဟုတ်ဘူး။ နာမည်အတော်ပေါက်မှ ဝင်ငွေကောင်းတာ။ ကျွန်တော့်တုန်းကလည်း ဒီက တူတော်မောင် ခင်ဇော်တို့အိမ်၊ အင်းစိန်ကန္တာ၊ ထနီးလမ်းအိမ်မှာ အထိုင်ချပြီး ရေးရတာ နာမည်ကလေးရလာပေမဲ့ မအောင်မြင်ဘူး။ 'မနုစာရီ' လုံးချင်းဝတ္ထုထုတ်တုန်းက ရောင်းမကောင်းလို့ ကုလားကို စက္ကူဈေးနဲ့ အပုံလိုက်ထိုးရောင်းလိုက်ရတယ်။ နောက်စာအုပ်တွေမှ အောင်မြင်လို့ မနုစာရီနာမည်ကြီးပြီး ပြန်ထုတ်ရတာ။ ကျွန်တော်ဆရာ့ကို ထောင်ထဲမှာ ပြောခဲ့သလိုပဲ အောင်မြင်မှုရအောင်က ကံကိုချည်း အားမကိုးဘဲ ဉာဏ်တစ်ဝက်နဲ့ယှဉ်ပြီး အားထုတ်ရတာ။ အလျင်ကလေးရလာတော့လည်း ရေးချင်တာရေး၊ ပရိသတ်က လက်ခံတာပါပဲ။ စာဖတ်ပရိသတ်ကိုတော့ မစော်ကားနဲ့။ ကျေးဇူးရှင်လို မှတ်ပါ။ 'ပြီးတော့လည်း ပြီးတာပါပဲလေ'

"ဟုတ်ပါ့ . . . ဆရာကြီးရယ်၊ ကျေးဇူးတင်ပါတယ်"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

ကျွန်တော် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး၌ တာဝန်ထမ်းဆောင်စဉ် ကိုယ်တွေ့ကြုံပြီး နာမည်ကြီးပုဂ္ဂိုလ်များအကြောင်း ရေးလာသည်မှာ သုံးလေးချိ တော့ ရှိပါပြီ။ နာမည်ကျော်ကြားသူများအထဲတွင် စီးပွားရေးသမားများ၊ အနုပညာ ရှင်များ၊ စာရေးဆရာများ၊ ဘုန်းတော်ကြီးများ၊ ဗေဒင်လက္ခဏာဆရာများ၊ ဘိုးတော် များ၊ ရက်စက်စွာ လူသတ်မှုကျူးလွန်သူများ နာမည်ကြီးဖောက်ထွင်းဝိဇ္ဇာများ၊ အလွှာစုံ ပါဝင်ပါသည်။

၎င်းသူများသည် ကျွမ်းကျင်သော အတတ်ပညာများကို တတ်ကျွမ်းကြ သူများဖြစ်ကြသည်။ လူသာမန်များတော့ မဟုတ်ကြပါ။ ထူးခြားဆန်းကြယ်သော အလေ့အထနှင့် ပညာကိုယ်စီ တတ်ကျွမ်းသူများဟု ဆိုပါကလည်း မှားမည် မထင်ပါ။ ထောင်အတွင်း၌ လူပေါင်းထောင်သောင်းချီရှိသည့်အထဲမှ ထူးခြားပြီး နာမည်ကြီးသူများဟု ဆိုချင်ပါသည်။

ယခုလတော့ မန်းဆရာခေါ် ကရင်ဆရာကြီးအကြောင်းကို စတင်ရေး ပါမည်။ သူက လူသတ်မှုဖြင့် အချုပ်ခံရခြင်းဖြစ်သည်။ ထိုစဉ် ၁၉၈၁–ခုနှစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com



မဆလ အစိုးရလက်ထက်၊ ကျွန်တော် ရန်ကုန်–မန္တလေး အမြန်လမ်းဖောက်လုပ်ရေးစခန်းမှ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်ဝင်ရာ အချုပ်ရုံးတွင်ပင် တာဝန်ပြန်ကျသည်။ ကျွန်တော့်အထက်၊ တာဝန်ခံထောင်မှူးကြီးက စစ်တပ်မှပြောင်းလာသည့် ဦးတင်ထွန်းဆိုသူ ဖြစ်သည်။ အလွန်သဘောကောင်းသည်။ ကျွန်တော်တို့ရုံးခန်းက ၁/–ဆောင် တိုးချဲ့ခန်း၌ ဖြစ်ပါသည်။ တစ်နေ့သ၌ 'မန်းဆရာ'ဟူသော ကရင်အဘိုးကြီးတစ်ဦး လူသတ်မှုဖြင့် အဖမ်းခံရပြီး အဆောင်သို့ရောက်လာသည်။ အသက် (၆၀) ခန့် ရှိနေပြီဖြစ်သော်လည်း တိုင်းရင်းသားပီပီ ကျန်းမာသန်စွမ်းသည်။

သူက ကျွန်တော့်ရုံးခန်းသို့ ရောက်လာပြီးနောက် ...

"ဆရာထောင်မှူး မျက်စိနာနေတယ်ဆို၊ ကျွန်တော် ကုပေးပါရစေ"

"ဟုတ်ပါ့ ... ဖထီးရယ်"

"မျက်စိက တစ်ဖက်တည်းနာနေတာ၊ ကျွန်တော် အလုပ်ကလည်းများနားတဲ့အချိန် ညဘက် အိမ်ပြန်ရောက်မှသာ မျက်စဉ်းလေးဘာလေးခတ်ပြီး နားရတာပေါ့ဗျာ။ ဒါကြောင့်လည်း ပျောက်ခဲတာ ထင်ပါရဲ့"

"ဆရာထောင်မှူး ကျွန်တော် ကုပေးပါရစေ၊ ကျွန်တော်က တိုင်းရင်းဆေးဆရာပါ။ ဆရာ့မျက်စိနာတာလောက်တော့ တစ်နေ့တစ်ညတည်းနဲ့ ပျောက်ကင်းချမ်းသာနိုင်ပါတယ်။ ကျွန်တော့်ပညာကို ယုံကြည်ဖို့တော့ လိုပါတယ် ဆရာ"

"ဖထီးရယ် ... တိုင်းရင်းဆေးပညာကို ကျွန်တော် လေးစားပါတယ်။ အဓိက ရောဂါပျောက်ဖို့ပဲ အရေးကြီးတာပါ"

"ဟုတ်ပြီ ... ဆရာ၊ ဒါဆို ကျွန်တော့်ကို ထင်းမီးသွေးခဲလေးတစ်ခဲလောက် ရှာပေးနိုင်မလား"

"ရတာပေါ့ ... ဖတီးရယ်၊ ထမင်းချက်ဖိုကြီးမှာ အလွန်ပေါတဲ့ပစ္စည်းပါ ခလေးစောင့်ပါ"

သို့နှင့် ကျွန်တော့်အနီးရှိ တပည့်တစ်ဦးအား ထမင်းချက်ဖိုကြီးသို့ လွှတ်၍ မီးသွေးခဲယူခိုင်းလိုက်ရသည်။ မကြာပါ။ တပည့် ပြန်ရောက်လာသည့် ထင်းမီးသွေးခဲတစ်ခဲကို "မန်းဆရာအား" ပေးသည်။ "မန်းဆရာ"က သူ၏ လက်ဝဲဘက်လက်ဖဝါးပေါ်တွင် ထိုမီးသွေးခဲဖြင့် အင်းကွက်ရေး၍ ဂါထာစုပ်သည်။ ပြီးနောက် ကျွန်တော်၏ နာနေသော ဘယ်ဖက်မျက်စိအား မှိတ်ခိုင်းပြီး သူ၏ အင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



ရေးထားသော ဘယ်လက်ဖဝါးဖြင့်အုပ်၍ ဂါထာစုပ်ပြန်သည်။ (၅)မိနစ်ခန့်ကြာသော အခါ သူ၏ လက်ဖဝါးအား ပြန်ခွာ၍ . . .

"ဆရာ့ရဲ့ မျက်စိနာ၊ မနက်ဖြန်မနက် အိပ်ရာကထတာနဲ့ ပျောက်ကင်းချမ်းသာပါပြီ"

"ဟုတ်ပါ့မလား . . . ဖထီးရယ်။ ကျွန်တော် မျက်စိနာတာ တစ်လလောက်တောင် ကြာနေပါပြီ။ တစ်နေ့တစ်ညတည်းနဲ့ ပျောက်ကင်းပါ့မလား"

"အဲဒါကို ကျွန်တော် ပြောတာပေါ့ ဆရာရယ်။ ကျွန်တော့်ပညာကို ယုံပါလို့ အစအဦးကတည်းက စကားပလ္လင်ခံပြီးပြီလေ"

ထိုအချိန်က နေ့လယ်နေ့ခင်းအချိန်ဖြစ်၍ ကျွန်တော်လည်း အားလပ်၍ အနားယူသောအချိန်ဖြစ်သည်။ နေ့လယ်စာ ထမင်းကလည်း အလုပ်များသော ကျွန်တော့်အတွက် ကြုံလျှင်ကြုံသလို စားလေ့ရှိသောကြောင့် နေ့လယ်စာလည်း စားသောက်ပြီး ဖြစ်သည်။ ထိုအချိန်က ကျွန်တော်တို့ လူပျိုထောင်မှူးများအတွက် အကျဉ်းထောင်ရိက္ခာဌာနရုံးတွင် နေ့လယ်စာကို အမြဲတမ်းစီစဉ်ပြီး ကျွေးမွေးသောကြောင့် ထောင်ပြင်ထွက်၍ စားသောက်ရန်ကို မလိုပါ။ နေ့လယ်ခင်း ညှော်သည်လာ၍ တွေ့ချင်လျှင်တော့ ထောင်အပြင်သို့ထွက်၍ လက်ဖက်ရည်ဆိုင်ကိုထိုင်ကာ စကားပြောလေ့တော့ ရှိပါသည်။ ယနေ့တော့ ထောင်အပြင်သို့ မထွက်တော့ဘဲ အချုပ်ရုံးခန်း၌သာ နားနေသောကြောင့် အားလပ်ခွင့် ရနေပါသည်။

ကျွန်တော်တို့၏ အချုပ်ရုံးခန်းလုပ်ငန်းတာဝန်မှာ မနက်ပိုင်း (၈)နာရီခန့်မှ စတင်ပြီး ရန်ကုန်မြို့အတွင်းရှိ မြို့နယ်အသီးသီးရှိ တရားရုံးများသို့ ရုံးထွက် အချုပ်တရားခံများအား ရုံးချိန်အမီ ထုတ်ပေးရခြင်းအလုပ်မှာ နေ့လယ် (၁)နာရီအချိန်တွင် ကိစ္စပြီးပြတ်သည်။ မွန်းတည့် (၁၂)နာရီအချိန်မှ မွန်းလွဲ (၂) နာရီအချိန်ခန့်အထိ ကျွန်တော်တို့ အနားယူအားလပ်ချိန် ဖြစ်သည်။ ထို့ကြောင့် ယခု အားလပ်နေပါသည်။ ထို့ကြောင့်လည်း ကျွန်တော့်အား မျက်စိနာ ဆေးကုပေးသော မန်းဆရာဆိုသူနှင့် ထွေရာလေးပါး စကားပြောဖြစ်တော့သည်။

"မန်းဆရာဆိုတာက ကရင်တိုင်းရင်းသားမို့ခေါ်တာလား။ ဒါမှမဟုတ် ဖထီးက ရောဂါဟူသမျှ ဆေးကုရာမှာ မန်းမှုတ်ပြီး ဆေးကုသပေးလို့ 'မန်းဆရာ' လို့ ခေါ်တာလား၊ ရှင်းစမ်းပါဦး ဖထီးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကျုပ်မသိဘူး ဆရာလေးရဲ့။ ကျုပ်က ကရင်လူမျိုးဖြစ်လို့ မန်းဆရာလို့ ခေါ်တာလည်း ဖြစ်နိုင်သလို ရောဂါကုသရာမှာလည်း မန်းမှုတ်ပြီး ကုသလို့ 'မန်းဆရာ'လို့ ခေါ်တာလည်း ဖြစ်နိုင်ပါတယ်"

"ဖထီးက ဘယ်မှာနေတာလဲ၊ အမှုဖြစ်စဉ်လေးကိုလည်း ပြောပြနိုင်ရင် ကျွန်တော့်ကို ပြောပြပေးပါ။ အမှန်အတိုင်း ပြောပြပါ။ ကျွန်တော်က ရဲလည်း မဟုတ်၊ တရားသူကြီးလည်း မဟုတ်လို့ ကျွန်တော့်ကို ပြောပြတာတွေဟာ ဖထီး အမှုကို မထိခိုက်နိုင်ပါဘူး။ ကျွန်တော် တာဝန်ယူပြီး အာမခံပါတယ်"

"ဟုတ်ပါပြီ ... ဆရာလေးရယ်။ ကျွန်တော့်အမှုက အမှုမှန်ပါပဲ။ ဒါပေမဲ့ မျက်မြင်သက်သေမရှိလို့ ကျုပ် ငြင်းထားပါတယ်။ ရှေ့နေရှေ့ရပ်ကိုလည်း ငှား စရာပိုက်ဆံမရှိလို့ မငှားနိုင်ပါဘူး။ ကျွန်တော်တို့နေတာက ဥက္ကံမြို့နယ်ရွာလေး တစ်ရွာမှာပါ။ ကျွန်တော်တို့က လယ်သမားမျိုးနွယ်တွေပါ။ လယ်ယာလုပ်ငန်း တွေမှာ လယ်စိုက်တောင်သူတွေပေါ့။ စိုက်ပျိုးချိန်ပြီးတော့လည်း ဝါသနာဗီဇအရ ဆေးကုစားတော့ ဝင်ငွေလေးရပြီး မိသားစုစားဝတ်နေရေး ချောင်လည်တယ်ပေါ့ ဆရာရယ်။ အခုလည်း လယ်ယာလုပ်ငန်းနားလို့ ခဝဲခြံမှာ လူနာရှိလို့ အကြောင်း ကြားထားလို့ ဆေးကုဖို့ မိသားစုအလိုက် တက်လာကြတာပါ။ ကြို့ကုန်းခဝဲခြံ ရပ်ကွက်မှာ ကျွန်တော်တို့ အမျိုးတွေရှိတယ်လေ။ အဲဒီရောက်ရင် တစ်ဆင့်စကား တစ်ဆင့်နားနဲ့ လူနာတွေကို ဆေးကုသရတာမို့ တစ်လကိုးသီတင်း ကြာတတ် ပါတယ်။ ဒါကြောင့် မိသားစုအကုန်လုံး တက်လာကြတာပါ"

"ဟုတ်ကဲ့ ... အမှုဖြစ်ပုံကို ဆက်ပြောပါဦး ဖထီးရယ်"

"ကျုပ်တို့ ဥက္ကံကနေ ကြံ့ရာကားစီးလာကြတာ။ ကုန်တင်ကားကြီး တစ်စီးရဲ့ ခေါင်းပိုင်းမှာ ကားဆရာက နေရာပေးလို့ မိသားစုသုံးဦးစလုံး ကားခေါင်း ခန်းထဲမှာ ကြပ်ကြပ်တည်းတည်း စီးလာကြတယ်။ ကုန်ကားကြီးက သာယာဝတီ ဘက်မှာ ကုန်လာပို့ပြီး အပြန် ခါလီကုန်မပါဘဲ နောက်ခန်းမှာ ကားစပယ်ယာ တစ်ယောက်ပဲ ပါလာတယ်။ ကျုပ်တို့က လွတ်လွတ်လပ်လပ် နောက်ခန်းမှာ စီးချင် ပေမဲ့ ကားဆရာက ကားခေါင်းခန်းထဲစီးဖို့ အတင်းခေါ်လို့ အားနာတာနဲ့ တက်စီး ကြရတာ။ သမီးအပျိုမကိုလည်း ဒရိုင်ဘာက သူ့ဘက်ခေါ်ပြီးစီးခိုင်းတယ်။ ကား မောင်းတယ်ဆိုတာ မျက်စိရော၊ နားရော၊ ခြေရော၊ လက်ရော မနားရတဲ့ကြားက



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာက ဂီယာချိန်းရင်း ကျုပ်သမီးပေါင်ကို လှမ်းလှမ်းကိုင်တယ်။ ထောက်ကြန့်ဂိတ်ရောက်တော့ ကားတွေကိုရပ်တန့်ပြီး စစ်တပ်က ရှာဖွေရေးလုပ်နေချိန်ရောက်တော့ ကျုပ်တို့ သားအမိ သားအဖ အခွင့်ကောင်းယူပြီး ကားခေါင်းခန်းထဲမှာ ကြုပ်ကြုပ်တည်းတည်း မစီးဘဲ ကားအနောက်ခန်းထဲ ပြောင်းစီးကြတယ်။ ကားအနောက်ခန်းမှာ ကားစပယ်ယာတစ်ဦးတည်းသာရှိပြီး ကုန်ပစ္စည်းတွေမရှိတော့ ချောင်ချောင်ချိချိ စီးလို့ရတယ်။ ကားစပယ်ယာလေးကလည်း တစ်ချိန်လုံး အိပ်နေတာမို့ လွတ်လပ်တာပေါ့''

''ကျုပ်တို့ကား ခရေပင်လမ်းဆုံရောက်တော့ တစ်ခါ စစ်ဆေးရေးအဖွဲ့နဲ့ တိုးပြန်တယ်။ ဒီတစ်ခါ စစ်ဆေးရေးအဖွဲ့က စစ်တပ်က မဟုတ်တော့ဘူး။ ရဲတွေအထဲက ဒုရဲအုပ်တစ်ယောက်က အဖွဲ့နဲ့ လက်နှိပ်ဓာတ်မီးထိုးပြီး ကားတစ်စီးချင်းအတွင်းအပြင် အထက်အောက် လိုက်လံစစ်ဆေးတယ်၊ အဲဒီမှာ ပြဿနာက စတော့တာပဲ''

''လိုက်လံစစ်ဆေးတဲ့ ခေါင်းဆောင်ဒုရဲအုပ်က အရက်မူးနေတယ်။ ပါးစပ်ကလည်း ကားသမားနဲ့ ခရီးသည်တွေကို ဆဲဆိုကြိမ်းမောင်းပြီး ကားပေါ်က ဆင်းခိုင်းတယ်။ မြေကြီးပေါ်မှာ တန်းစီထိုင်ခိုင်းပြီး ကားပေါ်ကိုတက်စစ်တာ ကျုပ်တို့ကားကတော့ ကုန်ပစ္စည်းလည်းမပါ။ နောက်ခန်းမှာ ကျုပ်တို့သားအဖနဲ့ ကားစပယ်ယာတစ်ယောက်သာ ပါလို့ ကားအောက်မဆင်းရပေမဲ့ ခေါင်းဆောင်ဒုရဲအုပ်က ကျုပ်သမီးအပျိုမကို ဟိုကိုင်ဒီကိုင်လုပ်ပြီး ရိသဲ့သဲ့စကားပြောတယ်။ ကျုပ် အဲဒါကို မကျေနပ်ဘူး။ ဒါပေမဲ့ သူက ခြောက်လုံးပြူးကြီးကိုင်ပြီး ဆဲဆိုကြိမ်းမောင်းနေတော့ ကြောက်လည်း ကြောက်ရတယ်။ ဒါကြောင့် အတတ်နိုင်ဆုံး သည်းခံပြီးနေခဲ့ရပါတယ်။ ကျုပ်တို့ကားကို စစ်ဆေးပြီး တခြားကားတွေကို တစ်စီးပြီးတစ်စီးဆက်စစ်တယ်။ ရပ်တန့်စစ်ဆေးခံရတဲ့ကားတွေကလည်း (၁၀) စီးကျော်မယ် ထင်တယ်''

ယာဉ်တန်းတစ်ခုလုံး ပြီးစီးမှ အားလုံးထွက်ခွင့်ရတာ။ အဲဒီ (၁၀) စီးပြီးရင် အပြင်မှာ ရပ်တန့်ပြီး စောင့်နေရတဲ့နောက်ထပ်ကား (၁၀)စီးက ဝင်လာရပြီး အစစ်ဆေးခံရပြန်တယ်။ ကြိုးနီးစနစ်ကြီးပေါ့။ အဲဒါနဲ့ တိုတိုပြောရရင်တော့ ကျုပ်တို့ကားတန်းကြီး စစ်ဆေးပြီးလို့ ကားစထွက်ကြမယ့် အလုပ်မှာပဲ အစောပိုင်းက

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေစစ်ဆေးတဲ့ ခေါင်းဆောင်ဒုရဲအုပ် ကျုပ်တို့ကားဆီ ပြန်ရောက်လာပြန်တယ်။ ကျုပ်တို့ မိသားစုက ကားအနောက်ခန်းမှာ နေရာယူထိုင်စီးပြီး ကျုပ်က ကွမ်းဝါး ဖို့လုပ်နေရာ ကွမ်းရွက်က ကွမ်းရိုးကို ကတ်ကြေးနဲ့ညှပ်နေတဲ့အချိန်ပေါ့။ အဲဒီ အချိန်မှာပဲ ဒုရဲအုပ်က ကျုပ်သမီးအပျိုမလေးကို ဟိုကိုင်ဒီကိုင်လုပ်ပြန်တယ်။ ကျုပ်လည်း အဲဒီအခါမှာတော့ သည်းမခံနိုင်တော့ဘဲ ကျုပ်ပညာနဲ့ ဒုရဲအုပ်ကို စိတ်ညို့ပြီး ကားတန်းကြီးအပြင်ဘက် ခရေပင်အရိပ်ကို ခေါ်ထုတ်ခဲ့တယ်။ ခရေပင် အရင်းမှာ အဲဒီရဲအုပ်ကို ထိုင်ခိုင်းပြီး သူ့နှလုံးသားရှိရာ ဘယ်ရင်အုံကို ကတ်ကြေး နဲ့ တစ်ဆုံးထိုးပြီး ကတ်ကြေးကိုလည်း အစဖျောက်ပစ်လိုက်တယ်။ ပြီးမှ ခပ်တည် တည်နဲ့ ကျုပ်တို့ကားရှိရာကို ပြန်ပြီးမိသားစုနဲ့အတူ ကားနောက်ခန်းမှာ တက်ထိုင် နေလိုက်တယ်''

''ကားတန်းကြီးကို စတင်ထွက်ခွင့်ပြုတော့ ကားတွေအားလုံး စက်နှိုး ပြီး ရှေ့မီးကြီးတွေ ဖွင့်ကြတယ်။ အဲဒီအချိန်မှာ ကားမီးတန်းထဲမှာ ခေါင်းဆောင် ဒုရဲအုပ် သွေးသံရဲရဲနဲ့ လဲနေတာကို သူတို့ ရှာဖွေရေးရဲအဖွဲ့က တွေ့သွားတယ်။ အဲဒါကြောင့် ထွက်ခွင့်ပြုတဲ့ကားတွေကို ရပ်တန့်ခိုင်းပြီး စောင့်ခိုင်းပြန်တယ်။ သူတို့ ခေါင်းဆောင် ဒုရဲအုပ် အသတ်ခံလိုက်ရမှန်း သိသွားတာနဲ့ ကားတစ်စီးချင်း လူသတ် တရားခံကို ရှာဖွေကြပြန်တယ်။ နောက်ဆုံးတော့ ကျုပ်နဲ့ဒုရဲအုပ် သမီးကိစ္စနဲ့ တစ်ယောက်တစ်ခွန်း စကားများကြတာကို မှတ်မိနေတယ်။ ရဲတပ်သားတစ်ယောက် က မသင်္ကာမှုနဲ့ ကျုပ်ကို ကားပေါ်က ဆွဲချပြီး ဖမ်းတော့တာပဲ။ အဲဒါနဲ့ပဲ ...

''ဆရာထောင်မှူးရယ် ကျုပ်လည်း ဒီထောင်ကြီးထဲကို ရောက်လာ တာပါပဲ''

''ဒါဆို ဖထီးအမှုက အမှုမှန်ပေါ့။ ရဲတွေမကောင်းလို့ ဖြစ်ရတာ။ မျက်မြင် သက်သေနဲ့ သက်သေခံပစ္စည်း ရှာမတွေ့ရင်တော့ ဆရာကြီးအနေနဲ့ သံသယ အကျိုးခံစားခွင့်ရပြီး အမှုက လွတ်မြောက်နိုင်ပါတယ်။ နောက်ပြီး ဆရာကြီးတို့ တောသူတောင်သားတွေ အမှုလိုက်ရှေ့နေတောင် မငှားနိုင်ဘူးဆိုတော့ တ[illegible] သူကြီးကလည်း သဘောပေါက်နားလည်နိုင်ပါလိမ့်မယ်။ ဖထီး ကံကောင်းပါ[illegible] လို့ ကျွန်တော် ဆုတောင်းပါတယ်။ ဆေးဆရာဖြစ်တဲ့ ဖထီးအနေနဲ့ စေ[illegible] ဝိသနာအနစ်နာခံပြီး သတ္တဝါတွေကို ကယ်တင်ခဲ့သူတစ်ဦးအနေနဲ့ နတ်ကော[illegible]

www.burmeseclassic.com

www.burmeseclassic.com



နတ်မြတ်တွေက စောင့်ရှောက်ကယ်တင်ကူညီလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပြီး ဆုတောင်းမေတ္တာပို့သပါတယ်။ ဖထီး ဒီအမှုက အမြန်ဆုံးလွတ်မြောက်နိုင်ပါစေ''

''ထောင်တွင်းမှာ နေစဉ်ကာလတွင်လည်း ဖထီးရဲ့ စေတနာအလျောက် အချုပ်သား၊ အကျဉ်းသားနဲ့ ဝန်ထမ်းတွေကို စေတနာမေတ္တာထားပြီး ဆေးဝါးကုသပေးတဲ့ ကောင်းမှုကုသိုလ်တရားကြောင့် အမြန်ဆုံးလွတ်မြောက်ရန် ကျွန်တော်လည်း အမြဲတမ်းဆုတောင်းမေတ္တာပို့သနေပါ့မယ်''

''ကျေးဇူးတင်တယ် ... ဆရာလေး။ ကျွန်တော်က ဗိန္ဒောကုဆေးဆရာဆိုပေမဲ့ အသပြာဆရာမဟုတ်ပါဘူး။ စေတနာ၊ ဝါသနာတွေကြောင့် ဆေးစက်လည်း ထိရောက်ပါတယ်။ ဤကောင်းမှုကုသိုလ်တွေကြောင့် ကျုပ် အမြန်ဆုံး ဤအမှုက လွတ်မြောက်မယ်လို့ ယုံကြည်မိပါတယ်''

ထိုနေ့ ညနေပိုင်းတွင် မန်းဆရာနဲ့ စကားပြောပြီးနောက် ကျွန်တော် ပုံစံခန်းသို့ဝင်၍ ယမန်နေ့က ရောက်ရှိနေသော အချုပ်သား လူသစ် (၆၀)ဦးခန့်ကို စစ်ဆေးကြည့်ရှုရသည်။ ညနေ (၄)နာရီခန့်တွင် လူသစ်စစ်ဆေးမှုပြီး၍ အချုပ်အာမခံ လွတ်သူများအား စစ်ဆေးရပြန်သည်။ ထို့နောက် တစ်ဖွဲဖွဲရုံးပြန်ရောက်ရှိလာကြသော အချုပ်သားများအား နေရာချထားပြီး ည (၆)နာရီကျော်ခန့်တွင် ရုံးပြန်ကားများ စုံညီပြီဖြစ်သောကြောင့် ထောင်ပိတ်ရန် စီစဉ်ရပြန်သည်။

ထောင်ပိတ်သည်ဆိုသည်မှာ ဘဏ်လုပ်ငန်းပိတ်သလိုပင် အဝင်အထွက်အား စစ်ဆေး၍ လူပေါင်းကိုက်ညီပါမှ ထောင်ပိတ်၍ ရပါသည်။ ထိုထောင်ပိတ်ပြီးသောအချိန်မှာ ညစဉ် ည (၇)နာရီနှင့် (၈)နာရီအတွင်းမှ ပြီးစီးလေ့ရှိပါသည်။ တစ်ခါတရံ လူပို၍ဖြစ်စေ၊ လူလို၍ဖြစ်စေ ထောင်ပိတ်၍ စာရင်းမကိုက်ညီပါက တစ်ညလုံး ထောင်ပိတ်အဖွဲ့ မအိပ်ကြရတော့ဘဲ တစ်ဆောင်ပြီးတစ်ဆောင် ထပ်တလဲလဲ ပြောင်းလဲစစ်ဆေးရပါသည်။

ထို့ကြောင့် ထောင်ဝန်ထမ်းလုပ်ရသည်မှာ မလွယ်ကူလှပါ။ ဘဏ်များတွင် ငွေလိုလျှင် ငွေစိုက်၍ ရနိုင်ပေမဲ့ ထောင်များတွင်တော့ လူလိုလျှင် လူစိုက်လျှော်၍မရနိုင်ပါ။ ကျွန်တော်တို့ ထိုနေ့ညက ထောင်ပိတ်ပြီးစီးသည်နှင့် ညတာဝန်ကျအဖွဲ့ကို တာဝန်လွှဲပြောင်းပြီး အသီးသီး မိမိတို့အိမ်ရှိရာသို့ ပြန်လာခဲ့ကြပြီး ရေချိုး

www.burmeseclassic.com

www.burmeseclassic.com



၍ ညစာစားပြီး အနားယူအိပ်ချိန်ရောက်မှ စဉ်းစားမိသည်မှာ ကျွန်တော်၏ နာနေသည့် လက်ဝဲဘက်မျက်စိမှာ ယခင်ကလို ကိုက်ခဲခြင်းလည်းမရှိ၊ စူးအောင့်ခြင်းလည်း မရှိဘဲ အတော်သက်သာနေသည်ကို သတိထားမိပါသည်။ မန်းဆရာကြီး ကျေးဇူးကြောင့် ပျောက်ကင်းချမ်းသာမည်ဟုလည်း ထိုအခါမှ ပို၍ယုံကြည်ခံစားမိတော့သည်။ ထိုညက ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် ကောင်းစွာအိပ်ပျော်ခဲ့သည်။

[၅]

နောက်တစ်နေ့ မနက်မိုးလင်းတွင် ကျွန်တော် အိပ်ရာကနိုးတော့ မနက် (၆)နာရီခန့် ရှိပါသည်။ ယနေ့ မနက်ထောင်ဖွင့်ရန် တာဝန်မရှိသောကြောင့် အေးဆေးစွာပင် မနက်စာ လက်ဖက်ရည်သောက်၍ မုန့်စားရင်း အနားယူနေမိသည်။ ထိုစဉ်တွင် မန်းဆရာအကြောင်း ခေါင်းထဲသို့ ဖျတ်ခနဲ ဝင်ရောက်လာပါမှ ကျွန်တော်၏ မျက်စိကို သတိရမိသည်။ ကျွန်တော်၏ နာနေသော ဘယ်ဘက်မျက်စိမှာ အကောင်းပကတိ ပြန်ဖြစ်ပြီး (၁)လခန့် မျက်စိနာနေခဲ့ခြင်းကိုပင် ယခု သတိရမိခြင်းဖြစ်သည်။ ဖထီးမန်းဆရာ ဆေးမှာ လွန်စွာထိရောက်အစွမ်းထက်ကြောင်း ကျွန်တော် သတိပြုမိပါတော့သည်။

ထို့ကြောင့် ဖထီးမန်းဆရာ၏ လူသတ်မှုမှာ ၎င်း၏ ဝန်ခံပြောဆိုချက်အရ အမှုမှန်ဖြစ်သော်လည်း စော်ကားခံရခြင်းဖြစ်၍ သံသယအကျိုးကို ခံစားရပြီး အမြန်ဆုံးလွတ်မြောက်စေရန် ဆုတောင်းပြီး မေတ္တာပို့မိပါသည်။

မနက် (၇)နာရီကျော်ခန့်တွင် ကျွန်တော် ယူနီဖောင်းဝတ်ဆင်၍ ထောင်တွင်းသို့ ဝင်ရောက်ခဲ့သည်။ ထောင်အဝင်ဝဗူးဝတွင် အလုပ်ဝင်ရောက်ကြ

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရေးထိုးနေစဉ် ပူးတံခါးကြီးထောင်မှူး ဦးဝင်းဆန်းနှင့် နှုတ်ဆက်စကား ပြောဆိုကြစဉ် သူက ...

"ဟော့ ... ကိုသိန်းဝင်းကြီး၊ ခင်ဗျား မျက်စိနာပျောက်သွားပြီလား။ ကျွန်တော့်မှာ မနေ့က တပည့်တစ်ယောက် တံခါးပိတ်ရာမှာ မထင်မှတ်ဘဲ သူ့လက်နဲ့ ခိုက်မိလို့ မျက်စိတစ်ဖက် ယောင်ပြီးနာနေတယ်။ အဲဒါ ခင်ဗျား ဆေး၊ ဆေးစွမ်းကောင်းလေးများရှိရင် မျှတစမ်းပါဦး"

"ကဲ ... လာ သူငယ်ချင်း၊ ကိုယ်လည်း နာမည်ကြီးအင်္ဂလိပ်ဆေးတွေနဲ့ကုပေမဲ့ မပျောက်ဘူး။ မျက်စိနာတယ်ဆိုတာ နားနားနေနေ ဆေးကုမှ အမြန်ပျောက်တာ အခုတော့ ကိုယ်တို့က လုပ်ငန်းသဘာဝအရ ရဲဘက်အိပ်ဆောင်နဲ့ ပူးဝကို နေပူကြီးထဲ ပြေးလွှားနေရတော့ အတော်နဲ့ ဘယ်ပျောက်မလဲ။ ဒါပေမဲ့ မပူနဲ့ သူငယ်ချင်း။ အခု ကိုယ်တို့အဆောင်မှာ 'မန်းဆရာ'ဆိုတဲ့ ကရင်ဗိန္ဓောဆရာကြီး ရှိတယ်။ သူငယ်ချင်းက ကရင်လူမျိုးဆိုတော့ အဆင်ပြေမှာပါ။ သူက စားဆေး၊ သောက်ဆေး၊ လိမ်းဆေးပေးတာမဟုတ်ဘူး။ မန်းမှုတ်ပေးတာ၊ ဒါကြောင့် သူ့ကို မန်းဆရာလို့ ခေါ်တာ"

"ဟေ ... ဟုတ်လား၊ ကိုယ့်အလုပ်ကလည်း (၈)နာရီမှ အချုပ်သား အကျဉ်းသားတွေ ရုံးထုတ်ပေးရမှာမို့ ခုလောလောဆယ် အားနေတယ်။ နာရီဝက် (၄၅)မိနစ်အတွင်း အဲဒီဆရာကြီး မန်းမှုတ်ပေးရင် ဖြစ်နိုင်သလား"

"လာစမ်းပါ ... ကိုဝင်းဆန်းရယ်။ နာရီဝက်အတွင်း ခင်ဗျားကိစ္စပြီးပါတယ်။ ကိုယ့်အဆောင်ကိုတောင် လိုက်စရာမလိုဘဲ မိန်းဂျေးမှာတင် မန်းဆရာကို ခေါ်ပြီး ကိုယ်လုပ်ပေးပါ့မယ်။ တစ်ညအိပ်နဲ့ ပျောက်ကင်းတယ်ဆိုတာကိုလည်း ကိုယ်က တာဝန်ယူပါတယ်"

"တယ် ဟုတ်ပါလား။ ကိုယ် အခုပဲ လိုက်ခဲ့မယ်။ ခဏလေးစောင့်ပါ သူငယ်ချင်း"

တံခါးထောင်မှူး ဦးဝင်းဆန်းက သူ့တပည့်များအား မှာကြားစရာများကို မှာကြားပြီး ထောင်အတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ကျွန်တော်က သူ့ကို မိန်းဂျေး၌ ထိုင်နိုင်းပြီး အိပ်ဆောင် (၁)မှ မန်းဆရာကိုလည်း ခေါ်ခိုင်းရသည်။ တစ်ပြိုင်တည်း ရဲဘက်ဖိုခေါင်းအား ခေါ်ယူ၍ မီးသွေးခဲသန့်သန့်တစ်ခုအား ယူခိုင်းရသည်။ ဦးဝင်းဆန်းက ကျွန်တော့်အား ကြောင်၍ကြည့်နေပါသည်။ မန်းဆရာရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့ ကျွန်တော်က မီးသွေးတစ်ခဲကိုပေးပြီး အကျိုးအကြောင်း ရှင်းပြရပါသည်။

မန်းဆရာက သူ၏ ညာဘက်လက်ဖဝါးပြင်ပေါ်တွင် မီးသွေးခဲဖြင့် အင်းကွက်များကို ရေးချသည်။ ပြီးနောက် ဂါထာစုပ်၍ ဦးဝင်းဆန်း၏ ညာဘက်မျက်စိအား မှိတ်ခိုင်းပြီး လက်ဝါးဖြင့်အုပ်ထားသည်။ ယခုမှပင် ကျွန်တော် သဘောပေါက်သည်မှာ လူနာက ဘယ်ဘက်မျက်စိနာလျှင် ဆေးဆရာက သူ၏ ဘယ်ဘက်လက်ဖြင့် အင်းကွက်ချ၍အုပ်ပြီး မန်းမှုတ်ပေးခြင်းဖြစ်သည်။ လူနာက ညာဘက်မျက်စိရောဂါဖြစ်ပါက ဆရာက သူ၏ ညာဘက်လက်ဖဝါးပေါ်တွင် အင်းကွက်ချ၍ ဂါထာစုပ်ပြီး အုပ်ပေးခြင်းဖြစ်သည်။

ကိစ္စများပြီးတော့ ဦးဝင်းဆန်းက မန်းဆရာအား ဘာစားချင်သလဲဟု မေးသည်။ မန်းဆရာက ကွမ်းစားချင်ကြောင်းဖြေသည်။ ဦးဝင်းဆန်းက ပို့ပေးမည်ဟုဆိုပြီး ဖူးတံခါးကြီးသို့ အလုပ်တာဝန်ရှိသေးသည်ဟု ဆိုပြီး ပြန်လည်ထွက်ခွာသွားသည်။

ကျွန်တော်နှင့် မန်းဆရာ (၁) ဆောင်အချုပ်ရုံးသို့ ပြန်ခဲ့ကြပြီး မကြာမီ၌ပင် လက်ဖက်ရည်အချိုနှစ်ခွက်၊ ကွမ်းယာနှင့် ဒူးယားစီးကရက် တစ်ဗူးတို့အား ဖူးတံခါးကြီးထောင်မှူး ဦးဝင်းဆန်းက ပို့ခိုင်းသည်ဟုဆိုပြီး ဝန်ထမ်းတစ်ဦးက လာရောက်ပို့ဆောင်ပေးသည်။ ထို့ကြောင့် ကျွန်တော်လည်း လက်ဖက်ရည်ချို တစ်ခွက် သောက်လိုက်ရပါသည်။

ထိုနေ့ညက ကျွန်တော်တို့ ထောင်ပိတ်ချိန်တွင် ထောင်ပိတ်လူပေါင်း စာရင်းလာပို့သော ဖူးတံခါးထောင်မှူး ဦးဝင်းဆန်းက သူ့မျက်စိနာ သက်သာကြောင်း နောက်တစ်နေ့မနက်တွင် မန်းဆရာပြောသလို ပျောက်ကင်းမည်ဟု ယုံကြည်ပါကြောင်း ပြောလာပါသည်။

နောက်တစ်နေ့မနက်တွင် ထောင်ဖူးဝ၌ ဦးဝင်းဆန်းနှင့် တွေ့ဆုံရာ သူ၏ မျက်စိလုံးဝပြန်လည်ကောင်းမွန်ပြီဖြစ်ကြောင်း ပြောဆိုပါသည်။ ကျွန်တော်တွင် သာမက နောက်တစ်ဦးဖြစ်သူ ဦးဝင်းဆန်း မျက်စိပါ ပျောက်ကင်းချမ်းသာသဖြင့် တိုက်ဆိုင်မှုတော့ မဖြစ်နိုင်ပါ။ မန်းဆရာ၏ စေတနာ၊ မေတ္တာပါသော ဆေးအစွမ်း ကြောင့်သာ ဖြစ်မည်မှာ ကေန်မုချဖြစ်ပါသည်။ မန်းဆရာအမည်ဖြင့် ကျွန်တော့် ကဲ့သို့ မျက်စိနာရောဂါကို ကုပေးရုံ၌သာမက အရိုးကျိုးသူ အဆစ်လွဲသူ၊ ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



အနာတရ၊ လေးထိုးလေအောင့်၊ ဗိုက်အောင့်ရောဂါ စသဖြင့် ရောဂါများသာမက အချစ်ရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စ၊ စီးပွားရေးကိစ္စများကိုသာမက ပစ္စည်းပျောက်သော အမှုများကိုပင် ကူညီကယ်တင်ဟောပြောပေးနိုင်စွမ်း ရှိပါသည်။ မှန်လည်း အတော်မှန်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏အမှုကို ကိုင်တွယ်၍ တရားစီရင်နေရသူ၊ တရားသူကြီးမင်းကိုယ်တိုင်၏ ဖြစ်ပေါ်လာတော့မည့် အမှုကိစ္စတစ်ခုကိုပင် ကြိုတင်ရှောင်လွှဲနိုင်အောင် ဟောပြောသတိပေးခြင်းကြောင့် တရားသူကြီးမင်းမှာ မန်းဆရာအား လွန်စွာသဘောကျ ယုံကြည်ပြီး (၆)လခန့်အကြာတွင် မန်းဆရာအား သက်သေမခိုင်လုံခြင်းကို အကြောင်းပြပြီး လူသတ်မှုမှ တရားသေလွှတ်ပေးခဲ့ပါသည်။

ထို့ကြောင့်လည်း ထောင်အတွင်း၌ မန်းဆရာအား အောက်လမ်းဆရာလိုလို၊ ဗေဒင်ဆရာလိုလို၊ အဆောင်ကောင်းဆောင်ထားသည့် ဆရာလိုလို၊ လိုလိုပေါင်းများစွာဖြင့် ထင်ကြေးပေးကြပါသည်။ မည်သို့ပင်ဆိုစေကာမူ မန်းဆရာက လူသတ်မှုမှာ အမှုမှန်ဖြစ်သည်ဟု ဝန်ခံခဲ့သော်လည်း သူ၏ မဟုတ်မခံသောစိတ်ဓာတ်၊ ရိုးသားသော စိတ်ဓာတ်၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံသော လူဆန်သည့် စိတ်ဓာတ်ကြောင့် နတ်ကောင်း နတ်မြတ်များက ကယ်တင်ကူညီသည်ဟူ၍ပင် ကျွန်တော့်အနေဖြင့် မှတ်ယူမိပါကြောင်း။

☼ ☼ ☼

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"ကျွန်တော် သူ့ကို ချစ်လွန်းလို့ သတ်မိတာပါဗျာ"

တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်သန်းခေါင်ယံအချိန်အခါ သမယဝယ် အမှတ် (၁) အိပ်ဆောင်အောက် (၄) ခန်းထဲမှ အချုပ်သားတစ်ဦး၏ ကယောင်ကတမ်းအော်ဟစ်နေသံသည် အဆက်မပြတ် ပေါ်ထွက်လာနေသည်။

အိပ်ဆောင်အခန်းတွင်းဝယ် အိပ်မောကျနေသူများအားလုံး အိပ်မှုန်စုံမွှား အိပ်ချင်မူးတူးဖြစ်လျက် အခင်းဖြစ်ပွားရာနေရာသို့ အိပ်ပျော်နေခဲ့ကြရာမှ ရုတ်တရက် လူးလဲထထိုင်ကာ ဝိုင်းအုံကြည့်ရှုနေကြသည်။

"ဟော့ . . . ဘာဖြစ်တာလဲကွ"

"ဆရာ . . . ဒီကောင်အရူး ထင်တယ်၊ ညကြီးသန်းခေါင်ထပြီး ကယောင်ကတမ်း အော်ဟစ်နေလို့ ဆရာ"

"အဲဒီကောင် ဒီသံတိုင်ပေါက်နား ခေါ်လာခဲ့စမ်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ညဥ့်နက်ချိန်ကြီးဝယ် အချုပ်သားတစ်ဦးမှာ ဘာစိတ်ရှူးပေါက်သွားသည်မသိ အိပ်ဆောင်ထဲတွင် တစ်ယောက်တည်း အော်ဟစ်ဆူပူသောင်းကျန်းနေခြင်း ဖြစ်ပါသည်။ တာဝန်ကျကင်းစောင့်ဝန်ထမ်းသည် အခန်းထဲမှ ညကင်းစောင့်ဗာရာများကို အပြင်ဘက်မှ လှမ်းမေးနေခြင်း ဖြစ်သည်။

"ဟေ့ ... ဗာရာ၊ မဆိုင်တဲ့ကောင်တွေ အိပ်ရာပေါ်မှာ ခေါင်းလှဲနေနိုင်းစမ်း"

"ဟုတ်ကဲ့ ... ဆရာ၊ ဟေ့ ... ကျန်တဲ့လူတွေ ကိုယ့်အိပ်ရာနေရာမှာပဲ ခေါင်းချအိပ်နေစမ်း။ ခေါင်းထောင်လာတဲ့ကောင် ဟောဒီတုတ်စာမိသွားမယ်၊ အိပ်နေကြစမ်း"

အိပ်ဆောင်ထဲမှာ လှုပ်လှုပ်ရွရွ ခေါင်းထောင်ထိုင်ကြည့်နေကြသော အချုပ်သားများကို ဘာမှန်းညာမှန်းမသိဘဲ ခေါင်းထောင်ကြည့်နေကြသဖြင့် ဗာရာလုပ်သူမှ လိုက်လံဟစ်ပြောဆိုနေသည်။

ကျန်ဗာရာနှစ်ဦးမှ ဆူပူအော်ဟစ်နေသော အချုပ်သားကို မျဉ်းတန်းဘေးဆီ တစ်ဖက်တစ်ချက် ချုပ်ကိုင်ကာ ခေါ်လာနေသည်။ အချုပ်သားမှာ ဆံပင်ရှည်လျားပြီး မျက်နှာမှာ ညှင်းသိုးသိုးနှင့် မျက်လုံးအစုံမှာ ကြောင်တိကြောင်ကန်း ဖြစ်နေရှာသည်။ ကြည့်ရသည့်အသွင်သဏ္ဌာန်မှာ စိတ်ဖောက်ပြန်နေသူ တစ်ယောက်နှယ်ပုံပေါက်နေသည်။

"ဆိုစမ်းပါဦး ... မင်းက ညအချိန်မတော်ကြီးမှာ ဘာစိတ်ရူးထကြောင်တာလဲ"

"ဒီ ... ဒီလိုပါ ဆရာရယ်၊ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းမှာ ကျွန်တော့် လည်ပင်းကို တစ်စုံတစ်ယောက်က အတင်းလာညှစ်နေလို့ ကြောက်လန့်ပြီး အော်ဟစ်မိတာပါ ... ဆရာ"

"မင်းဟာက သရဲစီးတာလား မသိပါဘူး။ ကဲ ... ကဲ ... ထပ်ပြီး ပြဿနာမရှာနဲ့၊ အေးအေးဆေးဆေး အိပ်နေ၊ ကြားလား ..."

"ဟုတ်ကဲ့ပါ ... ဆရာ"

"အခန်းလူကြီး၊ ဒီကောင့်ကို မင်းအိပ်တဲ့ ဘုရားခန်းနားမှာ ခေါ်သိပ်ထား ကြားလား၊ ကဲ ... မင်းအိပ်ရာပြောင်းပြီး သူ့နားသွားအိပ်"

"ဟုတ်ကဲ့ ... ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချုပ်သားအား အခန်းလူကြီးမှ သူ အိပ်သည့်နေရာ ဘုရားစင်အောက်သို့ ခေါ်ဆောင်သွားလေသည်။

နောက်တစ်နေ့နံနက် ထောင်ဖွင့်ပြီးသွားချိန်ဝယ် အိပ်ဆောင်မှူး ထောင်မှူးသည် ၎င်း၏ ရုံးခန်းမှာ ရုံးတာဝန်များ ဆောင်ရွက်နေစဉ် ...

"ဆရာကြီး ... ဒီကောင် ညက အိပ်ဆောင်ခန်းထဲမှာ အိပ်ပျော်နေတုန်း ကယောင်ကတမ်းတွေ ထအော်တာနဲ့ အခန်းသားတွေအားလုံး အထိတ်တလန့် ဖြစ်ကုန်ကြတယ် ဆရာ။ အဲဒါ ဒီကောင့်ကို ရုံးလာတင်တာပါ"

တာဝန်ကျဝန်ထမ်းမှ အချုပ်သားတစ်ဦးကို ခေါ်လာခဲ့ပြီး ထောင်မှူးရုံးတင်လာခြင်း ဖြစ်သည်။ ထောင်မှူးက အချုပ်သားကို ခြေဆုံး ခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီးနောက် ...

"ဟုတ်လား ... မင်းက ဘယ်လိုအကြောင်းနဲ့ ဆူဆူပူပူ လုပ်ရတာလဲ"

"ဆရာရယ် ... ကျွန်တော် ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချိန်မှာ ကျွန်တော့်လည်ပင်းကို တစ်စုံတစ်ယောက်က လာညှစ်နေလို့ ကြောက်လန့်ပြီးတော့ အော်ဟစ်မိခဲ့တာပါ ... ခင်ဗျာ"

"မင်းအမှုက ဘာဖြစ်တာလဲ"

"လူသတ်မှုပါ ... ဆရာ"

"အမှုအခြေအနေကကော စစ်ဆေးနေတုန်းပဲလား"

"ဟုတ်ပါတယ် ... ဆရာ"

"ဘယ်လိုကိစ္စအကြောင်းနဲ့ လူသတ်မှု ဖြစ်ပွားခဲ့တာလဲ"

"ကျွန်တော်နဲ့ လက်ထပ်ကာနီး မိန်းကလေးကို ကျွန်တော့်နောက်ကွယ်မှာ ဖောက်ပြန်နေတယ်ထင်လို့ တွေ့ဆုံသတိပေးတားမြစ်ရာက တစ်ယောက်တစ်ခွန်း စကားများပြီး ခြေလွန်လက်လွန် ဖြစ်သွားခဲ့တာပါ"

"မင်းဟာကလည်း နှစ်ယောက်သား လက်ပဲထပ်တော့မယ့်ဥစ္စာ ဘာမကျေမနပ်ဖြစ်ပြီး လူသတ်သည်ထိ အမှုကို ကျူးလွန်ခဲ့ရတာလဲ"

"သူက သူ့ကောင်နဲ့ ကျွန်တော့်နောက်ကွယ်မှာ မရှင်း မရှင်း ဖောက်ပြန်နေမှာကို စိတ်မချနိုင်လို့ တားမြစ်ပြောဆိုနေရာက ပေါက်ကွဲပြီး လူသတ်မှု ဖြစ်သွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦးကွာ ... မင်းဇာတ်လမ်းလေးက တော်တော်စိတ်ဝင်စားစရာ ကောင်းသားပဲ။ နှစ်ယောက်စလုံး ချစ်နေပြီး လက်ထပ်တော့မယ်ဆိုမှပဲ ဘယ်က အရှုပ်အထုပ်က ပေါ်လာပြီး လူသတ်မှုဖြစ်ခဲ့ရတယ်လို့"

"ကျွန်တော့်အမှုက ဒီလိုပါ ဆရာ"

ဟု အစချီလျက် အချုပ်သား ချစ်ဝင်းမောင်က အိပ်ဆောင်မှူး ကျွန်ုပ်ကို ၎င်း၏ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးအား မချွင်းမချန်ဘဲ အိတ်သွန်ဖာမှောက် ပြောပြလာသည်။

ယင်းအချုပ်သားသည် ကျွန်ုပ် တာဝန်ယူအုပ်ချုပ်နေသော အချုပ်ဆောင်တွင် လူသတ်မှုပုဒ်မဖြင့် တရားရင်ဆိုင်ဖြေရှင်းနေရဆဲ အချုပ်သားတစ်ဦး ဖြစ်ပါသည်။

အချုပ်သားက ၎င်းကျူးလွန်လာခဲ့သော အမှုအခင်းဖြစ်စဉ်လေးကို ကျွန်ုပ်အား အောက်ပါအတိုင်း ခရေစေ့တွင်းကျ ပြောပြနေသည်။

၎င်းကျူးလွန်လာသော လူသတ်မှုမှာလည်း နှစ်ဖက်မိဘအားလုံး သဘောတူခွင့်ပြုချက်ရပြီး လက်ထပ်ကာနီးဆဲဆဲမှာ တစ်ဦးပေါ်တစ်ဦး သံသယ မီးပွားလွင့်စဉ်ခဲ့ရာမှ ဒေါသပေါက်ကွဲကာ ခြေလွန်လက်လွန် ဖြစ်သွားခဲ့သော လူသတ်မှုမျိုး ဖြစ်ပါသည်။

အချုပ်သား ချစ်ဝင်းမောင်မှ ၎င်းကျူးလွန်လာခဲ့သော လူသတ်မှုဇာတ်လမ်းလေးကို စိတ်ဝင်စားဖွယ် ပြောပြနေသဖြင့် ကျွန်ုပ်က အောက်ပါအတိုင်း ဝတ္ထုဇာတ်လမ်းအသွင် ရေးသားတင်ဆက်သွားပါမည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်ရှိ မြကန်လယ်ရွာကလေးထဲတွင် ကျော့လွန်းစံနှင့် ကျော့လွန်းအိမ်ဆိုသည့် ညီအစ်မနှစ်ဦးတို့ ရှိလေသည်။ ၎င်းညီအစ်မနှစ်ဦးတွင် ဖခင်မရှိတော့ဘဲ မိခင်မှဆိုးမကြီးသာလျှင် ရှိလေသည်။ ရွာကလေးအစွန်အဖျားနားရှိ ချောင်းကမ်းနံဘေးဝယ် မိသားစုသုံးဦး အတူတကွနေထိုင်လျက်ရှိကြသည်။

၎င်းတို့မိသားစု နေထိုင်သော တဲအိမ်ငယ်လေးမှာ ရွာထဲရှိ အိမ်ကြီးများနှင့် တစ်မိုင်ခန့်မျှ ဝေးကွာလွန်းနေသည်။ ဖခင်ကြီးရှိစဉ်ကတည်းမှ ဤနေရာဤအိမ်လေးမှာပဲ လုပ်ငန်းလုပ်ကိုင်ရင်း အတည်တကျ နေထိုင်လာခဲ့ကြသည်။

ဖခင်ကြီးရှိစဉ်အခါက ပင်လယ်ပြင်မှာ ငါးဖမ်းရှာစားသည့် တံငါအလုပ်ကိုပဲ ဖောက်ချလုပ်ကိုင်လာခဲ့သဖြင့် ဖခင် ဖမ်းမိလာသော ငါးများကို မိခင်မှ ရွာထဲ လှည့်လည်ရောင်းချကာ မိသားစုစားဝတ်နေရေးကို ဖန်တီးနေထိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဖခင်ကြီး ရုတ်တရက် နာမကျန်းဖြစ်ပြီး ဆုံးပါးသွားသောအခါ ဖခင်ကြီး ခေါင်းချရာနေရာလေးကို မစွန့်လွှတ်ချင်သောကြောင့် မိသားစုသုံးဦး တည်း စုစုစည်းစည်းနေထိုင်လာခဲ့ကြသည်။ တံငါလှေများမှ ငါးများကို အကြီး မကျော့လွန်းစံမှ တစ်ဆင့်ဖောက်သည်ဝယ်ယူပြီး ရွာထဲသို့ လိုက်လံရောင်းချ စား သောက်နေထိုင်ခဲ့ကြသည်။

ယခုတော့ ဖခင်ကြီးလည်း ဆုံးပါးသွားပြီမို့ အိမ်ထောင်တာဝန်ကို ကျော့လွန်းစံနှင့် ကျော့လွန်းအိမ်တို့ ညီအစ်မနှစ်ဦးမှသာ ဦးဆောင်ဦးရွက်ပြုကာ လုပ်ကိုင်လာခဲ့ကြသည်။ ၎င်းတို့ နေထိုင်လျက်ရှိသော တဲအိမ်ငယ်မှာ ရွာထဲရှိ အိမ်ကြီးများနှင့် လွန်စွာအလှမ်းကွာဝေးနေသည်။

သို့သော်လည်း မြစ်ကမ်းပါးကြီးနံဘေးမှ အိမ်ဆောက်နေထိုင်ခဲ့ကြသော ကြောင့် ပတ်ဝန်းကျင်နှင့် ကင်းကွာလျက်ရှိသည်။ ယင်းကဲ့သို့ လူသူဝေးသည့် နေရာမှာ ဖခင်ဖြစ်သူက တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်စား သောက်ခဲ့သဖြင့် ကမ်းနံဘေးကုန်းကမူလေးပေါ်တွင် အိမ်ကို တည်ဆောက်ထား သည်။

၎င်းတို့ မိသားစုနေထိုင်ကြသော အိမ်လေးမှာ ရွာနှင့်အလှမ်းဝေးနေ သောကြောင့် တသီးတခြားရပ်တည်နေထိုင်သလို ဖြစ်နေသည်။ ဒါကြောင့်လည်း ညီအစ်မနှစ်ဦးမှာ ရွာထဲက လူများနှင့် ထဲထဲဝင်ဝင်ရှိမနေဘဲ သီးခြားရပ်တည် နေထိုင်သလိုမျိုး ဖြစ်နေသည်။

သို့ရာတွင် ကျော့လွန်းစံ၊ ကျော့လွန်းအိမ်တို့ ညီအစ်မနှစ်ဦးစလုံးမှာ တံငါလှေများမှ ငါးများကို ဖောက်သည်ယူပြီး ရွာထဲသို့ နေ့စဉ် လှည့်လည် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်နေသဖြင့် ရွာထဲမှ လူများအားလုံးက ညီအစ်မ နှစ်ဦးစလုံးအား သတိထားမိနေခြင်း ဖြစ်သည်။

ယင်းသို့ ညီအစ်မနှစ်ဦးအနက် အကြီးမကျော့လွန်းစံသည် ရုပ်ရည် ရူပကာ ပိုမိုချောမွေ့ကာ ညီမဖြစ်သူ ကျော့လွန်းအိမ်နှင့် တခြားစီဖြစ်နေသည်။ ကျော့လွန်းစံပုံစံက ဆံပင်ရှည်ရှည်ကို ဖားလျားချထားပြီး အသားအရေမှာ ဖြူဝင်း ကာ မျက်နှာပြင်အလှမှာ လွန်စွာချောမွေ့လွန်းလှသည်။

အထူးသဖြင့် သူမ၏ သောက်ရှူးကြယ်ညီနောင်လို ဝိုင်းဝိုင်းစက်စက် ကြည်ကြည်လင်လင်ရှိလှသော မျက်ဝန်းအစုံမှာ တစ်ဖက်လူကို ညို့ငင်ဆွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်း ရှိလေသည်။ သူမ၏ အလှဋ္ဌိကာကို မက်မက်စက်စက် ချီးမွမ်းပြောဆို လေ့ ရှိကြသည်။

ဒါကြောင့်လည်း လူသူလေးပါးခြောက်ကင်းနေသော ကမ်းခြေနေရာ သဲသောင်တစ်လျှောက်ဝယ် ညနေရီသရောအချိန်အခါမျိုးဝယ် ရွာကာလသား တချို့ လျှောက်ပြန်သံပေးလျက် ရှိနေကြသည်။ တချို့ကလည်း မယ်ဒလင်သံ ဒေါင်ဒင်ပေးလျက် အချစ်သီချင်းများကို စောင်းမြောင်းသီဆိုလျက်ရှိကြသည်။

ယင်းသို့ ညီအစ်မနှစ်ဦး၏ တစ်မျိုးတစ်ဖုံစီ လှသွေးကြွယ်နေသော အလှအပကွန်ယက်ဝယ် ရှုမြင်ခံစားလိုသော ရွာကာလသားများသည် ညနေ ဆည်းဆာနေဝင်ချိန်တိုင်း ဟန်ပန်ဂိုက်ဆိုက်ထုတ်ကာ အလှသီဖွဲ့သော တေး သံသာများကို ကျူးရင့်လျက် ဂေါ်ရေးဖွင့်နေကြလေသည်။

ထိုအထဲကမှ ရွာလူကြီးသား ချစ်ဝင်းမောင်သည် အဖော်တစ်ဦးနှင့်အတူ ညနေ နေဝင်ဆည်းဆာချိန်တိုင်း ကမ်းခြေသဲသောင်ပြင်ပေါ်ဝယ် အကျအနထိုင် ကာ မယ်ဒလင်တစ်လုံးဖြင့် အမြဲဂေါ်ရေး ဖွင့်နေလေသည်။

"ငွေသောင်ယံ . . . သဲပွင့်လေးထဲမှာ . . . အချစ်ရယ်ပြေးကစားမယ် . . . ကိုယ်ကခေါ်လျှင် . . . ချစ်သူရေ . . . လိုက်မှာလားကွယ် . . . အချစ်နဲ့တွဲလို့ . . . မခွဲတူယှဉ် သေလည်းတူပင်"

ယင်းသို့ နေ့စဉ်ရက်ဆက် ချစ်တေးတံထျာများကို သီကျူးရင့်ကာ အချစ် ဋ္ဌိကာဖွဲ့ဆိုနေတတ်သော ချစ်ဝင်းမောင်အပေါ် ကျော့လွန်းစံ၏ မေတ္တာအားက စီးဆင်းလာနေသည်။

အမှန်တော့ ချစ်ဝင်းမောင်အပေါ် ယုံကြည်အားကိုးမှုရှိနေသည်က မိမိ တို့ မိသားစု၏ ဘဝလုံခြုံရေးအတွက် ယောကျ်ားကောင်းမောင်းသံဆိုသလို အား ကိုးအားထားပြုနေမိခြင်း ဖြစ်သည်။ ရွာလူကြီး၏ သားမို့လည်း အားကိုးအားထား ရှိနေဟန် တူလေသည်။ တစ်ဖန် ချစ်ဝင်းမောင်တို့ မိသားစုက ရွာမျက်နှာဖုံး ဖြစ် သလို စီးပွားဥစ္စာလည်း တောင့်တင်းခိုင်မာမှု ရှိလေသည်။

ဘာပဲဖြစ်ဖြစ် ကျော့လွန်းစံကတော့ မိမိတို့ မိသားစုဘဝလေးကို ရပ် တည် အကာအကွယ်ပေးနိုင်မည့် ချစ်ဝင်းမောင်အပေါ် အားကိုးလိုစိတ် ရှိနေဟန် တူသည်။ ရွာထဲရှိ ကာလသားတစ်သိုက်ကတော့ ရွာအပြင် ကန္တားတစ်ဝိုက်မှ

www.burmeseclassic.com

www.burmeseclassic.com


တသီးတခြား ရပ်တည်နေထိုင်နေသော ညီအစ်မနှစ်ဦး၏ အလှကွန့်ယက်မှာ မျော ပါကာ ညနေတိုင်း လျှောက်ပြန်သံပေးပြီး ဂေါ်ရေးဖွင့်လျက် ရှိနေကြသည်။

ကျော့လွန်းစံတို့ ညီအစ်မနှစ်ဦးမှာလည်း မိမိတို့အပေါ် အာရုံဝင်စားနေ ကြသော ရွာထဲမှ ကာလသားများကို မချေမငံ မဆက်ဆံဘဲ ဖော်ဖော်ရွေရွေ ဆက်ဆံပြုမူနေထိုင်ခြင်းကြောင့် ရွာထဲမှ လူများက မျက်နှာများသူရယ်လို့ ရှုတ်ချ ဝေဖန်ကာ ပြောဆိုနေကြသူများလည်း ရှိလေသည်။

အမှန်တော့ ညီအစ်မနှစ်ဦးမှာ မိမိတို့ ရုပ်ရည်အလှအပလေးကို ဗန်း ပြကာ မိမိတို့အပေါ် ခုံမင်မြတ်နိုးနေကြသူများကို အဆင်ပြေအောင် ပေါင်းသင်း ဆက်ဆံရင်း မိမိတို့ ဘဝလုံခြုံရေးကို အကာအကွယ်ပြုနေခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ညီအစ်မနှစ်ဦးစလုံးမှာ မိမိတို့ဘဝအတွက် အန္တရာယ်ကို အကာ အကွယ် ရနိုင်စိမ့်သောငှာ ရွာထဲမှ ကာလသားများအားလုံးကို ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေ ဆက်ဆံနေခြင်းဖြစ်သည်။ ဒါကို မသိနားမလည်သူတချို့က မျက်နှာများလွန်းသည်ဟု အထင်ခံရခြင်း ဖြစ်ပါသည်။ မိမိတို့နေထိုင်နေရသော အိမ်လေးမှာ ကမ်းနဖူးဘေးမှာ ဖြစ်နေသောကြောင့် ပတ်ဝန်းကျင်နှင့် ကင်းကွာ ကာ တစ်မိုင်သာသာခန့်ဝေးနေသဖြင့် ဘေးအန္တရာယ်လုံခြုံရေးအားလုံးနှင့် အဆင် ပြေအောင် ပေါင်းသင်းဆက်ဆံနေထိုင်ကြခြင်း ဖြစ်ပါသည်။

ယင်းကာလသားအုပ်စုများထဲမှ သူကြီးသား ချစ်ဝင်းမောင်အပေါ် အားလုံး ထက် ပိုပြီးရင်းရင်းနှီးနှီး ဆက်ဆံနေခဲ့ခြင်း ဖြစ်သည်။ တကယ်တော့ သူကြီးသား ချစ်ဝင်းမောင်မှာ လူနေအေးဆေးသူ တစ်ယောက်ဖြစ်ပြီး ဖခင်အရှိန်အဝါကိုသုံး၍ မောက်မောက်မာမာ ဆက်ဆံနေထိုင်တတ်သူမျိုး မဟုတ်ပေ။ အိမ်၏ စီးပွားရေး လုပ်ငန်းများကို ဦးစီးဦးဆောင်ပြုကာ မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ် သည်။

ဒါကြောင့်လည်း ရွာကာလသားများထဲမှ ချစ်ဝင်းမောင်ကို ဦးစားပေးပြီး အားကိုးအားထားရနိုင်မည်ကို ယုံကြည်၍ ကျော့လွန်းစံက အိမ်ထောင်ဖက် အဖြစ် ရွေးချယ်ရန် စိတ်ကူးနေမိသည်။

ချစ်ဝင်းမောင်မှာလည်း အိမ်၏ စီးပွားရေးလုပ်ငန်းများဖြင့် မြို့ပေါ်သို့ မကြာခဏသွားရောက်ကာ အရောင်းအဝယ်ကိစ္စများဖြင့် မအားမလပ်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်နားသည်နှင့် နေ့နေ့ညည မဟူဘဲ ကျော့လွန်းစံထံ အခစားဝင်နေမြဲ ဖြစ်သည်။

နောက်ဆုံးမှာတော့ သူကြီးသား ချစ်ဝင်းမောင်နှင့် ကျော့လွန်းစံတို့ နှစ်ဦးမှာ ရှေးဘဝရေစက်ကြောင့်လားမသိ ချစ်သူဘဝသို့ နိုင်နိုင်မာမာ လက်တွဲလာနိုင်ခဲ့ကြသည်။ မိမိတို့ ဘဝခရီးလမ်းသာယာဖြောင့်ဖြူးဖို့ ဘဝတစ်ခုကို နိုင်နိုင်မာမာဖြင့် တည်ဆောက်နိုင်ရန် အတူလက်တွဲကြိုးပမ်းလျက်ရှိနေကြသည်။ ယင်းသို့သော အခြေအနေမှာ ချစ်သူနှစ်ဦးအတွက် မတတ်သာ ခပ်ခွာခွာနေကြရပြီး စီးပွားရေးတောင့်တင်းနိုင်မလာအောင် လုံးပန်းနေခဲ့ကြလေသည်။

ဤကဲ့သို့ ဘဝတစ်ခုကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးစားနေကြရင်း စီးပွားဥစ္စာ ပြည့်စုံလာသောအခါ နှစ်ဖက်မိဘကို ဖွင့်ဟပြောဆိုပြီး စေ့စပ်မင်္ဂလာပြုလုပ်ကာ လက်ထပ်ထိမ်းမြားနိုင်ရန် စီစဉ်နေခဲ့လေသည်။

ယင်းသို့ နှစ်ဖက်မိဘသဘောတူညီချက်ဖြင့် စေ့စပ်ပွဲကို စီစဉ်ဆောင်ရွက်ခဲ့ကြပြီးနောက် လက်ထပ်ပွဲမင်္ဂလာ ဆင်ယင်ကျင်းပနိုင်ရန် ရက်သတ်မှတ်ပြီး မင်္ဂလာဆောင်ဖိတ်စာများပင် ရွာထဲရှိ မိတ်ဆွေအပေါင်းအသင်းများကို ဝေငှထားခဲ့ပြီး ဖြစ်လေသည်။

သို့သော် မင်္ဂလာရက် သတ်မှတ်ထားသည့် ရက်တစ်ပတ်အလိုမှာ ချစ်ဝင်းမောင်သည် မြို့ပေါ်သို့တက်သွားကာ မိမိစီးပွားရေးလုပ်ငန်းမှ အကျိုးအမြတ်ငွေများ ရှင်းလင်းနိုင်ရန် ဆောင်ရွက်နေသည်။

ဤကဲ့သို့ ချစ်ဝင်းမောင် စီးပွားရေးကိစ္စဖြင့် မြို့ပေါ်သို့တက်သွားကာ စီစဉ်ဆောင်ရွက်နေချိန်ဝယ် ကျော့လွန်းစံမှာလည်း မင်္ဂလာရက်မြတ်ဝယ် ဝတ်ဆင်ရမည့် မင်္ဂလာဝတ်စုံများကို ချုပ်လုပ်နေလေသည်။

တဖြည်းဖြည်း မင်္ဂလာဆောင်မည့် ရက်နီးကပ်လာသည့်တိုင်အောင် ချစ်ဝင်းမောင်တစ်ယောက် မြို့ပေါ်မှာ လုပ်ငန်းကိစ္စမပြတ်သေးသဖြင့် ကျော့လွန်းစံမှာ သတို့သားချစ်ဝင်းမောင် မြို့ပေါ်မှ ပြန်လာမည့်ရက်ကို မျှော်တော်ဇောနှင့် ရင်ဖိုမောစွာ စောင့်မျှော်နေရှာသည်။

ထိုသို့ ရှိနေစဉ် ညီမဖြစ်သူ ကျော့လွန်းအိမ်သည် မြစ်ကမ်းပါးဝယ် ညနေမှောင်ရီပျိုးစအချိန်တွင် ရေဆင်းချိုးနေသည်။ ထိုစဉ် မြစ်ကမ်းခြေတစ်လျှောက် လူသူပြတ်လပ်ကင်းရှင်းနေသည်။ ဟိုးခပ်ဝေးဝေးနေရာလောက်ဆီမှ ချစ်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်သည် မိမိတို့ တဲအိမ်လေးဆီ လမ်းလျှောက်လာနေသည်ကို လှမ်းမြင်နေသည်။ မိမိအစ်မဖြစ်သူနှင့် ရက်ပိုင်းအတွင်း လက်ထပ်မင်္ဂလာပွဲကျင်းပနိုင်ရန် မြို့ပေါ်မှ အချိန်မီ ပြန်လာခဲ့သည်ဟု စိတ်မှာ ထင်မှတ်ကာ ရေဆက်ချိုးနေလေသည်။

"အစ်မ ... ကိုချစ်ဝင်းမောင်ကြီး ပြန်လာပြီ မဟုတ်လား"

"ဟင် ... ဟုတ်လား၊ ဘယ်တုန်းကလဲ ..."

"ကျွန်မ စောစောက မြစ်ဆိပ်မှာ ရေချိုးနေတုန်း မှောင်ရီသန်းစချိန်မှာ အိမ်ဘက်ကို လျှောက်သွားနေတာ ပိုးတိုးဝါးတား လှမ်းမြင်ခဲ့တာပဲ"

"ဟုတ်ရဲ့လား၊ ညီမရယ်။ ညည်းစိတ်ထင်လို့ ပြောနေတာဖြစ်ပါမယ်"

"အဟုတ်ပါ ... အစ်မရဲ့၊ ကိုချစ်ဝင်းမောင်ကြီး အိမ်ဘက်ကို လျှောက်သွားနေတာ မှောင်ရီမဲမဲမှာ ရေချိုးနေရင်း လှမ်းမြင်လိုက်ပါတယ်"

"အင်း ... ဘုရား ... ဘုရား ... သူ တစ်ခုခုများ ဖြစ်သွားလို့များလား။ ခုလို အရိပ်အယောင် လာပြသွားတာလား မသိပါဘူး။ သူ တကယ်လာရင် ငါနဲ့ တွေ့ရမှာပေါ့"

ဤကဲ့သို့ ကျော့လွန်းစံသည် ညီမဖြစ်သူ ကျော့လွန်းအိမ်ကိုယ်တိုင် မြင်တွေ့ခဲ့သည်ဆိုသော သတို့သားလောင်း ချစ်ဝင်းမောင် ဘယ်ဆီဘယ်ဝယ်သို့ ရောက်နေသည်ကို မမြင်မတွေ့နိုင်ဘဲ မှန်းဆဝေခွဲရခက်နေသည်။

နောက်တစ်နေ့ ရွာထဲသို့ သွားပြီး အကျိုးအကြောင်း မေးမြန်းစုံစမ်းသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ချစ်ဝင်းမောင်ရွာသို့ ပြန်လာသည်ဆိုသည့် သတင်းကို တိတိကျကျ မပြောနိုင်ဘဲ ဝေဝေဝါးဝါးသာ ပြောနေကြသည်။

မိမိညီမဖြစ်သူ ကိုယ်တိုင် ညနေမှောင်ရီပျိုးစအချိန်ခန့်မှာ တွေ့မြင်လိုက်သည်ဟု ဆိုသော်လည်း စိတ်အထင်မှတ်မှားကာ ယောင်ယောင်မှားမှား ပြောခဲ့သည်ဟု မှတ်ထင်နေသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ကျော့လွန်းစံမှာ စိတ်ထဲဝယ် အမှတ်ထားမနေတော့ဘဲ မေ့မေ့ပျောက်ပျောက်ထားလိုက်သည်။ မင်္ဂလာဆောင်ရန် ဖိတ်စာအားလုံး ရွာထဲမှာ ဝေငှထားပြီး ဖြစ်နေသောကြောင့် ဘာပဲဖြစ်ဖြစ် ချစ်ဝင်းမောင်တစ်ယောက် မင်္ဂလာဆောင်မည့်ရက်အမီ ပြန်လာလိမ့်မည်ဟု စိတ်မှာထင်မှတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ရမည့်ရက်ကလည်း တဖြည်းဖြည်းနှင့် နီးကပ်လို့လာနေသည်။ ကျော့လွန်းစံမှာ ချစ်သူ ချစ်ဝင်းမောင်တစ်ယောက် ဘေးရန်ကင်းကင်းနှင့် ရွာဆီကို ပြန်လာလိမ့်နိုးနှင့် စိုးရိမ်သောကများဖြင့် ပူပန်ပွားနေသည်။ သို့သော်လည်း သတို့သားအိမ်မှာ မင်္ဂလာဆောင်မည့် အစီအစဉ်အတိုင်း ကျင်းပနိုင်ရန် အားလုံးက ပြင်ဆင်လျက်ရှိနေခဲ့ကြသည်။ နက်ဖြန် မင်္ဂလာဆောင်အမီ ချက်ပြုတ် ပြင်ဆင်လျက် ရှိနေကြသည်။

ထိုအချိန်တွင် ကျော့လွန်းစံသည် မြစ်သောင်ယံပေါ်တစ်နေရာဝယ် ချစ်သူပြန်လာသည်ဟူသော သတင်းသိုးသိုးသန့်သန့်ကို မယုံမရဲစိတ်အတွေးဖြင့် စောင့်မျှော်နေရှာသည်။ ပတ်ဝန်းကျင်မှာတော့ တိတ်ဆိတ်ငြိမ်သက်နေလျက် လရောင်ကင်းမဲ့ကာ အမှောင်ဖုံးလွှမ်းလို့ နေသည်။

မောင်ဘယ်ဆီကိုများ ရောက်နေပြီလဲ။ မောင်ပြန်လာတယ်ဆိုသည့်သတင်းကို ညီမလေးတစ်ဦးတည်းကသာ နိုင်နိုင်မာမာ ပြောဆိုနေပေမဲ့ ပတ်ဝန်းကျင်မှာတော့ မည်သူတစ်စုံတစ်ဦးမှ ပြောသံဆိုသံကို မကြားရပေ။ ကျော့လွန်းအိမ်ကတော့ ချစ်ဝင်းမောင် သေသေချာချာ ပြန်လာသည်ကို တွေ့မြင်ခဲ့ပါလျက် ဘယ်ဆီဘယ်ဝယ် သဝေထိုးနေသည်မသိ ယခုတိုင် စုံစမ်းမရ ဖြစ်နေသည်။

မည်သို့ပင်ဆိုစေ နက်ဖြန်မနက် မင်္ဂလာပွဲအမီကိုတော့ လာဖြစ်အောင် လာလိမ့်မည်ဟု တစ်ထစ်ချယုံကြည်ထားသည်။ ဒါကြောင့်လည်း သောကများနေရှာသောကြောင့် အစ်မကျော့လွန်းစံ နက်ဖြန်ဝတ်ဆင်ရမည့် မင်္ဂလာသတို့သမီးဝတ်စုံကို အစီအစဉ်တကျဖြစ်အောင် ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ပေးနေသည်။

ထိုအချိန်ဝယ် မြစ်ကမ်းနဖူးဝယ် တစ်ယောက်တည်းထိုင်နေရှာသော ကျော့လွန်းစံမှာ လရောင်အမှောင်ဝိုးတဝါးအောက်ဝယ် မိမိဘယ်ဘက် လက်သန်းကြွယ်မှာ ဝတ်ဆင်ထားသော ချစ်ဝင်းမောင် ဆင်မြန်းပေးထားသည့် ရွှေလက်စွပ်လေးကို မြှောက်ကြည့်ကာ တစ်ကိုယ်တည်း ညည်းတွားပြောဆိုနေလေသည်။

“အင်း . . . မောင်ပေးခဲ့တဲ့ ချစ်သက်လက်ဆောင် ဟောဒီရွှေလက်စွပ်လေးကို လက်မှာဝတ်ဆင်ထားတိုင်း မောင့်ကို အမြဲသတိရနေပါတယ် . . . မောင်ရယ်”

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာတော့ အမှောင်ထုက တစ်ဝက်တစ်စကြီးစိုးမည်းမှောင်လာနေသည်။ မိမိတစ်ယောက်တည်း မှောင် ပြန်လာမည့်လမ်းကို စောင့်မျှော်လျက် ဝမ်းနည်းပူဆွေးနေရှာသည်။

ထိုစဉ် အိမ်မှာ ဗာဟီရများ လုပ်ဆောင်နေသော ကျော့လွန်းအိမ်မှာ အစ်မဖြစ်သူတစ်ယောက် ညနေမှောင်ရီပျိုးစအချိန်ကတည်းကမှ အိမ်က ထွက်သွားကာ မြစ်သောင်ယံပေါ်ဝယ် တစ်ယောက်တည်း ချစ်ဝင်းမောင်ပြန်အလာကို စောင့်မျှော်နေရှာသည်ကို သတိရလာသည်။

ညနေမှောင်ရီပျိုးစအချိန်ကတည်းမှ မြစ်ဆိပ်ဘက်ဆီသို့ အဖော်မပါ တစ်ကိုယ်တည်း ထွက်သွားသည်ကို စိုးရိမ်ပူပန်လာသည်။ အစ်မဖြစ်သူသည် စိတ်မွန်းကြပ်မှုဝေဒနာကို ပြေပျောက်စိမ့်သောငှာ လေညှင်းခံထွက်သွားနေသည်မှာ ညဥ့်နက်၍ အိပ်ချိန်ရောက်သည့်တိုင် ပြန်မလာသေးပေ။

ဒါကြောင့် အစ်မဖြစ်သူကို စိတ်ပူပန်မှုဖြစ်ကာ အိမ်မှထွက်လာပြီး မြစ်ကမ်းပါးတစ်လျှောက် လိုက်လံရှာဖွေနေလေသည်။ ပတ်ဝန်းကျင်မှာ ထွက်ပြူလာစလအလင်းရောင်မှုန်ရီပိုးတဝါးအောက်မှာ စမ်းတဝါးဝါးလိုက်လံရှာဖွေနေခဲ့သော်လည်း အရိပ်အယောင်အစအနမျှ ရှာမတွေ့နိုင်ဘဲ ဖြစ်နေသည်။

အစ်မဖြစ်သူ တစ်ကိုယ်တည်းသွားတတ်လာတတ်သည့် နေရာမှန်သမျှ လိုက်လံရှာဖွေကြည့်သော်လည်း လုံးဝမမြင်မတွေ့နိုင် ဖြစ်နေသည်။ မည်သို့ပင် ရှာဖွေနေပေမဲ့ ပျောက်သာသူ ရှာမတွေ့နိုင်သော အခြေအနေမျိုး ကြုံတွေ့နေသည်။

အိမ်ပြန်ပြီး မိခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြကာ ရွာထဲမှ လူများကိုလည်း အစ်မဖြစ်သူ ရုတ်တရက် ပျောက်ဆုံးသွားကြောင်း သွားရောက်သတင်းပို့ အကူအညီတောင်းနေသည်။

ရွာထဲမှ လူများအားလုံး မင်္ဂလာဆောင်မည့် သတို့သမီးလောင်း ရုတ်တရက် ပျောက်ဆုံးသွားသဖြင့် ခေါင်းမီးတောက်ကာ မီးတုတ်များ၊ လက်နှိပ်ဓာတ်မီးများ ကိုယ်စီကိုင်စွဲလျက် မြစ်ကမ်းခြေတစ်လျှောက် လိုက်လံရှာဖွေနေခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာရဲတပ်ဖွဲ့သို့လည်း လူပျောက်မှုဖြင့် သွားရောက်အမှုဖွင့် တိုင်တန်းထားခဲ့လေသည်။ ရဲတပ်ဖွဲ့ဝင်များပါ အခင်းဖြစ်ပွားရာနေရာဆီသို့ ရောက်ရှိလာပြီး တာဝန်ရှိသူများကို ခြေရာခံစုံစမ်းစစ်ဆေးနေလေသည်။

အထူးသဖြင့် သူမ သွားတတ်၊ လာတတ်သည့်နေရာများသို့ လိုက်လံရှာဖွေစုံစမ်းနေသလို ရွာနီးချုပ်စပ်တစ်လျှောက် ဝိုင်းဝန်းရှာဖွေနေသော်လည်း လုံးဝအစအနရှာမရအောင် ပျောက်ဆုံးနေသည်။

ဤသို့ သတို့သမီးလောင်း ကျော့လွန်းစံ ရုတ်တရက်ပျောက်ဆုံးသွားသည့် သတင်းမှာ ပဟေဠိဆန်ဆန် ဖြစ်ပေါ်နေချိန်ဝယ် မြို့ပေါ်တွင် ကုန်ရောင်းသွားနေသည်ဆိုသော သတို့သားချစ်ဝင်းမောင်မှာလည်း ရုတ်တရက် ကားအက်ဆီးဒင့်ဖြစ်ပွားကာ သေဆုံးသွားကြောင်း သတင်းထွက်ပေါ်လာသည်။

ယခုတော့ သတို့သမီးလောင်း ကျော့လွန်းစံမှာ နက်ဖန် နံနက်မင်္ဂလာဆောင်ခါနီးဆဲဆဲမှာ ညဘက် ရုတ်တရက်ပျောက်ဆုံးသွားခြင်းကြောင့် မည်သို့မျှ သတင်းအစအနရှာမရအောင် ပျောက်ဆုံးနေသည်။

ထိုအချိန်ဝယ် ညီမဖြစ်သူ ကျော့လွန်းအိမ်မှာ အစ်မဖြစ်သူ၏ မင်္ဂလာဆောင်ကာနီးဆဲဆဲမှာ ရုတ်တရက်ပျောက်သွားသဖြင့် သတင်းစကားမကြားနိုင်အောင် စုပ်စမြုပ်စ ဖြစ်ပွားသွားခြင်းကို တွေးမိတိုင်း ယူကျုံးမရစွာ အပူလုံးကြွလို့ ပူဆွေးသောကဗျာပါရများဖြင့် တမြှေ့မြှေ့ ခံစားနေရရှာသည်။

ထို့အတူ မိခင်ကြီးဖြစ်သူမှာလည်း သမီးကြီးပျောက်ဆုံးသွားခြင်းအပေါ် သတင်းလုံးဝမကြားရသဖြင့် ဝမ်းနည်းပူဆွေးကာ စိုးရိမ်ပူပန်စိတ်များက ကြိမ်မီးအုံးသဖွယ် တမြှေ့မြှေ့ခံစားနေရာမှ နောက်ဆုံးကွယ်လွန်သွားလေသည်။

ထိုအခါ ကျော့လွန်းအိမ်ခမြာ အစ်မဖြစ်သူက ရုတ်တရက် ပျောက်ဆုံးသွားသလို မိခင်ဖြစ်သူမှာလည်း သမီးကြီး၏စိတ်ဖြင့် ဝေဒနာခံစားကာ သေဆုံးသွားခဲ့သည်ကို တွေ့မြင်ပြီး တစ်ယောက်တည်းသောကပွားများနေရရှာသည်။

တစ်ခါတရံ လောကကြီးသည် ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များကို ဖန်တီးဖြစ်ပွားပေါ်ပေါက်လာတတ်လေသည်။ ယင်းမှာ ရောဝတီတိုင်းတစ်တိုင်းလုံး မမျှော်လင့်မထင်မှတ်ထားသော နာဂစ်မုန်တိုင်းကြီး ဖြစ်ပွားပေါ်ပေါက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ သဘာဝဘေးအန္တရာယ် ကပ်ဆိုးကြီးပေါ်ပေါက်လာချိန်ဝယ် လူသားတို့၏ နေအိမ်တိုက်တာ အဆောက်အဦးများ၊ ရှေးဟောင်းပုထိုးစေတီများ၊ ကြီးမားခန့်ထည်သော်သစ်ပင်ကြီးများပါမကျန် ပြိုလဲပျက်စီးသွားလေသည်။

မြစ်ကမ်းခြေတစ်လျှောက်မှာ သွားလာနေသော လှေ၊ သမ္ဗာန်၊ သင်္ဘော များသာမက မြို့လုံးကျွတ်မျှ ရေလွှမ်းမိုးခြင်းဒဏ်ကို အလူးအလဲခံစားခဲ့ကြရလေသည်။ ပင်လယ်ပြင်ကြီးတမျှ ရေလုံးရေအားများ တိုက်စားသွားခဲ့ခြင်းကြောင့် မြို့လုံးကျွတ် ရွာလုံးကျွတ် ပြိုလဲပျက်စီးကာ ရေထဲမျောပါကုန်သည်။ ရေစီးဝယ် မျောပါလာသော လူသေအလောင်းများ၊ တိရစ္ဆာန်အသေကောင်များမှာ အိမ်အပျက်အစီး သစ်ပင်အပျက်အစီးများနှင့်အတူ မျောပါလာလေသည်။

မုန်တိုင်း ငြိမ်သက်သွားသောအခါသမယဝယ် တချို့ရွာကြီးများမှာ ရွာလုံးကျွတ် မျောပါပျောက်ဆုံးသွားသည်။ လူသေကောင်များ၊ တိရစ္ဆာန်အသေကောင်များမှာလည်း ပေါလောပေါ်နေသည်ကို သက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့များမှ လိုက်လံရှင်းလင်းဖယ်ရှားပေးနေသည်။

ယင်းသို့ ကယ်ဆယ်ရေးလုပ်ငန်းများ လိုက်လံဆောင်ရွက်ပေးနေစဉ် ရေထဲ မျောပါလာသော သေဆုံးသွားသူများ၏ အလောင်းများကို ရှင်းလင်းသုတ်သင်ပေးနေသည်။ လပွတ္တာမြို့နယ်လုံးနီးပါး နာဂစ်မုန်တိုင်းဒဏ်ကို အလူးအလဲ ခံခဲ့ကြရသည်။

မုန်တိုင်းဒဏ်ကြောင့် ပြိုလဲပျက်စီးသွားသောနေအိမ်တိုက်တာ အဆောက်အဦးများ၊ ရေထဲမျောပါလာသော တိရစ္ဆာန်အသေကောင်များ၊ သစ်ပင်အကျိုးအပျက်များနှင့် အကြောင်းအမျိုးမျိုးကြောင့် ရေနစ်သေဆုံးသွားသူများ၏ အလောင်းများကို မြေပြင်ပေါ်ဝယ် စုံပြုံတင်ကျန်နေရစ်သည်ကို တွေ့မြင်ရလေသည်။

ထိုစဉ် သေဆုံးသွားသူများထဲမှ ပုတ်သိုးဆွေးမြေ့နေပြီဖြစ်သော အလောင်းကောင်များ၊ ခန္ဓာကိုယ်ပျက်စီးကာ အရိုးပေါ်အရေတင် ပျက်စီးနေသော အရိုးခြောက်များကိုလည်း ဟိုတစ်စ ဒီတစ်စ ပြန့်ကြဲလျက် တွေ့မြင်နေရသည်။

ထိုအထဲကမှ ထူးထူးခြားခြား အရိုးခြောက်သက်သက်သာ လူသေအလောင်း၏လက်မှာ ရွှေလက်စွပ်တစ်ကွင်း ဝတ်ဆင်ထားလျက်ကို သက်ဆိုင်ရာ ရှာဖွေရေး အဖွဲ့မှ ရှာဖွေတွေ့ရှိခဲ့လေသည်။ လူသေအရိုးခြောက်ခန္ဓာကိုယ်ပေါ်မှ အသွေး အသား ဆွေးမြေ့နေပြီး ကပ်နေသည်ကို တွေ့မြင်ကြလေသည်။

www.burmeseclassic.com

သုရိန် စာပေ

www.burmeseclassic.com



သက်ဆိုင်ရာမှ ရှာဖွေတွေ့ရှိထားသော လူသေအလောင်းများမှ ခန္ဓာကိုယ်ပေါ် ဝတ်ဆင်ထားသောပစ္စည်းများကို ပြန်လည်ပေးအပ်နိုင်ရန် မှန်မှန်ကန်ကန် တိတိကျကျ မှတ်တမ်းတင်ပြုစုထားပေးသည်။

ယင်းသို့ လူသေအလောင်းများမှ ရှာဖွေတွေ့ရှိထားသော ပစ္စည်းများကို ပိုင်ရှင်များထံ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရန် စာရင်းပြုစုတင်ပြထားလေသည်။ ကျော့လွန်းအိမ်မှာ နာဂစ်မုန်တိုင်းကြီး ဖြစ်ပွားနေချိန်ဝယ် အသက်မသေဘဲ ရှင်ကျန်လျက် ရှိနေသည်။

လူသေအလောင်းများထဲမှ ရှာဖွေတွေ့ရှိထားသောပစ္စည်းများကို သွားရောက်ကြည့်ရှုစဉ် အစ်မဖြစ်သူ ကျော့လွန်းစံ မသေဆုံးမီအချိန်က ဝတ်ဆင်သွားသော အဝတ်အစားနှင့် လက်မှာ အမြဲဝတ်ဆင်ထားသော လက်ထပ်လက်စွပ်လေးကို အမှတ်ရနေသည်။

ထိုအခါ လူသေအရိုးစုများထဲမှ မိမိအစ်မဖြစ်သူ မသေမီဝတ်ဆင်ထားသော အဝတ်အစားအချို့နှင့် လက်မှ ရွှေလက်စွပ်ကွင်းလေးကို အရိုးစုပေါ်မှ တွေ့မြင်မှတ်မိသွားလေသည်။ မိမိအစ်မဖြစ်သူ၏ လက်စွပ်ဖြစ်ကြောင်း အရိုးစုပေါ်မှ အဝတ်အစားများမှာ သူမ မသေမီညက ဝတ်ဆင်ထားသော အဝတ်အစားများဖြစ်ကြောင်း သက်ဆိုင်ရာကို ရှင်းပြခဲ့လေသည်။

ဤကဲ့သို့ အစ်မဖြစ်သူ ကျော့လွန်းစံ၏ ရင်နာဖွယ်ရာအဖြစ်ဆိုးကို တွေ့မြင်ခဲ့ရသောအခါ စိတ်ထိခိုက်ကြေကွဲစွာ ခံစားနေရရှာသည်။ အစ်မဖြစ်သူကို မညှာမတာ ရက်ရက်စက်စက်သတ်ဖြတ်ပြီး အလောင်းဖျောက်ဖျက်ထားခဲ့ရာမှ ယခုလို နာဂစ်မုန်တိုင်း ဖြစ်ပေါ်လာချိန်ဝယ် မြေအောက်မှာ ဝှက်ကွယ်ထားသော အလောင်းကောင်မှာ ရုတ်တရက် ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

နောက်ဆုံး သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသို့ ကိုယ်တိုင်သွားရောက်ပြီး အစ်မဖြစ်သူ ကျော့လွန်းစံသည် ရုတ်တရက် ပျောက်ဆုံးသွားခြင်းမှာ တစ်စုံတစ်ယောက်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရကြောင်း ပြောဆိုတိုင်ကြားခဲ့လေသည်။

ဒါကြောင့် ရဲစခန်းတာဝန်ရှိသူများမှ မူလဖွင့်လှစ်ထားခဲ့သော လူပျောက်မှုကို ပယ်ဖျက်ကာ လူသတ်မှုဖြင့် စွဲချက်တင်နိုင်ရန် အမှုအားပြောင်းလဲဖွင့်လှစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အစ်မဖြစ်သူ၏အဖြစ်ဆိုးကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားလာခဲ့ရသဖြင့် ကျော့လွန်းအိမ်မှာ စုတ်တသတ်သတ် ယူကျုံးမရအောင် ရင်မှာ ခံစားနေရသည်။ မိမိအစ်မဖြစ်သူကို မညှာမတာသတ်ဖြတ်ကာ အလောင်းဖျောက်ဖျက်ထားခဲ့မှုကြောင့် အမှုမှန်ကို စုံစမ်းမရနိုင်အောင် သဲလွန်စ ပျောက်ဆုံးနေသည်။

ယခုတော့ မိမိအစ်မဖြစ်သူ သေဆုံးသွားခဲ့ရသည့် အဖြစ်သနစ်ကို တစ်စတစ်စ တွေ့မြင်လာရသောအခါ အစ်မကိုချစ်ခဲ့သည့် ဇော်ဖြင့် တပိန်ပိန် တလိန်လိန်ဖြစ်ကာ မစားနိုင်၊ မသောက်နိုင်ဖြင့် ရောဂါစွဲကာ နောက်ဆုံးသေဆုံးသွားလေတော့သည်။

☼ ☼ ☼

[၃]

❑

တစ်နှစ်ခန့်ကြာပြီးနောက် ...

နာဂစ်မုန်တိုင်းဒဏ် ခံခဲ့ရသော ကျေးရွာ၊ မြို့ပြများကို သက်ဆိုင်ရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်လာခဲ့ကြသည်။

တချို့ ကျေးရွာများမဆိုထားဘိ မြို့ကြီးပြကြီးများမှ အိမ်ကောင်းအိမ်သန့်များကို ပြန်လည်ပြင်ဆင်တည်ဆောက်နိုင်လာလေသည်။ မြို့ကလေးမှာ ယခင်ကလို ပျက်စီးယိုယွင်းနေသော အခြေအနေမှ အားလုံးပြင်ဆင်ထူထောင်ပြီးသွားလေသည်။

ထိုစဉ် ရွာကလေးထိပ်မှာ ဖွင့်လှစ်ထားသော 'လောကသစ်'ဆိုသည့် လက်ဖက်ရည်ဆိုင်လေးဝယ် လူများစည်ကားလျက်ရှိနေသည်။ ညနေစောင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ထိတိုင် ရွာထဲမှ လက်ဖက်ရည်လာသောက်သူများဖြင့် စည်စည်ကားကား ဖြစ်နေသည်။

အထူးသဖြင့် ပြင်ပမှာ မိုးက တဖွဲဖွဲရွာသွန်းနေသောကြောင့်လည်း လူအားလုံးသည် လက်ဖက်ရည်ဆိုင်ထဲမှာ မိုးအတိတ်ကိုစောင့်ရင်း စကားဝိုင်းဖွဲ့ ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

ယင်းလက်ဖက်ရည်ဆိုင်လေးထဲသို့ လောင်းကွတ်အင်္ကျီကြီးကို ဖားလျားဝတ်ဆင်ထားပြီး ခေါင်းမှာ မိုးစိုဒဏ်မှ ကာကွယ်နိုင်ရန် မိုးကာဦးထုပ်တစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းလျက် လူစိမ်းတစ်ယောက်လည်း ဆိုင်ထဲဝင်ရောက်လာသည်။

လက်ဖက်ရည်ကောင်တာစားပွဲတွင် ဆိုင်ရှင်ဖြစ်ဟန်တူသူက အနီးအနားရှိ စားပွဲဝိုင်းမှ မိတ်ဆွေအချို့နှင့် ရှေးဟောင်းနှောင်းဖြစ်စကားများကို ပြောဆိုနေလေသည်။

ညသည် အမှောင်ဘက်ဆီသို့ တရွေ့ရွေ့ပြောင်းလဲသွားနေသည်။ အပြင်ဘက်မှာ မိုးမှုန်မိုးဖွဲများသည် တသည်းသည်းနှင့် ရွာသွန်းဖြိုးနေဆဲ ဖြစ်လေသည်။

"ဒီညကဗျာ ... မနှစ်က တိုက်ခတ်သွားတဲ့ မုန်တိုင်းညလိုမျိုးပဲ။ မိုးလေး ဖွဲဖွဲရွာချနေရင်းက လေပြင်းတွေပါ တဟူးဟူးတိုက်ခတ်လာလို့ မုန်တိုင်းဖြစ်ပေါ်လာသလို ရာသီဥတုမျိုးပဲဗျ"

ဆိုင်ရှင်ဖြစ်သူက လက်ဖက်ရည်သောက်နေသော အနီးအနားရှိ မိတ်ဆွေအချို့ကို ရှင်းပြပြောဆိုနေသည်။

"ဟုတ်တယ် ... ကိုအေးမောင်ရေ၊ အဲဒီအချိန်တုန်းကလည်း ခုလိုမျိုး မိုးဖွဲဖွဲလေး ရွာချလာနေရာက မုန်တိုင်းကျလာခဲ့တာပဲဗျ"

"အဲဒီတုန်းက သိပ်ကြောက်စရာကောင်းလိုက်တာများဗျာ။ အိမ်ကြီးအိမ်ကောင်းတွေ သစ်ပင်ကြီးတွေဆိုတာ တဝုန်းဝုန်းနဲ့ လွင့်စဉ်ပြိုလဲကျလာတာ။ လူတွေဆိုတာ ရေဘေးဒဏ် လေဘေးဒဏ်ကို အလူးအလဲခံခဲ့ကြရတယ်"

"ဒီထက် ပိုအံ့ဩဖို့ကောင်းတာက ရေလုံးအားကြီးတွေ တဝေါဝေါလိမ့်တက်လာပြီး မြေအောက်မှာရှိနေတဲ့ သယံဇာတတွေရော လူသေကောင်အလောင်းတွေပါ ပေါ်လောပေါ်ထွက်လာသေးတယ်လေ။ ဘယ်လောက်ပြင်းလိုက်တဲ့ မုန်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းလည်း ကျုပ်တို့တောင် မသေကောင်း မပျောက်ကောင်း အသက်ရှင်ကျန်ရစ်ခဲ့တာ ကိုအေးမောင် ... အသိပဲလေ''

အထက်ပါအတိုင်း အချီအချပြောဆိုနေကြသော ဆိုင်ပိုင်ရှင်ဖြစ်သူနှင့် ဘေးနားစားပွဲဝိုင်းမှ လူတို့ပြောဆိုနေသည့် စကားများကို ယင်းစားပွဲအနီးအနားရှိ စားပွဲမှာ လက်ဖက်ရည်သောက်နေသော လောင်းကွတ်အင်္ကျီကြီး ဝတ်ဆင်ထားသည့် လူစိမ်းမှ နားစွင့်ထောင်နေသည်။

''နေစမ်းပါဦးဗျ ... မြေကြီးအနက်ထဲမှာ မြေမြှုပ်ထားတဲ့ လူသေအလောင်းတွေက ဘယ်လိုဖြစ်ပြီး မြေပေါ်ကို ပေါ်ထွက်လာခဲ့တာလဲ''

လူစိမ်း မေးမြန်းလိုက်သည့်စကားကို လက်ဖက်ရည်ဆိုင်ပိုင်ရှင်က စိတ်ပါဝင်စားသွားပြီး ပြန်လည်ခွန်းတုံ့ပြန်ပြောဆိုလိုက်သည်။

''အို ... မြေကြီးထဲက ထွက်ပေါ်လာတဲ့ အရာဝတ္ထုတွေထဲက ပိုပြီးအံ့သြစရာကောင်းတာက တစ်ရွာလုံးက ရုတ်တရက်ပျောက်ဆုံးသွားတဲ့ ကောင်မလေးရဲ့ အလောင်းက အရိုးစုကြီးတောင် ပေါ်လာသေးတယ်ဗျ''

''ဟင် ... ဟုတ်လား၊ ဘယ်လိုပေါ်လာတာလဲ''

''ပြောရရင်တော့ အရှည်ကြီးပါဗျ။ တိုတိုရှင်းရှင်းပဲ ပြောရမယ်ဆို ဒီလိုဗျ။ ကောင်မလေးက နက်ဖြန်သဘက် လက်ထပ်ခါနီး ညဘက်ကြီးမှာ ရွာကနေ ရုတ်တရက် ပျောက်ဆုံးသွားခဲ့တယ်။ အဲ ... သူနဲ့ လက်ထပ်ဖို့စီစဉ်ထားတဲ့ ကောင်လေးကလည်း မြို့ပေါ် ကုန်ရောင်းသွားနေရင်း ကားအက်ဆီးဒင့်ဖြစ်လို့ ရုတ်တရက် သေသွားတယ်။ သူတို့ချစ်သူနှစ်ယောက်ရဲ့ ကံကြမ္မာကလည်း တော်တော်ဆန်းကြယ်လွန်းပါတယ်''

''နေစမ်းပါဦး ... ကောင်မလေးက ရုတ်တရက်ပျောက်သွားတယ်ဆို''

''ဟုတ်တယ်လေ ... စောစောပိုင်းကတော့ လူတွေအားလုံးက ကောင်မလေးကို အကြောင်းတစ်ခုခုကြောင့် ကောင်လေးနဲ့ မပေါင်းသင်းချင်လို့ ထွက်ပြေးသွားတယ်ဆိုပြီး လူပျောက်မှုတိုင်ခဲ့တယ်။ ဖြစ်ချင်တော့ဗျို့ ... နာဂစ်မုန်တိုင်းကြီး တိုက်ခတ်လိုက်ချိန်မှာ မြေအောက်ထဲက ထွက်ပေါ်လာတဲ့ အရာဝတ္ထုပစ္စည်းတွေထဲမှာ ကောင်မလေးအရိုးစုကြီး ထွက်လာတာကို ညီမဖြစ်သူက သူမလက်မှာ ဝတ်ထားတဲ့ လက်ထပ်လက်စွပ်လေးနဲ့ အရိုးစုပေါ်က အဝတ်အစားအဝိုင်းအစ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မြင်ပြီး ပျောက်ဆုံးသွားတဲ့ သူ့အစ်မရဲ့ အလောင်းပါဆိုပြီး အပ်ချမတ်ချ စွပ်စွဲပြောဆိုလာတော့မှ ရဲစခန်းကလည်း လူပျောက်မှုကနေ လူသတ်အလောင်း ဖျောက်ဖျက်ရန် ကြံစည်မှုနဲ့ အမှုပြောင်းလဲဖွင့်လှစ်စုံစမ်းခဲ့တော့တယ်"

ဆိုင်ပိုင်ရှင်၏ ပြောဆိုစကားအဆုံးဝယ် နားထောင်နေသော လူစိမ်းသည် ရေနွေးကြမ်းတစ်ခွက် ငုံသောက်နေရာမှ ရုတ်တရက် ဖူးခနဲရေနွေးများ ပန်းထွက်အောင် လန့်ဖျပ်တုန်လှုပ်သွားလေသည်။

ယင်းအပြုအမူကို ဆိုင်ရှင်မှ နားမလည်နိုင်အောင် အံ့သြစွာနှင့် လူစိမ်းကို အကဲခတ်ကြည့်နေသည်။ လူစိမ်းဖြစ်သူမှာ မိမိ၏ အပြုအမူအပေါ် ဘေးနားမှ နားထောင်နေသည့်လူများ နားမလည်အောင် ကြောင်တိကြောင်ငေး ဝိုင်းကြည့်နေသဖြင့် ကိုယ်ရှိန်သပ်လိုက်သည်။

ယင်းနောက် လူစိမ်းဖြစ်သူမှာ တစ်စုံတစ်ယောက်က သူ့အား အမိန့်ပေးနေသလိုလို အမူအရာမျိုးဖြင့် နားစွင့်ထောင်နေရာမှ ခေါင်းတညိတ်ညိတ်ပြုလုပ်နေလေသည်။ နောက် မိမိထိုင်နေသည့် ကုလားထိုင်မှ လေးကန်စွာထလာခဲ့ပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် သူ့ရင်ထဲမှ စကားသံတချို့ လေးလေးပင်ပင် ထွက်ပေါ်လာလေသည်။

"ကျွန်တော့်ကို ဖမ်းကြပါဗျာ ... ကျွန်တော် လူသတ်သမားပါ"

"ဟာ ... ဒီလူ ဘာထကြောင်တာလဲ၊ နာဂစ်မုန်တိုင်း တိုက်တုန်းက လူသေကောင်တွေပေါ်လာတဲ့အကြောင်း ပြောပြီး စိတ်ဖောက်သွားတာလား"

"အေးဗျာ ... လူသတ်ခဲ့တဲ့အကြောင်းကို ခုလို လူပုံအလယ်မှာ ပေါ်တင်ကြီး ထပြောနေတာ ဂေါက်ကြောင်ကြောင်တာများလား"

လက်ဖက်ရည်ဆိုင်လေးထဲဝယ် ရှိနေကြသော ပရိသတ်အားလုံးသည် ရုတ်တရက်စိတ်ကူးပေါက်ပြီး လူသတ်သမားဟု သူ့ကိုယ်သူ ဖွင့်ဟဝန်ခံပြောဆိုနေသူ လူစိမ်း၏စကားကိုကြားပြီး နားမလည်နိုင်စွာ အံ့သြဖြစ်ပေါ်နေကြသည်။

"ဟုတ်ပါတယ်ဗျာ ... ကျွန်တော် တကယ်လူသတ်သမားတစ်ယောက်ပါ။ ကျွန်တော့်ချစ်သူ ကျော့လွန်းစံကို ဟောဒီလက်နဲ့ သတ်ပစ်ခဲ့တာပါဗျာ"

"ဟေ့လူ ... ဘာဖြစ်လို့ ကိုယ့်ချစ်သူတစ်ယောက်လုံးကို ရက်ရက်စက်စက် သတ်ခဲ့ရတာလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော် သူ့ကို ချစ်လွန်းလို့ သတ်ခဲ့မိတာပါဗျ"

"ချောက်"

ယင်းသို့ အထက်ပါအတိုင်း လူစိမ်း၏ နှုတ်မှဖွင့်ဟဝန်ခံစကားကို တိတိကျကျ ပြတ်ပြတ်သားသားကြားလိုက်ရပြီးနောက် လူစိမ်းရှိရာ စားပွဲဆီသို့ လူတစ်ယောက် ချဉ်းကပ်ရောက်ရှိသွားပြီး လျှင်မြန်စွာလက်နှစ်ဖက်ကို လက်ထိတ်ခတ်လိုက်လေသည်။

အမှန်တော့ လက်ဖက်ရည်ဆိုင်လေးထဲသို့ မိုးတဖွဲဖွဲရွာသွန်းချနေစဉ် အချိန်ကတည်းက လောင်းကွတ်အကျႌကြီး ဝတ်ဆင်ထားသူ လူစိမ်းနောက်သို့ ခြေရာခံလိုက်နေသော ရဲအရာရှိနှင့် အဖော်နှစ်ယောက်မှာ ချဉ်းကပ်လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထဲသို့ ရုပ်ဖျက်ပြီး အရပ်သားအသွင်ယူ စောင့်ဆိုင်းအကဲခတ်ကြည့်နေခြင်း ဖြစ်ပါသည်။ ဆိုင်ရှင်နှင့် မိတ်ဆွေတစ်ယောက်အား နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပုံအကြောင်းကို စကားလမ်းကြောင်းပေးကာ ဆွေးနွေးနေကြစဉ် လူစိမ်းဖြစ်သူမှာ တစ်စုံတစ်ယောက်၏ နားနားကပ်အမိန့်ပေးနေသံကို မလွန်ဆန်နိုင်ဘဲ နောက်ဆုံးထုတ်ဖော်ဝန်ခံခိုင်းသလိုအဖြစ်မျိုး ဆိုက်ရောက်သွားလေသည်။

ဒါကြောင့် လူစိမ်း၏နှုတ်မှ ကိုယ်တိုင်ဝန်ခံထွက်ဆိုစကားကို ထုတ်ဖော်ပြောသောအခါမှ လျှင်မြန်စွာလက်ထိတ်ခတ် ဖမ်းဆီးလိုက်နိုင်ခြင်း ဖြစ်ပါသည်။

ယင်းကဲ့သို့ ဖြစ်ပွားသွားခဲ့ပြီးနောက် နှစ်အတန်ကြာအောင် တိမ်မြုပ်နေသော လူသတ်မှုတစ်ခုအား ရဲတပ်ဖွဲ့ဝင်များမှ စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းပြီး အမှုမှန်ပေါ်ပေါက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ လူမသိ သူမသိ သေဆုံးသွားခဲ့ရသော ကျော့လွန်းစံ၏ လူသတ်ခံရမှုဖြစ်ရပ်မှန်သည် ပေါ်ပေါက်လာခဲ့လေတော့သည်။

ယခုလို မမျှော်လင့်ဘဲ ရုတ်တရက်ပေါ်ထွက်လာခဲ့သော လူသတ်တရားခံမှာလည်း နှစ်ဖက်မိဘမင်္ဂလာဆောင်ရန် စီစဉ်နေစဉ် ရုတ်တရက် ရွာမှ ထွက်သွားပြီး မြို့ပေါ်တွင် ကုန်ရောင်းဝယ်သွားနေသယောင်ယောင် သတင်းလွှင့်ထားခဲ့ရာမှ ကောင်မလေး ရုတ်တရက်ပျောက်ဆုံးသွားချိန်ဝယ် ငှင်းကားအက်ဆီးဒင့်ဖြစ်ကာ သေဆုံးသွားသည်ဟု သတင်းလွှင့်ခဲ့ပြီး အခြားတစ်နေရာမှာ ဇာတ်မြှုပ်နေထိုင်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ရဲတပ်ဖွဲ့မှ အလိုရှိနေသော တရားခံပြေးကို မြို့ရွာအနှံ့ လိုက်လံစုံစမ်းနေပြီး အမှုမှန်ဖော်ထုတ်နိုင်ရန် လုံးပမ်းနေခြင်း ဖြစ်ပါသည်။ အမှုဖြစ်ပွားနေစဉ် အမှုလမ်းကြောင်း ပြောင်းလဲသွားစေရန် မိမိကိုယ်ကို ကားတိုက်သေဆုံးသွားပြီဖြစ်ကြောင်းကို မမှန်သတင်းလွှင့်လျက် ကိုယ်ယောင်ဖျောက်သွားခြင်း ဖြစ်ပါသည်။

သို့သော်လည်း ရဲတပ်ဖွဲ့ဝင်များဘက်မှ လူပျောက်မှုမဟုတ်ဘဲ လူသတ်မှုပေါ်ထွက်လာသောအခါ သက်ဆိုင်ရာနယ်မြေအသီးသီးသို့ အခင်းဖြစ်ပွားသည့်သတင်းသဲလွန်စအပေါ် ခြေရာခံလိုက်လံစုံစမ်းစစ်ဆေးခဲ့လေသည်။

ထိုအခါ လူသတ်တရားခံဟု မသင်္ကာသူမှာ မြို့ပေါ်တွင် ကားတိုက်သေဆုံးသွားသည်ဆိုခြင်းမှာ မမှန်သတင်းများကို လွှင့်ထားခဲ့မှန်း ရိပ်မိသိရှိသွားလေသည်။ ယခုလို သတင်းအမှန်ကိုဖုံးကွယ်ပြီး တစ်နယ်တစ်ကျေးမှာ ဇာတ်မြုပ်ကိုယ်ယောင်ဖျောက်နေသော လူသတ်တရားခံအား ဖော်ထုတ်ဖမ်းဆီးနိုင်ရန် စုံစမ်းစစ်ဆေးနေစဉ် လူသတ်တရားခံမှာ လူမြင်ကွင်းသို့ တစ်စုံတစ်ယောက်၏ စေ့ဆော်တွန်းအားပေးမှုဖြင့် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ယခုတော့ အများတကာရှေ့မှာပဲ မိမိကျူးလွန်လာခဲ့သော ပြစ်မှုကို မချွင်းမချန် ထုတ်ဖော်ဝန်ခံပြောဆိုလာသောအခါမှ လက်ပူးလက်ကြပ်ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

အမှန်တော့ ဖြစ်ရပ်မှန်ပေါ်ပေါက်လာစေရန် တရားခံကိုယ်တိုင် မိမိ၏အပြစ်ကို ဝန်ခံထွက်ဆိုမှုပေးစေရန် စေ့ဆော်တိုက်တွန်းခဲ့သည်မှာ တမလွန်မှချစ်သူဝိညာဉ်၏ ကလဲ့စားချေတုံ့ပြန်ခြင်း ဖြစ်ပါသည်။

မိမိကိုယ်တိုင် အမှောင်လောကကမ္ဘာမှာ ဘယ်လိုပဲဖုံးကွယ်ကာ ခြေရာဖျောက်နေထိုင်နေသော်လည်း ချစ်သူဝိညာဉ်မှ နောက်က တကောက်ကောက်လိုက်လံကာ အနှောင့်အယှက်ပေးနေခြင်း ဖြစ်ပါသည်။

နောက်ဆုံးမှာတော့ လူ့လောကအလယ်မှာ ဘယ်လိုမှ ရပ်တည်နိုင်စွမ်းမရှိရှာတော့ဘဲ မိမိကိုယ်ထိလက်ရောက် ကျူးလွန်လာခဲ့သော လူသတ်မှုဖြစ်ပွားမှု အခင်းအရပ်ဆီသို့ရောက်အောင် ချစ်သူဝိညာဉ်မှ လမ်းညွှန်ဖော်ထုတ်ပေးခဲ့လေသလား စဉ်းစားစရာပင်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတရားခံကိုယ်တိုင် ဖြစ်ရပ်မှန်အားလုံးကို မချွင်းမချန် ဖွင့်ဟဝန်ခံလာခဲ့သောကြောင့် သက်ဆိုင်ရာမှ လူသတ်မှု၊ အလောင်းဖျောက်ဖျက်မှုပုဒ်မများဖြင့် ရုံးတင်တရားစွဲဆိုနိုင်ခဲ့လေသည်။

ယခုတော့ လူသတ်တရားခံပြေး ချစ်ဝင်းမောင်တစ်ယောက် မိမိကိုယ်တိုင် ဝန်ခံဖြောင့်ချက်ပေးခဲ့သဖြင့် ရုံးတင်တရားစွဲဆိုနိုင်ရန် လောလောဆယ် မြောင်းမြအကျဉ်းထောင်ဝယ် ချုပ်နှောင်ထားခံနေရဆဲ ဖြစ်ပါသည်။

☼☼☼

[၄]

❑

ကျွန်ုပ်သည် လူသတ်မှုတရားခံဖြစ်သော အချုပ်သားချစ်ဝင်းမောင်အား ကရုဏာသက်စွာဖြင့် သေသေချာချာစူးစမ်းလေ့လာကြည့်နေမိသည်။ ၎င်း၏ ပုံသဏ္ဍာန်မှာ အိပ်ရေးဝဝလင်လင် မအိပ်ရဘဲ ညတာရှည်၏ ညစဉ်ခြောက်လှန့်မှုကို ခံနေခဲ့ရဟန် တူလေသည်။

ခန္ဓာကိုယ်မှာလည်း စားမဝင် အိပ်မပျော်နိုင်သည့် ရက်ပေါင်းသချေ်ကြာလာသောအခါ ပိန်ပိန်လှီလှီနှင့် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ အသားအရေမှာ ခမ်းခြောက်ကာ မျက်လုံးအစုံမှာ ဝဝလင်လင်မအိပ်စက်နိုင်ခဲ့သဖြင့် ကြောင်တောင်တောင်ဖြစ်နေသည်။ ၎င်း၏ အသက်အရွယ်မှာ ဖျတ်လတ်သန်မာနေသော အရွယ်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ခန့်သာ ရှိသေးသော်လည်း ကံကြမ္မာ၏ နှိပ်စက်ကလူပြုမှုခြင်းကို ခံစားနေရကာ တူသောအကျိုးပေးကို မျက်ဝါးထင်ထင် ကြုံတွေ့နေရဟန် တူသည်။

www.burmeseclassic.com



"မင်းပုံစံကိုကြည့်ရတာ အမြဲတမ်း အိပ်ရေးပျက်နေသလိုပဲ"

"ဟုတ်ပါတယ် ... ဆရာ၊ ညဆို ကောင်းကောင်းမအိပ်နိုင်ခဲ့ပါဘူး။ ကျွန်တော် ညအိပ်ပြီဆိုတာနဲ့ အိပ်မက်ထဲမှာ သူ့မျက်နှာကြီး ပေါ်ပေါ်လာပြီး ကျွန်တော့်ကို သတ်မယ်ဖြတ်မယ်ဆိုပြီး လက်နှစ်ဖက်ဆန့်တန်းထားပြီး လည်ပင်းကို ညှစ်သတ်မယ် တကဲကဲလုပ်နေတာကို အမြဲခြောက်လှန့်ခံနေရတယ်"

"မင်းက ကိုယ်နဲ့လက်ထပ်တော့မယ့် မိန်းကလေးကိုများ ဘယ်လို အကြောင်းနဲ့ သတ်ဖြတ်သည်ထိ အမှုဖြစ်ပွားခဲ့ရတာလဲ"

"ဟုတ်ပါတယ် ... ဆရာ၊ ကျွန်တော် သူမကို မတရားနှိပ်စက်သတ်ဖြတ်ခဲ့မိလို့ သူမရဲ့ဝိညာဉ်က မကျေမနပ်ဖြစ်ပြီး တကောက်ကောက်နောက်က လိုက်နှောင့်ယှက်ခဲ့တာပဲ ဖြစ်ပါတယ်"

တရားခံချစ်ဝင်းမောင်က ညှင်းသိုးသိုးနှင့် တဝါးဝါးသမ်းဝေနေရာမှ သူ ကျူးလွန်လာခဲ့သော လူသတ်မှုဖြစ်စဉ်ကို အသံတိုးတိုးတိမ်တိမ်ဖြင့် အောက်ပါ အတိုင်း ဆက်လက်ပြောပြနေလေသည်။

သူမနဲ့ ကျွန်တော် နက်ဖြန်သဘက် လက်ထပ်ပေါင်းသင်းကြရတော့ မည့် အခြေအနေမှာ တစ်ရွာလုံးလည်း လူသိရှင်ကြား မင်္ဂလာဆောင်ဖိတ်စာတွေ အားလုံး ဖြန့်ဝေထားခဲ့ပြီးပြီ ဆရာ။

အဲဒီအချိန်မှာ ကျွန်တော် ရန်ကုန်ကို တစ်ခေါက်တက်သွားပြီး ကုန်ကြွေး ရစရာတွေ ရှင်းလင်းဖို့သွားခဲ့တာပါ။ ကျွန်တော်မပြီးပြတ်နိုင်သေးသည့် လုပ်ငန်း ကိစ္စတွေကို ရှင်းလင်းပြီး အပြန်မှာ မင်္ဂလာပွဲကို ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲမယ်လို့ အားခဲထားခဲ့တာပေါ့။

ဖြစ်ချင်တော့ ဆရာရေ သူနဲ့ပတ်သက်တဲ့သတင်း သိုးသိုးသန့်သန့် ကြား လာခဲ့ရတယ်။ သူဟာ ကတိမတည်ဘူး။ ကျွန်တော့်အပေါ် သစ္စာဖောက်ခဲ့တယ် လို့ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ထံက သတင်းသဲ့သဲ့ ကြားခဲ့ရတယ်။

ကျွန်တော် ခုလိုမြို့ပေါ်ကို ကုန်ရောင်းတက်သွားတဲ့ ရက်တွေမှာ ရွာထဲ က အံ့ကြီးမောင်ဆိုတဲ့ ကောင်နဲ့ သူတို့အိမ်ရှေ့က မြစ်ကမ်းခြေမှာ အမြဲချိန်းချိန်း တွေ့နေကြတယ်တဲ့။

ကျွန်တော်က အမှန်တကယ် သူ့အပေါ် ချစ်လွန်းတဲ့စိတ်နဲ့ ယုံကြည် အားကိုးထားခဲ့ပေမဲ့ သူဟာ ကျွန်တော့်နောက်ကွယ်မှာ တစ်စုံတစ်ယောက်နဲ့ ဖောက်

www.burmeseclassic.com

www.burmeseclassic.com


လွဲဖောက်ပြန်နေတယ်ဆိုတော့ အူနုကို ကျွဲခတ်ခံရသလို တမြေ့မြေ့ခံစားခဲ့ရတာပေါ့ ဆရာရယ်။

ဒီအကြောင်းကို ကျွန်တော်ကိုယ်တိုင် တစ်ဖက်လှည့်နဲ့ ပြောဆိုဆုံးမနေပေမဲ့ သူက လက်မခံဘူး။ သူများတွေက မနာလိုလို့ ပြောကြတာပါဆိုပြီး ဘူးကွယ် ကွယ်နေတယ်။ ကျွန်တော်နဲ့ ချစ်သူတွေဘဝမရောက်ခင်တုန်းကတော့ သူတို့ညီအစ်မကို မျက်နှာများတယ်။ ရည်းစားထည်လဲတွဲနေတယ်လို့ သမုတ်ခဲ့ကြတယ်။

ဒါတွေအားလုံးကို လျစ်လျူရှုပြီး ကျွန်တော်နဲ့ ပုဆိုးတန်းတင် လက်ထပ်မင်္ဂလာပွဲကျင်းပပြီးသွားလျှင် ကျွန်တော့်စကားကို မြေဝယ်မကျ နားထောင်လို့ တည်တည်တံ့တံ့ နေပါ့မယ်ဆိုသည့်ကတိကို အကြိမ်ကြိမ်တောင်းခဲ့တယ်။

ဆရာ စဉ်းစားကြည့်ပါဦးဗျာ။ ဒီအံ့ကြီးမောင်ဆိုတဲ့ကောင်နဲ့ မရှင်း မရှင်း ပေါင်းသင်းဆက်ဆံနေကြတာကို ကျွန်တော် ဘယ်လိုလက်ပိုက်ကြည့်နေနိုင်ပါ့မလဲ။ ကိုယ်နဲ့ လက်ထပ်ပေါင်းသင်းရတော့မည့် မိန်းကလေးတစ်ယောက်က နောက်ကွယ်မှာ မရှင်းမလင်းလုပ်နေလျှင် ကျွန်တော် ဘယ်လိုစိတ်ချယုံကြည်နိုင်ပါ့မလဲ။ ဒီတော့ ကျွန်တော့်မိဘတွေက ကြည်ဖြူလို့ လက်ထပ်ပေးစားချင်ကြပေမဲ့ ကျွန်တော် သူ့ကို မယုံမရဲစိတ်နဲ့ လက်ထပ်ပေါင်းသင်းဖို့ ဝန်လေးနေတာပေါ့ ဆရာ။

တကယ်တော့ ကျွန်တော် သူ့အပေါ်မှာ ဖြူစင်ရိုးသားတဲ့ မေတ္တာနဲ့ နှစ်နှစ်ကာကာ ချစ်ခဲ့တာပါ ဆရာ။ သူက ကျွန်တော့်နောက်ကွယ်မှာ ဖောက်ပြန်ချင်တဲ့စိတ်နဲ့ မျောက်မထားနေမှာကို တွေးကြောက်နေခဲ့တယ်။ ဒါကြောင့်လည်း သူ့ကို လက်ထပ်ပေါင်းသင်းဖို့အရေး ဝန်လေးလာနေတယ်။

"သူနဲ့နှစ်ဦးသဘောတူ ဆွေးနွေးတိုင်ပင်ဆုံးဖြတ်ရမှာပေါ့။ ဒါကို မင်းက သဘောတူညီမှုမရတာကြောင့် သတ်ပစ်ခဲ့တာလား"

ကျွန်ုပ်က အချုပ်သား ချစ်ဝင်းမောင်၏ ထုတ်ဖော်ပြောပြနေသော စကားများကို အားမလိုအားမရဖြစ်ကာ ကြားမှဝင်ပြောလိုက်လေသည်။

ဒါက ဒီလိုဖြစ်သွားခဲ့တာပါ ဆရာ။ ယခုလို လက်ထပ်ခါနီးဆဲဆဲမှာ ကျွန်တော် မြို့ပေါ်ကို ကုန်ကြွေးရှင်းဖို့ သွားခဲ့တယ်။ ကျွန်တော် သူမထံကို အကြောင်းမကြားဘဲ မြို့ကနေ တိတ်တဆိတ် ရွာကိုပြန်လာခဲ့တယ်။ အမှန်တော့


www.burmeseclassic.com

www.burmeseclassic.com


သူနဲ့ အံ့ကြီးမောင်တို့ကိစ္စကို ဘူးကွယ် ကွယ်နေလို့ လက်ပူးလက်ကြပ်မိအောင် ဖမ်းပြီး သက်သေထူမလို့ပါ ဆရာ။

ကျွန်တော် ရွာကိုပြန်လာချိန်မှာ ညနေမှောင်ရီပျိုးစပြုနေပြီ။ မှောင်မှောင် မည်းမည်းအချိန်မှာ သူမတို့အိမ်ရှိရာ မြစ်ကမ်းပါးနားကအိမ်ဆီ လျှောက်လာနေခဲ့ တယ်။ ကျွန်တော် အိမ်ကိုမပြန်သေးဘဲ သူမအိမ်ကို တန်းလာခဲ့တာပေါ့။

ကျွန်တော် မြစ်ကမ်းပါးနားရောက်လာတဲ့အချိန်မှာ သူ့ညီမလေးက မြစ် ဆိပ်မှာ ရေချိုးနေတာကို အဝေးကနေ လှမ်းမြင်နေရတယ်။ အိမ်မှာ မလစ်သေး တာကြောင့် နှစ်ဦးတူတူတွေ့ဆုံညှိနှိုင်းဖို့ မလွယ်သေးဘူး။ ကျွန်တော် ရွာကိုပြန် ရောက်လာတယ်ဆိုတာကိုလည်း ဘယ်သူမှအသိမပေးသေးဘဲ တစ်ဖက်ရွာက သူငယ်ချင်းအိမ်မှာ ခြေရာဖျောက်နေလိုက်တယ်။

မကြာမီမှာ မင်္ဂလာပွဲကျင်းပဖို့ ရက်က နီးကပ်လာပြီး တစ်ရက်ပဲလိုတယ်။ ကျွန်တော် ကျော့လွန်းစံကို နှစ်ဦးသားကိစ္စ အပြီးအပြတ်မရှင်းသေးခင် လက်မထပ် ချင်သေးဘူး။ ဒါကြောင့် လူအလစ်ကိုစောင့်ဆိုင်းပြီး တစ်ညမှာ ကျွန်တော် သူမ တဲ့အိမ်နားဆီ သွားခဲ့တယ်။

ဖြစ်ချင်တော့ လူသူကင်းရှင်းနေတဲ့ သဲသောင်ယံမှာ သူမတစ်ယောက် တည်း ထိုင်နေတာကို ညအမှောင်အောက်မှာ လှမ်းမြင်နေရတယ်။ သူ့ကောင်နဲ့ နောက်ဆုံး အချိန်းအချက်လုပ်ပြီး တွေ့ဆုံကြတာနေမှာပါဆိုပြီး စောင့်ကြည့်နေ တယ်။

တဖြည်းဖြည်းညဉ့်နက်လာတော့မှ သူတို့ချိန်းထားတာမဟုတ်မှန်းသိပြီး ဆိတ်တဆိတ် သူမနားကို ချဉ်းကပ်သွားလိုက်တယ်။ ကျွန်တော့်စိတ်ထင်တာ တော့ သူမဟာ တစ်စုံတစ်ယောက်နဲ့ ထုံးစံအတိုင်း ချိန်းတွေ့ကြတာနေမှာလို့ ထင် မှတ်နေခဲ့တယ်။ ကျွန်တော် သူမရဲ့နောက်နားကို တဖြည်းဖြည်းခြေသံလုံအောင် နင်းပြီး ချဉ်းကပ်လျှောက်သွားခဲ့ပြီးတော့ အသံတိုးတိုးနဲ့ ခေါ်လိုက်တယ်။

"ကျော့ . . . ဘယ်သူ့ကို ထိုင်စောင့်နေတာလဲ"

"ဟင် . . . မောင် ဘယ်တုန်းက ပြန်လာတာလဲ ကျော့ . . . မောင်ကို ပြန်လာလိမ့်နိုးနဲ့ ထိုင်စောင့်နေတာပေါ့ကွယ်"

"ညနေ မှောင်ရီပျိုးစလောက်မှာ မောင်ပြန်လာတာ"

"နက်ဖြန် မင်္ဂလာပွဲအမီ ပြန်ရောက်လာလို့ တော်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျော့ ... မင်း မောင့်ကို တကယ်လက်ထပ်နိုင်ပါ့မလား"

"အို ... ဘယ်လိုမေးလိုက်တာလဲ မောင်ရယ်၊ မောင့်ကို တကယ်လက်ထပ်မှာပါကွယ်"

"အေး ... ဒါဆို မင်းရဲ့အချိုးတွေပြင်လျှင် ကောင်းမယ်ကျော့"

"နေစမ်းပါဦး၊ ကျော့က မောင့်နောက်ကွယ်မှာ ဘာတွေလုပ်နေလို့လဲ"

"ဘာလုပ်ရမှာလဲ ... မင်းနဲ့ အံ့ကြီးမောင်ဆိုတဲ့ကောင် ခုလိုညတိုင်း သဲသောင်ပြင်မှာ ချိန်းချိန်းတွေ့နေကြတာ ငါမသိဘူးထင်လို့လား"

"ရှင် ဒီလို မဟုတ်မဟပ်တွေ မစွပ်စွဲပါနဲ့၊ ကျွန်မ သိက္ခာကို ထိပါးမဲ့စကားတွေကို မကြားချင်ဘူး၊ မယုံသင်္ကာဖြစ်လျှင် နက်ဖြန်လက်ထပ်ပွဲကို ဖျက်ချင်ဖျက်လိုက်ပါ"

"ဟား ... ဟား ... မင်းက ငါ့ကိုများ ငတုံးငအကောင်ထင်နေလား။ မင်းတို့ ဒီမြစ်ကမ်းဘေးမှာ ခိုးခိုးတွေ့နေတာကို မြင်တဲ့ကောင်ရှိတယ်ကွ"

"ရှင်ဟာ တစ်ဖက်သတ် တယူသန်စိတ်နဲ့ ရှင်ထင်ရာမြင်ရာတွေကို လျှောက်စွပ်စွဲပြောဆိုနေတာပဲ။ ကျွန်မက ကိုယ့်အိမ်အလည်လာတဲ့ဧည့်သည်ကို ရိုးရိုးသားသား တွေ့ဆုံတာပဲရှိတယ်။ မဟုတ်တာ မလုပ်ဘူး"

"အေးပေါ့လေ ... လူဆိုတာ ကိုယ့်ကိုယ်ကိုယ်တော့ ဖြူစင်ရိုးသားပါတယ်လို့ ပြောနေကြပေမဲ့ နောက်ကွယ်မှာ ဖောက်ပြန်နေကြသူတွေ အများကြီး"

"ရှင် လွန်လာပြီနော်။ အဲဒါ ကျွန်မသိက္ခာကို စော်ကားဦး"

"ဖြန်း"

အမှတ်မထင် ကျော့လွန်းစံ၏ လက်တစ်ဖက်ကလေးမှာ မြောက်တက်သွားပြီး ကျွန်တော့်ပါးကို ဖြန်းခနဲရိုက်တာ ခံလိုက်ရတယ်။ ကျွန်တော်လည်း နဂိုကတည်းက ကျွန်တော့်နောက်ကွယ်မှာ ဖောက်ပြန်ခြေရှုပ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ ရိုက်နှက်မှုကို ခံလိုက်ရတော့ တစ်ကိုယ်လုံး ထူထူပူပူဖြစ်သွားတယ်။

ကျွန်တော့်ရင်ထဲမှာ တမြည့်မြည့်ခံစားတောက်လောင်နေတဲ့ သံသယမီးပွားတွေဟာ တစ်စတစ်စ ပူလောင်ကျွမ်းလာပြီး ဒေါသတွေဆူပွက်လာခဲ့တယ်။ ကိုယ့်ကို ခုလို ကိုယ်ထိလက်ရောက်စော်ကားလာတော့ ဒေါသတွေပေါက်ကွဲပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ . . . မင်းကလည်း ငါ့ကွယ်ရာမှာ တစ်ပါးသူနဲ့ ဖောက်ပြန်နေသေးတယ်။ ငါ့ကိုလည်း ကိုယ်ထိလက်ရောက် စော်ကားတယ်။ ကဲဟာ . . ."

ကျွန်တော်လည်း ဒေါသတွေ အထွတ်အထိပ်ရောက်လာပြီး ပေါက်ကွဲလွင့်စဉ်လာလို့ သူမ မျက်နှာကို ညာလက်နဲ့ လက်ပြန်ဖြတ်ရိုက်ပစ်လိုက်တယ်။ ကျွန်တော့်ရဲ့ ရိုက်ချက်ပြင်းသွားလို့လား မသိဘူး။ သူမ ခန္ဓာကိုယ်လေး တစ်ပတ်လည်သွားပြီး သဲသောင်ပေါ်ကို ပုံခနဲလဲကျသတိမေ့သွားတယ်။

ကျွန်တော် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့ သဲသောင်ပြင်ပေါ်မှာ ညကြီးမိုးချုပ်ချိန်မို့ထင်တယ် လူသူလေးပါးပြတ်လပ်ကင်းရှင်းနေတယ်။

ဒီတော့မှ ကျွန်တော် အသိဝင်လာပြီး သဲသောင်ပြင်ပေါ်မှာ ခွေလဲနေတဲ့ သူမ ခန္ဓာကိုယ်လေးကို လူမသိသူမသိ အသတ်ခံရသယောင် ပွေ့ချီကာ မြစ်ရေပြင်ကျယ်ထဲကို ပစ်ချအဆုံးစီရင်ပစ်လိုက်တယ်။

ဒါပေမဲ့ သူမရဲ့ ခန္ဓာကိုယ်လေးဟာ မြစ်ရေထဲကို ဗွမ်းခနဲ ကျသွားချိန်မှာ မြစ်ရေအေးအေးနဲ့ မျက်နှာထိတွေ့သွားလို့လား မသိဘူး သတိပြန်လည်လာနေတယ်။ သူမက ကျွန်တော့်ကို ဒေါသတကြီးနဲ့ စူးစူးဝါးဝါးစိုက်ကြည့်နေရင်း ကမ်းပေါ်ကို ရေကူးတက်လာဖို့ ပြင်နေတယ်။

ကျွန်တော်လည်း မထူးဇာတ်ခင်းမှ ပွဲမြန်မြန်သိမ်းအောင်လို့ ရေထဲကို လျှင်မြန်စွာခုန်ချကူးသွားခဲ့ပြီး သူမအနားရောက်တော့ ရုန်းကန်ဖို့ကြိုးစားနေခဲ့တာနဲ့ ခေါင်းကိုကိုင်ပြီး ရေထဲနစ်သတ်ပစ်လိုက်တယ်။ သူမ ခန္ဓာကိုယ် လုံးဝလှုပ်ရှားမှုမရှိတော့ဘဲ ငြိမ်သက်သွားတော့မှ သူမ သေဆုံးသွားပြီဆိုတာ သိလိုက်တယ်။

အစကနဦးတော့ သူမကို ရေထဲ ဒီအတိုင်း ရေစီးနှင့်အတူ မျှောချပစ်ဖို့ လုပ်သေးတယ်။ တော်ကြာ တစ်နေရာရာမှာ သောင်တင်နေမှ အမှုမီးခိုးကြွက်လျှောက်ပေါ်လာမှာစိုးတာကြောင့် အလောင်းကို ပွေ့ချီသယ်လာတယ်။ နောက်သူမတို့နေသည့်တဲအိမ်လေး မနီးမဝေးတောအုပ်ထဲက သစ်ပင်ကြီးအောက်မှာ မြေမြှုပ်အလောင်းဖျောက်ဖျက်ပစ်ခဲ့တယ်။

ဒီနောက် ကျွန်တော်လည်း လူသူမမြင်မသိခင် မြို့ပေါ်ကို တိတ်တဆိတ်ပြန်လစ်ပြေးခဲ့တယ်။ ကျွန်တော့်စိတ်တွေဟာ ကြောက်ရွံ့ထိတ်လန့်စိတ်တွေနှင့်နေထိုင်လာရတော့ လိပ်ပြာမလုံဘူး ခံစားနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကျွန်တော့်ကို စောင့်မျှော်နေမယ့် မိဘတွေနဲ့ ရွာကို အဆက်ဖြတ်ပြီး မြို့ပေါ်မှာ ကားတိုက်သေဆုံးသွားခဲ့ပြီလို့ သတင်းလွှင့်ခဲ့တယ်။ ဒီအချိန်မှာ ကျွန်တော် သူမ လက်ထပ်မင်္ဂလာပွဲကို ဆင်ယင်ကျင်းပတော့မည့်အချိန်မှာ သတို့သမီးလောင်း လင်နောက်လိုက်ပြေးသွားသလို သတင်းဖန်တီးခဲ့တယ်။

ဒီနောက်ပိုင်း ကျွန်တော် အထက်မြန်မာပြည်ဘက်ကို ခြေရာဖျောက်ပစ်သွားခဲ့တယ်။ နောက်ဆုံး နာဂစ်မုန်တိုင်းကြီး တိုက်ခတ်လာလို့ ကျွန်တော်တို့မြို့နယ်အားလုံး လေမုန်တိုင်းဒဏ်ခံလိုက်ရတဲ့သတင်းကို သတင်းစာမှာ ဖတ်လိုက်ရတယ်။

အဲဒီလို ကျွန်တော် တစ်ယောက်တည်း ဇာတ်မြှုပ်ဖုံးကွယ်နေထိုင်ချိန်မှာ ညစဉ် ကျွန်တော့်ကို အိပ်မက်ဆိုးတွေ တစ်စတစ်စ မြင်မက်နှိပ်စက်နေတယ်။ တစ်စုံတစ်ယောက်က ကျွန်တော့်ကို အဖြစ်မှန်ဝန်ခံဖို့ စေ့စော်တိုက်တွန်းပေးနေသလို ခံစားလာခဲ့တယ်။

ကျွန်တော် ပုန်းလျှိုးကွယ်လျှိုးနေထိုင်နေတဲ့ အရပ်ဒေသကနေ မိမိမွေးရပ်မြေဆီကို ပြန်လာချင်အောင် ညို့ငင်ဆွဲဆောင်အားတွေနဲ့ ခေါ်ဆောင်နေတာကို ဘယ်လိုမှ ရုန်းမထွက်နိုင်အောင် ဖြစ်ပေါ်ခံစားနေရတယ်။

နောက်ဆုံး ကျွန်တော်လည်း မိဘနှစ်ပါး သက်ရှိထင်ရှား ရှိပါသေးလားဆိုပြီး သိချင်စိတ် ပြင်းပြလာနေတာကြောင့် မွေးရပ်မြေဆီကို ခြေဦးလှည့်ပြန်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော့်ကိုယ် ကျွန်တော် သေလူတစ်ယောက်လို သတင်းလွှင့်ထားခဲ့တာကြောင့် ရုပ်ဖျက်ပြီး ရွာကိုပြန်လာခဲ့တယ်။

ကျွန်တော် ရွာကိုပြန်လာဖြစ်အောင် စေ့ဆော်တိုက်တွန်းခံနေရတာလည်း တစ်ကြောင်း၊ နာဂစ်မုန်တိုင်းအတွင်းမှာ မိဘတွေ အသက်ရှင်မှ ကျန်သေးရဲ့လားဆိုတာ သိချင်စိတ်ပြင်းပြနေလို့ ရွာဆီကို ပြန်လာခဲ့တယ်။

ကျွန်တော် ရွာကို ပြန်ရောက်လာတော့ ရုပ်ဖျက်ထားသည့် ကျွန်တော့်ကို မည်သူတစ်စုံတစ်ယောက်ကမှ မမှတ်မိကြဘူး။ ရွာရဲ့အခြေအနေကို စုံစမ်းသိချင်တာကြောင့် မိုးကလေးဖွဲဖွဲရွာနေချိန်မှာ မိုးခိုရင်း ရွာထိပ်လက်ဖက်ရည်ဆိုင်လေးထဲ ဝင်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရွာရဲ့ အခြေအနေကို တိတ်တဆိတ်စုံစမ်းနေတုန်းမှာပဲ လက်ဖက်ရည်ဆိုင်ထဲကလူတွေရဲ့ နာမ်ဂစ်မုန်တိုင်းနဲ့ပတ်သက်ပြီး ထူးခြားအံ့သြဖွယ်ရာစကားတွေကို အမှတ်မထင်ကြားသိလာခဲ့တယ်။

သူတို့ ပြောဆိုနေတဲ့အကြောင်းအရာက လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က မင်္ဂလာဆောင်ခါနီးဆဲဆဲမှာ သတို့သမီးကောင်မလေး ပျောက်ဆုံးသွားရာက နာဂစ်မုန်တိုင်းကြီး ဖြစ်ပေါ်လာတော့မှ မြေအောက်က အလောင်းကောင်အရိုးစုကြီး ပေါ်ထွက်လာရာက လူပျောက်ဆုံးမှုမဟုတ်ဘဲ လူသတ်ခံရမှန်း သိရှိလာသည်ဆိုသည့် သတင်းဆိုးပဲဖြစ်တယ်။

ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲမှာ သူတို့နှင့် မသိမသာသေဆုံးသွားသည့် ကောင်မလေးအကြောင်းကို ဆွေးနွေးပြောဆိုနေရင်း စိတ်တွေ ဘယ်လိုဖြစ်လာမှန်းမသိဘူး။ အဲဒါ ငါသတ်တာကွလို့ ထုတ်ဖော်ဝန်ခံချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်ခံစားလာနေရတယ်။ နောက်ဆုံး စိတ်တွေ ဘယ်လိုမှ မထိန်းချုပ်နိုင်ခင်မှာပဲ နှုတ်ကနေ အလိုလိုဖွင့်ဟဝန်ခံမိပြီးသား ဖြစ်သွားတာပါပဲ ဆရာရယ်။

☼☼☼

[၅]

❑

အချုပ်သား ချစ်ဝင်းမောင်ဆိုသူသည် အကျဉ်းထောင်ထဲရောက်လာသည့်အချိန်မှစပြီး စိတ်မူမမှန်ဘဲ ဖောက်ပြန်ချင်သလို ဖြစ်ပေါ်လာနေသည်။ ညစဉ်ညတိုင်း ကောင်းစွာအိပ်စက်ရသည်မရှိဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်နှင့် အိပ်မက်ထဲဝယ် တစ်စုံတစ်ယောက်က အငြိုးကြီးစွာ သတ်ဖြတ်တော့မယောင်ကယောင်ကတမ်း မြင်မက်လာကာ ထထအော်ပြီး ထွက်ပြေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကိစ္စကြောင့် အခန်းထဲရှိ အချုပ်သားများမှာလည်း ညစဉ်ကောင်းစွာ မအိပ်ရဘဲ အိပ်ရေး ခဏခဏပျက်နေကြလေသည်။ ဒါကြောင့်လည်း ၎င်းအချုပ်သားကို အိပ်ဆောင်ထဲမှာ မထားတော့ဘဲ တိုက်ခန်းတစ်ခန်းထဲမှာ သီးခြားခွဲထည့်ထားရသည်။

ထိုစဉ် ချစ်ဝင်းမောင်မှာလည်း အိပ်ခန်းထဲတွင် တစ်ယောက်တည်း နေထိုင်လာရသောအခါ ညစဉ်ညတိုင်း အိပ်မက်ဆိုးကြီးကို မြင်မက်နေရဖန်များလာတော့ အအိပ်ပျက် အစားပျက်ဖြစ်ကာ ပိုမိုစိတ်ချောက်ချားလာနေသည်။

မိမိ ရင်ဆိုင်ဖြေရှင်းနေရသောအမှုမှာလည်း ရုံးတင်စစ်ဆေးနေခဲ့ရာမှ ပြစ်မှုထင်ရှားနေသောကြောင့် နောက်ဆုံးအမိန့်ချမှတ်ရန်သာ ကျန်တော့သည်။ မိမိကိုယ်တိုင် ဝန်ခံဖြောင့်ချက်ပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာတရားရုံးမှ လူသတ်မှု၊ အလောင်းဖျောက်မှုများဖြင့် နောက်ဆုံး အမိန့်ချမှတ်ရန် ကျန်တော့သည်။

ဤသို့သောအခြေအနေကို ရောက်ရှိနေစဉ် ချစ်ဝင်းမောင်မှာလည်း တစ်နေ့တစ်ခြား ရောဂါဖောက်ပြန်ကာ အခြေအနေဆိုးဆိုးဝါးဝါးဖြစ်ပေါ်လာနေသည်။

တစ်နေ့မှာတော့ တိုက်သန့်ရှင်းရေးပြုလုပ်ချိန် တိုက်ခန်းများကို တာဝန်ကျ ဝန်ထမ်းမှ သော့လိုက်ဖွင့်ပေးပြီး အခန်းထဲမှ လူများကို တိုက်ခန်းအပြင်ဘက်သို့ ထုတ်ထားပေးလေသည်။

ထိုစဉ် ချစ်ဝင်းမောင်သည် ဘာစိတ်ကူးပေါက်လာသည်မသိ ထိုင်နေရာမှ ရုတ်ခြည်းထပြေးကာ ထောင်ကြီးတစ်ခုလုံးအား ရေပေးဝေနေသော ရေစင်အောက်မှ ရေကန်ကြီးထဲသို့ ရုတ်တရက် ကျော်တက်ကာ ခုန်ချသွားလေသည်။

ယင်းသို့ အချုပ်သားတစ်ဦး မမျှော်လင့်ဘဲ ရေထဲသို့ ရုတ်တရက်ခုန်ချကာ သတ်သေသွားသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရေထဲမှ အပြေးအလွှား ဆယ်ယူခဲ့ကြလေသည်။ သို့သော်လည်း အသက်ကင်းမဲ့နေပြီဖြစ်သော ခန္ဓာကိုယ်ကြီးကိုသာ သယ်ယူရရှိလာခဲ့ကြသည်။

တကယ်တော့ အချုပ်သားချစ်ဝင်းမောင်တစ်ယောက် ခုလို ရေနစ်ပြီး သေဆုံးသွားရခြင်းမှာ တမလွန်မှ ချစ်သူဝိညာဉ် ကလဲ့စားချေကာ သေအောင် ဖန်တီးစေ့ဆော်ပေးခဲ့ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် လူတစ်ယောက် ယခုလို သေဆုံးသွားခဲ့ရခြင်းမှာ အတိတ်က သူ ပြုခဲ့သောကံက သူ့ကို ပဲ့တင်သံပေးခဲ့ခြင်းလားဆိုသည်မှာ စဉ်းစားစရာပင်။ မိမိချစ်သူအပေါ် သံသယမီးပွား လွှင့်စဉ်မိရာမှ ပြဿနာတစ်ရပ်ကို ကြေကြေလည်လည် ရင်ဆိုင်ကာ မဖြေရှင်းနိုင်ဘဲ ဒေါသအမုန်းမီးပွားဖြင့် ဖြေရှင်းကြသောအခါ မဖြစ်သင့်မဖြစ်ထိုက်သည့်အကြောင်းတရားများ ဖြစ်ပေါ်လာခဲ့ရလေသည်။

တကယ်တော့ မိမိနှင့် ချစ်သူနှစ်ဦးကြားမှာ တစ်ဦးအပေါ်တစ်ဦး ချစ်ခင်စုံမက်ခဲ့ကြပြီး နှစ်နှစ်ကာကာ ချစ်လာခဲ့ပြီးကာမှ ကြားလေသွေး၍ ဝေးရသည့်အဖြစ်ဆိုးနှင့် ကြုံကြိုက်ခဲ့ရခြင်း ဖြစ်ပါသည်။

တစ်ဦးနှင့်တစ်ဦး လက်ထပ်ထိမ်းမြားရန်ထိ မင်္ဂလာရက်သတ်မှတ်ကာ ဖိတ်စာများပင် ဝေငှထားပြီးကာမှ ကံကြမ္မာမုန်တိုင်းက မထင်မှတ်ဘဲ ဝင်ရောက်တိုက်ခတ်လာကာ ချစ်သူနှစ်ဦးဘဝ ဝေးကွာသွားခဲ့ကြရလေသည်။

သို့သော်လည်း အချစ်ကြီးသူတို့၏ မျက်မာန်ဒေါသက ချေဖျက်လို့မရအောင် တစ်ဦးပေါ်တစ်ဦး မုန်းမာန်ငြိုးသည့်စိတ်ဖြင့် တုံ့ပြန်လက်စားချေလေသလားဟု ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်ဆန်းကြယ်မျိုး ဖြစ်ပွားသွားလေသည်။

နောက်ဆုံး အသတ်ခံလိုက်ရသော မိန်းကလေးမှာလည်း သူမအပေါ် မညှာမတာ ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရခြင်း အငြိုးအတေးဖွဲ့ကာ အချစ်ကြီးတော့လည်း အမျက်ကြီးသလို တုံ့ပြန်ကလဲ့စားချေခဲ့ခြင်းကိစ္စရပ်များသည် ဂမ္ဘီရဆန်ဆန်ဖြစ်ပွားသွားခဲ့ခြင်းကြောင့် ပရလောကနယ်မှ ဖြစ်ရပ်ဆန်းကြယ်တစ်ခုနှယ် ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပါတော့သည်။

☼ ☼ ☼

စိတြအောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

အမှတ်ထင်ထင် သတိရလိုက်မိသည့် ထိုအဖြစ်အပျက်သည် ဟိုးလွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

☼ ☼ ☼

[၂]

❑

ဒူးအောက်တစ်ပိုင်းလုံး ရေသေအိုင်ထဲက ညို့ညစ်ညစ်ရေဆိုးတွေ၊ ဗိုက်သရောတွေ၊ ရေညှိရေမှော်တွေ၊ ရွှံ့ဗွက်တွေချည်း။ ခြေတစ်လှမ်း လှမ်းဖြစ်ဖို့သည် ရွှံ့ဗွက်အိုင်ထဲက ကိုယ့်ခြေထောက်ကိုပင် မနည်းကြီးရုန်း၍ ဆွဲဆွဲနှုတ်နေကြရပြီး ဘယ်ပြီးညာ ညာပြီးဘယ် တစ်လှည့်စီ ကျွဲရုန်းသလို ရုန်းနေရသဖြင့်လည်း ခရီးကမတွင်။ ဆင်တစ်ကောင်ပင်လျှင် သာသာကလေး ကျွံမြုပ်နစ်ဝင်သွားနိုင်လောက်

www.burmeseclassic.com

www.burmeseclassic.com



သည့် ကိုင်းတောကြီးတွေက ဟောတစ်ခု ဟောတစ်ခု ထပ်ကာထပ်ကာ တိုးနေတွေ့နေရ၏။ မိုးကသည်းသည်း၊ မိုးဆော်လေကြမ်းက တဟူးဟူး။ မိုးရေတွေဖြင့် တစ်ကိုယ်လုံး ရွဲနစ်နေပြီး မေးချင်း တဂတ်ဂတ်ရိုက်ကာ ချမ်းတုန်နေပြီ။

မြန်မာပြည်မြောက်ဖျားဒေသ ကချင်မိုးက အငြိုးတကြီးရွာဆဲ။ တဝေါဝေါ တဝုန်းဝုန်း အသံဟိန်းဟိန်းတွေ ပေးနေသည့် တောင်ကျချောင်းများ အသွယ်သွယ်ဆီက ရေစီးသံများနှင့် ခပ်လှမ်းလှမ်း ဒဘတ်ချောင်းမကြီးမှ ဟုန်းရေကျသံ တဟဲဟဲသည် မိုးနှင့်အပြိုင်။

ပို၍ပို၍ထန်လာနေသည့် မိုးနှင့်လေပြင်းကြောင့် နီးရာအင်ကြင်းပင်ကြီး တစ်ပင်အောက်သို့ ပြေးဝင်ကပ်လိုက်မိတော့ ရွှံ့ရေဗွက်ရေမည်းညစ်ညစ်တွေဖြင့် အိုင်လူးကျွဲတွေလို ဖြစ်နေကြသည့် ကျွန်တော့်တပည့်ကျော် ထောင်ဝန်ထမ်း တစ်သိုက်လည်း နီးရာစပ်ရာ သစ်ပင်ဝါးပင်များဆီတွင် အပြေးတစ်ပိုင်းဝင်လျက် မိုးကို အန်တုဖို့ ကြိုးစားနေကြသည်ကို မြင်ရသည်။

တမျှော်တခေါ် တိုး၍ဝှေ့၍ မဆုံးနိုင်တော့သည့် သည်ဂကျီကွင်း အင်းရေပြင်ကျယ်ကြီးနှင့် အင်ကြင်းတော၊ ကိုင်းတောကြီးကို လွန်လေမှသာ ဒဘတ်ချောင်းမကြီး၏ ကမ်းနံဘေးကို ရောက်မည်။ ဒေသခံလီဆူးနှင့် မရူတိုင်းရင်းသားများ၏ ဟိုနားတစ်တဲ ဒီနားတစ်တဲ တောင်ယာတဲကလေးတွေကို ဖြိုးဖြိုးဖြောက်ဖြောက် တွေ့မည်။ ဝါးရုံတောနှင့် ဇျိုက်တော၊ ဝါးတောများအကြား၌ ပြောက်တိပြောက်ကျားတွေ့ရတတ်မြဲ တောင်ယာစူးထိုးစပါးခင်းကလေးတွေ၊ ပိန်း၊ ကန်စွန်း၊ ငရုတ်၊ ဖရုံနှင့် ဟင်းရွက်ဟင်းသီး စားပင်ကလေးများ တစ်အုပ်တစ်မ စိုက်ပျိုးထားတတ်ကြသည့် သီးနှံစိုက်ခင်းကလေးတွေကို တွေ့မည်။ သီးနှံစိုက်ခင်းကလေး ပတ်ခြာပိုင်းနေသည့် ကချင်တောင်ယာသမားများ၏ သက်ငယ်မိုးတောင်ယာတဲကုပ်ကုပ် မည်းမည်းကြီးတွေကို မြင်ရမည်။ ဝါးပိုးဝါး သန်သန်ရင့်ရင့် တစ်လုံးကို ခြေထစ်တွေ ထစ်၍ ထောင်ထားသည့် ဝါးလှေကားကလေးနှင့် ဝါးပိုးလုံးတွေချည်း ဖြန့်စီခင်းထားသည့် ဝါးကြမ်းခင်းပေါ်မှာ မီးခိုးတလူလူ ဖခါးရည်အိုးကို အလယ်တွင်ထား၍ ဝိုင်းထိုင်နေတတ်ကြသည့် ကချင်တောင်သူမိသားစုတွေကို တွေ့ကြရလိမ့်မည်။ သည်တော့မှသာ ...

"ဝေး ... ဝေး ... ဝေး ..."

"ဝူး ... ဝူး ... ဝူး ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးသံလေသံထဲမှာ အချင်းချင်း လူစုမကွဲအောင် အသံပေးနေကြရသည့် တပ်ကြပ်ဆရာမျိုးတင့်တို့၊ ဒုတပ်ကြပ်သန်းရွှေတို့ စသည့် တပည့်များ၏ အော်သံတွေက ခပ်လေးလေးလွင့်လာနေ၏။ ဟိုး လှမ်းလှမ်းဝေးဝေးက အင်တိုင်းတောထဲမှာ တချို့၊ တစ်မိုးလုံး မှိုင်းညို့ရီမှောင်နေသည့် ကောင်းကင်မည်းမည်းကြီးအောက်မှာ အထီးတည်း စုံ့စုံ့ပုံ့ပုံ့ တည်နေသည့် မြေနီတောင် တောင်ကြောအခြေဘက်ဆီကတချို့၊ တိုးလာချင် တိုးလာလိုက်၊ ကျယ်ချင် ကျယ်သွားလိုက်။

မနက်လင်းအားကြီးကတည်းက ဒဘတ်ချောင်းကို ဖြတ်၍ကူးနိုင်သည့် လှေဆိပ်ရှိရာ တောင်ယာတောအစုဆီသို့ ဦးတည်လျက် သုံးစုခွဲကာ ပိုက်စိပ်တိုက်နေကြခြင်းဖြစ်သည့်တိုင် ကြမ်းလွန်းသည်းလွန်းသည့် မိုးနှင့်လေကြောင့်ထင်တိုင်းမပေါက်၊ ခရီးမတွင်။

လှေဆိပ်က အိမ်စုဆီ ကိုယ်က ဦး၍ရောက်မှဖြစ်မည်။ သစ်အလုံးလိုက်ကို ထွင်း၍ထားသည့် သစ်လုံးလှေကလေးတစ်စင်းက သည်လှေဆိပ်မှာပဲရှိသည်။ မိုးအခါ ရေကြီး ရေလျှံ ရေစီးသန် ရေလာကြမ်းသည့် ဟောသည့်ဒဘတ်ချောင်းကြီးကို ဖြတ်ကူးဖို့ သည်လှေတစ်စင်းပဲ တိုရေရှားရေရှိ၏။ မရူအဘိုးကြီးဦးလွမ်းခေါင်တို့ လင်ကိုယ်မယားပိုင်သည့် တစ်စင်းတည်းသောလှေ။ ထိုလှေရှိရာဆီ ကိုယ်ကအရင်ရောက်ပြီး လှေကို လက်ရထိန်းချုပ်ထားနိုင်ခဲ့မည်ဆိုလျှင် ..

အတွေးတွေကို လက်တွေ့လုပ်မဖြစ်နိုင်အောင် ဖွတ်ချည်း ဆီးဆို့ဟန့်တားထားသည့် မိုးကြောင့် မချင့်မရဲဖြစ်ရပြန်သည်။

မိုးက မစဲနိုင်သေး။ သဲကြီးမဲကြီး တရဟောသွန်၍ ရွာဆဲ။ ပို၍ပင်သည်းလာချင်လိုက်သေးသည်။ သည်မိုးတိတ်အောင် ပေပြီး ရပ်စောင့်နေ၍ကားမဖြစ်။ လှေဆိပ်ကို အလျင်ဦးအောင် မရောက်ခဲ့လျှင် လာရင်းကိစ္စက ပွဲသိမ်းပြီ။ နောက်ကြောင်းသို့ တပ်ခေါက်ပြန်ကြဖို့မှတစ်ပါး အခြားမရှိ။

"ခရီးဆက်ကြမယ်ဟေ့"

ကချင်မိုးကြောင့် ခိုက်ခိုက်တုန် အေးခဲနေသည့် ကိုယ့်အသံကို ကိုယ်ပြန်မမှတ်မိ။ မိုးသံလေသံနှင့် ရော၍ မပီမသ ဗလုံးဗထွေးဖြစ်နေသည်။ အင်ကြင်းပင်အောက်မှ မိုးထဲထွက်ရပ်ကာ လူရိပ်လူရောင်ပေးလျက် ကိုယ့်လူတွေကို ခရီးဆက်ဖို့ ဟန်ရေးပြ။ မဆုံးနိုင်တော့သည့် ဂျီအင်းရေ နောက်ကျိုကျို ပုတ်စပ်စပ်နှင့် ရွှံ့နွံအိုင်ကြီးကို ခြေကန်ရုန်း၍ တလူပ်လူပ် ထွက်ခဲ့ကြရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ခြေရာစွပ်ကြောင်းကြီးက တဖြည်းဖြည်း နောက်မှာ။

ကိုယ့်လူတွေ၏ ခြေသံ တဖွက်ဖွက်တွေကလည်း သည်မှ ဟိုမှ ပတ်ပတ်လည် ဝန်းရံ၍။

မိုးက ထန်ဆဲ။

☼ ☼ ☼

[၃]

❑

မနေ့က ယောနသန် ထွက်ပြေးသွားခဲ့သည်။ ဘယ်အချိန်က ထွက်ပြေးသွားသလဲ။ ဘာကြောင့် ထွက်ပြေးရသလဲ မည်သူမျှ တိတိကျကျ မသိ။ မိုးပါးပြီဆိုလျှင် ဧက ၁၀၀ စပါးစိုက်ကွင်းအတွက် ပျိုးကြဲဖို့ ပျိုးခင်းသမန်း ပျိုးဘောင်ဆွဲနေရာက ထွက်ပြေးသွားခြင်းဖြစ်သည်တဲ့။ သူ့ဘုတ်ဆရာ တပ်သားခင်ဝင်းက မျက်စိမျက်နှာပျက်ပျက်နှင့် လာသတင်းပို့တော့မှ သိကြရခြင်းဖြစ်၏။

ပြီးတော့ ... လူက လူရိုးလူအေး။ အရပ်ခပ်တန်တန် ကိုယ်နေပါးပါး အသားညိုမှောင်မှောင် သည်လီဆူးကလေးကို ဘယ်တော့ကြည့်ကြည့် အမြဲပြုံးနေတတ်စမြဲ။ တောအလုပ် တောင်အလုပ်တွေမှာလည်း လက်မြဲခြေမြဲ ဘာကြိုးစားလေသလဲ မပြောနှင့်။ မန်ခိန်အနောက်ဘက်က လီဆူးရွာစုကလေးမှာ တောင်ယာသမားအဖြစ် ကြီးပြင်းလာသူမို့ စိုက်ရေးပျိုးရေးအလုပ်မှာ စိတ်ချလက်ချ မျက်နှာလွှဲ၍ရသူ။ မြစ်ဆုံဖက်မှ ရွှေဖောင်တွေမှာ အလုပ်လုပ်ရင်း သူ့လောပန်တရုတ်တွေနှင့်အတူ တရားမဝင်ရွှေတူးဖော်မှု၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေပုဒ်မတွေ တစ်သီကြီးဖြင့် ထောင်သုံးနှစ်ကျလာရာခဲ့သည့် လူကောင်းကလေး။ သည့်အတွက်ကြောင့်ပင် သူ့ကို စပါးစိုက်ကွင်းသို့ စိတ်ချလက်ချ ကျွန်တော်ကိုယ်တိုင် ရွေးချယ်ခေါ်ထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ခြင်းဖြစ်သည်။ ယခုမူ သင်းကလေး ထွက်ပြေးပြီ ...တဲ့။ ဘာကြောင့်လဲ ... ဘာကြောင့်လဲ ...တိတိကျကျ မသိရသေး။

"ကျန်ခဲ့တဲ့ နှစ်ရက်လောက်ကတော့ သူ့ရွာကလူတွေနဲ့ ဒဘတ်ယန်မှာ ဂုံးခေါ်တို့ တွေ့ခဲ့ကြတယ် ပြောတာပဲ။ ဖုံးခေါ်နဲ့ ဇော်ဒိန်တို့က ပျိုးခင်းစောင့်တဲကို လာပြောသွားကြတယ်တဲ့။ သူ့မိန်းမကလည်း ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့ သိပ်ပြီး မမာရှာဘူးတဲ့။ သူတို့သမီးကလေးကလည်း ဖျားနေရှာတာ အတော်လေး ဖြစ်နေတယ်လို့ ပြောတယ်။ ကောင်မလေးဘက်ကပါလာတဲ့ လယ်ကွက်ကလေးတွေတောင် အပေါင်ချထားရင်းကနေ ဆုံးရှာပတဲ့။ ဒီကောင် အဲဒီကတည်းက တမှိုင်မှိုင်နဲ့။ သူ့မိန်းမနဲ့ သမီးကလေးဓာတ်ပုံကိုပဲ အားတိုင်းကြည့်နေတော့တာ။ လွတ်ရက်ကလည်း နီးနေပြီဆိုတော့ မပြေးလောက်ပါဘူးလေဆိုပြီး ထောင်မှူးကြီးကို သတင်းမပို့ခဲ့တာ။ မိသားစုသောကနဲ့ စိတ်တိမ်းတိမ်းပွေပွေဖြစ်ပြီး ပြေးတယ်ထင်တာပါပဲ"

ဆရာခင်ဝင်းက ရတတ်သမျှ သတင်းအဆက်အစပ်ကလေးတွေကို ကရွတ်ကင်းလျှောက် ပြောပြနေသေးသည်။ နားထဲ ဝင်တစ်ချက် မဝင်တစ်ချက်။ ယောနသန် ကောင်ကလေးကိုပဲ မြင်ယောင်ရင်း သံယောဇဉ်တင်းနေမိ၏။

ဘာကြောင့်ပဲပြေးပြေး ရဲဘက်ပြေး၊ ထောင်ပြေးဆိုသည်မျိုးက ရာဇဝတ်မှု ကျူးလွန်ခြင်းပဲဖြစ်သည်။ ဥပဒေမှာ နှလုံးသားမရှိ။ လူမှုရေးမသိ။ လူ့သောက၊ ဒုက္ခ၊ ပရိဒေဝတွေနှင့် ခပ်ကင်းကင်းနေတတ်သည်မှာ ဓမ္မတာ။ သူရှိနေရမည့် နယ်မြေအကန့်အသတ်နှင့် အချိန်အပိုင်းအခြားကို လွန်လျှင် ရာဇဝတ်မှုဖြစ်တော့မည်။ တစ်ပုဒ်ပေါ် နှစ်ပုဒ်ထပ်၊ ဘူးလေးရာ ဖရုံဆင့် ဖြစ်တော့မည်။ ရာကြီး-၂၂၄၊ ရဲဘက်ပြေးမှု ဖွင့်ရတော့မည်။ သည်ထောင်သံသရာ ဝဋ်ဆင်းရဲကြီးထဲမှာပဲ သင်းကလေး ဆက်ပြီး ကူးခတ်နေရရှာဦးတော့မည်။ သူချစ်သည့်၊ သူတွယ်တာသည့် သူ့မိသားစု၊ သူ့သမီးကလေးနှင့် သူ့ကြင်သူဇနီး၊ အားလုံးတွေနှင့် ထပ်ပြီး ဝေးကြရဦးတော့မည်။ ဘာပဲဖြစ်ဖြစ် အကျိုးဆက်က ဘယ်လိုမှ မကောင်းနိုင်။

၂၄ နာရီအတွင်း သည်ကောင်ကလေးကို မိမှဖြစ်မည်။ သို့မှသာ သင်းကလေးကိုလည်း ကယ်နိုင်မည်။ ထွက်ပြေးမှုနှင့် ဆက်စပ်၍ တာဝန်ရှိသူ ဝန်ထမ်းအဆင့်ဆင့်ကိုလည်း စောင့်ရှောက်နိုင်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


သည်လိုနှင့် မနက်လင်းအားကြီးကတည်းက သည်နေ့အဖို့ အားလပ်သည့် ကိုယ့်ဝန်ထမ်းတွေ၊ ယုံကြည်စိတ်ချရသည့် လူဟောင်းရဲဘက်ကြီးတွေ ၁၄-၁၅ ယောက်ကို ခေါ်ဆောင်လျက် မိုးကြီးလေကြီးထဲ ရဲဘက်ပြေးလိုက်ဖို့ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

နေရောင်ပျပျမျှ မမြင်ရသည့်တိုင် နာရီလက်တံများက ၁၁ နာရီထိုးတော့မည်ဟု အလောတကြီး ညွှန်ပြနေကြပြီ။

ရဲဘက်ပြေး ယောနသန်၏ အနံ့အသက်ကလေးမျှကိုပင် ခြေရာကောက်၍ မရနိုင်ကြသေး။ သည်မိုးသည်လေထဲမှာ သင်းလည်း တွင်တွင်ကျယ်ကျယ် ပြေးသွားနိုင်ဖို့ အကြောင်းမမြင်။ တောင်ယာတဲဟောင်းတစ်ခုမှာ ဝင်ခိုနေဖို့ကများသည်။ လူဆက်ပြတ် လူနေကျဲပါးလွန်းသည့် သည်တောကြီးခေါင်ခေါင်ထဲမှာ လူမနေတော့သော တောင်ယာစပါးခင်းစောင့် တဲအုပ်ကုပ်ကုပ်ကလေးတွေ ဟိုနားသည်နားမှာ မကြာခဏ တွေ့ရတတ်၏။ မိုးကြီးခိုဖို့ ကိုယ်ရောင်ဖျောက်ဖို့ အကောင်းဆုံး စပ်ကျင်းကလေးတွေပင်။ ရဲဘက်ပြေးကောင်ကလေး ယောနသန်သည် သည်လိုတောင်ယာတဲဟောင်းကလေး တစ်လုံးထဲမှာပဲ ပုန်းခိုနေခဲ့လိမ့်မည်။ သည်မနက်မိုးကြီးလင်းကာမှ ခရီးဆက်ပေလိမ့်မည်။ ဒေသကျွမ်းသူမို့ တောလမ်းတောင်လမ်းတွေကို ဖြူးဖြူးဖြောင့်ဖြောင့် ဖွေရှာသွားလာနိုင်လိမ့်မည်။ ကိုယ့်အဖွဲ့တွေထက် ခြေသွက်ဖို့ကဖြင့် သေချာလွန်းလှ၏။

အဘိုးကြီးဦးလွမ်းခေါင်တို့ လုံးထွင်းလေကလေးကိုသာ သူက လက်ဦး၍ ရသွားခဲ့လျှင် . . .

"ဒဘတ်ချောင်းဘေးက လေ့ဆိပ်ဆီကိုပဲ တန်းသွားကြမယ်ဟေ့"

အသံက မိုးကြီးထဲမှာ စုန်းစုန်းနစ်မြုပ်ဝင် ပျောက်ကွယ်သွားခဲ့သော်လည်း ကိုယ့်လူများအားလုံးကမူ ဒဘတ်ချောင်းဘက်ဆီသို့ ခြေဦးတည်လိုက်ကြပြီးဖြစ်သည်ကို အလိုလို သိလိုက်၏။

"ဒီသောက်မိုးကလည်း အားကြီးလိုက်တာကွာ။ . . . ကယ်ပါပဲ။ ရပ်ပဲမရပ်နိုင်တော့ဘူး"

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

“အခုထက်ထိတော့ ငါတို့ဆီကို ဘယ်သူမှ ရောက်မလာသေးဘူးကော ဆရာကြီး။ မိုးက ဒီလောက်ကောင်းနေတဲ့ဟာကော။ လေ့ကတော့ ဝါရဲဂျာတို့ ညီအစ်ကိုတွေ ထင်းခြောက်ဆယ်ဖို့ ခဏယူသွားလေရဲ့။ ဒဘတ်ချောင်းထဲမှာ ရှိကြမှာပ။ လာ . . . လာ . . . ထိုင်ကြဦး။ ဖခါးရည်ပူပူကလေး သောက်ကြဦးပ။ ဒီလောက် ချမ်းတုန်နေကြတာပါကော”

အဘိုးကြီး ဦးလွမ်းခေါင်က ခရီးဦးကြိုပြု ညှိထောက်ခံရင်း သိချင်လှသည့် သတင်းတွေကို ပြောပြနေ၏။ မြေပြင်ရှို့စပ် ဗွက်စပ်စပ်အထက် ၄–၅ ပေအမြင့်၊ ဝါးကပြင်ပေါ်၌ ဦးလွမ်းခေါင်အမယ်ကြီးက ဖခါးရည်အိုးအောက်မှ မီးစတွေကို ဆွပေးနေလေသည်။ အနွေးဓာတ်နှင့် မီးဖိုမီးအရှိန်သည် တောင်ယာတဲကုပ်ကုပ်ကလေးထဲမှာ ဝေ့လည်ခတ်၍နေ၏။ သိသိသာသာ ပူနွေးလှသည်။ ‘ဖခါးရည်ကျိုက်ရင်း တစ်အောင့်တစ်ဖြုတ် နားလိုက်ကြဦးမှ ထင်ပါရဲ့’။

“လာ . . . ဝင်ကြလေ။ ဖခါးရည်သောက်ကြဦးဆို။ မှန်း . . . အဲ . . . နေပဲ မနည်းကြီးရှိနေပါကော။ မနက်စာမှ စားကြရသေးရဲ့လား။ စားရတဲ့ပုံလည်း

www.burmeseclassic.com

www.burmeseclassic.com



မမြင်။ ဆရာကြီးတို့မလည်း မိုးကြီးလေကြီးထဲ ဒုက္ခကြီးလှပါသကောလေ။ လာ လာ ...ဝင်လှည့်ကြ။ ပြောင်းဖူးပြုတ်ထားတာတွေ ရှိသေးတယ်။ ကန်စွန်းဥ တွေလည်း မနေ့ကမှ ဖော်ထားတာ။ မီးဖုတ်ပြီး စားကြဦး''

ဦးလွမ်းခေါင်ကြီးက ညှော်ဝတ်ကျေလှသည်။ ကွမ်းချိုးတွေဖြင့် မည်းချိတ် နေသည့် သွားမည်းမည်းတွေ အကုံးလိုက်ပေါ်အောင် အားရပါးရကြီး ပြုံးလျက် တကယ့်တူသား နောင်ရင်းတွေလို ဖိတ်ခေါ်နေလေ၏။

ကျွန်တော့်တွင်မက ကျွန်တော့်နောက်တော်ပါ တပည့်ကျော်ခများတွေ လည်း ခိုက်ခိုက်တုန်ချမ်းနေကြရှာပြီ။ တုတ်တုတ်ကျ ရွှဲစိုနေသည့် မိုးရေမိုးစက် များနှင့်အတူ တုပ်ကွေးမိထားသော လင်းတအိုကြီးတွေလို ကုပ်ကိုင်းကိုင်း။ ခြေ ဒရွတ်ဆွဲ ဖတ်သီကျနေကြလေပြီ။ အင်း ...

''ကျေးဇူးပဲ ... ဦးလွမ်းခေါင်ရေ၊ ကျုပ်တပည့်များ စားဖို့ ထမင်းတစ်အိုး နဲ့ ကြက်သားဟင်းတစ်အိုးတော့ တောချက်ကလေး ခပ်မြန်မြန် လုပ်ပေးစမ်းပါဦး။ လောလောဆယ် ဖခါးရည်သောက်ရင်း ခဏနားလိုက်ကြဦးမယ်။ ကျုပ်လူတွေ လည်း သိပ်ပင်ပန်းနေကြပြီ။ ဒီဂျိုကွင်းကြီးဖြတ်ပြီး ခင်ဗျားတဲဆီအထိ ရုန်းခဲ့ ကြရတာဟာ တယ်မချောင်လှဘူးဗျို့။ ကဲ ... လာကြဟေ့''

သည်တောင်ကြီးကမ်းကြီးထဲမှာ ဒဘတ်ချောင်းပြင်ကျယ်ကြီးကို ဖြတ်၍ ဟိုဘက်ကမ်းကို ရောက်ဖို့က ဦးလွမ်းခေါင်ကြီး၏ သစ်လုံးထွင်းလှေကလေးတစ်စင်းပဲ ကူးတို့ရှိသည်။ သည်လှေကလေးသာ အငှားပါသွားပြီး မအားမလပ်ခဲ့လျှင် အဘိုးကြီးတဲမှာပဲ နေကုန်နေခန်း ညအိပ်ညဥ့်နက် စောင့်ပေရော့။ ဟိုဘက်ကမ်းမှ ဒလတ်ယန်ရွာကြီးတို့၊ မြစ်ကြီးနား–ဗန်းမော်ကားလမ်းတို့ဆီ ဘယ်လိုနည်းနှင့်မျှ မရောက်နိုင်။ လှေကလေး ပြန်ရောက်လာသည်အထိစောင့်။ ဤသည်ပင်လျှင် အခြေအနေပေးဦးမှ ဒဘတ်ချောင်းကို အချိန်မီ ဘေးရန်ကင်းကင်း ကူးဖြတ်၍ ရကြလိမ့်မည်။ ညကြီးစုပ်စုပ် အချိန်မတော်ဆိုခဲ့လျှင် သို့မဟုတ်ဒဘတ်ချောင်းရေကြီး ရေလျှံပြီး ဒိုက်သရောတွေ၊ သစ်ပင်သစ်လုံးတွေ တစ်ပြုံတစ်မကြီး ချောင်းရေထဲ ဝဲခတ်မျောပါနေပြီဆိုလျှင် မည်သူကမျှ အရဲကိုး၍ ချောင်းရေထဲ မဆင်းရဲကြ။ ပြန်လမ်းမရှိ ဖြစ်သွားနိုင်သည်။

ထိုအခါမျိုးများ၌ ဦးလွမ်းခေါင်ကြီးတို့ လင်မယားက အိပ်စရာနေရာပေး မည်၊ စားစရာကျွေးမည်၊ လှေစောင့်ရင်း ဒဘတ်ချောင်း၏ ရေသာမှိန်းသာကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရင်း ယာယီတည်းခိုကြ၏။ ယင်းအတွက် စားစရိတ်၊ တည်းစရိတ် အသင့်အတင့်ကိုဖြင့် နားလည်မှုရှိစွာ အတုံ့အပြန် သိတတ်ကြ၏။ ဤသို့ဖြင့် ဦးလွှမ်းခေါင်ကြီး၏ တဲကုပ်ကုပ်ကြီးသည် ဤကွင်းကြီးထဲတွင် လှေဆိပ်သာမက မိုတယ်အဖြစ်၊ အင်း (Inn) အဖြစ်၊ ယာယီတည်းအိမ်အဖြစ်လည်း ပြောင်းချင်ပြောင်းသွားတတ်သေးသည်။ ဦးလွှမ်းခေါင်ကြီး၏ အဘွားကြီး ခတ်ချိုသူ ရှမ်းအမယ်ကြီးကလည်း အချက်အပြုတ်ကောင်းမှကောင်း။ သူ့တဲက ခတ်ချိုဆန်ထမင်းပေါင်းနှင့် ကြက်သားကချင်ချက်၊ ငရုပ်သီးစိမ်း၊ ပန်းဥထောင်းက နာမည်ကြီးလှ၏။ ဘာပဲဖြစ်ဖြစ်၊ သည်ကနေ့တော့ စားရက်ကြုံရပြန်ပြီ။

"ဦးလွှမ်းခေါင်ကြီး ... မနေ့ညပိုင်းကတည်းက ဒီကနေ့မနက်အထိ ခင်ဗျားတဲကို ဘယ်လူစိမ်းမှ မရောက်လာခဲ့သေးတာတော့ သေချာပါတယ်နော်"

"အိုး ... ဆရာကြီးကို လိမ်ပြောစရာလား။ ဒီလောက် မိုးပြိုမတတ် ဝါးလုံးထိုးရွာချနေတဲ့ မိုးကြီးလေကြီးထဲ ဘယ်သူက ထွက်ရဲပမတုံး .. ဆရာကြီး။ တောင်ကျချောင်းတွေက လက်ယှက်ထိုး၊ ချောင်းရေက ပေါင်းလန် ရေစီးကသန်၊ တောထဲက အကောင်ပလောင်တွေ၊ တောကျွဲ၊ တောနွားတွေတောင်မှပဲ ချောင်ကောင်းကောင်းမှာ ဝင်ခိုနေကြမှာပ။ စိတ်ချ ... ဆရာကြီး၊ ကျုပ်တဲတွင်မက ဘူး ဒီအနီးအနားက တောင်ယာတဲတွေအထိ ဘယ်ညွှန့်သည်မှ ရောက်မလာတာ သေချာပါတယ်။ လူစိမ်းဝင်ရင် အသံပြုနေကျ၊ မီးလက်ပြီး အချက်ပေးနေကျ။ ထူးခဲ့ရင်လည်း ဝါးပိုးခေါက်ကြမှာပ"

"အေးပါဗျာ ... သေချာအောင်သာ မေးကြည့်ရတာပါ။ ဦးလွှမ်းခေါင်ကြီးပြောရင် စိတ်ချပြီးသားပါ။ ဩော် ... ဒါနဲ့ လှေပြန်ရောက်လာရင်သာ ကျုပ်တို့မသိဘဲ ထပ်ပြီး မငှားလိုက်ပါနဲ့နော် ... ဟုတ်လား"

"ဟုတ်ပ ... ဟုတ်ပ"

နောက်ပြန် လှည့်မကြည့်။ ပါးစပ်က 'ဟုတ်ပ' နေရင်း ဝါးခြင်းထဲမှ ခပ်ရွယ်ရွယ်ကြက်တစ်ကောင်ကို ဆွဲထုတ်နေလေသည်။ ဟင်းစားအတွက် ကြက်ကိုင်တော့မည်။ ဦးလွှမ်းခေါင်ကို ထားရစ်ခဲ့ကြပြီး ရွှံ့ဗွက်တွေဖြင့် ချောကျိုနေသည့် ခြေထောက်များအား တဲကုပ်တံစက်ကြောင်း၌ ဆေးကြော၍ ဝါးဘိုးလှေကားကို မနည်းကြီး ကုပ်ကပ်ကြိုးစားတက်လာခဲ့ကြသည်။ မီးဖိုမီးက နွေးလှ၏။ အငွေ့တချောင်းချောင်းထွက်နေသည့် ဖခါးရည်ညိုညစ်ညစ် ရနံ့ကလည်း မွှေးတေး

www.burmeseclassic.com

www.burmeseclassic.com



မွှေးတေး။ မြေအိုးကြီးထဲမှာ ပြောင်းဖူးပြုတ်တွေ။ လက်တစ်ကမ်းသာသာမှာ တောင်ယာထွက် ကန့်စွန်းဥသန်သန့်ကြီးတွေက ဝါးဆန်ကာတစ်လုံးအပြည့်။

"ကိုင်းဟော့ . . . ထမင်းချက်တာစောင့်ရင်း မီးလှုံရင်း ခဏနားလိုက်ကြဦးစို့။ လေ့ဆိပ်ကိုမှ ရောက်မလာခဲ့ဘူးဆိုရင် ဒီကောင်ကလေး ဝေးဝေးရောက် မသွားနိုင်သေးပါဘူး။ ဒီအနားပတ်ချာလည်က တောင်ယာတဲတစ်ခုခုမှာ ခိုနေအောင်းနေမှာပဲ။ မိုးစဲမှ ထွက်ချင်ထွက်လာလိမ့်မယ်"

မိုးသံ တဝေါဝေါက အတန်အားပျော့ချင်ပြီ။ ကချင်မိုးတို့ ထုံးစံအတိုင်း တိခနဲ ရပ်ချင်ရပ်၊ သို့မဟုတ်လျှင် ခပ်ဖွဲဖွဲ၊ ခပ်မှုန်မှုန်။ ပြီးတော့ မိုးစင်စင်စဲသွားလိမ့်မည်။

မိုးစဲသည့်အချိန်အထိ သည်အတိုင်းတိုင်း ထိုင်စောင့်နေကြရုံမှတစ်ပါး အခြားမရှိ။

☼ ☼ ☼

[၅]

❑

"ဟော . . . ဆရာထောင်မှူးကြီး . . . လူ . . . လူသံကြားတယ်"

ခပ်ချိုဆန်စေးစေး ထွေးထွေးနှင့် ကြက်သား၊ ပိန်းဥ ကချင်ချက်၊ ဖင်ပြွန်းသီးထောင်းတို့ဖြင့် စားမြိန်စာကောင်းကောင်းကို ခေါင်းမဖော်စတမ်း ငုံ့လွေးနေရာမှ တပ်သားစိုးပိုင်က မုဆိုးနောက်တော်ပါ တောလိုက်ခွေးတစ်ကောင်လို နားရွက်ကို ပေ၍ စွင့်လျက်ပြောသည်။ သူပြောလိုက်တော့မှပင် ထမင်းဝိုင်းသည် ဖြုတ်ချည်း တန့်ရပ်သွား၏။ ပြောသံကြားဖြင့် ဟုတ်နိုးနိုး ဟိုကြည့်သည်ကြည့်။

မိုးက တိတ်သလောက်ရှိပြီ။ မိုးမျှင်မိုးဖွဲကလေးတွေသာပဲ ခပ်မှုန်မှုန် လွင့်လျက်ရှိ၏။ တစ်မိုးလုံး ပြိုတော့မယောင် အုံ့ဆင်ထားသည့် အခင်းအကျင်း

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း အောက်ခြေရှင်းလျက် လင်းလင်းကျင်းကျင်းရှိချင်လာသည်။ မိုးရေဆွတ်၍ ညွတ်ကိုင်းအိတ္တွဲနေခဲ့သော တောတစ်ခွင်သည်ပင် ရွက်ညွန့်ဖားဖားတွေဖြင့် စိမ်းရောင်လွှင်လွှင် စိမ်းသစ်လန်းဆတ်လျက်ရှိ၏။

ဟိုးခပ်ဝေးဝေးက လူသံသဲ့သဲ့ကြားရသည်။ ခပ်အုပ်အုပ် တောတိုးသံတွေနှင့်အတူ ခွေးသုံးလေးကောင်တို့၏ ဟောင်သံ တဝုတ်ဝုတ်တို့က အမှတ်ထင်ထင်။

မည်သူမျှ ထမင်းဆက်၍ စားမနေနိုင်ကြတော့။ အရေးအကြောင်းကြီးငယ်ရှိလျှင် အသင့်ဖြစ်နေကြဖို့ စားလက်စထမင်းပိုင်းကို တန်းလန်းနှင့် ရပ်ပစ်လိုက်ကြပြီး ကိုယ်စီကိုယ်စီ ထရပ်လိုက်ကြ၏။ ကောင်ကလေး ယောနသန်ကိုယ်တိုင် မဟုတ်တောင်၊ သင်း၏ သတင်းစကားကိုဖြင့် ကြားရနိုင်ကောင်းသည်ဟု စိတ်တွေကို ဖွင့်၍ တလှုပ်လှုပ်၊ တရွရွ။

"တဲအပြင်ကို မထွက်ကြနဲ့။ တဲထဲမှာပဲ လူခွဲပြီး နေရာယူထားကြ"

အသံခပ်တိုးတိုးဖြင့်သာ လိုရမယ်ရ ပြောထားလိုက်ရ၏။ ယခုပဲ နေထက်ပိုင်းကျိုးခဲ့ပြီ။ မနေ့ညဦးပိုင်းကတည်းက ထွက်ပြေးနေခဲ့သော ရဲဘက်ပြေးတစ်ယောက်အဖို့ ယခုလို မိုးရှင်းရှင်းအတိတ်မှာ ဒဘတ်ချောင်းကို ကျော်နိုင်အောင် ကြိုးပမ်းရလိမ့်မည်။ မလွဲမသွေ ဟောသည့်လှေဆိပ်ကို ဦးတိုက်ပြီး အရောက်ပြေးလာရလိမ့်မည်။ ဒီထက်ပိုပြီး နောက်ကျနေခဲ့လျှင် ဒဘတ်ချောင်းပြင်ကျယ်ကြီးကို ကူးဖို့ အခြေအနေမပေးနိုင်။ ကြားနေရသည့် တောတိုးသံတွေနှင့်အတူ ရဲဘက်ပြေး ယောနသန်ရောက်လာလေမလား တထိတ်ထိတ်။

"အရှေ့ဘက်ချောင်းဆီက လာကြတာဆိုတော့ အောင်ရန်တို့၊ ဇော်ဘောင်တို့ တဲစုဆီကများလားမသိ ... ထောင်မှူးကြီးရေ။ ဒီမိုးဒီလေကြီးထဲ ဆင်းလာကြပုံထောက်တော့ အတော်အရေးကြီးလာကြသကော။ တန်ရုံလောက်နဲ့ ဒီကွင်းထဲက တောင်ကျချောင်းတွေကို ဘယ်သူမှ ဖြတ်မကူးချင်ကြဘူး။ အရမ်းအန္တရာယ်များတယ်။ ဒီလိုအထဲက ဒီအရောက်ဖွတ်လာနေကြပုံထောက်ရင် ဒါသေရေးရှင်ရေးပဲပ ... နော"

အသံတွေကြားရာဆီ မျှော်ကြည့်ရင်း အဘိုးကြီးဦးလွှမ်းခေါင်က လှမ်းပြောနေသည်။ သူ့တဲအိုကုပ်ကုပ်ကြီး၏ ရှေ့တလင်းပြောင်ကလေးထဲမှာ ထွက်ရပ်ကြည့်နေရင်းက ဖြစ်၏။ ဂဏိုကွင်းကျယ်ကြီးနှင့် ခွေပေါက်သည့်တိုင် ခွေ



www.burmeseclassic.com

www.burmeseclassic.com



မပြတ်တတ်သော အင်းပြင်ကျယ်ကြီး၊ အင်းကြွင်းတော တမျှော်တခေါ်ကြီးကို ဒဘာတ်ချောင်း ဟိုတစ်ဖက်ကမ်းမှ လူ့လောက လူ့အစုအဝေးတွေနှင့် ဆက်သွယ်ပေးရာ သူ့လှေဆိပ်၊ သူ့တဲအိုအိုကြီးဆီကို လူအမျိုးမျိုး၊ အကြောင်းအထွေထွေနှင့် ဝင်ခဲ့ကြ၊ ထွက်ခဲ့ကြပေါင်း များလှပြီဖြစ်ရာ သူ့ကွင်းနှင့် သူ့အထာကို သူ့ဘာသာ နောကျေနေပုံရသည်။ သို့ဖြစ်၍လည်း အသံတွေကြားနေရသည့် တောတိုးသံများအတွက် အဘိုးကြီး စိတ်စောနေလေဟန် လည်တဆန့်ဆန့်ဖြင့် ငုံ့လင့်နေခြင်းဖြစ်မည်။

လှေဆိပ်တဲအိုကြီးသည် မှိုင်းညို့ရီမှောင်နေသည့် ခဲသားပြင်ကြီးထဲမှာ အထီးတည်း ခြောက်ကပ်တိတ်ဆိတ်လျက်။ မီးဖိုဆီမှ သစ်ကိုင်းခြောက်မီးစွဲသံ တဖြောက်ဖြောက်တွေနှင့် တဲအိုအမိုးပေါ်သို့ မိုးမှုန်တွေကြွေသံ စက်စက်တောက်တောက်မှလွဲ၍ ဘာသံမျှ မကြားရ။ အာရုံအားလုံးကို တောတိုးလာသံတွေကသာ လုံးဝ စုပ်မျိုထားလိုက်တော့သည်။

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... လူနာပါပဲ။ နားထောင်ကြည့်ပါလား ... လူညည်းသံကြီးကို။ အင်း ... မိုးကြီးလေကြီးထဲမှာ ဒုက္ခများလှပကောလေ"

အဘိုးကြီးသည် တစ်ကိုယ်တည်း ညည်းနေလေသည်။ တဖြည်းဖြည်း ဝါးရုံပင်နှင့် ကိုင်းပင်၊ ဖျိုက်တောများအကြားမှာ ခပ်ကျဉ်းကျဉ်း လူသွားလမ်းယောင်ကလေးကို တိုး၍လာနေကြသည်မှန်း သိသာစေသည်။ ကိုင်းပင်ရွက်ဖျားတွေ တရိပ်ရိပ် ယိမ်းခါနေခြင်းက နီး၍နီး၍လာနေ၏။ အလို ... မိန်းမသားတစ်ဦး မချိမဆန့် တအီအီ ညည်းသံပါကလား။

"ဟယ် ... ယိမ်းဘောင်တို့ပါကော။ အိုး ... မပြောကောင်း မဆိုကောင်း ဒင့်မယားဘွဲ့ဘူ မွေးရဖွားရ ခက်နေပြီထင်ပ။ အင်း ... ဒုက္ခ ... ဒုက္ခ ... ဒုက္ခ။ အဘွားကြီးရေ ဝါရဲဂျာတို့တွေဆီ ပြေးချေဦးနော့။ လှေကို အခုချက်ချင်းလိုချင်လိုလာလိမ့်မယ်"

သူ့အမယ်ကြီးဆီ စိခနဲ လှမ်းအော်ပြီး သူ့တဲအိုကြီးဆီ အမောတကောပြေးလာနေသည့် ခွေးတစ်အုပ်ရှိရာသို့ ပူပန်ကြီးစွာ အပြေးတစ်ပိုင်းဖြင့် ထွက်သွားတော့၏။ ဟော .. ဟိုမှာ လူတစ်စုကို မြင်ရပြီ။ စောင်ပုခက်ဖြင့် လူတစ်ဦးကို လွယ်ဖို့ တင်ဆောင်လျက် ဝါးတံပိုးလျှို၍ ထမ်းလာနေကြသည့်လူနှစ်ယောက်။ လူနာသည် မိန်းမသားတစ်ဦး ဖြစ်ပေလိမ့်မည်။ ညည်းသံသည် မိန်းမသံ

www.burmeseclassic.com

www.burmeseclassic.com



ဝေးတော့ ဝေးသေး၏။ လူလုံးမကွဲလှသေး။ စစ်အင်္ကျီအဟောင်း လက်ပြတ်နှင့် ဘောင်းဘီတို ပွပွမည်းမည်းကြီးကို ဝတ်ထားသည့် ရှေ့ကလူမှာ ဒေသခံကချင်တိုင်းရင်းသားတစ်ယောက်ပဲ ဖြစ်မည်။ သူ့အသားအရေ၊ သူ့ကိုယ် ပေါက် ကိုယ်ရောက်နှင့် စုတ်ဖွားဖွား ဆံပင်ရှည်ဖွာလန်ကျဲ၊ သူ့ခြေလှမ်း လှမ်းပုံ အရွေ့အလှုပ်များ၊ ပုတိုက်တိုက် ဂင်တိုတို ကိုယ်နေဟန်ထား။ သေချာသည် လီဆူးလား၊ မရူလား တစ်ခုခုပဲ။ ပိန်ကိုင်းကိုင်း၊ ပါးပါးလျားလျားနှင့် နောက်က အထမ်းသမားလူသည် . . .

"ဟင် . . . ယောနသန် . . . ယောနသန်ပဲ . . . ထောင်မှူးကြီး"

ဘယ်သူ့အသံမှန်းလည်း မသိ။ တအံ့တသြကြီး ရေရွတ်လိုက်သံက မဆုံးလိုက်ရ။ တဲအတွင်းမှ ဝုန်းခနဲ ပြေးထွက်လာကြသည့် ခြေသံများသည် ခပ်ဝေးဝေးက လူတစ်သိုက်ထံသို့ ကဆုန်စိုင်း လွှင့်စဉ်ထွက်သွားကြတော့၏။ မြားတံတွေ တစ်ပြုံကြီးကို တစ်ပြိုင်နက် ပစ်လွှတ်လိုက်သလို . . .

"ယောနသန် . . . ယောနသန် . . . ထွက်မပြေးနဲ့တော့ . . . မင်းကို ငါတို့ ဝိုင်းထားပြီးပြီ"

☼ ☼ ☼

[၆]

❑

"ငါ ရဲဘက်စခန်းက ထွက်ပြေးချင်လို့မဟုတ်ပေမဲ့ ပြေးတော့ ပြေးရမှာပဲ . . . ဆရာထောင်မှူးကြီး။ ငါ့မိန်းမက အသည်းအသန် ဖျားနေတယ်။ ငါ့သမီးကလေးကလည်း နေမကောင်းဘူးတဲ့။ ရွာက လူကြုံနဲ့ ဖုံးခေါ်ကို လာပြောသွားခဲ့တာ။ ငါ ရင်ထဲ နေလို့မကောင်းဘူး။ ငါတို့မိသားစုက ဒီသုံးယောက်တည်းပဲရှိတာ။ နင်တို့ ဖမ်းချင်လည်းဖမ်း၊ သတ်ချင်သတ်။ ငါကတော့ ပြေးရမှာပဲ။ ငါ့စိတ်ထဲမှာ ငါ့မိန်းမနဲ့ သမီးကလေးပဲရှိတယ်။ ဒီအချိန် သူတို့ငါ့ကို မျှော်နေကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့နဖူးပြင်ပေါ်က မိုးစက်မိုးမှုန်များနှင့် ချွေးဥချွေးပြောက်တွေကိုပင် မသုတ်အားသေး။ ဂျိုကွင်းကြီး၏ ဟိုးအရှေ့ဘက် တောစပ်အစွန်မှသည် အဘိုးကြီး ဦးလွမ်းခေါင်တို့ လေ့ဆိပ်တဲအိုကြီးဆီထိအရောက် သုံး၊ လေးမိုင်ခရီးကို သူနှင့်ယိမ်းဘောင် နှစ်ယောက်တည်း ယိမ်းဘောင်မိန်းမ ကိုယ်ဝန်သည်အား စောင်ပုခက်ဖြင့် ထမ်းပိုးပြီး မိုးထဲရေထဲ ခြေကုန်ရုန်း၍ သယ်လာခဲ့ကြရသဖြင့် အားအင်တွေ ကုန်လုခမန်း ပန်းဟိုက်နေသည်ကိုပင် အမောမဖြေနိုင်။ တဲကြီးအတွင်းရှိ ဝါးကွမ်းပျစ်ကြီးပေါ်သို့ ယိမ်းဘောင်မိန်းမဒွဲဘူကို ချထားပြီးပြီးချင်း ယောနသန်က သူပြောချင်ရာတွေကို ပြောချနေတော့သည်။

လောလောဆယ် သူ့စကားကို မည်သူကမျှ အာရုံမဝင်နိုင်။ နဂိုမူလ ပါးပါးလျားလျားကိုယ်ခန္ဓာနှင့် မလိုက်ဖက်လောက်အောင် ပူတင်းနေသည့် ကိုယ်ဝန်ဆောင်ဗိုက်၊ ငါးအသေကောင်ပုပ်လို ဝါထိန်ထိန် ညစ်ထေးထေး နာတာရှည်လူမမာရုပ်သွင်။ မိုးရေတွေ ရွှံ့စက်ရွှံ့ဗွက်တွေ ရွဲစိုပေလူးနေသည့် မြင်မကောင်းရှုမကောင်း အနေအထား၊ မချိမဆန့် တအင်အင် အော်ညည်းနေသည့် လူအိုသံနှင့် အချိန်မီ တတ်ကျွမ်းနားလည်သော ဆေးသမားနှင့်သာ မဆုံဖြစ်ခဲ့ပါက သည်ပုံကြီးအတိုင်း အပေါသိကံ အကျိုးနည်းရရှာတော့မည့် လူ့အသက်တစ်ချောင်း။ အဲ ... သူ့ဗိုက်ထဲက ကလေးကိုပါ ထည့်တွက်လျှင် လူ့အသက်နှစ်ချောင်း ဖြစ်ကောင်းဖြစ်မည်။ တဒင်္ဂအတွင်း ဤအရေးကိစ္စကြီးအတွက် 'ဘာကို ဘယ်လိုလုပ်ကြမလဲ' အတွေးများကသာ လူတိုင်းကို စိုးမိုးထား၏။ ဘာလုပ်ကြမလဲ ... ဘာလုပ်ကြမလဲ။

မနေ့ကည တစ်ညလုံးနှင့် သည်နေ့ နံနက်တစ်ပိုင်းလုံး အာရုံကို ဖျစ်ညှစ်ထားခဲ့သည့် ရဲဘက်ပြေးဖမ်းဖို့အရေးသည် ဘယ်လိုကဘယ်လို ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလေသလဲမသိ။ ကိုယ့်မျက်စိရှေ့ကလေးတွင် ကျွန်တော်တို့ ဆရာတပည့်တစ်သိုက်ကို အပူတွေ၊ သောကတွေဖြင့် ဗလောင်ဝေစေခဲ့သည့် ဒုက္ခကောင် ယောနသန်အား အရှင်လတ်လတ်ကြီး တွေ့နေရသည့်တိုင် စိတ်လှုပ်ရှားရကောင်းမှန်း မသိနိုင်ကြတော့ဘဲ သေရေးရှင်ရေး အသက်လုရုန်းကန်နေရှာသည့် လူမမာသည် ဒွဲဘူအတွက်ပဲ ဇောကပ်နေမိကြ၏။

လူနာရှင် ယိမ်းဘောင်ခမျာလည်း သူ့ဗျာပါဒများကို ကူမျှထမ်းပိုးပေးနိုင်ကြမည့် (ကူရာကယ်ရာ ရလိမ့်မည်ဟု) သူထင်ထားသည် လူတစ်စုထံ သူ့ယားကို

www.burmeseclassic.com

www.burmeseclassic.com



ဒုတ်ဒုတ်ထိ သယ်လာနိုင်ခဲ့ပြီးဖြစ်၍ သောကငွေ့တွေ လုံးလုံး မစင်သေးသော်မှ များစွာ သက်သာရာရသွားခဲ့ဟန်ဖြင့် တဲတံစက်မြိတ်တိုင်ခြေရင်း၌ ခြေဆင်းလဲလှ ခြေပစ်လက်ပစ်ထိုင်နေတော့သည်။ ဘာပဲဖြစ်ဖြစ် သူ့မယားဒွေဘူတစ်ယောက် သေကံမရောက်နိုင်တော့ဟု တုံးတုံးချထားသည့်ပုံ။

"ယိမ်းဘောင်ရယ် ... ကောင်မလေးက နေ့လား ညလား မသိနိုင်တဲ့ ကိုယ်ဝန် နေစေ့လစေ့ကြီးနဲ့ဟာကိုများ ဘယ်လို ပစ်စလက်ခတ် ပစ်ထားခဲ့လို့ ဒီပုံ မျိုး ဖြစ်လာရတာတုံး။ ဒီကွင်းကြီးထဲမှာ နေလာတာလည်း ဖင်မွေးရှည်နေပြီ။ မိုးလေကျရင် ဘယ်လောက် သွားရလာရခက်သလဲဆိုတာ မင်းလည်း အသိပဲဟာ။ အရင် သုံးလေးရက်နေသာတုန်းက ဒဘတ်ယန်က သားဖွားဆရာမ ဒေါ်မေရီတို့ ဆေးခန်းကို ပို့ထားခဲ့ရမှာ။ မင်းဟာ တယ်နမော်နမဲ့နိုင်တဲ့ ယောက်ျားပဲ ... ဖွီ"

ဦးလွမ်းခေါင်ကြီးက ယိမ်းဘောင်ကိုပဲ ဖိကြိမ်းနေ၏။ လူမမာသည် ဒွဲဘူခများလည်း 'အပါးရေ ... အမားရေ' တစာစာတရင်း အလူးလူး အလိမ့် လိမ့်။ 'ဒုက္ခပါပဲ ... အချိန်မီ ဟိုဘက်ကမ်းကို မရောက်ခဲ့ရင် ရေတိမ်နစ်ရ ချေရဲ့'။ မည်သူမျှ စိတ်မအေးနိုင်ကြ။ ရင်တွေ ပူနေကြသည်။

"ကျုပ်တစ်ယောက်တည်းနဲ့ ဒွဲဘူကို ဘယ်လိုသယ်နိုင်မှာလဲဗျာ။ မနေ့ မနက်ပိုင်း မိုးတွေညို့ပြီး မည်းလာကတည်းက ဒဘတ်ယန်ကိုပို့ဖို့ စိတ်ကူးထား ခဲ့သား။ ပစ္စည်းတွေတောင် သိမ်းထားပြီးပြီ။ အထမ်းသား လူကူခေါ်ဖို့ ထွက်မယ် လုပ်နေတုန်း မိုးက ဝုန်းခနဲရွာချတော့တာ။ တိတ်မှ မတိတ်တော့ဘဲ။ ကောင်းကင် ကို အပေါက်ဖောက်ပြီး သွန်ချနေတဲ့အတိုင်းပဲ။ ကြီးလိုက် သည်းလိုက်တဲ့မိုး။ ဖွတ်ထွက်လာခဲ့ပြန်ရင်လည်း တောင်ကျချောင်းတွေ ရေလျှံလို့ ပြန်လမ်းခက်ရင် ပိုပြီး ဒုက္ခများရဦးမယ်။ အဲဒါကြောင့် မိုးကြီးထဲမှာ ငုတ်တုတ် မိုးလင်းခဲ့ရတာ။ အခုတောင် ဟောဒီညီလေး ရောက်လာလို့"

စကားစတန်းလန်းဖြင့် ယောနသန်ကို ကျေးဇူးတတင် လှမ်းကြည့်ရင်း ရှင်းပြနေသည်။ သူနှင့် လက်လှမ်းတမီမှာ ယောနသန် ရပ်နေ၏။ ယောနသန် ဘေးမှာ သူ့တပည့်တွေ။ သူ့ဘာသာသူ ပန်းဟိုက်နေပြီဖြစ်သည့် ရဲဘက်ပြေးကို ပတ်ပတ်ရံ၍ ရပ်နေကြ၏။

"အင်း ... အင်း ... ဘာပဲဖြစ်ဖြစ် ချောင်းကူးပြီး ဒဘတ်ယန်ဘက်ကို ပို့မှပဲ။ ကမ်းပြည့်ကမ်းလျှံ ရေပေါင်းလန်နေလို့ အန္တရာယ်ကြီးပေမဲ့လည်း ပို့မှ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မှာ။ လှေရောက်ပြီလားမသိ။ အမယ်ကြီး ... ဝေး ... အမယ်ကြီး''

လှေသိမ်းဖို့ သွားပြောနေသည့် ဦးလွမ်းခေါင်အမယ်ကြီး၏ အရိပ်အယောင်ကိုမမြင်။ ချောင်းရိုးအတိုင်း အတော်လှမ်းလှမ်းကို သွားနေရပုံပေါ်သည်။ နေသာလျှင် အကြောင်းမဟုတ်သော်လည်း မိုးဖျောက်လေဖျောက်ဆိုပါက ရွံ့တွေဗွက်တွေ တင်းကျမ်းနှင့်မို့ လမ်းက သွားရဆိုး၏။ စိတ်ရှိတိုင်း ခရီးမတွင်ချင်။

''လှေနဲ့ကူးလို့ အလုပ်မဖြစ်လောက်ဘူး။ လူနာနဲ့ လှေထိုးသားတစ်ယောက်၊ ဒိုက်ပုံတွေ မျောထင်းတွေကို တွန်းဖယ်ဖို့ လူကူကတစ်ယောက်၊ ပေါင်းသုံးယောက်ပဲ ဆိုဦး။ ဒီမိုးနဲ့ ဒီချောင်းရေလျှံနေပုံမျိုးနဲ့ဆိုရင် လှေဝမ်းနဲ့ ချောင်းရေပြင် ဇလုတ်တိုက်ဖြစ်နေတော့မှာ။ လှေကူးမှာ လှိုင်းဆော့ဦးမှာနဲ့ဆိုရင် ရေတွေဝင်ပြီး လှေမြုပ်မှာ သေချာပေါက်ပဲ။ ချောင်းဟိုဘက်ကမ်းကို ရောက်လိုက်မှာတောင်မဟုတ်ဘူး။ ဒုက္ခရောက်ကြမှာပဲ''

ယောနသန်က အေးစက်စက်ပြော၏။ သူတွက်တာ မှန်နိုင်သည်။ အတော် ဝေးဝေးကဆိုသည့်တိုင် လူတိုင်းကြားနေကြရသည့် ဒဘတ်ချောင်းရေစီးသံ တဟဲဟဲကြီးသည့် ကျောစိမ့်ချင်စရာကောင်းအောင် ကျယ်လောင်လွန်းလှသည်။ ယောနသန်ပြောတော့မှပင် သည်အန္တရာယ်ကြီးက စိတ်ထဲ ဖွတ်တိုးဝင်လာပြီး သူတို့ကိုပဲ တမင်ဖြဲခြောက်နေသလိုလို။

အလူးလူး အလိမ့်လိမ့်ဖြင့် ဝေဒနာကို ကြိတ်မှိတ်ရုန်းကန်နေရရှာသော လူမမာမကလေးလည်း အသံပျော့ချင်လာပြီ။ မီးစာကုန် ဆီခန်းဖို့ အရေးမဝေးလှတော့။ တစ်ခုခုကို ချက်ချင်းလုပ်ကြမှ ဖြစ်မည်။

''အဘိုးကြီးရေ ... ဝါရဲဂျာတို့က ထင်းဆယ်ရင်းနဲ့ ဟိုဘက်ကမ်းဘက်ကို ကူးပြီး ဆန်နဲ့ ဟင်းစားသွားဝယ်ကြသတဲ့။ လှေပြန်ရောက်ဖို့က ကြာဦးမယ်''

အမောတကောဖြင့် ဦးလွမ်းခေါင်အမယ်ကြီး ပြန်ရောက်လာ၏။ ရွံ့ရေဗွက်ရေတွေဖြင့် ရွှဲရွှဲစို။ 'လောလောဆယ် လှေမရနိုင်' ဟူသည့် သတင်းဆိုးကိုသာ သယ်၍ပြန်လာသည်။ 'ဟူး .. ခက်လိုက်ပုံများနော။ ဘယ်လိုလုပ်ကြရပ'။ စိတ်ကူးတွေ ဘောင်ဘင်ခတ်ကြရပြန်ပြီ။ အထူးသဖြင့် လူနာရှင်ဖြစ်သည့် ယိမ်းဘောင်ခမျာ မျက်စိသူငယ် နားသူငယ်ဖြစ်၍ မျက်နှာကလေး အိုနေရှာ၏။ ဒွဲဘူးမှာ မှိန်း၍ ငြိမ်နေသည်။ ညည်းညူရလွန်းသဖြင့်လည်း သူ့ကလေး၏ အသံတွေ ခန်းသွားပြီထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အရေးဟဲ့ဆို လုပ်ပြီကောလေ။ ဟော ... ဒီရဲဂျာဆိုတဲ့ အကောင်အို လေးဟာ။ သေချာပြောလိုက်ရက်သားနဲ့ မငှားဘူးဆိုပြန်ရင်လည်း စိတ်ကွက်ကြ ဦးမယ်။ ငှားလိုက်မိပြန်တော့ ထင်သလို စိတ်တိုင်းကျ လုပ်ကြပြန်ရော။ ပြော မပြောလိုက်ချင်ဘူး။ တကယ့်အကောင်တွေ"

ဦးလွမ်းခေါင်ကြီးက တဖျစ်တောက်တောက်။ သည်အခြေအနေကြီးထဲမှာ ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ တွေးကြည့်မိသည်။ ဘာအတွေးမျှ ပေါ်မလာ။ တပည့်ကျော်တစ်သိုက်လည်း ကြုံနေရသည့် မအီမလည် ပူစပ်ပူလောင် အခြေ အနေကြီးကို တွန်းလှန်ဖို့ လမ်းမမြင်ကြပုံဖြင့် ခေါင်းကြီးတွေ ငိုက်ဆိုက်ကျ၍ နေကြ၏။

"ငါ စိတ်ကူးထားတာတော့ ရှိတယ်။ အလုပ်ဖြစ်ဖို့များပေမဲ့ အရဲစွန့်ရ မယ်။ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့နဲ့ လုပ်ရဲကိုင်ရဲပြီး ကျွမ်းကျင်တဲ့လူလည်း လိုတယ်။ တို့ အင်မိုင်ခ ချောင်းဖျားတွေမှာ မိုးတွင်းခါ ရေကြီးချိန်ဆိုရင် ချောင်းညာကနေ ချောင်းအောက်ကို ဒီအတိုင်း စုန်နေကျပဲ။ ဒီအနားမှာ တောငှက်ပျောပင်အုပ် တွေလည်း ပေါသားပဲဟာ"

ယောနသန်က ဦးလွမ်းခေါင်ကြီးတို့ တဲအုပ်ကုပ်ကုပ်ကြီးနောက်ဘက် ဝါးနှစ်ရိုက်ခန့်အကွာတွင် တစ်ရုံနှင့်တစ်ရုံ သီးသန့်မခြားတော့ဘဲ ရုံချင်းဆက်၍ ပူးပူးကပ်ကပ် ပေါက်နေကြပြီး သန်စွမ်းစိမ်းမှောင်နေသော တောငှက်ပျောပင်အုပ် တသီတတန်းကြီးကို အကြည့်ဝေ့လျက် ခပ်ဆဆပြောနေသည်။

သူ ဘာပြောချင်သလဲ ရုတ်တရက်မသိ။ သူ့ဆီမှာ ခိုင်မာသည့် အကြံ တစ်ခုခုတော့ အသေအချာရှိနေပြီ။ သူ ရဲဘက်စခန်းက ထွက်ပြေးတုန်းကတည်း ကပင် သည်ဒဘတ်ချောင်းကြီးကို ဖြတ်ကူးရမည်မို့ သူ့တွင် ကြိုတင်စိတ်ကူး ထားပြီးသား အစီအစဉ်ရှိကို ရှိရမည်။

"ဘာလဲ ... ကောင်လေး၊ ငှက်ပျောတုံးတွေကို ဖောင်ဖွဲ့ပြီး ကူးဖို့ပဲ မဟုတ်လား"

"ဟုတ်တယ် ... အဲဒီတစ်နည်းပဲရှိတယ်"

"ရေက ဒီလောင်တောင် ပေါင်းလန်နေတာကွာ ... ဖြစ်နိုင်ပါ့မလား။ လူမမာလည်း ပါဦးမယ်။ ပြီးတော့ ဖောင်ကို စုန်ဖို့ ထိုးဝါးကိုင်မဲ့လူ အနည်းဆုံး ရှေ့တစ်ယောက်၊ နောက်တစ်ယောက် လိုလိမ့်မယ်။ ဖြစ်နိုင်ရင် ဒီလို မိုးကြီးခြင်း

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ဝါးပင်တွေ တရကြမ်းမျောပါနေကြတဲ့ အချိန်မျိုးမှာ ချောင်းရေနဲ့ရောပါလာမယ့် အဲဒီ ရေမျောသစ်တွေကို ဝိုင်းကူပြီး တွန်းဖယ်ပေးမယ့်လူတစ်ယောက် အပိုပါနိုင်ရင် ပိုအဆင်ပြေမှာ။ ငါက လိုက်ကူချင်ပေမဲ့ အိုလှပါပြီကွာ''

''ဖောင်ကို လိုရမယ်ရ နှစ်ထပ်လောက် လုပ်လိုက်ရင် ဖြစ်တာပဲဗျာ။ လူနာကို လိမ့်ကျမသွားအောင် ဝက်ခြံရိုက်ပြီး ထည့်သွားမယ်။ ပြီးတော့ အပေါ်က တာလပတ်ဖြစ်ဖြစ်၊ ပလတ်စတစ်ဖြစ်ဖြစ် အမိုး မိုးပေးထားလိုက်မယ်။ ချောင်းအထက်ပိုင်း ကိုက်တစ်ထောင်လောက်အထိ ဖောင်ကို ဆွဲသွားရမှာကတော့ နည်းနည်း ကြာချင်ကြာမှာ။ ချောင်းပြင်ကိုဖြတ်ရမှာ ခဏာပဲ။ ဒီလို ရေကြီးပုံမျိုးဆိုရင် ခဏနဲ့ ဟိုဘက်ကမ်းကို လှေဦးပြေးကပ်မှာပဲ။ တစ်ခုတော့ရှိတယ် ... ဖောင်ကို ချောင်းညာဆီဆွဲဖို့ကျတော့ လူလိုတယ်။ ဝိုင်းကူကြမှ ဖြစ်လိမ့်မယ်''

ကောင်ကလေးက ယတိပြတ် ဆုံးဖြတ်ပြီးပုံဖြင့် အားတက်သရော ပြောနေ၏။ သူ့ကိုယ်သူ အကျဉ်းကျခံနေရသူတစ်ဦးဖြစ်မှန်း မေ့နေပြီထင်သည်။ သို့မဟုတ် သူ့အနီး သူ့ဝန်းကျင်ပတ်ချာလည်က ယူနီဖောင်းဝတ်လူစုကို သူ့အား လက်ရဖမ်းဆီးရန်အတွက် တစ်မနက်လုံး မိုးကြီးလေကြီးထဲ ဒုက္ခကြီးခံ၍ တောတိုးနေခဲ့ကြသည့် ထောင်အရာရှိ၊ ထောင်ဝန်ထမ်းတွေအဖြစ် သူ့မျက်စိထဲ မဝင်တော့သည်လား။

''မင်း လိုက်သွားလို့တော့ မဖြစ်ဘူးနော် ... ယောနသန်။ အခုအချိန်အထိ မင်းကို ငါ စောင့်ရှောက်ပေးနိုင်သေးတယ်။ မင်း ငါတို့နဲ့ ပြန်လိုက်ခဲ့ရုံပဲ။ မင်းကို ရဲဘက်ပြေးအမှုနဲ့ အမှုဖွင့်မထားရသေးဘူး။ မင်းမိသားစု အခက်အခဲကိုလည်း ဒီသောကြာနေ့ ငါထောင်ကို ပြန်ဖြစ်တဲ့အချိန်မှာ အိမ်တိုင်ရာရောက်သွားကြည့်ပြီး လိုအပ်တာတွေကို ကြည့်လုပ်ပေးလိုက်မယ်။ ငါ ကတိပေးတယ်။ အခုတော့ မင်း ငါတို့နဲ့ ပြန်လိုက်ခဲ့ရမယ်။ မင်း ဘယ်လိုမှ ငြင်းလို့မရဘူး''

ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်သွားတော့သည်။ မိုးမရွာဘဲ မိုးကောင်းကင်ကြီးက တဖြည်းဖြည်း အိပြိုကျလာသလို မှိုင်းညို့မှောင်ဝေနေ၏။ အခြေအနေသည် ထင်မထားပါဘဲလျက် ရုတ်တရက်ကြီး တင်းမာလာ ရပြီ။ 'ဒင်းကြောင့် ... ရဲဘက်ပြေးကောင်ကလေး ယောနသန်ကြောင့်။ အချင်းချင်း လက်မတို့လိုက်ရဘဲ သတိအနေအထားတွေဖြင့် တောင့်တောင့်နိုင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ ဖြစ်သွားကြသည့် ကျွန်တော့်ဝန်ထမ်းများ၏ မျက်ဝန်းတွေ၊ အကြည့်တွေသည်ပင် ချက်ချင်း စူးရဲခက်ထန်လာကြသည်။

"မဟုတ်သေးဘူးလေ ... ဆရာထောင်မှူးကြီး။ အဲဒီလို ကိုယ့်ကိစ္စတစ်ခုတည်းကွက်ကြည့်လို့ မဖြစ်ဘူးလေ။ ဟောဒီမှာ သေမလိုဖြစ်နေတဲ့လူနာကို ကြည့်စမ်းပါဦး။ နောက်နာရီဝက် တစ်နာရီနေလို့မှ ဟိုဘက်ကမ်းကိုရောက်အောင် မပို့နိုင်ရင် လူကြီးရော၊ ကလေးရော သေမှာပဲ။ ဘုရားသခင်တောင်မှ မကယ်နိုင်ဘူး။ အဲဒါကြောင့် သူတို့နဲ့ ငါ လိုက်လာခဲ့တာ။ ဒီလိုလိုက်လာလို့ပဲ ငါ ပြန်အဖမ်းခံရတာ။ ငါ့အတွက် ငါသာတွေးခဲ့ရင် ငါလွတ်သွားတာ ကြာပြီ။ ဒီမြေဒီရေ ဒီလမ်းဒီခရီးထဲမှာ ငါ ကြီးလာခဲ့ရတာ။ ငါ့အတွက် ဘာအခက်အခဲမှ မရှိဘူးရယ်။ ဒီလူနာကို သေမှာစိုးလို့ ပစ်မထားရက်တာနဲ့ အခုလို လိုက်ပို့ခဲ့တာ။ လူ့အသက်နော် ... လူ့အသက်။ တစ်သက်မဟုတ်ဘူး ... နှစ်သက်ကြီးများတောင်။ ဒီအချိန်မှာ ဒါပဲ အရေးကြီးတယ်။ ငါကတော့ ငါလုပ်စရာရှိတာ လုပ်ရမှာပဲ။ ငှက်ပျောဖောင်ဖွဲ့တာကို ငါပဲကျွမ်းကျင်တယ်။ ဒီထက်ကြမ်းတမ်းတဲ့ အင်မိုင်ခကိုတောင် ဒီနည်းနဲ့ ငါကူးလာခဲ့တာ အခေါက်ပေါင်းမနည်းတော့ဘူး။ ဒီလူနာအသက်ကယ်ဖို့ ငါ့မျက်နှာကလေးလောက်တော့ ငါ ပြုမှဖြစ်မယ်။ ငါ့ကို သတ်ချင်လည်းသတ်၊ ကြိုက်သလိုသာ လုပ်ကြ။ ငါကတော့ နင်တို့နဲ့ ပြန်မလိုက်ဘူး။ ငါလုပ်သင့်တာ လုပ်မှာပဲ"

ဗုဒ္ဓါရေ ... ထင်ထားသည်ထက် အများကြီး ပိုဆိုးနေတော့သည်။ သည်လိုပုံဖြင့် အပျက်အပျက်နှင့် နာခေါင်းသွေးထွက်ပေတော့မည်။ ယောနသန်ကောင်ကလေးက ကြောင်အဖြစ်မှ ကျားနာတစ်ကောင်လို ရုတ်တရက် ဘဝပြောင်းသွားလျက် နာနာကျင်ကျင်ကြီး ပြောနေပါပြီကော။ လူပုံကပိန်ပါးပါး အရပ်ကလန်ကလားနှင့် ခါးချိုချို ခါချဉ်တစ်ကောင်လိုပေမင့် သူပြောသည့်အတိုင်း ဖြစ်ချင်ရာဖြစ် ဖွတ်တွန်းလုပ်တော့မည့် သူ့သဘောမှာ ထင်းနေတော့သည်။

"အား ... အင်း ... အင်း ... အမားရေ ... အပါးရေ ... ကယ်ပါဦး ... အား ... အီး ... အီး ... အင်း"

ဒွဲဘူ၏ညည်းသံ။ မျက်နှာက ရှုံ့မဲ့တွန့်လိမ်နေပြီး ဝေဒနာကို အဆုံးစွန်အထိ တင်းခံနိုင်တော့မဟန်မတူ။ တစ်စစ သွေးဆုတ်လာနေပုံက သိသာလွန်း၏။ ယခုချက်ချင်းပင်တစ်ခုခုမလုပ်နိုင်ပါက သည်အသက်နှစ်ချောင်းကို လုယူနိုင်ဖို့မလွယ်။

www.burmeseclassic.com

www.burmeseclassic.com


ဘာပဲပြောပြော အဆုံးအဖြတ်သည် ကျွန်တော့်အပေါ်မှာပဲ တည်နေတော့သည်။ အေးစက်တင်းမာသော တိတ်ဆိတ်ခြင်းများသည် ကျွန်တော်ပြောမည့် စကားကို ငံ့လင့်နေဟန်။ လူတွေအားလုံး၏ မျက်ဝန်းအစုံအစုံများသည်လည်း ကျွန်တော့်ဆီမှာပဲ စုပြုံလျက်။ လူနာရှင် ယိမ်းဘောင်၏ မျက်ရည်ငွေ့တွေ ပါးပါးဖုံးစပြုလာသော မျက်ဝန်း၊ မှိုင်းညို့နေသည့် မျက်နှာခပ်အိုအိုကို အတိုင်းသား မြင်နေရ၏။ 'ခက်သားပဲလေ . . . ဒီလောက်ကျဉ်းထဲကျပ်ထဲကြီးမှာ အဆင်အပြေဆုံးဖြစ်အောင် ဘယ်လိုလုပ်ရပ့်'။ ကွန်ပျူတာစနစ်တစ်ခုလို ဦးနှောက်တွေ တစစ်စစ် ကိုက်ခဲနာကျင်လာသည်အထိ တရစပ် ဖျစ်ညှစ်စဉ်းစား။ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။ ဘာလုပ်နိုင်သလဲ။ တွေး . . . တွေး . . . တွေး . . .။

"ကဲကွာ . . . ငါ ခဏစဉ်းစားကြည့်လိုက်ဦးမယ်၊ အခုတော့ မင်းရယ်၊ ယိမ်းဘောက်ရယ်ဦးစီးပြီး မင်းပြောတဲ့ ငှက်ပျောဖောင်ဆိုတာကို အမြန်ဆုံးဆင်၊ ချောင်းစပ်ကိုချနိုင်ဖို့ စ,လုပ်ပေတော့။ ငါ့တပည့်တွေက မင်းတို့ကို ဝိုင်းကူကြလိမ့်မယ်"

ဝင်းခနဲ လင်းလက်သွားသည့် မျက်နှာများကို မြင်သည်။ အဘိုးကြီးဦးလွမ်းခေါင်၏ အော်ကျယ်အော်ကျယ် အသံစာစာ၊ ယောနသန်၊ ယိမ်းဘောက်နှင့် ကျွန်တော့်တပည့်တစ်သိုက်တို့၏ တောငှက်ပျောပင်များကို ခုတ်ပိုင်းသံ၊ ဒွဲဘူ၏ ညည်းသံ၊ ရှမ်းအမယ်ကြီး၏ ချော့မော့ဖြောင်းဖြသံ အသံပေါင်းစုံသည် ကျွန်တော့်ရင်ကို တဒိန်းဒိန်းထုနေတော့၏။ ဘယ်လိုလုပ်ရန် အကောင်းဆုံးဖြစ်မလဲ။

☼ ☼ ☼

[၇]

❑

ဒဘတ်ချောင်းသည် ရေစီးသံတဟဲဟဲဖြင့် အစွမ်းကုန်ကြမ်း၍ ရမ်း၍နေတော့၏။ ပတ်ပတ်လည် ကချင်တောင်တန်းများဆီမှ ဝါးလုံးထိုး ထိုးကျလာသော သည့် တောင်ကျဟုန်းရေများသည် သစ်ပင်ဝါးပင်ကြီးများကိုပင် အမြစ်အရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



တိုက်စားဖြိုချပစ်ပြီး တိုက်စားသယ်ဆောင်လာလျက် အသွယ်သွယ် အစင်းစင်းသော လျှိုများ၊ မြောင်များ၊ ချောင်းမြောင်းများမှတစ်ဆင့် ချောင်းမကြီးအထဲသို့ ပေါင်းရုံးစီးဝင်လျက်ရှိလေရာ ချောင်းရေက လျော့ကျသွားသည်မရှိ။ ဖူးဖူးရောင်ထလာသည့် အိုင်းအနာပြင်ကြီးနှယ် စုံ့စုံ့မို့တက်လျက် ကမ်းပြည့်ကမ်းလျှံ ရေတွေ ပေါင်းလန်နေလေသည်။

ချောင်းပြင်သည် ရွှံ့နှစ်ရောင်ပေါက်လျက်ရှိပြီး သဲနုံးများ၊ ရွှံ့ရေများဖြင့် ဗွက်လည်လျက် ရေဝဲဂယက်များ ပွက်ပွက်ထလျက်ရှိသည်။ ချောင်းရေက လျှံပြီး ရေစီးကလည်း အဆမတန် ကြမ်းလျက်ရှိရာ ချောင်းပြင်ပေါ်၌ လှိုင်းမည်ကာမတ္တတွေမဟုတ်၊ တဖြုန်းဖြုန်း တဖြန်းဖြန်း မျက်နှာချင်းဆိုင်ရိုက်မိကာ ဝုန်းခနဲ ဝုန်းခနဲ အသံပေးလျက်ရှိသည့် ရောမလှိုင်းကြမ်းကြီးတွေကသာ မင်းမူလျက်ရှိ၏။

သစ်ကိုင်းသစ်ခက်များ၊ ချုံနွယ်ဒိုက်သရောများ၊ အမြစ်အရင်းက လန်လျက် ပင်လုံးကျွတ်ဖင်ထောင် မျောပါလာခဲ့သည့် သစ်ပင်ခြောက်ကြီးများ၊ တောတိရစ္ဆာန်အသေကောင်များ တင်းကြမ်းပြည့်ပေါလောမျောပါလျက် ရှိလေရာ ဘယ်ဆီကိုကြည့်ကြည့် စိတ်သက်သာရနိုင်ဖွယ်မမြင်။ လေးလံနောက်ကျိစရာချည်း တွေ့နေရလေသည်။

တစ်နံနက်ခင်းလုံး အသည်းအထန် ရွာသွန်းခဲ့သော မိုးကား သဲသဲဖွဲဖွဲကလေးမျှပင် မကျတော့ဘဲ တန့်နေသည့်တိုင်၊ မိုးလုံးပြည့် မှောင်မှိုင်းနေလေအောင် ဆင်ထားသည့် ကောင်းကင်သည် နောက်တစ်ကြိမ်သွန်ချပစ်ဖို့ အားယူပြင်ဆင်နေသယောင်ပင်။

ဟိုးအထက်ပိုင်း မြစ်ညာဆီမှ မိုးတွေ ညို့နေအောင် ရွာနေလေပြီ။ ဝါရှောင်ဆည်ကြီး၏ အထက်ပိုင်းလောက်မှာ ဖြစ်မည်။ ကောင်းကင်မည်းမည်းကြီးမှ ပြိုကျလာနေသည့် မိုးရေတန်းတွေက ဖြူဖြူဖွေးဖွေး ရေတံတိုင်းကြီးပမာ ကချင်တောင်တန်းများကို ကာထားလိုက်ပြီ။ ချောင်းရေတွေ တိုးသည်ထက်တိုး၍ ဒဘတ်ချောင်းရေက ပို၍ ကြီးပေဦးတော့မည်။

ကျွန်တော်တို့လူစုသည် ဒဘတ်ချောင်းမကြီး၏ ကမ်းနဖူးရှိ မြေနီကုန်းရိုးကလေးပေါ်မှသည် ခပ်ဝေးဝေးမှာ မြင်နေရသည့် မြစ်လယ်ကို စူးစိုက်ကြည့်နေမိကြ၏။ မြစ်လယ်ဆီမှ ငှက်ပျောတုံးဖောင်ကလေးကို မှုန်ပျပျ ခပ်ရေးရေးမျှ မြင်နေရသည်။ ချောင်းပြင်နှင့် လှိုင်းကြားမှာ နိမ့်တုံမြင့်တုံ။

www.burmeseclassic.com

www.burmeseclassic.com



ဒွဲဘူနှင့် ယိမ်းဘောင်တို့ကို တင်၍ လှေဆိပ်အထက် ကိုက်တစ်ထောင်ခန့်မှသည် ရေစီးအတိုင်း မျှောချလာသည့် သူတို့ ငှက်ပျောတုံးဖောင်ကလေးသည် လှိုင်းကြမ်းရေကြမ်းတို့ အားကြီးသော ချောင်းလယ်မှာ ရေစီးအတိုင်း ဝဲလည်ဝဲလည် မျောပါလျက်ရှိဆဲ။ ချောင်းရေမျက်နှာပြင်နှင့် လွတ်အောင် တော ငှက်ပျောတုံးများကို နှစ်ထပ်ဖွဲ့ချည်ထားသည့်တိုင် ဖောင်နံဘေးကို တဝုန်းဝုန်း ရိုက်ခတ်လျက်ရှိသည့် လှိုင်းခေါင်းများကြောင့် ရေမြှုပ်ရေပန်းဖြူဖြူတွေ တဖြန်းဖြန်း ပေါက်ကွဲစဉ်ထွက်လျက် ရှိသည်ကိုလည်း အတိုင်းသား မြင်နေကြရသည်။

လူ့ကံနှင့် သဘာဝတရားတို့၏ တိုက်ပွဲကို ရင်တမမဖြင့် ကြည့်နေကြရုံမှအပ ကျွန်တော်တို့လည်း ဘာမျှ မလုပ်နိုင်။

ဖောင်ပေါ်မှာ ဝါးစိမ်းလုံးထိုးဝါးကို ကိုင်လျက် ရေစီးအတိုင်း မျှောပါလာနေသည့် ဒိုက်သရောတွေ၊ သစ်ပင်သစ်တုံးတွေကို ထိုး၍ ဖယ်ရှားပစ်နေသူမှာ ကောင်ကလေး ယောနသန်ဖြစ်လိမ့်မည်။ ဖောင်၏ အခြားတစ်ဖက်မှာ ချောင်းရေစီးကို ကန့်လန့်တိုက်လျက် ဖောင်ကလေးကို ကမ်းဟိုးတစ်ဖက်တွင် အမြန်ဆုံး ကပ်နိုင်ဖို့အရေး အားကြိုးခွဲ ပဲ့ကိုင်ပေးလျက်ရှိသူသည်လည်း ကျွန်တော့်တပည့် ကျော်မြတ်သူပဲ ဖြစ်မည်ထင်သည်။ မှုန်ပျပျမို့ လူလုံးမသဲကွဲ။ လှိုင်းတွေ ရေပန်းတွေ ဒိုက်သရောတွေကြောင့် မြင်ကွင်းမှ ပေါ်ချီပျောက်ချီ။ ဖောင်ကလေးသည် ယခုအချိန်အထိတော့ အန္တရာယ်ကင်းစွာ ရေစီးအတိုင်း မျှောပါလျက် ရှိဆဲပင်။ အန္တရာယ်ကင်း ဘေးကင်းစွာဖြင့် ချောချောမောမော ကမ်းကပ်နိုင်လိမ့်မည်ဟု အားလုံးက ကိုယ့်စိတ်အလိုအတိုင်း ထင်နေကြဆဲ။

"ယောနသန်ရေ ... ဆရာပြောတာကို ခဏနားထောင်စမ်း။ လော လောဆယ် ဟောဒီလူနာရဲ့အသက်ကို ကယ်နိုင်ဖို့က အရေးအကြီးဆုံးဆိုတာကို လက်ခံတယ်။ ပြီးတော့ မင်းလည်း မင်းမိသားစုအတွက် ဘာပဲလုပ်ရလုပ်ရ ဖွတ် လုပ်တော့မယ်ဆိုတာကို သိတယ်။ ဒါပေမဲ့ ဒီလိုစိတ်အလိုလိုက်ပြီး ထင်တိုင်းလုပ်လို့ မဖြစ်ဘူး။ လုပ်သင့်တာ၊ လုပ်နိုင်တာကိုပဲ တို့ လုပ်ကြရလိမ့်မယ်။ ဥပဒေဆိုတာ ကျော်ချင်လို့မရဘူး။ ဥပဒေစည်းကမ်းအတွင်းကနေပဲ လုပ်ကြရမှာ။ ဒီတော့ ဒီလိုလုပ် ... မင်းကို အသွားခရီးရော အပြန်ခရီးအတွက်ပါ ခွင့်သုံးရက်ပေးလိုက်မယ်။ မင်းနဲ့အတူ ဟောဒီဆရာ ကျော်မြတ်သူကိုပါ တစ်ပါတည်း ထည့်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ယိမ်းဘောင်တို့လင်မယားကို ဒဘတ်ယန်ရွာဘက်အထိ ရောက်အောင် သေသေချာချာ ပို့ပြီးကြရင် မင်းရဲ့ရွာဆီကို တန်းပြီးသာ ပြန်ကြပေတော့။ မင်း လုပ်စရာရှိတာတွေလုပ်။ ပြီးရင်တော့ ဒီကိုပဲ အရောက်ပြန်လာခဲ့ကြ ... ဟုတ်ပြီ လား"

ဤစကားကို ပြောနိုင်ဖို့ ကျွန်တော် မနည်းကြီး စဉ်းစားခဲ့ရပါသည်။

☼ ☼ ☼

[ ၈ ]

❑

တစ်ခါတစ်ရံ ဘဝက လူကို တကယ့်ကျဉ်းထဲကျပ်ထဲ ထောင့်ကျဉ်း ကလေးထဲကို တွန်းပို့ပြီး ကျီစားတတ်သည်။ ထိုသည့် ထောင့်ကျဉ်းကလေးထဲက ဘယ်လို ထွက်မလဲ ဟိုနှယ်ဒီနှယ် ဉာဏ်ကစားရသည်ကပဲ ဘဝကို ပို၍ လှစေ၊ ရှင်သန်ဝေစည်စေသည်ဟု ကျွန်တော်တော့ ထင်သည်။

ဟိုးလွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်က အဖြစ်အပျက်သည် မနေ့တစ်နေ့ ကလိုပင်။

☼ ☼ ☼

**ရေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ထောင်ဆိုသည်မှာ လာချင်စရာကောင်းသော နေရာဒေသမျိုးမဟုတ်သော်လည်း လာချင်သူတွေအဖို့တော့ ဝင်လာမစဲတသဲသဲလိုပဲ၊ ဂျာနယ်သတင်းစာတွေကို ဖတ်ကြည့်လိုက်သည်နှင့် ဒုစရိုက်မှုခင်းတွေက ဒုနဲ့ဒေး။

ဖြစ်မှာပေါ့လေ ထောင်ထဲမှာရှိနေသည့် ဒုစရိုက်သမားတွေကို နိုင်ငံတော်က လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တော့ ပျော့ပျော့နှင့် နံသည့်ကြောင်ချေးလိုလူ ဒုစရိုက်သမားတွေအတွက် ပွဲကြီးပွဲကောင်း အခွင့်အရေး ကြုံသွားကြတာပေါ့။

သူတို့လိုလူမျိုးတွေက ထောင်ထဲဝင်နေရတုန်း အချိန်အခါမှာ မခုတ်တတ်တဲ့ကြောင်လိုလို၊ ကြောင်သူတော် ကြွက်သူခိုးလိုလို၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသလိုနဲ့ ဣန္ဒြေသမ္ပတ္တိကောင်းနေခဲ့ကြတာ။

အမှန်တော့ ကြောင်လက်သည်းဝှက် လိုမှထွက်တတ်ကြတာလေ။ ဟောထောင်လည်း ခါလိုက်ရော ငရဲကလာသူ ပြာပူမကြောက်။ နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြ ဖြစ်ကုန်ကြရော။

www.burmeseclassic.com

www.burmeseclassic.com



အပြင်လောကကို ရောက်ပြီဆိုသည်နှင့် နဂိုဗီဇတွေ ပေါ်လာရော။ ဒီတော့ မိမိတို့ လက်ငုပ်လက်ရင်း အလုပ်တွေပဲ ပြန်လုပ်လာကြတယ်။ ပိုဆိုးတာက ထောင်ထဲရောက်မှ သူခိုးက ဓားပြဖြစ်လာတယ်။ ဖောက်ထွင်းသမားက လုယက်မှု ကျူးလွန်လာကြတော့တယ်။

ထောင်လောကထဲက ဆရာ့ဆရာကြီးတွေဆီမှာ အဋ္ဌာရသ (၁၈)ရပ် ဒုစရိုက်လုပ်ငန်းပေါင်းစုံ ပိုမိုကျွမ်းကျင်လာအောင် ပညာသင်ယူတတ်မြောက်လာကြတယ်။ ဒီတော့ ဒုစရိုက်မှုကို ကျူးလွန်ဖို့ဆိုတာ ဝန်မလေးကြတော့ဘူးလေ။

ထောင်ဆိုတာ သူတို့အတွက် ထာဝရ နားခိုစရာ ဘုမိနက်သန်မြေလို့ မှတ်ယူထားကြဟန်တူတယ်။ ဘယ်အချိန် ဘယ်အခါဝင်လာလာ ထောင်တံခါးကြီး ဖွင့်ပါဦးဆိုပြီး တစ်ကြော့ပြန် ဝင်လာကြတော့တာပဲ။

ခုခေတ်မျိုးဆို ပိုတောင်ဆိုးသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထောင်ထဲမှာ ရေသောက်ချင်လား၊ ဟိုတုန်းကလို ရေကန်ထဲက အမှိုက်ညစ်ပေပေလူးနေတဲ့ရေကို သွားခပ်သောက်နေစရာ မလိုဘူး။ ရေသန့်စက်ရုံ တည်ထားပေးပြီးပြီ။

ညဘက်ဆိုလည်း အပြင်ထွက် လက်ဖက်ရည်ဆိုင်မှာ တီဗီကြည့်စရာ မလိုဘူး။ ထောင်ထဲက အိပ်ဆောင်တိုင်းမှာ စကိုင်းနက်တီဗီတွေ ရှိနေပြီ။ ဂျာနယ်၊ သတင်းစာဖတ်ပြီး ပြင်ပလောက နိုင်ငံတကာအကြောင်း သိချင် ဖတ်ချင်လား၊ စာပေရေချမ်းစင်တွေ ထူထောင်ပေးထားပြီး တရားဘာဝနာပွားများချင်သလား၊ လစဉ် တရားစခန်းတွေ ဖွင့်လှစ်သင်တန်းပေးနေသည့် ဓမ္မဟိတသုခဂေဟာမှာ ဝင်ရုံပဲ။ တရားဟောမယ့်လူ၊ တရားပြမယ့်လူ တစ်ပုံကြီးရှိနေတယ်။

ကဲ . . . ဒီလောက်ကောင်းသည့်နေရာကို ဘာလိုသေးလဲ။ အားလုံး အိုကေမှာ စိုပြေနေပြီးသား။ တချို့ဆို အရက်၊ ဘိန်းတောင် ဝန်ထမ်းတွေနှင့် ပေါင်းသွင်းနေဆိုပဲ။ မကျန်းမာလို့ ဆေးရုံထွက်မလား၊ ထောင်ဆေးရုံက ဆရာဝန် မှတ်ချက်ပေးပြီး ရီးဖား (Refer) ထုတ်ပေးသည့် စာရွက်က အဆင်သင့်။

အမှန်တော့ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့က ထောင်တွေကို ကြိုးနီစနစ်နှင့် အုပ်ချုပ်ရေးကျင့်သုံးခဲ့တဲ့ ထောင်ဥပဒေ (JAIL MANUAL) က ထောင်ထဲမှာ ရှိနေသည့် အကျဉ်းသားကို လှုပ်မရအောင် ချုပ်ထားတာ။

သုရိန် စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဥပဒေမျိုးကြောင့် ထောင်သားတွေဟာ အကျဉ်းအကြပ်ထဲမှာ နေရ၊ ထိုင်ရ၊ စားရ၊ သောက်ရတော့ ဘယ်နေချင်ပါ့မလဲ။ ဒီတော့ ထောင်ဆိုသည့်အသံ ကြားရုံနှင့် ကြောက်ဒူးတုန်တယ်။ ထောင်အုတ်ရိုးကိုမြင်ရင် ကြောက်ရွံ့တုန်လှုပ် ကုန်တယ်။

ခုလို ထောင်ဥပဒေအတိုင်း မကျင့်သုံးတော့ဘဲ ပြုပြင်ပြောင်းလဲရေး လုပ်လိုက်တော့ ဖိုးကျိုင်းဒုတ်ဖြစ်ကုန်ရော။ တစ်ခါ ထောင်တွေကို နေ့ကြီးရက်ကြီး တွေမှာ မကြာခဏရုံခါပေးတော့ သူတို့ကျွမ်းကျင်သည့် စားကျက်မှာ လုပ်ခွင် ပေါ်လာတာပေါ့။

အပြင်လောကမှာ ငွေကို အလွယ်တကူရှာဖွေပြီး ထောင်ကြီးထဲကို ပြန် ဝင်နေလိုက်တာမှ ဘဝအတွက် လုံခြုံစိတ်ချရပြီး စိတ်အေးလက်အေး မပူမပင် မကြောင့်မကျ နေနိုင်စားနိုင်အောင် ဖန်တီးပေးထားတယ်။

အစစ အရာရာ ပြည့်စုံနေသည့် ဒီလိုထောင်ထဲကို မဝင်လာချင်သည့် လူ ဘယ်သူရှိမှာလဲ။ အတင်းရိုက်ခေါ်နေစရာတောင် မလိုဘူး။ အပြင်မှာ အချိ ကောင်းတစ်ချီ ပွပေါက်ကြဲလိုက်တာနဲ့ အိမ်ကမိန်းမလက်ထဲ အထုပ်အပ်ပြီး ရဲစခန်း မှာ သွားအဖမ်းခံလို့ ရှောင်ပြေးနေစရာမလိုဘဲ ထောင်ထဲ ဝင်နပ်နေလိုက်ရုံပဲ။

ဒီတော့ ဒုစရိုက်မှုပပျောက်ရေးလို့ အသံကုန်ဟစ်နေလည်း ဒုစရိုက် သမားတွေအဖို့တော့ သောင်းကျန်းဖို့ ကောင်းလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေ့စဉ် ဂျာနယ်သတင်းစာဖတ်ကြည့်လိုက်သည်နှင့် လုယက်မှု၊ ဖောက်ထွင်းမှု ဆိုတာမျိုးတွေက သောက်သောက်လဲပဲ။ ဒီတော့ တရားဥပဒေဆိုတာ ငြိုဟ်နဲ့ လားတောင် မေးရမလိုပါပဲ။

ထောင်က လွှတ်ပေးလိုက် ပြန်လာဖမ်းလိုက်နှင့် ထောင်သံသရာလည် နေသူတွေတော့ ထောင်ထဲဝင်ကြည့်မှပဲ ငါ့လိုလူစား အများကြီးပါလားလို့ မေးရ မလိုတောင် ဖြစ်နေတယ်။ နေ့စဉ် ထောင်တံခါးကြီးကတော့ အစဉ်အမြဲ ဖွင့်ထား လျက်ပါပဲ။

မိတ်ဟောင်းတွေကို နှုတ်ဆက်ဖို့ မိတ်သစ်တွေကို ကြိုဆိုနေရတာများ ဘဏ်တွေရှေ့က ညှော်ကြိုကောင်မလေးတွေ နှုတ်ဆက်သလို 'မင်္ဂလာပါ' လို့ နေ့တိုင်း ပြောနေရတာများ ပါးစပ်က အမြှုပ်ထွက်လောက်တယ်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

"ရုံးပြန်တွေလာပြီ"

တစ်နေ့ညနေခင်း ကျွန်မရုံးခန်းထဲမှာ ထောင်မှူးမခိုင်းထားလို့ အလုပ်လုပ်နေတုန်း အမျိုးသမီးဆောင်ဝင်း အပြင်ဘက်ကနေ တံခါးအော်ဒလီအကျဉ်းသား ရဲ့ သတင်းပို့သံ ကြားလိုက်ရတယ်။

"ကဲ ... မညို၊ ညည်းပဲတံခါးထဲသွားပြီး ရုံးပြန်တွေ လက်ခံလိုက်ပါ"

"ဟုတ်ကဲ့ ... ဆရာမ"

ကျွန်မကို ထောင်မှူးမက ခိုင်းနေသဖြင့် ကပျာကယာ ထိုင်ရာကထပြီး တံခါးဆီ ထွက်လာခဲ့တယ်။ ဘူးတံခါးကြီးထဲမှာ တံခါးတာဝန်ခံထောင်မှူးက ရှေ့မှာ ဆိုက်လာနေသည့် ရဲအချုပ်ယာဉ်ကားပြာကြီးထဲမှ အကျဉ်းသား၊ အချုပ်သား များကို လက်ခံဖို့ ပြင်ဆင်နေတယ်။

ကျွန်မကတော့ အချုပ်ယာဉ်ပေါ်မှ ပါလာမည့် အမျိုးသမီး အချုပ်သူ၊ ထောင်ကျလာသည့် အကျဉ်းသူများကို လက်ခံဖို့ တံခါးထဲမှာ စောင့်နေတယ်။ အချုပ်ကားကြီးတစ်စီး ထိုးဆိုက်လိုက် တံခါးထဲမှာ အချုပ်သား၊ အကျဉ်းသားနှင့် အချုပ်သူ၊ အကျဉ်းသူများကို တံခါးကြီးထဲ သွင်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး အချုပ်သူ၊ အကျဉ်းသူများကို ကျွန်မကိုယ်တိုင် တံခါးထဲမှာ ရှာဖွေရေးလုပ်နေရတယ်။ အချုပ်ကားလမ်းကြောင်း ဝင်လာလိုက်၊ လက်ခံထားလိုက်နှင့် ရှာဖွေရေးအခန်းထဲ စုထည့်ထားခဲ့တယ်။

နောက်ဆုံးလမ်းကြောင်းကားများ ကုန်ဆုံးသွားတော့မှပဲ ကျွန်မလည်း အချုပ်သူ၊ အကျဉ်းသူအားလုံးကို အိပ်ဆောင်ထဲခေါ်သွားခဲ့တော့တယ်။

ထောင်မှူးမကို သတင်းပို့လိုက်ပြီး အကျဉ်းသူကို ပုံစံသင်ဖို့ အိပ်ဆောင် တန်းစီးထံ အပ်ခဲ့တယ်။ အကျဉ်းသူ၏အမည်မှာ ခင်ဒေါင်းလန် (အဘ) ဦးလှမြင့်ဖြစ် ပါတယ်။ သူမပုံစံက အရပ် ငါးပေခွဲလောက်ရှိပြီး ပိန်ပိန်ပါးပါး၊ အသားဖြူဖြူပါ။ သူမ ထောင်ကျလာတာ ပုဒ်မ ၃(ခ) ပြည့်တန်ဆာအက်နှင့် ထောင်(၆) လကျတယ်။

အမျိုးသမီးဆောင်ထဲကို ရောက်လာပြီး သိပ်မကြာခင်မှာပဲ လက်မှတ် မှောင်ခိုမှုနဲ့ ထောင်တစ်နှစ်ကျနေသည့် ပန်းဆိုးတန်းအေးအေးသန်းနှင့် ဖက်လဲ တကင်း ရင်းရင်းနှီးနှီး ပေါင်းသင်းနေတယ်။

ကျွန်မကလည်း သူတို့ချင်း ရုပ်ရှင်ရုံတွေအောက်မှာ ကျက်စားနေကြသူ ချင်းမို့ အပြင်မှာကတည်းက ရင်းနှီးနေခဲ့ကြတယ်လို့ပဲ စိတ်ထဲထင်နေတယ်။ ညဘက် အိပ်ချိန်မပေးခင် အဆောင်ထဲမှာ နှစ်ယောက်သား ဖက်ဖက်ပြီး အကြည်ဆိုက် နေကြတယ်လို့ ညဗာရာတွေ တီးတိုးတီးတိုး ပြောနေကြတယ်။

မကြာပါဘူး နောက်နှစ်လခန့်အကြာမှာပဲ ပြဿနာပေါ်လာခဲ့တော့ တယ်။ အမျိုးသမီးဆောင်ထဲက အိပ်ဆောင်မှာရှိနေသည့် အကျဉ်းသူများထဲမှ တာဝန်သိ အကျဉ်းသူတစ်ယောက်က ကျွန်မကို နံနက်ထောင်ဖွင့်ပြီးနောက်မှာ သတင်းပို့လာတယ်။

"ဆရာမ . . . ညက ကျွန်မဘေးမှာအိပ်နေတဲ့ အကျဉ်းသူနှစ်ယောက် မရိုးသားဘူးထင်တယ်"

"ဟဲ့ . . . ဘာဖြစ်နေကြလို့လဲ"

"ညဘက် အိပ်ချိန်ပေးပြီးနောက်ပိုင်း သူတို့နှစ်ယောက်ဟာ စောင် တစ်ထည်ကို နှစ်ယောက်တူတူခြုံပြီး အိပ်ကြတယ်"

"အို . . . ညည်းကလည်းအေ . . . ချမ်းလို့ဖြစ်မှာပေါ့"

"ဟာ . . . ဆရာမကလည်း . . . ဒုံးဝေးပါ့။ ဒီလောက် ပူအိုက်နေတဲ့ နွေခေါင်ခေါင်ကြီး ဘယ်ကလာချမ်းရမှာလဲလို့"

www.burmeseclassic.com

www.burmeseclassic.com



"အယ် ..."

ဟုတ်သားပဲ ... ကျွန်မကလည်း ကျွန်မပဲ။ အမြဲတမ်း အဖော်မရှိတဲ့လူဆိုတော့ နည်းနည်းချမ်းလာရင် စောင်ခြုံကွေးပစ်လိုက်တာပဲ။ တောင်တောင်အီအီတွေ စဉ်းစားမနေနိုင်ဘူး။

နေစမ်းပါဦး ... သူပြောပုံအရဆို ပူအိုက်လှောင်နေတဲ့ နွေကာလကြီးမှာ ဒင်းတို့နှစ်ယောက်က ဘာဖြစ်လို့ စောင်ခြုံအိပ်ရသလဲ။ သူများတွေဆို ပူတဲ့ အိုက်တဲ့အထဲမှာ အသားချင်းလာထိရင်တောင် ပူလွန်းအိုက်လွန်းလို့ ခပ်ခွာခွာ အိပ်ကြတယ်မဟုတ်လား။

ဟုတ်ပါပြီ ... ဒင်းတို့ မရိုးမသားလုပ်ချင်ကြလို့သာ လူမမြင် သူမမြင်အောင် စောင်ခြုံနေကြတာပဲဖြစ်မယ်။ ဒါဆို သူတို့ ဘာလုပ်နေကြမလဲ။ စလောင်းနှစ်ချပ်တီးနေလို့ကော ဘာထူးလာမှာလဲ။

"ဟဲ့ ... ဟဲ့ ... နေပါဦး၊ သူတို့က စောင်ခြုံပြီး ဘယ်လိုနေလို့လဲ"

"ဟီး ဟီး ... ဆရာမကလည်း ကျွန်မမျက်လုံးတွေက အိတ်စရေးအိုင်း (X-rays Eye)လို ဘယ်လိုဖောက်ထွင်းမြင်နိုင်မှာလဲလို့ စောင်အုပ်ထားတာချည်း"

"အေး ... ဟုတ်သားပဲ။ ငါ စိတ်လောသွားလို့။ ဘယ်လိုပုံစံလဲ"

"အဲဒီစောင်အုပ်ထားတဲ့အထဲမှာ လှုပ်လှုပ်ဖြစ်နေကြတယ်"

"အဲတော့ ... ယောကျ်ားလည်းမဟုတ်ဘဲနဲ့ လှုပ်လှုပ်နေတယ်"

"ဟုတ်ပါတယ်ဆို ... ကျွန်မကိုယ်တိုင် ဟောဒီမျက်စိနဲ့ ဘေးကနေမြင်နေရတာ"

ဒါ သတင်းထူးပဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။ ကျွန်မကိုယ်တိုင်လည်း ဝေခွဲဆုံးဖြတ်မရနိုင်တာကြောင့် ထောင်မှူးကြီးဆီ ပြေးသတင်းပို့ရတော့တယ်။

"မမ ... အမျိုးသမီးဆောင်ထဲမှ ညဘက် မရိုးမသားလုပ်နေကြတဲ့ ထူးခြားဖြစ်စဉ်ရှိနေတယ်"

"ဟဲ့ ... သောက်ပလုပ်တုတ် ... အမယ်လေး ... ဘယ်ကောင်မတွေများ အိပ်ဆောင်ဖောက်ဖို့ ကြံစည်နေတာလဲ ... မြန်မြန်ပြောစမ်း"

"အိပ်ဆောင်ဖောက်ဖို့မဟုတ်ဘူး ... လူဖောက်နေတာ မမရဲ့"

"ဟဲ့ ... ဘာကြီးလဲ ... ရှင်းရှင်းလင်းလင်း ပြောစမ်းပါအေ"

"ဟင်း ... ဟင်း ... အကျဉ်းသူနှစ်ယောက် လင်မယားလို အောက်ဆံနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက် ... သောက်ကျိုးနည်း။ ဘယ်အဆောင်ကအကောင်များ ညဘက် မိန်းမဆောင်ထဲ ဝင်လာလုပ်နေတာလဲ ... အဲတော့ ... ညဘက်ဆို အိပ်ဆောင် တွေက သော့ခတ်ပိတ်ထားတာဆိုတော့ ... ဝန်ထမ်းတွေထဲကများလား"

"အဲဒါ မမခေါ်စစ်ကြည့်ရင် အဖြေပေါ်မှာပေါ့"

"အေး ... ဟုတ်သားပဲ ... သွား ... သွား ... အဲဒီနှစ်ယောက်ကို မြန်မြန်ခေါ်လာစမ်း"

ကျွန်မ အိပ်ဆောင်ဘက် ထွက်လာပြီး ညကကိစ္စ သတင်းပေးသည့် အကျဉ်းသူကို အဲဒီနှစ်ယောက်ရှာပြီး ခေါ်လာခဲ့ဖို့ ခေါ်ခိုင်းလိုက်တယ်။

မကြာမီမှာပဲ ခင်ဒေါင်းလန်နှင့် ပန်းဆိုးတန်းအေးအေးသန်းတို့နှစ်ယောက် ရောက်လာတယ်။ သူတို့နှစ်ယောက်က ကျွန်မရှေ့ရောက်လာတာတောင် နှစ်ဦး သား လက်ချင်းချိတ်ဆွဲထားနေတယ်။

"ဟဲ့ ... ကောင်မနှစ်ယောက်၊ ငါ့ကို မှန်မှန်ပြောစမ်း။ ညညအိပ်ချိန် ညည်းတို့နှစ်ယောက် ဘာတွေလုပ်ကြလဲ"

"ဟီး ... ဟီး ... ဆရာမလည်း ဘလိုင်းချည်းပဲ ... ဘာလုပ်ရမှာ ပဲလို့"

"ဟဲ့ ... ငါ့ကိုပြီတီတီ ... ပြောမနေနဲ့၊ မှန်မှန်ပြောစမ်း"

"နော့ ... လန်လန်ရယ်၊ သူများတို့ ဘာမှလည်း မလုပ်ဘဲနဲ့ လာစွပ် နေတယ်"

အကျဉ်းသူနှစ်ယောက်အနက် ပန်းဆိုးတန်းအေးအေးသန်းကချည်း ရှေ့ ဦးဆောင်ပြောနေတယ်။ ခင်ဒေါင်းလန်ကတော့ ပါးစပ်ပိတ်ပြီး ငြိမ်နေတယ်။ ကျွန်မ သူတို့နှစ်ယောက်ကို ကြည့်ရတာ မူမမှန်မှန်းတော့ ရိပ်မိနေတယ်။ တစ်ခု တော့ တစ်ခုခုပဲ။ ကျွန်မလည်း တောင်မေးမြောက်မေး လျှောက်မေးနေရင် ရှုပ်နေမှာ စိုးတာကြောင့် ထောင်မှူးကြီးရုံးဆီ ခေါ်လာခဲ့တယ်။

"မမ ... ဟောဒီနှစ်ယောက်ပဲ"

ထောင်မှူးကြီးမကို သတင်းပို့လိုက်ချိန်မှာ ခေါင်းမော့လာပြီး နှစ်ယောက် လုံးကို သေသေချာချာကြည့်နေတယ်။ တစ်ယောက်က ပိန်ပိန်ပါးပါး၊ တစ် ယောက်က ဝဝကစ်ကစ်။ မသက်သာသည့် မျက်လုံးနှစ်စုံက ခြေဆုံးခေါင်းဆုံးကို ကြည့်နေပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောစမ်း၊ နင်တို့ ညဘက် အိပ်ဆောင်ထဲမှာ ဘာမဟုတ်က ဟုတ်က လုပ်နေကြတာလဲ"

"ဘာမှမလုပ်ပါဘူး ... ဆရာမကြီး"

"ဘာလို့မလုပ်ရမှာလဲ မြင်တဲ့လူတွေအားလုံးက ငါ့ကို သတင်းလာပို့တယ် ... မှန်မှန်ပြောစမ်း"

"ဟို ... ဟို ... ကျွန် ... ကျွန်မက ... ည ... ညဆို ... သရဲကြောက်လို့ ... ကိုလန် ... အဲ ... လန်လန်နဲ့ အတူတူဖက်အိပ်တာကို မနာလိုလို့ အတင်းပြောကြတာပါ"

"ဘာအတင်းရမှာလဲ ... သတင်းဟဲ့သတင်း။ ညည်းတို့နှစ်ယောက် မရိုးမသားလုပ်နေတာ တစ်ခုခုတော့ အကြောင်းရှိရမယ်"

"ကျွန်မတို့ မိန်းမအချင်းချင်း အချစ်တော်ဖွဲ့ပြီးနေတာကို မနာလိုသူတွေက မျက်စိစပါးမွေးစူးကြတာပါ"

"ဘာ ... စပါးမွေးစူးရမှာလည်း ဟုတ်ရင်ကျော်၊ ပုပ်ရင်ပေါ်မှာပဲ။ အမှန်အတိုင်းပြောမလား ... မပြောဘူးလား"

"ပြော ... ပြောပါ့မယ် ... သူက ကျွန်မယောက်ျားပါ"

"ဘာ ..."

"ဟုတ်ပါတယ် ... သူက ယောက်ျားလိုပဲ"

"တော် ... တော် ... ဆက်မပြောနဲ့တော့ ... ဟဲ့ ... မညို ... ညည်း သူ့ကို သေသေချာချာ ရှာကြည့်စမ်း"

"ရှင် ..."

"သူ့တစ်ကိုယ်လုံး အဝတ်အစားချွတ်ခိုင်းပြီး ရှာကြည့်စမ်း"

အောင်မလေးရိုက်ချက်က ပြင်းပါ့။ ဘယ့်နှယ်တော် ... ကျွန်မလို အပျိုကြီးမတ္တာတောကိုမှ ရှာခိုင်းရတယ်လို့။ မတော်လို့များ ဟုတ်နေခဲ့ရင်တော့ အမလေး တွေးရင်းနဲ့တောင် ကြက်သီးဖြန်းဖြန်းထတယ်။

ကျွန်မလည်း ဘယ်ရှာရဲပါ့မလဲ။ ဒီတော့ တန်းစီးကိုခေါ်ပြီး ရုံးခန်းအတွင်းဘက်နေရာမှာ သေသေချာချာ ရှာခိုင်းရတယ်။ တန်းစီးကလည်း ခင်ဒေါင်းလန်ကို အခန်းထဲခေါ်သွားပြီး အကျီကို ချွတ်ခိုင်းတယ်။ ဒါလည်း ပုံမှန်ပဲ။ ပုံလုံချည်လည်း ချွတ်ကြည့်လိုက်ရော ...

"အောင်မလေးတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ၊ မြွေထွက်လာလို့လား"

"မြွေမဟုတ်ဘူး ... ဆရာမရေ ... မြန်မြန်လာကြည့်ပါဦး"

"အို ... ဘယ့်နှယ် ... ငါ့ကို လာကြည့်ခိုင်းနေရတာလဲ။ မကြည့်ရဲလို့ နင့်ကြည့်ခိုင်းတာ ... ဟုတ်နေလား"

"ဟုတ်တယ် ... ဆရာမရေ ... ယောက်ျားအတိုင်းပဲ။ ဒါကြောင့်မို့ ဟိုကောင်မ မသန်း အနားကပ်အိပ်နေတာကိုး"

"ကဲ ... ကဲ ... အဝတ်အစား ပြန်ဝတ်ခိုင်းပြီး ဒီခေါ် လာခဲ့စမ်း"

ကျွန်မလည်း တန်းစီးကတစ်ဆင့် အဖြစ်မှန်ကိုသိလိုက်ရတော့ ထောင်မှူးကြီးမကို ချက်ချင်း သတင်းပို့လိုက်ရတယ်။ ထောင်မှူးကြီးမခမျာ ရွှေမျက်မှန်တောင် ကျွတ်ကျသွားအောင် ခေါင်းနားပန်းကြီးသွားလျက် ...

"ဟဲ့ ... ဟဲ့ ... မဖြစ်ချေဘူး ... ဘူးဝရုံးခန်းက ထောင်မှူးကြီးဆီ မြန်မြန်သွားသတင်းပို့စမ်း"

ကျွန်မလည်း မိန်းမဆောင်ထဲက ထူးခြားဖြစ်စဉ်ကို မြင်တွေ့ရလို့ တံခါးကြီးထဲကို အလျင်အမြန်သွားပြီး သတင်းပို့ရတယ်။

မကြာမီမှာ ထောင်မှူးကြီးနှင့်အတူ ထောင်ဆရာဝန်ကြီး၊ တာဝန်မှူးတို့ အမျိုးသမီးဆောင်ထဲ ရောက်လာတယ်။

"ဟော့ ... ဘယ်မှာလဲ ... အဲဒီအကျဉ်းသူ"

"သူပဲ ... ထောင်မှူးကြီး"

"ဘယ်လိုဖြစ်တာလဲ ... ပြောစမ်း"

ကျွန်မက ညဘက်အိပ်ချိန်ပေးပြီးချိန် အဖြစ်အပျက်မှစတင်ကာ ယခု မသက်သာသဖြင့် လူတစ်ကိုယ်လုံး ချွတ်ရှာဖွေတော့မှ ယောက်ျားပုံသဏ္ဌာန်ဖြစ်နေ ပုံကို အစအဆုံး သတင်းပို့လိုက်တယ်။

"ဆရာဝန်ကြီး ... ဘယ်လိုသဘောရလဲ"

"ဟုတ်ပါတယ် ... ဖြစ်နိုင်ချေရှိပါတယ်။ အပြင်ဘက်မှာ အဲဒီလိုသတင်း မျိုး သတင်းစာဂျာနယ်မှာတောင် ရေးသားဖော်ပြဖူးပါတယ်"

"အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ယောက်ျားခြောက်လ ... မိန်းမခြောက်လ ... ပြောင်းလဲပြီး အခါ နှစ်ခုပါလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို မလွယ်ပါလား"

"ဟုတ်တယ် ... ထောင်မှူးကြီး၊ သူ့ကို ကျွန်မတို့ မိန်းမဆောင်ကနေ အင်အားပြန်နုတ်ပြီး ယောကျ်ားဆောင် အမြန်ဆုံးရွှေ့မှဖြစ်မယ်"

"နေစမ်းပါဦးဟယ် ... ငါ စဉ်းစားပါရစေဦး။ ကာယကံရှင်ကိုလည်း သေသေချာချာ စုံစမ်းမေးမြန်းပြီးမှ ဆုံးဖြတ်တာပေါ့"

ထောင်မှူးကြီးက မိန်းမဆောင်တာဝန်ခံ ထောင်မှူးကြီးမကို အလောတကြီးမဆုံးဖြတ်ဘဲ စဉ်းစဉ်းစားစား ချင့်ချိန်ဆုံးဖြတ်ရန် ပြောဆိုနေတယ်။

"ကဲ ... ကလေးမ ... အဲ ... ဟော့ကောင် ... ဟာ ... ငါတောင် မျက်စိလည်တယ်။ ဘယ်လိုခေါ်ရမှန်းတောင် မသိတော့ဘူး ... ပြောစမ်း မင်း ဘဝဖြစ်စဉ်"

ထောင်မှူးကြီးက ရုံးခန်းထဲမှာ အကျဉ်းသူခင်ဒေါင်းလန်ကို သူ့မဏ်ဘဝ အကြောင်းကို ပြောပြစေသည်။ ခင်ဒေါင်းလန်က သူ့မဘဝဖြစ်စဉ်ကို နောက်ဆုံး အမှုအခင်းဖြစ်ပြီး ထောင်ထဲရောက်လာသည်ထိ အောက်ပါအတိုင်းပြောပြနေတယ်။

☼ ☼ ☼

[၃]

❑

ကျွန်မမွေးဖွားစဉ် အချိန်ကတည်းက အင်္ဂါနှစ်စုံ ပါလာခဲ့ပါတယ်။ ကျွန်မ မိဘတွေဟာ ကျွန်မ ဆယ်နှစ်သမီးအရွယ်လောက်မှာ ဆုံးပါးသွားလို့ အဒေါ်ကပဲ ခေါ်ယူမွေးစားခဲ့တယ်။ အဒေါ်နဲ့အတူ ရန်ကုန်မြို့ကြီးမှာလိုက်ပါနေထိုင်ရတယ်။

ကျွန်မစိတ်ထဲတော့ မိန်းမသဘာဝကိုပဲ စွဲလမ်းနှစ်ခြိုက်လို့ မိန်းကလေး အသွင်သဏ္ဌာန်ပဲ ဝတ်စားဆင်ယင်နေထိုင်ခဲ့တယ်။ အဲ ... ခက်နေတာက ခြောက်လတစ်ခါ သွေးသားပြောင်းလဲစဉ်မှာ အခက်အခဲတွေ ကြုံတွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝက သူ့အချိန်အခါရောက်လို့ ပြောင်းလဲနေပေမဲ့လည်း ကျွန်မစိတ်ထဲမှာတော့ မသဘာဝအတိုင်းပဲ ခံစားနေမိတယ်။ ဒါကြောင့် အမြဲတမ်း မိန်းမအသွင်ပဲ ဟန်ဆောင်နေထိုင်လာခဲ့တယ်။

ကျွန်မ လုပ်ကိုင်စားနေတာလား။ ဟင်း ... ဒါက လွယ်ပါတယ်။ မိန်းမဘာဝ ရုပ်ရှင်တစ်ဝိုက်မှာ မိတ်ကပ်လိမ်းခြယ်လို့ ကျက်စားနေခဲ့တာပေါ့။ ရုပ်ရှင်ရုံအောက်မှာပဲ ပန်းဆိုးတန်းအေးအေးသန်းတို့လို အုပ်စုတွေနဲ့ ရောနှောပေါင်းသင်းနေခဲ့တယ်။

ကျွန်မတို့အဖွဲ့တွေက ရုပ်ရှင်တစ်ပွဲကြည့်သည့် လူတွေကို ဝမ်းရှိုး (One Show) တစ်ပွဲစာ အပျင်းတော်ပြေစေဖို့ လိုက်ဧည့်ခံပေးကြရတာလေ။ ရုံထဲရောက်လို့ မီးမှိတ်သွားသည်နှင့် ကျွန်မတို့က သူနှင့်တွဲပြီး တွတ်တီးတွတ်တာပြော၊ သူက ဟိုကိုင်ဒီကိုင်လုပ်၊ ကျွန်မတို့ကလည်း အိမ်အခြေအနေ အဆင်မပြေတာတွေအကြောင်းပြောပြဆိုငိုပြမှလည်း တစ်ထောင်တန်အရွက်ကြီးတစ်ရွက် ထွက်လာမှာပေါ့။

ဒီလို အချဉ်တစ်ကောင်မိဖို့ဆိုတာကလည်း ရုပ်ရှင်ရုံအောက်မှာ လှည့်လည်သွားလာရင်း လမ်းသလားနေကြတယ်။ ကလူသလို မျက်နှာပေးနှင့် သားကောင်ကို ထောင်ချောက်ဆင်ချောင်းမြောင်းရတယ်။ သားကောင်ကို ပက်ပင်းဆုံတွေ့မိလိုက်တော့ မျက်နှာပြင်ပေါ်မှာ အပြုံးတစ်ပွင့်ဟန်ပြ ပြုံးလို့ ခေါင်းညိတ်ခေါင်းခါ အထာပေးရတယ်။

အဲ ... အိုကေပြီဆိုလို့ကတော့ ရုပ်ရှင်ရုံပေါက်ဝမှာ လက်မှတ်ဝယ်လို့ နှစ်ယောက်တွဲထိုင်ကြည့်ခွင့် ရခဲ့ပြီပေါ့။ ဟိုတုန်းကာလဆီက ရုပ်ရှင်ရုံတွေက ခုလိုမျိုး ငါးရာတစ်ထောင်တန်းတွေ မဟုတ်ဘူး။ ငါးဆယ်၊ ခုနစ်ဆယ့်ငါးကျပ်၊ တစ်ရာတန်ပဲ ရှိတာ။ စတေလာနေရာမှ တစ်ရာလောက်ပဲရှိတယ်။

ဒီတောင် ချောင်ကျကျ နောက်ဆုံးတန်းနေရာမှာ နှစ်ခုံတွဲဝယ်လိုက်ရင် ရုပ်ရှင်တစ်ပွဲစာတော့ အိုကေမှာ စိုပြေသွားခဲ့ကြတာပဲ။ အမှန်တော့ ရုပ်ရှင်လာကြည့်သူဆိုတာကလည်း ရုပ်ရှင်ထဲမှာ အဖော်မရှိလို့ တစ်ယောက်တည်းကြည့်နေမယ့်အစားဘေးကအဖော်ပါလာတော့ အတွဲတွေလို အီစီကလီလုပ်လို့ ကောင်းတာပေါ့။

ဒီလို ခဏတာအဖော်ဆိုပေမဲ့ အလကားမတ်တင်းတော့ ဘယ်ရမလဲ၊ ငိုပြတတ်ရင်တော့ သူကလည်း ကိုင်ရတွယ်ရတာနှင့် တန်အောင်ဆိုပြီး အရွက်ကြီးကြီးတစ်ရွက် ပေးသွားတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရုံထဲမှ ရုပ်ရှင်စပြတော့မယ့် အချိန်လောက်မှာ နိုင်ငံတော်အလံပေါ်လာပြီး တစ်ရုံလုံး မီးမှိတ်သွားတယ်။ ပတ်ဝန်းကျင်မှာ ကိုယ်လိုသူလို အတွဲတွေကလည်း အများကြီး။ ကိုယ့်ကိစ္စကိုယ် အလျှင်မီအောင် လုံးပန်းနေကြတော့ ဘယ်သူ့မှ ဂရုမစိုက်အားဘူး။ ဒီအချိန်မှာ ကဲချင်တိုင်း ကဲကြတာပေါ့။

ဒီလို မီးကလေးမှိတ်လို့ တစ်ဦးကိုတစ်ဦး ဝိုးတိုးဝါးတားသာ မြင်နေရသည့်အချိန်မှာ ငါးစာသာမြင်ပြီး ငါးမျှားချိတ်တန်းမမြင်ဘဲ မှန်နေသည့်သူဆို ခံပေရော့ပဲ။ ရုပ်ရှင်ရုံထဲမှာဆိုတာက အရွယ်မျိုးစုံ၊ ဆိုဒ်မျိုးစုံ ရှိနေခဲ့ကြတာလေ။

ဒီအချိန်မှာ ကိုယ့်အောင်းလာသည့်အချဉ်ကို ဘယ်လို နှူးရ၊ နှပ်ရမလဲ ဆိုတာ ကျွန်မတို့က အထာညက်ပြီးသားလေ။ သူ့အလိုလိုက် အကြိုက်ဆောင်ပေးပြီး မောပန်းနွမ်းလျသလို ဟန်ဆောင်မှု ပိုလုပ်ပြီး အိတ်ထဲမှာပါလာသည့် အချိုရည်ဘူးလေးကို ထုတ်လိုက်တယ်။ သူ့ကို ဦးစားပေးပြီး ချော့မော့တိုက်လိုက်ရင်တော့ အပြုစုကောင်းလိုက်တာဆိုပြီး နွားပြာကြီး အောက်သွားမရှိသလို အကဲပိုပိုနှင့် သောက်လိုက်ချိန်မှာတော့ ခံပေရော့ပဲ။

ကျွန်မပခုံးမှာ ခေါင်းမှီမှေးလို့ ခဏတာ အိပ်ပျော်သွားချိန်လောက်မှာ သားကောင်ကို အသာထိန်းပေးလို့ သူ့ကို ကုလားထိုင်ပေါ် ခေါင်းမှီတင်ပြီးသွားသည်နှင့် အမှောင်ထဲမှာ အိတ်ထဲကပါလာသည့် ငွေအကုန် နှိုက်လို့ရပြီပေါ့။ နောက် အပေါ့သွားသလို ထိုင်ရာကထပြီး အိမ်သာပေါက်ထွက်ရင်း တစ်ချိုးတည်း လစ်ထွက်လာခဲ့တယ်။

အဲဒီလူကတော့ ကျောချမှ ဓားပြမှန်းသိဆိုသလို အိပ်ရာက နိုးထလာချိန်မှာတော့ ရုပ်ရှင်ရုံက ပွဲပြီးလို့ လူတောင်ရှင်းနေပြီ။ ရုံစောင့်ဝန်ထမ်းလာနှိုးမှပဲ နိုးလာပြီး ရှက်ကိုးရှက်ကန်း ထလစ်ရတော့တယ်။

ဒီအချိန်လောက်မှာ ကျွန်မတို့က နောက်တစ်ရုံမှာ ပွဲကူးနေပြီ။ ကိုယ်ကလည်း သူ့မသိ။ သူကလည်း ကိုယ့်မသိနှင့် တစ်ပွဲစာခဏတာ အပျော်ရှာသူတွေ အိတ်ထဲကပါလာသည့် ရွှေငွေပါသွားပြီး ဘယ်ရှာရမှန်းမသိ ဖြစ်ရော။

ကျွန်မတို့က ဘောလုံးသမားတွေလို ပွဲချိန်ပြည့် ကစားစရာမလိုဘူး။ များသောအားဖြင့် ပထမပိုင်းနာရီဝက်လောက်ဆို ကိစ္စက ပြီးပြတ်ပြီ။ အသာလစ်ထွက်သွားရုံပဲ။ ကျွန်မတို့အလုပ်က တစ်ပွဲကို နှစ်ထောင်သုံးထောင်နှုန်းပဲ ငွေမှန်ကစားတောင်မှ နှစ်ပွဲပေါင်းရလဒ် တူးဗီး၊ သရီးဗီး တန်းနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အဝေးကွင်းမှာ နှစ်ပွဲလောက် ကစားပြီးသွားသည်နှင့် စံနှုန်းကိုက်သွားပြီဆို အိမ်ကွင်းမှာ ပြန်ကစားဖို့ စားစရာ၊ သောက်စရာတွေ ဝယ်ခြမ်းပြီး ပြန်လာတော့တာပဲ။

အဲဒီလို ရှစ်စပ်က ဂျင်ဂျင်လည်ခဲ့လို့လည်း လည်လွန်းတဲ့ဘီး ချေးသင့်ဖြစ်ရတာပေါ့။ ခံရတဲ့လူတွေကလည်း များလာနေတော့ သက်ဆိုင်ရာမှာ အမှုဖွင့်တိုင်တန်းလာကြတယ်။

သက်ဆိုင်ရာကလည်း စီမံချက်တွေချပြီး ရုပ်ရှင်ရုံတစ်ဝိုက်မှာ အသွင်ယူ ရုပ်ဖျက်စောင့်ဆိုင်းဖမ်းဆီးလာတယ်။ ကျွန်မတို့ကလည်း စားနေကျကြောင်ဖားပီပီ ရုပ်ရှင်ရုံအောက်မှာပဲ လှည့်လည်ကျက်စားတတ်တာလေ။

အဲဒီတော့ သက်ဆိုင်ရာက မသက်ာမှုနှင့်ဆွဲရော။ အမှန်တော့ ကျွန်မတို့အလုပ်က လက်နက်နှင့်ခြိမ်းခြောက်ပြီး ဓားပြတိုက်၊ လုယက်တာလည်း မဟုတ်ဘူး။ ရုပ်ရှင်ရုံအမှောင်ရိပ်ဝယ် ချစ်ဓားပြအတိုက်ခံပြီး ကိုယ့်ကိုယ်ရင်းလို့ အလှူခံနေတာပဲရှိပါတယ်။

သို့သော်လည်း ဥပဒေဆိုသည်က မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုထားတော့ မကောင်းမှုဒုစရိုက်ကို ကျူးလွန်ကြံစည်ဖို့ မြူဆွယ်မှုနှင့် တရားစွဲဆိုခဲ့တာဖြစ်တယ်။ အဲဒီတော့ ပုဒ်မ ၃(ခ)လို့ အမှုစွဲတင်ပြီး ထောင်ထဲပို့လိုက်တာပဲ။

နောက်ဆုံး တရားရုံးမှာ အမှုစွဲတင်ပြီး ထောင်(၆)လ ချခဲ့တယ်။ ကျွန်မအမှုဖြစ်နေချိန်မှာ မိန်းမဘဝမှာပဲ ရှိသေးတယ်။ ကျွန်မကို တရားရုံးကလည်း အမျိုးသမီးပဲဆိုပြီး ဝရမ်းပေါ်မှာ ခင်ဒေါင်းလန် (အဘ)ဦးလှမြင့်လို့ အမိန့်ချခဲ့တယ်။

ခုထောင်ထဲရောက်ပြီး နှစ်လကြာမြင့်လာချိန်မှာ ကျွန်မဘဝက ယောက်ျားအသွင်ဆောင်လာနေပြီ။ ဒီအချိန်မှ ယောက်ျားပါလို့ ပြောပြရင်လည်း ပြဿနာက တက်တော့မယ်။ ကျွန်မအထာကိုသိနေသည့် မိသန်းက ကျွန်မကို သူ့အနားမှာပဲ အမြဲအိပ်ဖို့ ခေါ်ထားရာက သက်ဆိုင်ရာတွေ သိကုန်ကြတာပဲ။

"ဒါဆို ... နင် ... အခု ယောက်ျားဘဝ ခြောက်လပြောင်းနေပြီပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ထောင်မှူးကြီးရေ ... မဖြစ်တော့ဘူး။ သူက လွတ်ဖို့ကလည်း နှစ်လလောက်လိုသေးတော့ ယောက်ျားဆောင်ကို ပြောင်းပြန်ရင်လည်း ပွဲတော်ကြီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နေမယ်။ မိန်းမ မပြောနဲ့ ယောကျ်ားချင်းတောင် အိုးစားမွေးနေကြတာဆိုတော့ တိုက်ထဲမှာ သီးသန့်ခွဲထားမှပဲ ဖြစ်မယ်''

''ဟုတ်ပါတယ် ... ဆရာရယ်၊ ကျွန်မတို့ မိန်းမဆောင်မှာဆိုတာက လည်း ဝမရှိဘဲ ဝိလုပ်နေတဲ့ ဘောပြားတွေက မင်းမူနေတာ။ ဒင်းတို့ကလည်း အလစ်ပေးမှာမဟုတ်တော့ ဆရာတို့ပဲ ခေါ်သွားပေးပါနော်''

အမျိုးသမီးဆောင်တာဝန်ခံ ထောင်မှူးကြီးကလည်း မိန်းမဆောင်ထဲ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်မှာစိုးလို့ အတင်းထိုးထည့်ပေးနေတယ်။ နောက်ဆုံး ထောင်မှူးကြီးကပဲ တာဝန်ယူဖြေရှင်းပေးသွားလို့ ကိစ္စပြတ်သွားတော့တယ်။

တကယ်တော့ ဒီလို ကျတ္တိလိင်၊ ပုလ္လိင်တွေကလည်း ထူးထူးဆန်းဆန်း ယောကျ်ားခြောက်လ၊ မိန်းမခြောက်လ ပြောင်းလဲနေရတယ်လို့ အပြင်မှာကတည်းက တတ်ကျွမ်းတဲ့ ပါရဂူတွေကို ပြပြီး ခွဲခွဲခြားခြား လုပ်ခဲ့ရင် မကောင်းဘူးလား။

ခုတော့ မိန်းမဆောင်ထဲလာပြီး အမှုပွေရတယ်လို့။ ကျွန်မမှာဖြင့် တွေးမိတိုင်း ကြက်သီးဖြန်းဖြန်းထမိတယ်။ ဘယ့်နှယ်တော် ... မိန်းမသားချည်းသက်သက်ပဲ အစုအဖွဲ့နဲ့ ရှိနေတဲ့အထဲမှာ ဒင်းလို စုန်းပြူးက ပါလာသေးတယ်။

ဒီလိုသာဆို ခက်ရချည်ရဲ့။ နေ့တိုင်း ရုံးပြန်ဝင်လာနေသည့် အကျဉ်းသူအားလုံးကို တစ်ကိုယ်လုံးချွတ်ကြည့်ပြီး တလာစီ (ရှာဖွေ) ရမလို ဖြစ်နေပြီ၊ ပန်းဆိုးတန်း အေးအေးသန်းတို့များ တော်တော်သွက်တဲ့ဟာမတွေ။

သူတို့ချင်း အထာသိနေတော့ ကြိတ်စားနေတာနေမှာပေါ့။ ခုလို ဘောလူက အမြင်မတော်လို့ ဆင်တော်နှင့်ခလောက်မှ ဒီကိစ္စ ဘွင်းဘွင်းကြီး ပေါ်လာခဲ့တော့တယ်။ ခုကျတော့မှ တစ်ညလုံးကတော်သည့်ကြက် ဥတော့တစ်လုံး ဆိုသလိုအဖြစ်မျိုး ကြုံခဲ့ရပြီ။

ဒီလို တောမရောက် တောင်မရောက်ဟာတွေ ထောင်ထဲကိုများ ဝင်လာရင် ကျွန်မတို့ဝန်ထမ်းတွေအဖို့ တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုသလို တစ်ကိုယ်လုံးကို ဆွဲဖြဲရှာပစ်နိုင်မှ အန္တရာယ်ကို ကာကွယ်နိုင်မယ်။ နို့မို့ဆို အဆောင်ထဲကိုရောက်မှ ဒင်းတို့ကို စောင့်ဖမ်းဖို့ဆိုတာ မလွယ်ဘူးလေ။ တော်တော်လည်းရှုပ်တဲ့ လောကကြီးပဲလို့ ကျွန်မတော့ သံဝေဂတရားပွားနေမိတော့တယ်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

နောက်တစ်နှစ်ခန့်အကြာမှာ မေ့ပျောက်နေပြီလို့ထင်တဲ့ အမှုတစ်ခု ထပ်မံကြုံတွေ့ရပြန်တယ်။ ထုံးစံအတိုင်း ညနေရုံးပြန် အချုပ်သူ၊ အကျဉ်းသူများ ကို ဘူးဝတံခါးကြီးထဲမှာ လက်ခံနေစဉ်ဖြစ်တယ်။

တံခါးလေးကို ငုံ့ပြီးဝင်လာနေသည့် အကျဉ်းသူကို မြင်လိုက်ရစဉ်မှာပဲ ခေါင်းနားပန်းကြီးသွားတယ်။ ကျွန်မတာဝန်အတိုင်း ရှာဖွေရေးအခန်းထဲကို ခေါ် သွင်းပြီး ရှာဖွေရမှာ ကြောက်နေမိတယ်။

သူကတော့ ဘယ်သူရှိရမလဲ ခင်ဒေါင်းလန်ပဲပေါ့ရှင်။ ကျွန်မ ကပျာကယာ တံခါးတာဝန်ကျနေသည့် ထောင်မှူးလေးကို တိုးတိုးတိတ်တိတ် သတင်းပို့လိုက် တယ်။ ခင်ဒေါင်းလန်ကတော့ အမျိုးသမီး အချုပ်သူ၊ အကျဉ်းသူတွေကြားမှာ ခပ် တည်တည် ရပ်နေတယ်။

''ခင်ဒေါင်းလန် (အဘ) ဦးလှမြင့် ●●● ပုဒ်မ ၃(၁) ပြစ်ဒဏ်တစ်နှစ်ဆို ပါလား။ ဒီတစ်ခါလည်း ဘာဖြစ်မလဲဆိုတာ ကွဲကွဲပြားပြား သိရအောင် တံခါး ထဲမှာပဲ ပြတ်ပြတ်သားသား ရှင်းမှဖြစ်မယ်''

ကျွန်မ စားပွဲပေါ်က ထောင်မှူးလေးကိုင်ထားသည့် ဝရမ်းကိုယူပြီး ဖတ် ကြည့်နေရင်း သတင်းပို့နေတယ်။ အမျိုးသမီးတစ်ယောက်ကို တလာစီရမှာဆို တော့ ထောင်မှူးလေးလည်း ခပ်တွန့်တွန့်ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဘူးတံခါးထဲ ထောင်ရုံးမှာထိုင်နေသည့် ထောင်မှူးကြီးကို ပြေး သတင်းပို့နေတယ်။ ထောင်မှူးကြီးက အခန်းအပြင်ထွက်လာပြီး ခင်ဒေါင်းလန်ကို မျက်မှန်ကြီးဝင့်ပြီး စူးစူးစိုက်စိုက်ကြည့်နေတယ်။

"ကဲ ... သူ့ကို ဒီရှာဖွေရေးအခန်းထဲ ခေါ်လာစမ်း"

ကျွန်မ ခင်ဒေါင်းလန်ကို ခေါ်ပြီး ရှာဖွေရေးအခန်းထဲ သွင်းလိုက်တယ်။ ထောင်မှူးကြီးနှင့် တံခါးထောင်မှူးက သူမကို ခြေဆုံးခေါင်းဆုံးကြည့်နေလျက်–

"ကဲ ... သူ့အဝတ်အစားတွေကို မချွတ်ဘဲ ထဘီလှန်ကြည့်စမ်း"

"ဟင့် ... ကျွန်မ ... ကြောက်တယ် ... ဆရာကြီး"

"ဟဲ့ ... နင်က ... ဘာလို့ကြောက်တာလဲ"

"တော်ကြာ ... ဟိုတစ်ခါ ... ဟာဆို ... ဘယ့်နှယ်လုပ်မလဲ"

"အဲဒီတော့လည်း ကွဲကွဲပြားပြားသိရမှာပေါ့ဟ။ ဟဲ့–နင့်ထဘီလှန်စမ်း"

ခင်ဒေါင်းလန်လည်း ကြောက်ကြောက်ရွံ့ရွံ့နှင့် သူ့ထဘီစလေးကို ကိုင် ပြီး ခါးကနေ အသာဖြေချပြတယ်။ ခါးလယ်မှာ ကြိုးလေးဖြင့် ချည်ထားသည် ကို မြင်တွေ့ရလို့ ကြိုးစကိုလည်း ဖြေချလိုက်ရော ယောကျ်ားတန်ဆာပုံလေး ထွက်လာနေခဲ့တော့တယ်။

"အမလေးတော့ ... ယောက် ... ယောကျ်ားကြီးပဲ"

"ကဲ ... ခုတော့ မြင်ပြီမဟုတ်လား၊ နင် စောစောက သေချာမရှာခဲ့ ရင် ထောင်ထဲရောက်သွားမှ ပြဿနာရှင်းရခက်မယ်"

"ဆရာ ... ဒါဆို ကျွန်တော် ဘယ်လိုလက်ခံရမလဲ ဆရာ"

ထောင်မှူးလေးကလည်း တရားခံကို မည်သည့်အမျိုးအစား ပြရမည် ကို ခွဲခွဲခြားခြားသိရန် ထောင်မှူးကြီးကို သတင်းပို့နေတယ်။

"ဘာမှ လက်ခံထားစရာမလိုဘူး။ လာပို့တဲ့လမ်းကြောင်းရဲကို တရားခံ က လိင်မှားနေတယ်။ တရားရုံးမှာ ပြန်ပြင်ခိုင်းပြီး ဝရမ်းကို လက်ခံလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

ထောင်မှူးလေးက ခင်ဒေါင်းလန်ကို အပြင်ခေါ်ထုတ်သွားခဲ့ပြီးနောက် လမ်းကြောင်းတာဝန်ခံ ရဲတပ်ကြပ်ကြီးကို ဝရမ်းပြန်လဲခိုင်းပြီး လူကိုပါ တစ်ပါတည်း ပြန်ခေါ်သွားစေတယ်။

"တောက် ... တော်တော်ရှုပ်တဲ့ .. ဟာမပဲ .. အလုပ်ရှုပ်ရတဲ့အထဲ"

"အိုး ... ဟိုး ... ဆရာကြီး တော်တော်ရှုပ်တဲ့ဟာမ ... မဟုတ်ဘူး ဟာကြီးဖြစ်နေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးလေးက စိတ်ရှုပ်နေဟန်တူသော ရဲတပ်ကြပ်ကြီးကို ရင်းရင်းနှီးနှီး နောက်ပြောင်ကျီစယ်ပြောနေတယ်။ ရဲတပ်ကြပ်ကြီးမှာတော့ လမ်းကြောင်းအပ်ပြီးမှ တရားခံကို ပြန်ခေါ်ဆောင်သွားရမှာကြောင့် ငိုမဲ့မဲ့ ရယ်မဲ့မဲ့ ဖြစ်သွားတယ်။

ခုတော့လည်း ခင်ဒေါင်းလန်တစ်ယောက် အရင်လိုပုံစံမျိုးနှင့် ထောင်ထဲကို ဝင်လာပြီး အချောင်နိုက်စားမည့်အကြံ ပျက်ပြားသွားလို့ စိတ်အိုက်သွားတယ်။ ကျွန်မသာ သတိမမူ ဂူမမြင်ဖြစ်သွားရင် ဒင်းက မိန်းမဆောင်ထဲ ကော့ကော့နဲ့ ပါလာနေဦးမယ်။ ခုမှပဲ ကျွန်မလည်း ဘုရားကယ်ပေလို့ ပြဿနာမီးပွား တစ်စ ငြိမ်းသွားတယ်။

ခင်ဒေါင်းလန်ဘဝကလည်း ကုတ္တိလိင်၊ ပုလ္လိင်ဘဝနှစ်ခုနှင့်ပဲ လောကကြီးအလယ်မှာ ရှင်သန်နေရသူဖြစ်တယ်။ သူမတို့လို မရှိဆင်းရဲသားဘဝမှာ ယောကျ်ားမိန်းမ သီးခြားဖြစ်သွားအောင် ဆေးပညာထွန်းကားနေချိန်မှာ ခွဲစိပ်ပြုပြင်သင့်ပါလျက် ငွေမရှိလို့လား၊ ကိုယ်တိုင်ကပဲ နှစ်ဘဝစံဘဝကို နှစ်သက်ခုံမင်နေလို့လားဆိုတာ စဉ်းစားစရာဖြစ်နေတယ်။

ဘာပဲဖြစ်ဖြစ် . . . ကျွန်မရဲ့ အသိစိတ်က နိုးဆော်လို့ပဲလား၊ လူကပဲ မှတ်ဉာဏ်ကောင်းခဲ့လို့လား မသိပါဘူး။ ခုလို ခင်ဒေါင်းလန်တစ်ယောက် ဘဝပြောင်းလာချိန်မှာ အချိန်မီသိရှိခဲ့လို့ သတင်းပို့လိုက်နိုင်တာကြောင့် ကျွန်မတို့ မိန်းမဆောင်ထဲမှာ ကြုံတွေ့ရမည့် အန္တရာယ်ကို ကာကွယ်လိုက်နိုင်တာပဲ ဖြစ်ပါတယ်။

☼ ☼ ☼

## [၅]

❑

ဒီတစ်ပတ် ကျွန်မ ညဂျူတီတာဝန်ကို ဝင်ရတယ်။ အိပ်ဆောင်ဘေးက ...ခန်းမှာ အိပ်ရမှာလေ။ ညမှောင်မှောင်မည်းမည်း အပြင်ဘက်မှာ တစ်ယောက်...ည်း အိပ်ရမည်ဆိုတော့လည်း ကြောက်စိတ်တွေက ဝင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်ဟုတ်ပါဘူး ... မိန်းမသားဆိုတော့လည်း အားငယ်စိတ်ဝင်မိတာ အမှန်ပဲ။ ကျွန်မရှေ့မှာ အိပ်ဆောင်ကြီးတစ်ခုလုံး ရှိနေတာပဲ။ အထဲမှာ အိပ်နေသည့် အကျဉ်းသူကလည်း လူနှစ်ရာလောက်ရှိနေတာ ဘာကြောက်စရာလိုလဲဆိုပြီး ကိုယ့်ကိုယ်ကိုယ် အားတင်းနေလိုက်တယ်။

မိန်းမဆောင်ထဲမှာတော့ ထောင်ပိတ်ပြီးစီးသွားလို့ ဘုရားရှိခိုးဖို့ တန်းစီနေကြတယ်။ ညကင်းဗာရာ တာဝန်ကျနေသူတွေက အကျဉ်းသူအားလုံးကို ဘုရားစင်ရှေ့မှာ စုဝေးထိုင်ခိုင်းနေတယ်။

"ဘုရားရှိခိုးကြမယ်"

ကျယ်ကျယ်လောင်လောင် အော်ပြောလိုက်သည့် ခြောက်ကိုးကင်းဗာရာ ကွန်ပေါင်ဒါတင့်တင့်ရဲ့ အသံဟာ အိပ်ဆောင်ထဲမှာ ဟိန်းဟိန်းညံသွားတယ်။ သူမကတော့ ကွန်ပေါင်ဒါဘွဲ့နာမပေးထားလို့များ ဆေးစပ်ပေးသည့် ကွန်ပေါင်ဒါဟု မထင်လိုက်နှင့် သူမစပ်ပေးသည့်အရာက အရက်နှင့် ဆိတ်နို့စပ်ပေး၍ လူသေသွားခဲ့သည်ကြောင့် လူသေမှုပုဒ်မနှင့် ထောင်ကျလာသူ။

သူမကလည်း ရာဇဝင်နှင့် လာသူတစ်ယောက်။ အပြင်မှာ ရောင်းဝယ်စားသောက်နေထိုင်သည်က အရက်ဆိုင်။ အရက်ဆိုင်ဆိုတော့လည်း ဆင်းရဲနွမ်းပါးကြသူ လက်လုပ်လက်စားများက သူမဆိုင်မှာပဲ လာရောက်အားပေးလေ့ရှိတယ်။

သူမက ပုံမှန်စပ်ပေးနေကျအရက်ကို များသောအားဖြင့်တော့ ဘီအီးနှင့် ဘီယာ။ ရမ်နှင့် ဆိုဒါမျိုးကိုသာ စပ်ပြီး ရောင်းပေးနေကျ။ သူမဆိုင်မှာ အမြည်းကလည်း ဈေးပေါပေါရသည့် အားလူးပြုတ်ကင်၊ မြေပဲ၊ ကြက်ခြေထောက်ရိုးနှင့် ငွေးတောက် စသည်တို့ဖြစ်သည်။

ဒီတော့ လူတန်းစားဆင်းရဲသားတွေဟာ သူမဆိုင်မှာပဲ နေ့တိုင်း ဖောက်သည်လုပ်နေကျဖြစ်တယ်။ သူမယောက်ျား ကိုအီတိုးကတော့ မိန်းမဆိုင်မှာ အရောင်းအဝယ် လုပ်ရှုပ်နေလည်း ဘာတစ်ခုမှ ကူညီစေခိုင်းလို့မရဘဲ အိမ်နောက်ဖေးမှာ ပုလင်းတစ်လုံးထောင်ပြီး အမြဲတမ်း အမူးလိုင်စင်ရထားသူဖြစ်တယ်။

ဒီလို အိမ်အတွက်လည်း ဘာတစ်ခုမှ ကူဘော်လောင်ဘက်မရဘဲ အမြဲမူးနေသည့် လင်တော်မောင် ကိုအီတိုးကို ကြိတ်ပြီး ဒေါသဖြစ်နေခဲ့ရတာလည်း အခါခါပဲ။ သူက မူးလာရင် သွေးကဆိုးချင်သေးတယ်။ ဆိုင်မှာလာသောက်သည့် အရက်သမားတွေနဲ့ ပေးစားလား ပေးစားရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူမက ဈေးသည်ဆိုတော့ လူတကာနှင့် ဆက်ဆံပေါင်းသင်းနေရတာလေ။ အားလုံးကို စိတ်တိုင်းကျဖို့ ဖော်ဖော်ရွေရွေနှင့် နှုတ်ချိုပျူငှာ ဆက်ဆံနေခဲ့ရသူ။ ဒါကို မကျေနပ် မရှုစိမ့်တော့ ကိုအီတိုးက မူးလာပြီဆို အမြဲယစ်နေတယ်။ စိတ်မထင်ရင် ထရိုက်ပြန်ရော။

ကြာတော့ သူမလည်း ဘာသားနှင့်ထုထားတာမှတ်လို့။ အမှတ်သည်းခြေကြီးတတ်တဲ့ မိန်းမပဲ ခံရပေါင်းများတော့လည်း စိတ်ထဲမှာ တေးမှတ်ထားနေရတာတွေက များနေပြီ။ ဒီတော့ ဒင်းလို ယစ်ထုပ်ကြီးမျိုး လူ့လောကမှာ မရှိမှဘဲ အေးမှာပါလေဆိုပြီး အကြိမ်ကြိမ် စိတ်ထဲကြိမ်းဝါးနေမိတယ်။

တစ်နေ့တော့ ဆိုင်မှာကလည်း လူရှင်းနေတယ်။ သူမကလည်း အရက်ရောင်းချိန်မကျသေးလို့ ဈေးထဲ ပစ္စည်းနည်းနည်းပါးပါး ကုန်နေလို့ ဝယ်ခြမ်းဖို့ထွက်သွားတယ်။

အဲ ... ဒါပေမဲ့ လင်တော်မောင် ကိုအီတိုးအတွက် လိုရမည်ရသောက်လို့ရအောင် အရက်တစ်လုံးစပ်ပြီး သူ့နားမှာ ချထားပေးခဲ့တယ်။ ခါတိုင်းလည်း သူစပ်ပေးသည့်အရက်ကို စံချိန်ပြည့်သည်လို့ ကိုအီတိုးက ထုတ်ဖော်ပြီး ချီးမွမ်းနေတာကြောင့် သေချာစပါယ်ရှယ်လစ် စပ်ပေးထားခဲ့တယ်။ ဒီအချိန်မှာပဲ လူရွယ်နှစ်ယောက် ဆိုင်ထဲကို ရောက်လာတယ်။

"ဗျို့ ... ကိုအီတိုး ... ဒေါ်တင့် ... ဘယ်သွားလဲဗျ"

"ပစ္စည်းကုန်လို့ ဈေးဖက်ခဏသွားနေတယ်"

"ဟာ ဒါဆို အရက်စပ်ပေးမယ့်သူမရှိတော့ မသောက်ရတော့ဘူးပေါ့"

"လာပါလိမ့်မယ် ... ခဏတော့ စောင့်ကြကွာ"

"ခက်တာပဲဗျာ ... ကျုပ်တို့ကလည်း အရက် အရမ်းသောက်ချင်လာလို့ အားခဲလာလိုက်တာ ဒုက္ခပါပဲဗျာ"

ထိုစဉ် ကိုအီတိုးခမျာ မိမိကတော့ အရက်ထိုင်သောက်နေပြီး သူတို့က အရက်သောက်ချင်ပါလျက် မသောက်ရဖြစ်နေမည်ကို ကိုယ်ချင်းစာသွားကာ ..

"မင်းတို့ ... ငါသောက်နေတဲ့ အရက်ကို ကြိုက်ရင်တော့ ဟောဒီမှာ အတွက် မတင့်စပ်ပေးထားတဲ့ အရက်တစ်လုံးတော့ ရှိတယ်ကွ"

"အိုဗျာ ... ဘာအရက်ပဲဖြစ်ဖြစ် မရွေးပါဘူး ... မူး ... ပြီးရောပဲ .. ဗျာ .. ကျုပ်တို့နှစ်ယောက်ကို ဖန်ခွက်တစ်ခွက်စီနဲ့ တစ်ပက်စီ ရောင်းဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုအီတိုးက အရက်ဆိုင်ခုံပေါ်က ဖန်ခွက်နှစ်ခွက်ကို လှမ်းယူလိုက်ပြီး ပက်ချင်ခွက်လေးနှင့် တစ်ပက်စီ သူ့ဆီက အရက်ပုလင်းထဲမှ အရက်တွေကို ချိန်တွယ်ငှဲ့ထည့်ပေးနေတယ်။ ပြီးမှ ဖန်ခွက်နှစ်ခွက်ကို လူငယ်နှစ်ယောက်စီ ကမ်း ပေးလိုက်တယ်။ လူငယ်နှစ်ယောက်မှာ ခရီးဝေးက ပြန်လာဟန်ထင်သည် အရက် သောက်သည့် စားပွဲခုံပေါ်မှာ အကျအနထိုင်ပြီး သောက်ရေအိုးစင်က ရေတစ်ခွက် ခပ်လို့ အရက်သောက်မယ် ပြင်နေတယ်။

ပထမလူရွယ်ဟာ အရက်ကို အရမ်းသောက်ချင်လွန်းသည့် ဝေဒနာ ကြောင့် ခွက်ထဲမှ အရက်တွေကို တစ်ရှိန်ထိုး မော့သောက်ချပစ်လိုက်တယ်။ အရက်တွေက လည်ချောင်းတစ်လျှောက် ပူခနဲ ဆင်းသွားချိန်မှာ အရက်ကို ရေ နှင့် မျှောချမလို့ ရေဖန်ခွက်ကို ကိုင်လိုက်စဉ်မှာပဲ . . .

"ချလွှမ် . . . လွှမ် . . ."

"ဟော့ကောင် . . . မသောက်နဲ့ . . . အရက်မဟုတ်ဘူး . . . အား . . . ပူလိုက်တာ . . အမယ်လေး . . ဗိုက်ထဲမှာလည်း ပူလိုက်တာ . . အား . . အား"

ဆိုပြီး သူ့သူငယ်ချင်းသောက်ရန် ပါးစပ်နားတေ့နေသည့် ဖန်ခွက်ကို အတင်းပုတ်ချပစ်ပြီး အော်ဟစ်ညည်းညူကာ လဲကျသွားတော့တယ်။

ဒီတော့မှ ကိုအီတိုးတစ်ယောက် လန့်ဖျပ်ပြီး အမူးတွေ ဘာတွေ ပြေ သွားသလား မှတ်ရတယ်။ ကြောက်ရွံ့ထိတ်လန့်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ကြောင်တိကြောင်ကန်းဖြစ်ကာ အဖော်ပါလာသည့် သူငယ်ချင်းနှင့်အတူ လူရွယ် ကို အိမ်ဆီယူသွားကြတယ်။

ဒီအချိန်မှာပဲ တင့်တင့်တစ်ယောက် ဈေးကနေဝယ်ခြမ်းပြီးလို့ ဆိုက်ကား ပေါ်က အထုပ်ချနေတုန်း လှမ်းမြင်လိုက်ရတယ်။ လူရွယ်ကို သယ်ယူသွားနေစဉ် လမ်းခုလတ်မှာပဲ သေဆုံးသွားတော့တယ်။

ယင်းသို့ အရက်သေစာ သောက်စားနေရင်း လူသေမှုဖြစ်ပွားသွားသဖြင့် သက်ဆိုင်ရာ ရဲစခန်းမှ အရက်ဆိုင်ကို လာရောက်စစ်ဆေးသည့်အခါမှာ ကိုအီတိုး က သူ့အတွက် သူ့မိန်းမစပ်ပေးခဲ့သည့် အရက်ပုလင်းထဲမှ အရက်များကို ထည့် တိုက်လိုက်ရာမှ ခုလို လူသေဆုံးမှု ဖြစ်ပွားခဲ့ရကြောင်း အစစ်ခံခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်ကို ရဲက စစ်မေးသည့်အခါမှာတော့ အမှုထိမ်ချန်မထားဘဲ ပွင့်ပွင့်လင်းလင်း ထွက်ဆိုအစစ်ခံခဲ့တယ်။ အဲဒါကတော့ သူ့ယောကျ်ားကိုအီတိုး ကို မတရားညှဉ်းပန်းနှိပ်စက်ဒဏ်ကို မခံမရပ်နိုင်လွန်းတာကြောင့် အရက်သောက်ပြီး သေစေရန် ကြံစည်ခဲ့ကြောင်း ထုတ်ဖော်အစစ်ခံခဲ့တယ်။

အဲဒါ အရက်ထဲမှာ ဆိတ်နို့ကိုရောစပ်ပြီး ထည့်ပေးထားလိုက်ခြင်း ဖြစ်ပါတယ်လို့ ဖွင့်ပြောတယ်။ အမှန်တော့ လင်ဖြစ်သူကို သေစေလိုသောအကြံဖြင့် အရက်ကို စပ်ထားပေးခဲ့သည်ကို မဆီမဆိုင် ကြားမှ အရက်ဝယ်သောက်သူက ယူသောက်လိုက်တော့ ဆွမ်းခံရင်း ငှက်သင့်သွားတာပဲ ဖြစ်တယ်။

ဒါကြောင့်လည်း မိန်းမထောင်ထဲမှာ အကြောင်းသိနေကြသူတွေက ဗာရာတင့်တင့်ကို ကွန်ပေါင်ဒါဆေးစပ်မှားသဖြင့် လူသေဆုံးမှု ဖြစ်ပွားသွားခဲ့တာကြောင့် ကွန်ပေါင်ဒါတင့်တင့်ရယ်လို့ နာမသညာပေး ခေါ်တွင်စေတာဖြစ်တယ်။ တင့်တင့်ရဲ့ ဆော်သြသံအဆုံးမှာတော့ အကျဉ်းသူအားလုံး ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့ထိုင်ပြီး ဘုရားရှိခိုးနေကြတယ်။

"ကဲ . . . ဘုရားကန်တော့ကြမယ်"

"သြကာသ . . . သြကာသ"

တန်းစီးဖြစ်သူက ရှေ့ဆုံးမှနေ စတင်ပြီး ဘုရားကန်တော့ချီးကို တိုင်ပေးနေသည်ကို နောက်မှ အကျဉ်းသူများမှာ ညီညီညာညာ သံပြိုင်လိုက်ဆိုနေကြတယ်။

"အင်္ဂီရသဿ . . . ဥဏ္ဏာယ၊ ဒါဌာဟိ . . . သေတရံသိယော . . .
ဝဇီရာဝ ဝိရောစန္တိ၊ ဇိနော မေ ဌာတု သီသကေ"

အစချီ စိန်ရောင်ခြည်ဘုရားပင့်ကိုတန်းစီးက ဆက်လက်ပြီး ပါဠိ၊ အနက်ပါ တစ်ပြိုင်နက်တည်း တိုင်တည်ဘုရားကန်တော့နေတယ်။

အင်္ဂီရသဿ -အယုတ်အလတ် အမြတ်ပိုင်းခြား လွန်ကြီးစားသည့် သုံးပါးဆယ်လီ ပါရမီတော်အဟုန်တို့ကြောင့် ခြောက်ရောင်စုံ ကွန့်မြူးလျက် 'အင်္ဂီရသ'ဆိုတဲ့ ဘွဲ့ထူးကို အံ့ကျူးခံနိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏၊

ဘမုကန္တရေ-မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌ သဏ္ဍာတာယ-နုဖြူထွားထွား ကောင်းစွာပေါက်ဖွားဖြစ်ပေါ်၍လာသော၊

www.burmeseclassic.com

www.burmeseclassic.com



ဥဏ္ဏာယစ – ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့် ရှည်လျားသဖြင့် စိန်သားနှစ်အသွင် ငွေနန်းချည်အမျှင်ကဲ့သို့ ဖြူစင်ဝင်းသစ် လက်ယာရစ် ခွေရှံ့ စိန်ကြယ်ပွင့်နေပုံသကဲ့သို့ ဥဏ္ဏာလုံခေါ် မွေးရှင်တော်ခတ်တော် ထူးတို့မှလည်းကောင်း။

တန်းစီးရဲ့ စိန်ရောင်ခြည်ဘုရားပင့်ကန်တော့ချိုး တိုင်တည်ပေးနေသံဟာ အမျိုးသမီးဆောင်လေးထဲမှတစ်ဆင့် ထောင်ဝင်းကြီးထဲကို လွင့်ပျံ့ကြားယောင် လာနေတယ်။ ကျွန်မလည်း အပြင်ဘက် ခုတင်လေးပေါ်မှာ ထိုင်လျက် ဘုရား ကန်တော့ပြီးနောက် ဂုဏ်တော်ကိုးပါးကို လက်ထဲမှ ပုတီးကုံးလေးဖြင့် တစ်ပုဒ် တစ်လုံး ချစိပ်နေတယ်။

အားလုံး ဘုရားတိုင်တည်ကန်တော့ပြီးသွားလို့ မေတ္တာပို့နေကြတယ်။ ကျွန်မစိတ်ထဲမှာ တွေးနေမိတယ်။ ဒီလို ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးပြီး သက် ဆိုင်သူများကို မေတ္တာ စေတနာထားပြီး မေတ္တာလှိုင်လှိုင် ပို့နေကြသည့်အခါမှာ ဗာရာတင့်တင့်တစ်ယောက် သူ့လုပ်ကြံမှု မအောင်မြင်ဘဲ ကြားကလူတစ်ယောက် မှာသာ ဓားစာခံဖြစ် သေဆုံးသွားခဲ့ရတာကို ယူကျုံးမရဖြစ်ပြီး မေတ္တာပို့နေမှာ လား။

ဒါမှမဟုတ် ဒင်းလိုလူက မသေနိုင်ဘဲ ကုသိုလ်ကံအကျိုးပေး ကောင်း လို့ သေဘေးကနေ သီသီလေး လွတ်မြောက်သွားခဲ့တာကို အခဲမကျေနိုင်ဘဲ သေချင်းဆိုး အရက်နင်းကန်သောက်ရင်း သေပါစေတော်လို့များ မေတ္တာပို့နေ မလားဆိုတာကိုတော့ ဗာရာတင့်တင့်မှလွဲ၍ ဘယ်သူမှ မသိနိုင်ပေ။

☼☼☼

ထောင်မြှူးမမ

www.burmeseclassic.com